
www.burmeseclassic.com

# စိမ်းရှက်သစ်တာလေလေ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အချိန်ဆိုတာဟာ တစ်မျိုးပဲနော်၊
သိပ်ရောက်စေချင်နေတဲ့ အချိန်ဆိုပေမယ့်
ဘယ်လောက်ပဲမျှော်နေနေ၊ စောပြီးရောက်လာတာမဟုတ်ဘူး၊
တဖြည်းဖြည်းနဲ့ရောက်လာပြီး ကျော်လွန်သွားရတာပဲ၊
သိပ်ကြောက်နေတဲ့အချိန် ဆိုပြန်တော့လဲ
ဘယ်လောက်ပဲ ကြောက်နေနေ နောက်ကျပြီးရောက်လာတာမဟုတ်ဘူး၊
တရွေ့ရွေ့ရောက်လာပြီး ရင်ဆိုင်ရတာပဲ၊ ကျော်လွန်ရတာပဲနော်၊
ဘာပဲဖြစ်ဖြစ်ပေါ့လေ၊
ပျော်တဲ့အချိန်ဖြစ်ဖြစ်၊ ပျင်းတဲ့အချိန်ဖြစ်ဖြစ်၊
စိုးရွံ့အားငယ်တဲ့ အချိန်ဖြစ်ဖြစ်ပေါ့
အချိန်တိုင်း အချိန်တိုင်းဟာ
လူသားတိုင်းကို မလိုချင်တဲ့လက်ဆောင်တစ်ခုကိုပေးတတ်တယ်နော်၊
အဲဒါဟာ ရင့်ရော်ခြင်း၊ အိုမင်းခြင်းဆိုတဲ့ လက်ဆောင်ပဲပေါ့၊
တစ်ခါတလေတော့
ငယ်ဘဝက နုပျိုလွှတ်လပ်ပြီး ပျော်ရွှင်တတ်တဲ့စိတ်ကလေးကို
သိပ်ပြီးတမ်းတမိတာပဲ၊
အဲဒီတုန်းကများ
မြင်မြင်သမျှဟာ ပျော်စရာရယ်စရာတွေချည်းပဲ၊
အခုတော့ အဲဒီတုန်းကလို
ဘာလို့များ မပျော်ရွှင်တော့သလဲမသိပါဘူး၊
အချိန်ဆိုတဲ့ အချိန်ကြီးဟာ
ရင့်ကျက်ခြင်း တည်ငြိမ်ခြင်းဆိုတဲ့
ရွက်ဝါတွေကို လက်ဆောင်ပေးသလို
နုပျိုခြင်း၊ လွတ်လပ်ခြင်းဆိုတဲ့
ရွက်စိမ်းရွက်သစ်ကလေးတွေကိုလဲ
ပြန်ပြီးယူသွားတတ်တယ်ထင်ပါရဲ့။





www.burmeseclassic.com

www.burmeseclassic.com

(စီစဉ်သူ-ကိုယဉ်နိုင်)

တန်ဖိုး = သုံးဆယ်ကျပ်

# မစန္ဒာ

## စိမ်းရွက်သစ်တဝေဝေ

အပေါင်းလက္ခဏာစာပေ
အမှတ် ၁၉၅/၃(က)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
☎ ၈၁၄၆၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ာမူ ခွင့်ပြုမှတ် | ၆၃၇/၉၄(၉) |
| ာဖုံးခွင့်ပြုမှတ် | ၇၁၉/၉၄(၁၀) |
| ုတ်ဝေသည့်လ | ၁၉၉၄၊ ဒီဇင်ဘာလ |
| အုပ်ရေ | ၅၀၀ |
| ်နှာဖုံးပန်းချီ | ကိုယ်သီး |
| ျက်နှာဖုံးရိုက် | ဦးကျော်ဝင်း(၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးမွေးအောင်(၁၁၀၇၁)၊ မြစ်မင်းဧရာဝတီစာပေ အမှတ် ၂၉၊ ၇ လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်မြို့။ |
| ာတွင်းပုံနှိပ်သူ | ဒေါ်ကြည်သန်း(၀၁၉၂၆)၊ ရွှေဝပုံနှိပ်တိုက်၊ အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |


F.1

www.burmeseclassic.com

www.burmeseclassic.com

ဒို့ တာ ဝန် အ ရေး သုံး ပါး

| | |
|---|---|
| ည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| င်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| ချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်

ဖွဲ့စည်းပုံ အခြေခံ ဥပဒေ

ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား

သားလုံး၏ မဓာနကျသော တာဝန် ဖြစ်သည်။

BURMESE CLASSIC .com

## စာရေးသူ၏ အမှာ

စိမ်းရွက်သစ် တခေဝေသည် ၁၉၇၄-ခုနှစ်က ရေးသားခဲ့သော ကျွန်မ၏ဆဌမမြောက် လုံးချင်းဝတ္ထု ဖြစ်ပါသည်။ 'ငယ်သူမို့မသိပါ' နှင့် 'ဂျိဟောသူ' ကိုပြန်ဖတ်ပြီး 'ဩော်..., ငါတော်တော်ကို ကလေးဆန်ခဲ့တာပဲ' ဟု တင်ဦးတည်းကြိတ်ပြီး ရှက်စနိုး ဖြစ်ခဲ့ရသော်လည်း 'စိမ်းရွက်သစ်တဝေဝေ'ကိုပြန်ဖတ်မိသောအခါတွင်ကား အတန်ငယ် ကျေနပ်မှု ရှိပါသည်။

ကျွန်မ၏ လုံးချင်းဝတ္ထုဆယ့်နှစ်အုပ်တွင် ဆယ်အုပ်က ရုပ်ရှင်ကြီး (သို့မဟုတ်) ဗွီဒီယို ဖြစ်ခဲ့သော်လည်း နှစ်အုပ်ကတော့ မဖြစ်ခဲ့ပါ။ ထိုနှစ်အုပ်တွင် တစ်အုပ်က 'စိမ်းရွက်သစ်တဝေဝေ' ဖြစ်ပါသည်။ နောက် တစ်အုပ်ကတော့ 'ပုဇ္ဇာ' ဖြစ်ပါသည်။ စီးပွားရေး မျက်စိနှင့် အနုပညာမျက်စိ မတူသည်ကတော့ အထင်အရှားပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်အုပ်လုံးကို ကျွန်မက အတော်လေး ကြိုက်နှစ်သက်သောကြောင့် ဖြစ်ပါသည်။

ငယ်သူငယ်ချင်း လေးဦး၏သံယောဇဉ်နှင့် နူးညံ့သိမ်မွေ့သော မေတ္တာသဘောကို အတန်အသင့်

www.burmeseclassic.com

ပုံဖော်ပြီး ရေးနိုင်ခဲ့သည်ဟု ကျွန်မ ယူဆသော 'စိမ်းရွက်သစ်တစ်ခွေ့ဝေ' ကို ယနေ့ခေတ် စာဖတ်သူများနှင့် ပြန်လည်တွေ့ဆုံပေးသည့် ထုတ်ဝေသူအား ကျေးဇူးတင်ပါသည်။

စာပေလောက သစ်ပင်ကြီးအား အလှဆင်ပေးခဲ့ကြသည့် ရွက်ကြွေများကိုင်၄င်း၊ ရွက်ရင့်ရွက်ဝါများကို၄င်း လက်အုပ်ချီမိုး ရိုကျိုး ကန်တော့ပါသည်။ အသစ်အသစ်ဖြစ်သော ရွက်နု၊ ရွက်သစ်၊ ရွက်စိမ်းများကိုလည်း လက်ကမ်း၍ ကြိုဆိုနေပါကြောင်း စာဖတ်သူ တစ်ဦးအနေနှင့် တင်ပြအပ်ပါသည်။

အစဉ်လေးစားစွာဖြင့်

မစန္ဒာ

'ဒေါက်....ဒေါက်'

'ဘယ်သူလဲ'

'မစာအု'

'ဘယ်သွားမလို့လဲ'

'တီရှချွန်ရှိ'

'ကျွဲတွေ ဆင်တွေ ကိုက်လိမ့်မယ်'

'တိုက်တိုက် မတာတာ နှာကိုမချာအုလို့ မထော်နဲ့'

'မစာအု အရှုံးမ၊ မစာအု အရှုံးမ'

မျက်နှာချင်းဆိုင် ရပ်ရင်း အခမ်း အမြေ ပြုပြီးသော အခါ ဖိုးအောင်သည် ရှဘ်ခုနဲ့ ထွက်ပြေးလေသည်။ မိငယ်ကလည်း နောက်မှ ခုန်ဆွ ခုန်ဆွနှင့် အမှီလိုက်ပြီး အမိဖမ်းရန် ကြိုးစားသည်။

သူတို့၏ မျက်နှာလေးများသည် ရွှင်ချို နုပျိုနေသည်။ လန်းဆန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

နွေသည် သူတို့လေးနှစ်ဦးကို အမှတ်မဲ့ငေးကြည့်နေမိရင်း တစ်ဦးတည်း ကြည်ကြည်နူးနူးလေး ပြုံးနေမိလေသည်။ မနာလို မစွန်းစိတ်နှင့် အပူအပင် ကင်းမဲ့သော မျက်နှာ ဟူသည်မှာ ကလေးများထံတွင်သာ ရှိသည်ဟု ထင်ရသည်။

နွေတို့ကိုယ်တိုင်လည်း တစ်ချိန်က ထိုကဲ့သို့ ကြည်သာ ရွှင်ချိသော မျက်နှာလေးများကို ဆောင်ပြီး ဆော့ကစားခဲ့ကြမည်ပင် ဖြစ်သည်။

'နာ့ကို မချာအုလို့ မယော်နဲ့'

မိငယ်သည် ခုန်ကာ ပေါက်ကာ လိုက်ရင်းမှ အော်ဟစ်နေလေသည်။

'မစာအု အရှုံးမ၊ မစာအု အရှုံးမ'

ဖိုးအောင်သည် မျက်လုံးပြူးလိုက်၊ လျှာ ထုတ်လိုက်နှင့် မိငယ်လေး မခံချင်အောင် နောက်ပြောင်နေလေသည်။

ကုလားထိုင်များကို ကွေ့ကာ ပတ်ကာနှင့် လှည့်ပတ်ပြေးနေသောကြောင့် မိငယ်လေးမှာ သူ့အစ်ကိုအား မိအောင် မဖမ်းနိုင်ရှာချေ။

မိငယ်၏ ပိန်ရှဲ့သော ကိုယ်ခန္ဓာကလေးနှင့် မျက်နှာ သွယ်သွယ်လေးသည် နွေငယ်စဉ်က ပုံစံကလေးနှင့် တထေရာတည်း တူလေသည်။ နွေ၏တူမငယ်လေးသည် သူ့ဒေါ်လေး ငယ်စဉ်က ပုံစံအတိုင်း မျက်နှာချိုချိုပျော့ပျော့လေးနှင့် ပါးလေးနှစ်ဖက်တွင်လည်း ပန်းနုသွေး ပြေးနေလေသည်။

'မစာအု အရှုံးမ၊ ဟား....ဟား.... မိငယ်လေး အရှုံး'

ရှတ်နောက်နောက် အော်နေသော ဖိုးအောင်သည် မောလာသဖြင့် ရေအိုးစင်ဘက်သို့ရောက်အောင် လှည့်ပတ်ပြီး ပြေးလေသည်။



နွေ၏တူ ဖိုးအောင်လေးသည်ကား သူ့အမေ 'မိုး' နှင့်တူလှလေသည်။

မျက်ခုံးထူပုံ၊ မျက်လုံးဝိုင်းပုံ၊ နှုတ်ခမ်းပါးပုံမှ အစပြု၍ မျက်နှာဝိုင်းပုံပါ တူလေသည်။

မိုး ငယ်စဉ်က ဆံပင်ရှည်မထားဘဲ ယောကျ်ားလေးကဲ့သို့ ဆံပင် တိုကပ်ကပ်လေး ညှပ်ထားလေ့ရှိသောကြောင့်လည်း ဖိုးအောင်ကို ကြည့်ရသည်မှာ မိုး ငယ်ငယ်ကလေးကို ပြန်တွေ့နေရသည်နှင့် တူနေလေသည်။

ရုပ်သာ တူသည်မဟုတ်၊ စိတ်ကလည်း မိုးအတိုင်းပင် ဖြစ်သည်ဟု ထင်မိသည်၊ စိတ်မြန် လက်မြန်ရှိသည်၊ ပျော်တတ်ရွှင်တတ်သည်။

'ဟော့.... နွေ၊ ဘာတွေးနေတာလဲ'

'ဟာ.... မိုး ကလဲ လန့်သွားတာပဲ'

မိုးသည် နွေ၏ ပခုံးကို ဖြန်းခနဲရိုက်ကာ ရယ်မောနေလေသည်။

အသက် အစိတ်ကျော်နေပြီ ဖြစ်သော်လည်း မိုး၏ မျက်နှာသည် ရွှင်ချိနုပျိုလှသည်။

မိုးသည် အသက်နှစ်ဆယ် မပြည့်မီကပင်လျှင် အိမ်ထောင်ရေး နယ်ထဲသို့ ခြေစုံပစ်၍ ဝင်ခဲ့သူ ဖြစ်သည်။

မှတ်မှတ်ရရ မိုးတစ်ယောက် ချစ်သူနောက်သို့ လိုက်သွားသောနေ့က နွေတို့ အခန်းခေါင်းရင်းရှိ ပိတောက်ပင်ကြီးက ထိန်ထိန်ဝင်းအောင် ပွင့်လေသည်။

ခါတိုင်း ပိတောက် ပွင့်သည်ဟု ဆိုလျှင် နွေရော မိုးပါ မျက်နှာပင် မသစ်နိုင်ကြဘဲ ပိတောက်ပင်အောက်သို့ သွက်လက် ရွှင်ပျော်စွာ မုန်ပေါက်ပြေးသွားမြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေ အိပ်ရာကနိုး၍ မိုးတစ်ယောက် မရှိတော့ ဟူသော အသိက ခြောက်လှန့် လိုက်သော အခါတွင်လည်း နွေသည် ပိတောက်ပင်ကြီးအောက်သို့ အားကုန် ပြေးလွှားသွားမိလေသည်။

ထိုနောက် ဝါဝင်းနေသော ပန်းပွင့် ပန်းခိုင်များကို မော်၍ ပင် မကြည့်အားဘဲ ပင်စည်တွင် ခေါင်းစိုက်ကာ သိမ့်သိမ့်ပါ အောင် ငိုခဲ့ရလေသည်။

မိုး၏ ချစ်သူသည် "မျိုးကောင်း ရိုးကောင်း ပညာတတ် လူရည်မွန်တစ်ဦး ဖြစ်၍ သဘောမတူနိုင်စရာ အကြောင်းမရှိ သော်လည်း နွေသည် ပညာပင်မစုံသေးသော အစ်မကို နှမြော တသသော စိတ်နှင့် မဖြေနိုင်အောင် ရှိခဲ့ရလေသည်။

'ဘာတွေ တွေးနေတာလဲ မိနွေရဲ့၊ စိတ်ထဲမှာ ကဗျာစပ်နေ ပြန်ပြီလား'

'ဟုတ်တယ် ကဗျာစပ်နေတာ၊ ဒီတစ်ခါ ကဗျာက ကာရန် မရှိဘူး၊ ကာရန်မဲ့ ကဗျာလေ'

'ဘာအကြောင်းလဲ'

'ဩော်.... ကလေးတွေ ကစားနေတာကိုကြည့်ရင်း ငယ် ငယ်တုန်းက အကြောင်းတွေကို တွေးနေမိတာပါ၊ ဖိုးအောင် က မိုးနဲ့ သိတ္တူတာပဲနော်'

'မိငယ်ကရော နွေနဲ့မတူဘူးလား'

'ဟုတ်တယ်၊ တထေရာတည်းပဲ'

ကျွမ်းခင်း အိမ်ငယ်ကလေးသည် ကလေးနှစ်ဦး ပြေးလွှား ဆော့ကစားနေသော ဒဏ်ကြောင့် တသိမ့်သိမ့် တုန်နေသည်။

လူကြီးများက မတားမဆီး လွှတ်ထားသောကြောင့်လည်း ကလေးများသည် သောင်းကျန်း၍ ကောစ်းနေကြလေသည်။



ဟဝုန်းဝုန်း ဟဒိုင်းဒိုင်း မြည်သံကိုပင် တူရိယာသံအလား ထင်မှတ်နေကြဟန် ရှိ၏၊ ငယ်ဘဝကို တမ်းတလွမ်းမောသော စိတ်နှင့် မိန်းမငယ်နှစ်ဦးသည်လည်း ကလေးများကို ခပ်ငေး ငေး ကြည့်ရင်း ရိပ်ရိပ်လေး ပြုံးနေမိကြလေသည်။

'တစ်ခါတလေ သူတို့နှစ်ယောက် ဆော့နေတာကို တွေ့ရင် ငယ်ငယ်တုန်းက မိုးတို့တွေ ဆော့ခဲ့ကစားခဲ့တာတွေကို သိ သတိရတာပဲ သိလား၊ ဖိုးအောင်ကို ကြည့်ရတာလဲ မိုးနဲ့သိပ်တူ တား မိငယ်ကလဲ နွေ့အငယ်စားလေး၊ ရုပ်တင် တူသလား မှတ်တယ်၊ စိတ်ကသဲတထေရာတည်းပဲ၊ ဖိုးအောင် ဆော့ပုံရော၊ မိငယ် ပျော့ပုံရော မိုးလေ တစ်ခါတလေ သူတို့ကို ငေးကြည့် ရင်း ငယ်ဘဝကို ပြန်ရောက်သွားသလိုကို စိတ်ထဲမှာ ပျော်လာ တယ်၊ နောက်ပြီး ကိုလတ်နဲ့ ညီထွေးကိုလဲ သိပ်သတိရတာပဲ'

'အင်း ကိုလတ်နဲ့ ညီထွေး'

နွေသည် သံယောင်လိုက်၍ တိုးတိုးလေးရေရွတ်လိုက်မိရင်း ရင်ထဲတွင် သိမ့်ခနဲ နွေးသွားလေသည်။

ကိုလတ်နှင့် ညီထွေးတို့ နှစ်ဦးသည် မိုးတို့ နွေတို့တစ်တွေ ငယ်သွားတွေ ကြေမလဲခင်ကတည်းက ခင်ခဲ့ မင်ခဲ့ အကျွမ်းဝင်ခဲ့ ရသည့် ငယ်သူငယ်ချင်းများ ဖြစ်လေသည်၊ ငယ်ကကျွမ်းသည့် ငယ်ကျွမ်းဆွေများ ဖြစ်သည်။

ခနွေ အသက်ပင် နှစ်ဆယ့်သုံးနှစ်ရှိပြီပို အသက်အသစ်သော သူငယ်ချင်းများသည် ရေဘူက်၍မကုန်နိုင်အောင် ရှိတော့သည်။

ဘယ်သူငယ်ချင်းတွေ ဘယ်လောက်များပါစေ၊ မှန်တော ကိုလတ်နှင့် ပြောင်စပ်စပ်ညီထွေးတည်းဟူသော ငယ်ကျွမ်းဆွေ နှစ်ဦးသည် နွေ၏ နှလုံးသားအရင်းအမြစ်တွင် ငြိတွယ် အရိပ် ထင်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ်တစ်ယောက်တော့ စိုက်ပျိုးခင်းတွေနဲ့ အတော်အောင်မြင်နေတယ်တဲ့'

'ဟုတ်လား'

'ညီထွေး တစ်ယောက်ရော နေ့ရယ်၊ စာမေးပွဲ ဘာမေးပွဲနဲ့ နေနိုင်လိုက်တာနော်'

မိုးက ပြောသောအခါ နေ့ ရင်ထဲတွင် ကျင်ခနဲ ဖြစ်သွားလေသည်၊ ညီထွေးနှင့် နောက်ဆုံးတွေ့ခဲ့ရသော ညနေဆည်းဆာကို သတိရမိရင်း ရင်ထဲတွင် လှုပ်ရှား နာကျင်လာသည်၊

နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း နာကြည်းစွာ ကြည့်နေသော ညီထွေး၏ မျက်လုံးညိုများကို မြင်ယောင်လာသည်၊

'ညီထွေးနဲ့ မတွေ့ရတာ ကြာလှပြီ'

'ခြောက်နှစ်ကျော်ပြီလေ'

'စစ်ဗိုလ်ကြီးဖြစ်လို့ ဘဝင်မြင့်နေပြီလားမသိ၊ နေနိုင်လိုက်တာ လွန်ရောဟယ်၊ ဟိုတလောတုန်းကတော့ ဦးလေးမြနဲ့ တွေ့လို့ သူ့ သားအကြောင်း ပြောသေးတယ်လေ၊ ညီထွေး အားကြီး ပွေချင်တာပဲတဲ့'

'လူပျို လူရွယ်ပဲ မိုးရယ်၊ ပွေချင်ပွေမှာပေါ့'

နေ့က ခွင့်လွှတ်သော အသံလေးနှင့် လျှကြီးဆန်ဆန် ပြောသည်၊ ခုနေသာ ညီထွေးကို ပြန်တွေ့ ် နေ့ စိတ်မြန်လက်မြန်နှင့် သူ့ ပါးကိုရိုက်ခဲ့မိသည်ကို တော းပန်စကား မဟုတ်သည့်တိုင် စိတ်မကောင်းသည့် အကြောင်းတော့ ပြောဖြစ်မည် ထင်သည်၊

'တော်ပြီ တော်ပြီ၊ ဘွာ ဘွာ ခဏဘွာအေးနော်'

ခုန်ရ ပေါက်ရလွန်းသဖြင့် လျှာထွက်အောင် မောလာသောအခါ ဖိုးအောင်သည် ဘွာခတ်ကာ ရေသောက်နေသည်၊



မိငယ်လေးသည်လည်း ပါးနှစ်ဖက်လုံးသာမက မျက်နှာလေးပါ နီရဲပြီး မောဟိုက်နေသည်၊ ဖွေဝင်းသော နှုဖူးပြင် ပြန့်ပြန့်ငယ် ချွေးစက်လေးများ သီးနေလေသည်၊ ပြေးရလွန်းသဖြင့် မောနေသော်လည်း အငြိမ် မနေသေးပေ၊ အခန်းအလယ်ရှိ မျဉ်းကာတိုးတိုင်ကြီးကို လက်နှစ်ဖက်နှင့် သိမ်းဖက်ကာ ချာလည် လှည့်နေရင်းမှ မောသံလေးနှင့် ရယ်နေလေသည်၊

မိငယ် ရယ်လျှင် နေ့ကဲ့သို့ပင် လက်ယာဘက် ပါးတစ်ဖက်တည်း၌ ပါးချိုင့်လေး ရေးရေးပေါ်လာတတ်သည်၊

'မိငယ်လေး အသက်ဘယ်လောက်ရှိပြီလဲ'

'ရှေ့ လဆိုရင် ငါးနှစ်ပြည့်ပြီ၊ ဖိုးအောင်ကတော့ ခုနှစ်နှစ်'

တိုင်တွင်ချိတ်ထားသောမိုးတို့ဇနီးမောင်နှံ၏ နှစ်ယောက်တွဲ ဓာတ်ပုံလေးသည် မိငယ့်လေး၏ ဒဏ်ကို မခံနိုင်ဘဲ ယိမ်းခါနေသည်၊ တော်ပါသေးသည်၊ ဓာတ်ပုံ ကျမကျဲမီ မိငယ် တစ်ယောက် မူးလာလေဖြင့် တိုင်ကို ဖက်ထားသော လက်ကို လွှတ်လိုက်ပြီး သူ့ အမေဆီသို့ ယိုင်ထိုးယိုင်ထိုးနှင့် လျှောက်လာလေသည်၊

ဖိုးအောင်က မျှောက်လိုခုန်ကာ ကြားမှ ကာဆီး ကာဆီး လုပ်နေသည်၊ မျက်လုံးလေး ဝိုင်းစက်ကာ မူးရိပ်ရိပ်ဖြစ်နေသော မိငယ်လေးမှာ မိုးဆီသို့ ရောက်အောင်မလာနိုင်ဘဲ လမ်းခုလတ်တွင်ပင် ငုတ်တုတ်လေး ထိုင်ချလိုက်လေသည်၊

'နေ့တို့တွေ ကိုလတ်တို့နဲ့ စသိတုန်းက ဗီအရွယ်ယာလေးတွေ ထင်ပါရဲ့နော်'

နေ့သည် ကုလားထိုင်ကို ခပ်လျော့လျော့ မှီလိုက်ရင်း သတိရ တမ်းတသလို ပြောမိသည်၊ မိုးသည်လည်း နံရံတွင်

www.burmeseclassic.com

www.burmeseclassic.com

ချိတ်ထားသော ပန်းချီကားထဲမှ စိန်ပန်းနီနီများကို ငေးကြည့်နေသည်။ ရွက်စိမ်းများအကြားတွင် ပန်းနီနီများက ကြွပြီး ထွက်နေသည်။

'အဲဒီတုန်းက မိုးက ရှစ်နှစ်၊ နွေက ငါးနှစ်သာသာလေး ထင်ပါရဲ့'

'ညီထွေးနဲ့ အရင်သိတာနော် မိုး'

'ဟုတ်တယ်လေ၊ နွေ မဟုတ်လား၊ ညီထွေးနဲ့ ရန်ဖြစ်ဟာလေ၊ မိုးကတောင် သစ်တော်သီးနဲ့ ဝင်ပေါက်ရသေးတယ်၊ ဟား ဟား ညီထွေးတစ်ကောင် ကျောကော့ပြေးရတာပါရော'

မိုးသည် ပြောရင်းဆိုရင်း တသိမ့်သိမ့် ရယ်နေလေသည်။ နွေသည် ရွှင်လန်းစွာရယ်နေသော မိုးကို ကြည့်နေသော်လည်း မိုး၏ လက်ရှိရုပ်သွင်ကို မမြင်ဘဲ ဆံပင်တိုလေး တခါခါနှင့် ရှစ်နှစ်ရွယ် မိုး၏ မျက်နှာလေးကိုသာ ခပ်ရေးရေး တွေးထင်မြင်ယောင်နေမိလေသည်။

မျက်လုံးပြူးပြူး၊ ပါးဖောင်းဖောင်းနှင့် ဝဝစက်တစ် မိုးသည် ကော်ပတ်ရုပ်ကလေးနှင့် တူသည်ဟု ပြောကြလေသည်။

'ဟုတ်တယ် မိုးရေ၊ အဲဒီတုန်းကလဲ ဟိုပန်းချီကားထဲကလိုပဲ စိန်ပန်းတွေကို နီလို့ ရဲလို့၊ နွေက စိန်ပန်းပင်အောက်မှာ တစ်ယောက်တည်း ချာလည်လှည့်ပြီး က နေတာ'

နွေ့ မျက်လုံးလေးများသည် ဝင်းလဲ့လာကြသည်။ လွန်ခဲ့သော ဆယ့်ရှစ်နှစ်ခန့်ဆီသို့ ပြေးလွှားသွားသော စိတ်အစဉ်ကို လွှတ်ပေးလိုက်ပြီး စိန်ပန်းနီနီများကို ငေးငေးလေး ကြည့်နေမိလေသည်။

*

စိန်ပန်းနီနီများသည် ပင်ခြေတွင် ကြဲပြန့်နေသည်။ အပေါ်ဘက်သို့ မော့ကြည့်လိုက်လျှင် ခဲသားရောင် ကောင်းကင်နောက်ခံတွင် နီရဲသော ပန်းခက် ပန်းခိုင်များက ယိမ်းညွတ်နေလေသည်။

အောက်ဘက်သို့ ငုံ့ကြည့်လိုက်ပြန်သောအခါ၌လည်း မြက်ခင်း စိမ်းစိမ်းအပေါ်တွင် ပန်းကြွေ နီနီများက ပန်းချီဆေး ရေးထားသကဲ့သို့ မျက်စိ မခွာနိုင်အောင် ရှိနေတော့သည်။

ပင်ခြေတွင် မြက်ခင်းစိမ်းနှင့် ပန်းနီနီ၊ ပင်ပေါ်တွင် သစ်ရွက်စိမ်းနှင့် ပန်းနီနီ၊ ဆန့်ကျင်ဘက်အရောင်ဖြစ်သော အစိမ်းနှင့် အနီတို့သည် ထူးကဲစွာ လိုက်ဖက်နေလေသည်။

နွေဝတ်ထားသော ဂါဝန်ကလေးသည်လည်း စိန်ပန်းပွင့်အရောင်လို နီနီရဲရဲကလေး ဖြစ်သည်။ ဂါဝန်အနားကို လက်နှစ်ဖက်ဖြင့် ဆွဲဖြန့်ပြီး ချာလည်လှည့်လိုက်လျှင် ထီးရွက်ကလေးလို ဝန်းဝိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့သည် ရွှင်မပျော်သောစိတ်ကလေးနှင့် ကိုယ်ကိုလှည့်ကာ ထာသားရင်း စိန်ပန်းပင်ကြီးကို ငိုင်းကြီးပတ်ပတ် လှည့်နေမိလေသည်၊ ကိုယ်ကို တစ်ပတ်လှည့်လိုက်တိုင်းလည်း ဂါဝန်နီလေးသည် လေထဲတွင် ဖွားခနဲ ဖွားခနဲ၊ ဖွားခနဲ ဝန်းဝဲသွားလေ့ရှိသည်၊

'ဟော့ ကောင်မလေး'

ဂိုင်းကြီးပတ်ပတ် လှည့်ရသည်မှာ မူးလာသဖြင့် နေ့သည် ပင်စည် ဖြူဖြူကြီးသို့ မှီရင်း မျက်စိကို စင်းမှေး ထားမိသည်၊ ထိုစဉ်တွင် မာဆတ်ဆတ် အသံလေးတစ်သံက လေဟုန်စီးပြီး နေ့၏ နားယဲသို့ တိုးဝင်လာသည်၊

'ဟော့ ကောင်မလေး၊ ငါ ခေါ်နေတာ မကြားဘူးလား'

ခြံစည်းရိုးရှိ သံဆူးကြိုးများအနီးတွင် ကလေးစီး စက်ဘီးလေး တစ်စင်းကို ထိန်းကိုင်ရင်း ရပ်နေသော နေ့တို့အရွယ် ကောင်ကလေး တစ်ယောက်ကို တွေ့ရလေသည်၊

ကြိုးသိုင်းဘောင်းဘီ ပြာပြာလေးကို ဝတ်ထားသည်၊ သူ့အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါဖြူလေးသည် အစနှစ်ဖက် ချွန်းချွန်း သျက် သပ်ရပ်စွာ ထောင်ထွက်နေသည်၊

ဖေဖေ တာဝန်ကျရာ မြို့သစ်သို့ရောက်လာသော လူသစ်များ ဖြစ်၍ နေ့တို့သည် မြို့ခံလူများနှင့် မရင်းနှီးသေးချေ၊ တစ်မြို့လုံး မဆိုထားနှင့် အရာရှိရိပ်သာ ပတ်ဝန်းကျင်ရှိ လူများကိုပင် မသိသေးချေ၊

မည်သို့ပင်ဆိုစေ၊ နေ့သည် ငါးနှစ်သားသာ ကလေးအရွယ်လေးပင် ဖြစ်သော်လည်း ခြံစည်းရိုးအနားရှိ ကောင်ကလေးသည် အရာရှိရိပ်သာတွင်းရှိ အရာရှိတစ်ဦးဦး၏သား ဖြစ်လိမ့်မည်ကိုကား မပြောဘဲနှင့် သိလေသည်၊



'ငါ ခေါ်နေတာ မကြားဘူးလား''

ကောင်ကလေးသည် ခြံစည်းရိုးနားသို့ တပ်လာရင်း ထပ်ဆင့် မေးလေသည်၊ ဘာဝဲချိန်တည်းမှာပင် သူ့အင်္ကျီပေါ်သို့ ကျလာသော ပိုးကောင်ငယ်လေးကို လက်နှင့် တောက်ထုတ်လိုက်သည်၊ သူ့ကို ကြည့်ရသည်မှာ ညက်ကျယ်ကျယ် နိုင်လှသည်၊

'ကြားတာပဲ''

နေ့သည် သူ့ဂါဝန်လေးကို လက်နှစ်ဖက်နှင့် နောက်သို့ စုသိမ်းလိုက်ရင်း ခပ်တိုးတိုး ပြန်ပြောလိုက်သည်၊

မူးရိပ်ရိပ် ဖြစ်နေသေးသော်လည်း သူ့ကို စွာကျယ်ကျယ် အကြည့်နှင့် ကြည့်နေသော ကောင်ကလေးအား မျက်မှောင်ကြုတ်မှင်း ပြန်ပြီး ကြည့်ဖြစ်လေသည်၊

'ကြားရင် ဘာလို့ မထူးတာလဲ'

'နေ့ဟာနေ့ ထူးချင်မှ ထူးမှာပေါ့ ကောင်လေးရဲ့'

သူကသာ နေ့ကို ကောင်မလေးဟု ခေါ်သော်လည်း နေ့က ကောင်လေးဟု ပြန်ခေါ်သောအခါတွင်ကား မခံချင် ဖြစ်သွားဟန် ရှိလေသည်၊ နေ့ကို မျက်လုံး မြူးကြည့်ရင်း နှုတ်ခမ်း မဲ့လိုက်လေသည်၊

'ငါ့မှာ နာမည်ရှိတယ်၊ ညီညီဒေထွးတဲ့'

'နေ့မှာလဲ နာမည်ရှိတယ် နေ့တဲ့'

'ဘာရယ် နေ့ ဟုတ်လား'

'ဟုတ်ပါဘူး နေ့ပါ'

'နေ့'

'နေလို့ ဆို'

'ဘာလဲ နေ့မင်းကြီးလား'

www.burmeseclassic.com

www.burmeseclassic.com



'နေ နေ တပေထိုး နဝဆွဲ နေ၊ အဲဒီ နေ'

နွေသည် စကားမပီသော သူ့ကိုယ်သူ မကျေမနပ်ဖြစ်ရင်း ဆောင့်ကြီး အောင့်ကြီး အော်ပြောလိုက်မိသည်။

ကောင်လေးသည် နွေနှင့် ရွယ်တူလောက်ပင် ဖြစ်သော်လည်း စကားပီလေသည်။

'ဩော်... နွေလား'

'ဟုတ်တယ်'

'နွေခေါင်ခေါင်လား'

'မဟုတ်ဘူး၊ တပေထိုး နဝဆွဲ တစ်လုံးတည်း'

'ဘယ်လို နာမည်ကြီးမှန်းလဲ မသိဘူး၊ နောက်ပြီး စကားလဲ မပီဘူး'

'ဘာဖြစ်ဖြစ်ပေါ့၊ နွေဟာ နေ ဘာဖြစ်ဖြစ်ပေါ့'

နွေသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြောရင်းမှ ဆတ်ခနဲ ကျောခိုင်းလိုက်လေသည်။

အိမ်ဘက်သို့လှည့်ပြီး ထွက်ပြေးသွားချင်သည်။

သို့သော် 'ကိုကြောက်လို့ နောက်ဆုတ်ပြေး၊ ကကြီးအိမ်က ချီးခါးခွေး' ဟု အအော်ခံရမည် စိုးသောကြောင့် မပြေးဖြစ်တော့ချေ။

သို့ပြောင့် ကျောခိုင်းလျက်သားပင် ငုတ်တုတ်လေးထိုင်ချပြီး ပန်းကြွေများကို တစ်ပွင့်ချင်း ကောက်နေမိလေသည်။

နွေက ရုတ်တရက် ကျောခိုင်းလိုက်သောအခါ ညီညီထွေးသည် ဘာဆက်လုပ်ရမည် မသိတဲ့ အူကြောင်ကြောင်လေး ဖြစ်သွားသည်။

အသိအကျွမ်းဖြစ်လို၍ မိတ်ဖွဲ့ခြင်း ဖြစ်သော်လည်း ချဉ်းကပ်ပုံ မှုမမှန်သဖြင့် ရန်ဖြစ်ရတော့မည်ကို သတိထားမိဟန်



မတူချေ၊ ဟန်ပန်ထုတ်ပြီး လေကြီးလေကျယ် ပြောရန်ကိုသာ ဆက်လက် စဉ်းစားနေဟန် ရှိလေသည်။

'ဟော့ ဒီမှာ ကြည့်'

ညီညီထွေးသည် အသံမြှင့်ကာ ပြောသည်။ နွေမကြည့်ချေ၊ ပန်းကြွေ နီနီလေးများကိုသာ စိုက်ကြည့်နေမိသည်။

'ဟေ့ နွေ၊ နွေခေါင်ခေါင်ဆိုတဲ့ ကောင်မလေး'

နွေမထူးချေ။ မကြားဟန်ပြုလျက် ပန်းကြွေများကိုသာ မဲပြီး ကောက်နေမိသည်။

မခံချင်သော်လည်း၊ စကား မပြောချင်တော့သော်လည်း ထွက်၍ မသွားချင်ပေ။

'ဟေ့... နင့်မှာ နားမပါဘူးလား'

'အေး... မပါဘူး'

'နင် နားပြတ်ကြီးပေါ့'

'အေး... နင်ကတော့ မျက်စိကန်းပေါ့'

နွေသည် လှည့်မကြည့်ဘဲ ကျောပေးလျက်ကပင် ခွန်းချင်းမခံ ပြန်ပြီး ပြောမိလေသည်။

ပါးစပ်ကသာ ပြောနေသော်လည်း မျက်ဝန်းလေးများ နီကျင်ကာ မျက်ရည်ရစ်ဝဲလာသည်။

ဒေါသဖြစ်သွားသော်လည်း သူ့မျက်နှာကို လက်သည်းနှင့် ကုတ်ဆွဲပစ်လိုက်ချင်သော်လည်း ရန်ဖြစ်ရန် သတ္တိမရှိဘဲ မဝံ့မရဲ ဖြစ်နေလေသည်။

'နင့်နာမည် ပြောင်းပစ်ဖို့ကောင်းတယ်၊ "ခွေးပိန်တာရှုး နားပြတ်" လို့'

ဒီတစ်ခါတွင်ကား နွေသည် နေရာမှ ဝုန်းခနဲထပြီး ထမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လက်ထဲတွင် စုကိုင်ထားသော စိန်ပန်းနီနီများကို မြေပေါ်သို့ ဒေါသနှင့် ပစ်ချလိုက်ရင်း ညီညီထွေးကို စူးစူးရဲရဲ ကြည့်မိသည်။ တစ်စုံတစ်ခု နှစ်နှစ်နာနာ ပြန်ပြောချင်၍ နှုတ်ခမ်းလေးက တရွရွ လှုပ်နေသော်လည်း ဘာစကားမျှ ချက်ချင်း ထွက်မလာဘဲ မျက်ရည်များသာ စိမ့်အိုင်လာသည်။

ထိုနောက် စိန်ပန်းနီနီများကို ဖနောင့်နှင့် ပေါက်ရင်း ပြန်ပြီး ပြောဖြစ်လေသည်။

'နင် နင် တေလိုက်၊ လေလိုက်ပါလား ခွေးချီးစား''

နွေသည် လူ့မစင်ကိုစားသော ခွေးဟူသည့် သတ္တဝါကို အယုတ်ညံ့ဆုံးဟု ယူဆသည်။ ထို့ကြောင့် သူ့ကို ရန်စကားပြောသော ညီညီထွေးအား ခွေး၏မစင်ကို စိတ်ကူးနှင့် ကျွေးကာ ကောင်းချီးပေးလိုက်သည်။

'နင်စားဖူးလို့လား၊ ကောင်းလား'

ညီညီထွေးက ပြောင်စပ်စပ်နှင့် ပြန်မေးလေသည်။ နွေသည် ဘာမျှ ပြန်မပြောတတ်ဘဲ မျက်ရည်များသာ စိမ့်ပြီး ဝဲလာသည်။

'နွေရေ.... ဟေး.... နွေ'

ထိုစဉ်တွင် မိုးသည် လက်ထဲတွင် သစ်သော့သီး နှစ်လုံးကို တစ်ဖက်တစ်လုံးစီကိုင်ရင်း နွေရှိရာဘက်သို့ ခုန်ပေါက်ပြီး ပြေးလာလေသည်။

သစ်သော့သီး တစ်လုံးစီကို မေမေက ခေစုခဲ့ပြီး ပေးလိုက်ဟန် ရှိသည်။ မေမေ ရေလဲလုပ်သော ထဘီ အပွင့်ဝါဝါကျားကျားကြီးကိုကား မေမေ့အလစ်တွင် ကောက်ပြီး ဝတ်လာဟန် ရှိလေသည်။



အနံ့တစ်ဝက်ခန့်ကို ခေါက်ပြီး ပတ်ထားသော်လည်း ထဘီအနားများသည် မြေတွင် ဖရွတ်ကိုက်နေလေသည်။

'လာ ဟာ ကတမ်း ခုန့်ဘမ်း ကစားရအောင်နော် နွေ၊ မင်းသမီးလေး လုပ်တမ်းလေ၊ ဟင် မျက်ရည်တွေနဲ့ နွေရယ်၊ နင် ငိုနေတယ်လား'

မိုးသည် နွေ့အနားသို့ ပြေးလာသော်လည်း ခြံစည်းရိုးနားတွင် ရပ်နေသော ညီညီထွေးကို လုံးဝ သတိထားမိဟန် မရှိချေ။

မျက်နှာလေးနီမြန်းကာ မျက်ရည်များ စိမ့်အိုင်နေသော နွေ့ကို တွေ့သောအခါ ထိတ်လန့်သွားပုံ ရလေသည်။

နွေ့ခများလည်း မိုးကို ဘာမျှမတိုင်နိုင် မတောနိုင်သေးဘဲ အူလည်လည် ရပ်နေသော ညီညီထွေးကို အတွင်သာ လက်ညှိုးထိုးပြမိသည်။

'ခနွ ပြောစမ်း ပြောစမ်း ဘာဖြစ်လဲ၊ သူက ဘာလုပ်လဲ'

'တူက နွေ့ကို နွေ့ကိုလေ နားပြတ်ကြီးတဲ့၊ ခွေးပိန်တာရိုး နားပြတ်ကြီးတဲ့ ဟီး'

အားကိုးရလာသော နွေသည် မျက်ရည်များ စီးကျလာပြီး ငိုရင်း ရှိုက်ရင်း ပြောမိလေသည်။

နွေ့မျက်ရည်ကို တွေ့ရသောအခါ မိုးသည် ချက်ချင်း လူမိုက်ပုံ ပေါက်သွားလေသည်။ ညီညီထွေးကို စေ့စေ့ကြည့်ပြီး အံကြိတ်လိုက်သည်။

ညီညီထွေးသည် ဆတ်ကနဲကန် မျက်နှာထားနှင့် သွားဖြီးပြီး ရယ်ပြလေသည်။ ထိုအခါမှ ပိုဆိုးတော့သည်။ ညီညီထွေး ရယ်သည်မှာ ရယ်သည်နှင့်မတူဘဲ ပြောင်ပြနေသည်နှင့် တူနေသောကြောင့် ဖြစ်၏။

F. ၁

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ညီမလေးကို ဘာလို့ ရန်စရတာလဲ'

မိုးသည် ပြောပြောဆိုဆို ရှေ့ဘက်သို့ အလောတကြီး တိုးသွားလိုက်သည်။ ထိုအခါ ဒရွတ်တိုက်နေသော ထဘီစကို သူ့ဟာသူ တက်နင်းမိပြီး လုံချည်ကွင်းလိုက် ကျွတ်ကျတော့သည်။

တော်ဟော့ တော်ပါသေးသည်။ လုံချည်သက်သက်သာ မဟုတ်ဘဲ ဝါဝန်ပေါ်တွင် တစ်ထပ်ဝတ်ထားခြင်း ဖြစ်သည့်အတွက် တော်ပါသေးသည်။

မိုးသည် ကျွတ်သွားသော လုံချည်ကို ဂရုမစိုက်ချေ။ ခြေရင်းတွင် လုံးထွေးနေသော လုံချည်ကြီးကို ခြေနှင့် ခတ်ပစ်လိုက်ပြီး ခြံစည်းရိုးနားသို့ အပြေးကပ်သွားလေသည်။

'ငါ ငါက အကောင်းပြောတာ'

အခြေအနေ ဟန်ပုံမရတော့သည့်အတွက် ညီညီထွေးသည် သူ့စက်ဘီးလေးကို သူတွန်းရင်း နောက်ဘက်သို့ အလျင်အမြန် ဆုတ်ခွာလိုက်လေသည်။

တစ်ဖက်ရန်သူက ဖရိုဖရဲ ဖြစ်သွားသောအခါ စစ်ကူလာသော မိုးသည် အသံမြှင့်ကာ အော်လိုက်သည်။

'ကြည့်စမ်း ငိုနေပြီ ငါ့ညီမလေး ငိုနေပြီ၊ နင်က ဘာလို့ ချေးပိန်လို့ ပြောရတာလဲ၊ နင့်သာ ချေးပိန်'

'နင်တို့သာ ချေးပိန်၊ ချေးပိန်တာရှိုး'

ညီညီထွေးသည်လည်း စက်ဘီးကို အားကုန်နင်းသွားရင်းမှ အားကျမခံ ပြန်ပြီး ဟစ်လိုက်သည်။

သူ့ကိုယ်သူ အေးကင်းချရောက်ပြီဟု ထင်သဖြင့် ပြန်အော်ခြင်း ဖြစ်သော်လည်း သူ့ခများအတွက် လွဲသွားရှာလေသည်။

မိုး၏ လက်ထဲမှ သစ်သော့သီးတစ်လုံးက သူ့နောက်သို့ အရှိန်ပြင်းပြင်းနှင့် ပြေးလိုက်သွားသောကြောင့် ဖြစ်၏။



ထိုနောက် စက်ဘီးကို အားကုန်နင်းနေသောကြောင့် ကုန်းနေသော သူ့ကျောကို ဘုတ်ခနဲ မြည်အောင် ပင့်သန္တာရ စကားဆိုရင်း နှုတ်ဆက်လိုက်လေသည်။

ညီညီထွေးသည် 'အင့်'ခနဲ ကျောကော့ သွားသော်လည်း စက်ဘီးကို မရပ်ချေ။ သွက်သွက်ကြီး နင်းသွားရင်းမှ မခံချိမခံသာ အော်သွားလေသည်။

'နွေခေါင်ခေါင် ပိန်တာရှိုး၊ ချေးလိုကိုက်တတ်တယ်'

www.burmeseclassic.com

'ဒီလောက်နာသွားတာတောင် မလျော့သေးဘူး၊ 'နွေ ခေါင် ခေါင် ပိန်တာရှိုး ခွေးလို ကိုက်တတ်တယ်'လို့ အသံကုန် အော်သွားသေးတယ်နော်'

မိုးသည် စိန်ပန်းပင်အောက်မှ ရန်ပွဲလေးကို ပြန်သတိရပြီး တသိမ့်သိမ့် ရယ်နေလေသည်။

ငယ်ဘဝက ဒေါသဖြစ်စရာများ၊ ငိုစရာများသည် ကြီးလာသောအခါ ဒေါသရိပ်များ မှေးမှိန်ပြီး ပြုံးပျော်စရာများသာ ဖြစ်သွားတတ်သည်။

ခြောက်နှစ်နှီးပါး အရွယ်လေးတုန်းက မျက်ရည်ပေါက် ပေါက် ကျခဲ့ရသော အဖြစ်အပျက်ကလေးကို ယခု ပြန်တွေးမိ သောအခါ နွေရော မိုးပါ ရယ်မောနေမိကြလေသည်။

'ညီထွေးကတော့ တွေ့ကတည်းကကို ရန်နဲ့စတာပဲ၊ နောက် ပြီး ဂျစ်ကန်ကန် ပြောင်စပ်စပ်နဲ့'

'ဒါပေမယ့် သူက စိတ်ရင်းလေးတော့ ကောင်းပါတယ် နွေရဲ့၊—နောက်ပြီးတော့လဲ ခင်သွားရတာပဲ၊ သူ့ခများ မိုးပစ်



ထည့်လိုက်တာ ကျောမှာ အကွက်လိုက်ကြီးကို ညိုသွားတာ၊ ဒါပေမယ့် သူ့အမေကိုတောင် သူပြန်မပြောဘူး၊ မိုးတို့နဲ့မ နေ ရဘူးလို့ ဘားမှာစိုးလို့တဲ့၊ သူက ခင်ချင်တာပေါ့'

'ဟုတ်တယ်နော် ညီထွေးက အဖော်ကိုတော့ သိပ်ခင် တတ်သာ'

ရန်ပွဲနှင့်စခဲ့ရသော ညီညီထွေးကို နွေတို့ဘာစ်တွေ ခပ်နဲ နဲ့ သံယောဇဉ်ရှိခဲ့ရမည်ဟု လုံးဝမမျှော်လင့်ခဲ့မိပေ။ သို့ပါသော် လည်း နောက်တစ်ခါ တွေ့သောအခါတွင်ကား ညီညီထွေးနှင့် ခင်မင်ခဲ့ရတော့သည်။

ထိုအခါကတွင်ကား ညီညီထွေးကိုသာမက ကိုလတ်နှင့်ပါ သိကျွမ်းခဲ့ရလေသည်။

ညီညီထွေးနှင့် သိခဲ့ရသောနေ့က စိန်ပန်းတွေ ရဲနေအောင် ပွင့်သလို၊ ကိုလတ်နှင့် သိရသော နေ့ကလည်း ထားဝယ်မှိုင်း ပန်းတွေ ဝေနေအောင် ပွင့်နေလေသည်။

'အဲဒီတုန်းက သူတို့ကယ်ပေလို့၊ နို့မို့ဆိုရင် ကျိုးနိုင်တယ် သိလား'

မိုး၏ အကွေးသည် ထားဝယ်မှိုင်းရုံကြီးဆီသို့ ပြေးသွားဟန် ရှိလေသည်။

နွေသည်လည်း မိုးကို ငေးကြည့်ရင်း ထားဝယ်မှိုင်းပွင့် ဖြူဖြူလေးများ၊ ပန်းရောင်လေးများ၊ အနီလေးများကို ရော ထွေး မြင်ယောင်နေသည်။ သင်းပျံ့လတ်ဆတ်သော ရနံ့လေး ကိုလည်း ရှူရှိုက်နေရသလို ထင်လာလေသည်။

*

www.burmeseclassic.com

သက်ဆတ်သင်းပျံ့သော ရနံ့သည် လေထဲတွင် ဝေ့ဝဲနေလေသည်၊ ပွင့်ဖူး၊ ပွင့်နီလေးများနှင့် ယှက်နေသော ပန်းခိုင်များသည် အပင်ပေါ်မှ ညွတ်ကျနေသည်။

'ဟာ ပန်းတွေပန်းတွေ၊ မိုးရေ ကြည့်ပါဦး'

နွေသည် ပန်းပွင့်ရောင်စုံများကို မက်မောစွာနှင့်မော့ကြည့်င်း ခုန်ပေါက်ပြီး အော်နေလေသည်၊

ခြေဖျားထောက်ပြီး လက်ကို အားကုန် ဆန့်သော်လည်း န်းခိုင်များကို မမီချေ။ ခုန်၍ခုန်၍ ခူးပြန်သော်လည်း မမီချေ၊

မိုးသည် မမှီမကမ်းနှင့် ခုန်လိုက်ပေါက်လိုက် ဖြစ်နေသော နွေ့ကို ကြည့်ကာ ရယ်နေလေသည်၊ မိုးနှင့်နွေသည် ညီအစ်မချင်းပင် ဖြစ်သော်လည်း ဒီတစ်ချက်တော့ မတူကြပေ၊

ပန်းမြင်လျှင် နွေသည် ဣန္ဒြေ မဆောင်နိုင်ပေ၊ နှင်းဆီ၊ ဇင် တောင်ဝင်သောပန်းများမှ အစပြု၍ အလေ့ကျပေါက်သော လမ်းဘေးပန်းလေးများအထိ နွေမကြိုက်သောပန်း တစ်င်မျှ မရှိ၊



မိုးသည် မိန်းကလေးတို့သဘာဝ ပန်းကြိုက်တတ်သည်ပင်ဖြစ်သော်လည်း နွေလိုတော့ အငမ်းမရ မဖြစ်တတ်ပေ၊

ယခုလည်း နွေကသာ လိုချင်တပ်မက်မောစွာနှင့် ခုန်ပေါက်နေသော်လည်း မိုးကမူ သစ်ပင်ပေါ်တွင် နွယ်ယှက်တက်နေသော ဘားဝယ်မှိုင်းပန်းများကို သူ့လက်ထဲတွင်ရှိ စားလက်စထန်းလျှက်ချောင်းလောက်မျှ စိတ်ဝင်စားဟန် မရှိချေ။

ထို့ကြောင့်လည်း သစ်ပင်ရင်းတွင် အေးအေးဆေးဆေး ထိုင်ကာ ထန်းလျှက်ချောင်းကို စိမ်ဆွဲပြီး စုပ်နေလေသည်၊

'မိုး မိုးရဲ့ ပန်းခူးပေးနော် နော်'

နွေက သူ့လက်ကိုလှုပ်ခါပြီး ပူဆာသောအခါ မိုးမနေနိုင်တော့ပေ၊ စားလက်စ ထန်းလျှက်ချောင်းကို ခပ်မြန်မြန် လက်စသတ်ပြီး နေရာမှ ထရရှာလေသည်။

တငြိမ့်ငြိမ့်နှင့် ခေါင်းညွတ်ပြီး ခေါ်နေဟန်ရှိသော ပန်းခိုင်များကို ခုန်ပြီးဆွဲယူရန် ကြိုးစားရလေသည်၊

သို့ပါသော်လည်း သူ့ခမျာ ကြိုးစားရကျိုး မနပ်ချေ၊ ပန်းများသည် မီလုမီခင်နှင့် ဝေးနေသောကြောင့် ဖြစ်သည်၊

'ဟိုနားက အခိုင်ကြီး လှတယ်မိုးရဲ့၊ နွေလိုချင်တယ်၊ တိတ်လိုချင်တာပဲ'

နွေသည် လှသော မွှေးသော ပန်းခိုင်များကို သက်ညွှန်းထိုးရင်း အော်ဟစ် ပြောနေမိလေသည်၊

တမော့မော့နှင့် မော့နေရသဖြင့် ဇက်သည်း ညောင်းလာချေပြီ၊ သို့ပါသော်လည်း မိုးခမျာ ပန်းတစ်ခိုင်ကိုပင် မခူးနိုင်သေးချေ၊

'ဟင်းနော် ဝါ စိတ်တိုလာပြီ'

www.burmeseclassic.com

www.burmeseclassic.com



မိုးသည် အိုးကိုကြိုတ်၍ ကြိမ်းလေသည်။ တံချူနှင့် ချူရန် တုတ်ရှာသေးသည်။ အနီးအနားတွင်တုတ်မဆိုထားနှင့်တံမြက် စည်းရိုး တစ်ရိုးလောက်ကိုပင် ရှာမတွေ့ချေ။

မေမေတို့ ဘုရားနားနေသော တုန်းကြီးကျောင်းတွင်တား ဝါးလုံးလေး တစ်လုံးလောက်လောက် သွားရှာ၍ ရနိုင်မည်ဟု ထင်မိသည်။

သို့ပါသော်လည်း ဘုန်းကြီးဘုရားကို နားနေရမည်စိုးသော ကြောင့် ဘေးဘေးက ရှောင်ကြသည်။

ကြုံ့ကြုံ့လေးထိုင်နေရသော ကြောင့် ညောင်းညာလှသည်။ အနေကျပ်လှသည်။

ထို့ကြောင့် လူကြီးများ ဘုရားနားချိန်တွင် ဘုန်းကြီး ကျောင်းဝန်းထဲတွင် လှည့်ပတ်ဆော့ကစားရင်းမှ ချောက်ကမ်း ပါး နံဘေးရှိ သရက်ပင်ကြီး ပေါ်သို့ နွယ်တက်နေသော ထားဝယ်မှိုင်းများကို တွေ့ရှိခြင်း ဖြစ်သည်။

ခါတိုင်း မည်သူတစ်ဦးတစ်ယောက်မျှ ခူးလေ့ခူးထ မရှိ သဖြင့် လွတ်လပ်စွာ ပွင့်ဖူးနေကြသော ပန်းပွင့်များသည် သူ တို့အား မရမနေ ခူးမည်ဟန်ပြင်နေသည့် ကလေးမလေး နှစ် ဦးကို အထူးအဆန်း ငုံ့ကြည့်နေကြဟန် ရှိလေသည်။

ထိုနောက် ပွင့်ဖူး ပွင့်နီလေးများသည် ယိမ်းကာနွဲ့ကာနှင့် အလှပြရင်း လေပြည် လေအေးနှင့် အတူ မွှေးမွှေးကို လက် ဆောင်ပေးလိုက်ကြလေသည်။

ဘုန်းကြီးကျောင်းဘက်မှ ရှစ်ပါးသီလ ယူနေသော အသံ သည် စဲပျံ့သွားလေသည်။

ဘုန်းတော်ကြီးသည် သီလပေးပြီးသော အခါ ရှည်လျား သော တရားမွှေ့ကို ဟောကြားဦးမည် ဖြစ်သောကြောင့်



မိုးတို့ နွေတို့ အနေနှင့် အချိန်အတော်ကြာအောင်ပင် လွတ် လပ်ရေးခိုးမည် ဖြစ်သည်။

“ဒီလောက်တောင်ဖြစ်တာ ငါရအောင်ခူးမယ်”

မိုးသည် ပြောပြောဆိုဆို သူဝတ်ထားသော ယောဂီလုံချည် အညိုရောင်လေးကို တိုတိုတုတ်တုတ် ပြင်ဝတ်လေသည်။

သူမြည်း၊ ဥပုသ်နေ့မို့ ဥပုသ်စောင့်၊ ဘုရားလာနားသော မိုးတို့ မေမေသည် အင်္ကျီဖြူနှင့် ယောဂီရောင် လုံချည်ကို ဝတ် လာလေသည်။

ထိုနောက် ရှစ်နှစ်သားသာ မိုးလေးကိုပါ ပိတ်အင်္ကျီ ဖြူဖြူ လေး ဆင်ပေးပြီး၊ ယောဂီရောင်လုံချည် ဝတ်စေကာ ယော ဂီရောင် ဘဘက်ကလေးကိုပါ ပခုံးတွင် တင်ထားစေသည်။

နွေကမူ လုံချည်ကိုပင် မြဲအောင် မဝတ်တတ်သေးသော ကြောင့် ယောဂီကို မဝတ်ရချေ။ အသားဖြူဖြူ မျက်တောင် ကော့ကော့နှင့် ကော်ပတ်ရုပ်လေးလို တုတ်တုတ်ခဲခဲနေသော မိုးသည် ယောဂီဘဘက်ကလေးကို လောဘတက်ထိုးပြီး မေမေ့ နောက်မှ မျက်လှာလေးချကာ လိုက်ခဲ့ရလေသည်။

မိုး၏ အဆင်အပြင်ကိုကြည့်ပြီး ဥပုသ်စောင့်လာသူ အား လုံး သဘောကျချီးကျူးနေကြသဖြင့် မေမေ့မလည်း နှစ်သိမ့်နေ ဟန် ရှိသည်။

မိုးမှာကမူ အတော်ပင် စိတ်အိုက်နေဟန် ရှိသည်။ ထို့ ကြောင့်လည်း မေမေ့အလစ်တွင် နွေနှင့် အတူ ခုန်ပေါက်ပြီး ပြေးထွက်ခဲ့ခြင်း ဖြစ်၏။

“ဟွန်း... ဒီလောက်တောင် ကြီးကျယ်တဲ့နှင်း သိကြရော ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



မိုးသည် ပြောပြောဆိုဆို သရက်ပင်ကို ဖက်တက်တော့သည်။ နွေသည် ပျော့ပျော့နွဲ့နွဲ့နှင့် အားနည်းဟန် ပေါက်သော်လည်း မိုးကမူ တုတ်တုတ်ခဲခဲနှင့် မိန်းမကြမ်းလေး ဖြစ်သည်။

မေမေတို့ လစ်လျှင် လစ်သလို သစ်ပင်ပေါ် ရောက်သွားလေ့ ရှိသည်။ ထို့ကြောင့်လည်း အကိုင်းများ ယှက်ဖြာနေသော သရက်ပင်သည် မိုးအတွက် တက်ရန် မခဲယဉ်းဟု ထင်သည်။

စိတ်ကလည်း ဆောင်နေသောကြောင့် ကျော်ကာ ခုန်ကာနှင့် မရ ရအောင် ကုပ်ကပ်ပြီး တက်ရန် ကြိုးပမ်းနေသည်။

'နွေရေ အောက်က တွန်းပေးလေ၊ မိုးတက်လို့ မရဘူး။ ဒီတစ်ထစ်ရရင် ရပြီ''

အပေါ်သို့မရောက်ဘဲ လျှောလျှိချည်းကျနေသောအခါမှာ မိုးက စစ်ကူတောင်းသည်။ ပန်းလိုချင်ဇောနှင့် နွေသည်လည်း မိုး၏တင်ပါးကို အောက်ဘက်မှ လက်နှစ်ဖက်နှင့် တွန်းတင်ရသည်။

ပင်စည်ကို ကုပ်ကပ်ဖက်ထားပြီး တွဲလွဲဖြစ်နေသော မိုးသည် ထိုအခါမှ ခွဆုံသို့ ချောမောစွာ ရောက်သွားလေသည်။ မေမေ ဇာတ်သွင်းလာခဲ့သော ယောဂီမလေးသည် သရက်ပင်ခွကြားတွင် ရုက္ခစိုးဘဝ ပြောင်းနေသည်ကို တွေ့ရပါက မေမေ့ခမျာ အတော်စိတ်ညစ်သွားရှာပေမည်။

'ဟိုအဖျားမှာ အခိုင်ကြီး မိုးရေ၊ ဟိုးနားမှာလဲ လှတယ်၊ ဟား.... တိတ်လှတာပဲ''

မိုးသည် ခွဆုံတွင် ခေတ္တမျှ အပန်းဖြေပြီး ပန်းများ ပွင့်ဖူးနေရာ အကိုင်းအခက်များဆီသို့ တစ်ဖန် တက်ရပြန်လေသည်။



အောက်ဖက်မှ နွေကလည်း ဟိုအကိုင်း လက်ညှိုးထိုး၊ သည်အကိုင်း လက်ညှိုးထိုးနှင့် လောဘတကြီး အော်ဟစ်နေသည်။

ပန်းဆိုသည်များကလည်း သစ်ပင်ကို နွယ်ယှက်တက်နေပြီး ကိုင်းဖျား ရောက်သောအခါမှ အဆုပ်လိုက်၊ အခိုင်လိုက် ပွင့်တော့သည်။ အကိုင်းရင်းတွင်တော့ မပွင့်ချေ။

မိုးသည် သစ်ပင်ပေါ်သို့ ရောက်သော်လည်း ပန်းပွင့် ပန်းခက်များ ပတ်လည်ဝိုင်းနေသော်လည်း လက်လှမ်းမမှီသဖြင့် မချင့်မရဲ ဖြစ်နေပြန်သည်။ သစ်ပင်အောက်တွင် နေစဉ်က အပေါ်သို့သာ မမှီခြင်း ဖြစ်၏။

ယခုအခါ သစ်ပင်ပေါ်သို့ ရောက်နေပြီး အထက်အောက်တွင်သာမက လေးဘက်လေးတန် ပန်းများကို မြင်နေရသော်လည်း မည်သည့်ဘက်က ပန်းကိုမျှ လက်လှမ်း၍ မမှီချေ။

'မိုးရဲ့ ဟိုနားက အခက်ကြီး၊ ဒီနားမှာရော အခိုင်ကြီး'

နွေက တမော့မော့နှင့် အော်နေသောကြောင့် မိုးကလည်း ကိုင်းဖျားသို့ အရဲစွန့်ရင်းတိုးသွားရလေသည်။ လက်တစ်ဖက်က သစ်ကိုင်းကို ဖက်ထားရင်းမှ ပတ်လည်ဝိုင်းနေသော ပန်းခိုင်များကို လှမ်းချိုးယူလိုက်ပြီး ပစ်ချပေးလိုက်သည်။

နွေသည် ဝမ်းသာအားရ အော်ဟစ်ပြီး တွေးခနဲ ကျလာသော ပန်းခိုင်များကို ပြေးကောက်လေသည်။ မျက်နှာလေး ဝင်းပချင်ပျသွားသော နွေ့ကို ကျေနပ်စွာ ငုံ့ကြည့်ပြီး မိုးသည် နောက်သစ်ကိုင်း တစ်ကိုင်းကို လှမ်းကူးလိုက်သည်။

မိုး၏ လက်နှစ်ဖက်က သစ်ကိုင်းကို မမိမိရရဆုပ်ကိုင်မိသော်လည်း ရွေ့လောကြီးနေသော ခြေနှစ်ချောင်းကမူ လေထဲသို့ လွတ်ထွက်သွားလေသည်။

'အမလေးတော့ မိုးမိုး'

www.burmeseclassic.com

www.burmeseclassic.com



နွေသည် ဝုန်းခနဲ တန်းလန်းကြီးဖြစ်သွားသော မိုးကို မော့ကြည့်ရင်း ကယောင်ချောက်ချား အော်လိုက်မိလေသည်။

လူတစ်ကိုယ်လုံး အလေးချိန်ကြောင့် တသိမ့်သိမ့် ညွှတ်နေသော သရက်ကိုင်းကို လက်နှစ်ဖက်နှင့် ဆွဲမိထားသော မိုး၏ မျက်လုံးများသည် ပြူးကျယ်ပိုင်းစက်နေသည်။

အမှီအတွယ် မရှိသော ခြေထောက် နှစ်ချောင်းသည်ကား လေထဲတွင် ကားယား ကားယား ဖြစ်နေလေသည်။

'မိုးရှု ကိုင်ထားနော် ကိုင်ထား''

နွေသည် ပန်းများကို ဖြုန်းခနဲ ပစ်ချလိုက်မိသည်။ ထို့နောက် မျောက်ကလေးလို တွဲလောင်း ဖြစ်နေသော မိုး၏ ခြေထောက်တည့်တည့်ဆီ ထအားကျုံးပြီး ပြေးလာကာ လက်ဝါးလေး နှစ်ဖက် ဖြန့်ပြီး ခံထားလိုက်မိလေသည်။

မတော်တဆ မိုး ပြုတ်ကျလာလျှင် မနာစေရန် ဟူသော ယောင်ချာချာ အတွေးလေးကြောင့် ဖြစ်သည်။

ထားဝယ်မှိုင်း ပန်းများသည် တသိမ့်သိမ့် ညွှတ်နေသော အကိုင်းပေါ်မှ တဖွားဖွား ကြွေကျလာကုန်သည်။

မိုး၏ မျက်နှာနားတွင် ဖော့ကာ ဝဲကာနှင့် အလှပြနေကြလေသည်။ ပန်းဖြူကိုလည်း မမြင်၊ ပန်းနီကိုလည်း မတွေ့၊ မွှေးပျံ့နေသော ရနံ့ကိုပင် မရှိက်အား။

မိုးသည် သရက်ကိုင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ဆွဲမိထားရင်း ဇောချွေးများ ပျံနေလေသည်။

အောက်ဖက်တွင် နွေသည် ပြေးကာ လွှားကာ ခုန်ကာ ပေါက်ကာနှင့် တဝူးဝူး တဝါးဝါး အော်ဟစ်နေသော်လည်း ဘာလော အော်၍နေမှန်း မသိနေ။

'မိုးရဲ့ မိုး ကိုင်ထား ခိုထားနော် မလွှတ်နဲ့ နော်'



နွေသည် တစ်ယောက်တည်း ယောက်ယက်ခတ်ပြီး ဆူညံနေအောင် အော်ဟစ်နေမိလေသည်၊ လူကြီးများသာ အားကိုးရာ ရှိတော့သည်မို့ နွေသည် မွှာရုံတက်သို့ လှည့်ကာ အားကုန်ပြေးသွားသည်။

မျောက် ရိုးအောင် ဆော့ရ ကောင်းလား ဟု မေမေတို့ ဆူမည် ရိုက်မည်ကို ကြောက်သောစိတ်နှင့် မိုးလွှတ်ကျမှာ စိုးရိမ်သော စိတ်တို့က ရင်တွင်း၌ လုံးထွေးနေကြစဉ် မိုးသည် ဟစ်ဆုတစ်ဦးနှင့် အရှိန်ပြင်းပြင်း တိုက်မိကာ မျက်လုံးများပင် မီးပွင့်သွားသည်။

'ဟင်... နင်ကိုး''

ညီညီထွေးသည် နွေ့ နဖူးနှင့် ဆောင့်မိသွားသော သူ့ ခေါင်းစေ့ကို သပွတ်ရင်း အံ့ဩသလို ပြောလေသည်။

နွေ့ ခေါ်မှာတော့ ဖူးထလာသော နဖူးကိုပင် မပွတ်အား။ သူ့ကို 'ခွေးပိန်ကာရိုးနားပြတ်' ဟု အမည်သစ် ပေးထားသည်ကိုလည်း သတိမရနိုင်၊ သူ့လက်ကို ဆွဲခါကာ အားကိုးတကြီးနှင့် လုံးထွေး ပြောမိလေသည်။

'မိုးရယ် မိုးရယ် သရက်ပင်ပေါ်မှာ တန်းလန်းကြီး၊ လုပ်ပါဦး သွဲလောင်းကြီး ဖြစ်နေတယ်'

ညီညီထွေး၏ အားတွင် မိုးအရွယ်သာသာခန့် ကောင်လေး တစ်ယောက်ကို တွေ့ရလေသည်၊ မျက်သလဲဆန်ပြာ ဖြစ်နေသော နွေ့ကို မျက်စိနောက်သလို မျက်မှောင်ကြုတ်ပြီး ကြည့်နေလေသည်။

နွေ ပြောနေသော သွဲလောင်း၊ တန်းလန်း စသည့် စကားများကိုလည်း ရုတ်တရက် နားလည်ဟန် မတူချေ။

'လာပါ လာပါဦး၊ ဟိုး... မိုးကို ကယ်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ၊ နွေက သူတို့နှစ်ဦး၏ လက်ကို တစ်ဖက်စီ ဆွဲကာ အားကုန် ပြန်ပြေးလာသောအခါ သူတို့လည်း ကန့်လန့် ကန့်လန့်နှင့် အပြေးအလွှား ပါလာကြလေသည်။

'ဟိုမှာ ကြည့်ပါဦး။ မိုးရယ် သွဲ့လောင်းကြီး ဖြစ်နေတယ်၊ မိုး မိုး နေတို့လာပြီ'

'ဟာ'

သရက်ပင်ပေါ်ရှိ ထားဝယ်မှိုင်း ပန်းများ ကြားထဲတွင် သီးနေသော သူယောင်သီးကြီးကို တွေ့သောအခါ ညီညီထွေး တို့ နှစ်ဦးသည် အတော်ပင် အံ့သြသွားကြလေသည်။

သူယောင်သီးခမျာ လှလှပပတော့ မဟုတ်ရှာပေ၊ ထိုမျှ ကို ယို့ကားယား နိုင်သော သူယောင်သီးကို တွေ့ဖူးသည့် အတွက် ကံကောင်းသည် ဆိုရမည်ဟု ကိုလတ်က ကြီးလာ သောအခါတွင် မကြာခဏ ပြောတတ်လေသည်။

သစ်ပင်မတက်မီက တိုတိုတုတ်တုတ် မြင်ဝတ်သွားသော ယောဂီလုံချည်လေးသည် ဘယ်အချိန်က ကျွတ်သွားသည်မသိ၊ ခြေဖျားတွင် ချိတ်နေလေသည်။

သူ့ကိုယ်သူ ထမီမြဲမှန်းသိသည့်အတွက် အထဲမှ ဘောင်း ဘီကလေး ခံဝတ်ထားသောကြောင့် မိုးခမြာ အရှက်တော့ လုံးလုံးကြီး မကွဲရှာပေ။

'နွေရေ၊ မိုး လက်တွေနာလှပြီ၊ လွှတ်ချလိုက်တော့မယ်၊ မိနွေ.... နင်ဘယ်သွားနေတုန်း'

'နေရှိတယ် မိုး၊ နေရှိတယ်'

နွေသည် သစ်ပင်အောက်သို့ ပြေးသွားရင်းမှ မသက်မသာ ဖြစ်နေသော မိုးကို ငိုမဲ့မဲ့နှင့် မော့ကြည့်လေသည်။ လက်ဝါး လေး နှစ်ဖက်ကလည်း အလိုလိုပင် ဖြန့်ပြီး ခံထားမိသည်။



'မိုး လက်တွေ နာလှပြီ'

မိုးက အတွင်သာ အော်နေသည်။ တစ်ကိုယ်လုံး အလေး ချိန်ကို ဆွဲခိုထားသော လက်နှစ်ဖက် သည်လည်း ကြာရှည် အားကောင်းနိုင်ကြတော့မည် မဟုတ်ချေ။

မိုး ပြုတ်ကျလျှင် သက်သာမည်တော့ မဟုတ်၊ ခွေးကျ ကျ မည် ဖြစ်သည်။

ဖင်ညောင်ရိုးပဲ ကျိုးလေမလား၊ ခြေထောက်ပဲ ကျိုးလေ မလား ဟူသော စိုးရိမ်မှုနှင့် နွေသည် အသည်းအူ တုန်နေရှာ လေသည်။

လူက ခွေးကျ မကျသော်လည်း ခြေဖျားတွင်ချိတ်နေသော ထမီကမူ ညောင်းညာလာဟန် တူသည်၊ ဝေဟင်တွင် လေ ယာဉ် ကဲ့သို့ ဝဲပြီး မြေပြင်သို့ ဖြည်းညင်းစွာ သက်ဆင်းလာလေ သည်။

'ဖယ်စမ်း.... ဖယ်စမ်း၊ နင် ဖယ်ပေးစမ်း'

ထိုစဉ်တွင် နွေ့ကို လက်တစ်ဖက်က တွန်းပစ်လိုက်လေ သည်။ သူ့လက်ထဲတွင် မိုးဆီမှ ကျွတ်ကျလာသော ထဘီလေး ကို ကိုင်ထားသည်။

မိုး ကျလာမည့် ရှစ်ပေ ကိုးပေခန့် မြင့်သော အမြင့်သည် လူကြီး တစ်ယောက် အဖို့နှင့် ဆိုပါက မပြောပလောက်သော် လည်း နွေတို့ကလေး အမြင်၊ အတွေးနှင့်မူ အတော်ကြီး မြင့် လေသည်။

'နင်က ဘာငိုင်နေတာလဲ သွား၊ ဟိုဘက်အစွန်းထသွားပြီး ဆွဲထား၊ ညီထွေးက ဒီဘက်အစွန်းက ဆွဲ'

www.burmeseclassic.com

www.burmeseclassic.com



သူသည် နေ့ကိုလှည့်ပြီး ပေါက်လိုက်သေးသည်။ ယောဂီ ထမီလေးကို သူ့က အစနှစ်ဖက်မှ အားကုန်ဆွဲပြီး ညီထွေးနှင့် နေ့ကိုလည်း တစ်ဖက်စီမှ ခြေကန်ပြီး ဆွဲထားစေသည်။

'ကဲ... လွှတ်ချချင်ရင် ချလိုက်တော့၊ ရယ်ဒီ'

'ရယ်ဒီဒီ မဒီဒီ ငါကတော့ ကျပြီဟေ့'

အခရေးထဲ မိုးက ဝုံးဝုံးဝါးဝါး ဆောင်နေသေးသည်။ အချိန်မီရုံအလေးပင် ဖြစ်ပါသည်။

အစောကြီးကတည်းက ခြေလွှတ်နေသော မိုးသည် လက်အံသေပြီး လက်ပါ လွှတ်ကာ ကားယားကြီး ကျလာတော့သည်။

ထမီပေါ် တည့်တည့်ကျသည့်အတွက် မိုး ကံကောင်းပါသည်၊ ကံမကောင်းသည်က နေ့တို့ ဖြစ်သည်။ မိုးက ဝုန်းခနဲ ကျလာသောအခါ အနားများကို ခြေကန်ဆွဲထားသော နေ့တို့သည် ပြုန်းခနဲ ဖင်ထောင်ကာ ခေါင်းအချင်းချင်း ခပ်ပြင်းပြင်းလေး ရိုက်ခတ်မိကြလေသည်။

'ဟဲ့... ဥုဖွ ဥုဖွ နာသွားသွားကြလား'

ဖင်ညှောင့်ရိုး အောင့်သွားသော မိုးသည် နေရာမှမထနိုင်သေးဘဲ ရှုံ့ရှုံ့မဲ့မဲ့နှင့် သူ့ဖင်သူ ပွတ်နေရင်းမှ စိုးရိမ်တကြီး မေးနေသေးသည်။

အင်္ကျီလက်ရှည် ဖြူလေးနှင့် ယောဂီတဘက်ကလေးကို လောဘက်ဆိုထားသော မိုးသည် ကိုယ်ခန္ဓာအောက်ပိုင်းတွင်တော့ ဇာနားတပ် ဘောင်းဘီပြာပြာလေးနှင့်မို့ ကြည့်ရသည်မှာ ရယ်စရာ ကောင်းလှသည်။

သို့ရာတွင် သူတို့ခမြာ မရယ်အားကြရှာပေ။ ကိုယ့်ခေါင်း ကိုယ်ပွတ်နေရသောကြောင့် ဖြစ်၏။



အချိန်အတန်ကြာအောင် တွဲလောင်း ဒုက္ခသည် ဖြစ်ခဲ့ရသော မိုးကမူ ဘယ်လိုနေသည် မသိ၊ နေ့ ခမြာကမူ သစ်ပင်အောက်တွင် ပြေးရလွှားရ စိတ်ပူပင်မှုနှင့် အတော်ကြီးပင်ပန်းသွားလေသည်။

စိတ်ခမာ လျှော့ ပြစ်သွားသော နေ့သည် နေရာမှ မထနိုင်သေးဘဲ ဆောင့်ကြောင့်လေးထိုင်ရင်း ဟရိုက်ရိုက် မူးနေသည်။ ခေါင်းနှစ်လုံးနှင့် ဆောင့်မိသော တော်ကြောင့်လည်း နဖူးပြင်တွင် ဖူးဖူးယောင်ပြီး နာကျင်နိုရဲနေသည်။

'နင်ကလဲ ဆော့လိုက်တာ'

၅

အတန်ကြာသော အခါမှ ညီညီထွေးက ပြစ်တင် စကားဆိုနိုင်လေသည်။

'သူ့ရပါ... ပန်းလိုချင်တယ်ဆိုလို့'

'သူ လိုချင်တိုင်း နင်က သစ်ပင်တက်ရောလား'

'အေးပေါ့၊ ငါ့ညီမလေးပဲ၊ ငါ ခူးပေးတာပေါ့'

'နေ့ခေါင်မခေါင် မဟုတ်လား၊ နင်ကရော မိုးသဲသဲလား'

ညီညီထွေးက ပြောင်စပ်စပ်နှင့် မေးလေသည်။ ပြုံးချိုသော မျက်နှာနှင့် ရယ်ရွှင်သော မျက်လုံးများကို မိုးတို့ ညီအစ်မ အမြဲမမြင်ကြတော့ပေ။

ညီညီထွေ အားကာ ကောင်းလေးကမူ မပြုံးမရယ်နှင့် ခပ်တည်တည် ကြည့်နေလေသည်၊ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး တည်ထားသော်လည်း သူ့မျက်လုံးများကမူ ကိုယ့်ကားယား



www.burmeseclassic.com

www.burmeseclassic.com



နိုင်လှသော မိုးကို ကြည့်ပြီး ရယ်မောနေကြဟန် ရှိလေသည်။

အသားလသ်လတ် ဆံပင်တိုတိုနှင့် ပုဆိုးကွက် မီးခိုးရောင်တပတ်နွမ်းလေးကို ဝတ်ထားသည်ကို နွေ မှတ်မိသည်။

'နင့်ကိုတော့ သိသားပဲ၊ သူက ဘယ်သူလဲ'

မိုးသည် ဖုံးအလူးလူး ပေနေသော သူ့ထမီလေးကို ကမန်းကတန်း ပြန်ဝတ်ရင်းမှ မေးသည်။ လူတစ်ကိုယ်လုံး ပြုတ်ကျသော ဒဏ်ကြောင့် လုံချည် အနားသည် တစ်ထွာခန့် ပြဲသွားလေသည်။

မှုးရိပ်ရိပ် ဖြစ်နေသော နွေကမူ ဘာစကားမျှ မဆိုဖြစ်ဘဲ သူ့နဖူးကိုသူ လက်နှစ်ဖက်နှင့် အုပ်ကိုင်ရင်း စကားကောင်းနေကြသော သူတို့တစ်တွေကို ရီဝေဝေလေး ကြည့်နေမိလေသည်။

'ငါက ကိုကိုလတ်၊ ဟော်ဟိုက်သီးရိုက်တဲ့ကွင်း နောက်ဘက်နားမှာ နေတာ။ ညီထွေးတို့နဲ့ သိပ်မဝေးဘူး'

ကိုကိုလတ်က ပြောလိုက်စဉ်တွင် ဘုန်းကြီးကျောင်းဘက်မှ ဘာမှုခေါ် သံသည် ဟိန်းပြီး ထွက်လာလေသည်။ မေမေတို့ တရားပွဲ ပြီးသွားပြီ ယင်သည်။

လူကြီးများသည် မိုးကို ကယ်တင်လိုက်သော နွေတို့ကောင်းမှု အတွက်များ သာဓုခေါ်ခြင်းလေလားဟု နွေသည် မရေမရာလေး တွေးနေမိလေသည်။



'ငါက မိုးသဲသဲ မဟုတ်ပါဘူး။ မိုးတစ်လုံးကည်း မိုးတဲ့။ သူက ငါ့ညီမလေးလေ၊ "နွေ"တဲ့'

မိုးသည် တခစောင်းနှင်း လမ်းလျှောက်ရင်းမှ ပြန်ပြောလေသည်။ ဖင်နာနေသောဒဏ်ကြောင့် မိုး လမ်းလျှောက်သည်မှာ စောင်းငမ်း စောင်းငမ်းနှင့် ရယ်စရာကောင်းနေလေသည်။

သို့သော် ကိုကိုလတ်နှင့် ညီညီထွေးသည် မိုးကို မရယ်ဘဲ ဆောင့်ကြောင့်လေး ထိုင်နေသော နွေ့ကိုကြည့်ကာ အသားလွတ် ရယ်ကြလေသည်။ ထိုနောက် တစ်ပြိုင်နက်တည်း မှတ်ချက်ချကြသည်။

'အလကား ကောင်မလေး။ ဘာမှလဲ အဖြစ်မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com

**မိနွေ**

နှင် အလကား ကောင်မလေး၊ အင်မတန် လူပါးဝတယ်။ ငါ ဘယ်တုန်းက လိမ်ညာပြောဖူးလို့လဲ၊ နှင့်သူငယ်ချင်း ကိုယ်စန်းရှိတာ သူ့ဟာသူရှိတာ၊ သူ ငါ့ကို လိုက်လျှောလွန်းလို့ ငါဖက်ချင် ဖက်မယ်၊ နမ်းချင်နမ်းမယ်။ ဒါပေမယ့် ကျူးကျူးလွန်လွန် လုံးဝ မဖြစ်ဘူး။ ငါဒီလောက် သစ္စာမမဲ့ဘူး။ သူဟာ ဘယ်လိုမိန်းကလေးဆိုတာလဲ နှင် သိတယ်။ သူ့ရည်းစားတွေမှ အများကြီး။ ငါ ပြောတဲ့စကားကို နှင် မယုံဘူး။ ဘေးစကားကိုတော့ ဘုရားဟောလို့ ယုံတယ်၊ ငါထပ်ပြောဦးမယ် မိနွေ၊ နှင့်သူငယ်ချင်းကို ငါလုံးဝ မဖျက်ဆီးဘူး။ ငါ့ကို လူယုတ်မာတစ်ယောက်လို ပက်ပက်စက်စက် ပြောတဲ့ စကားတွေကို ငါတစ်သက် မမေ့ဘူး။ နောက်ပြီး ငါ့ပါးကို ရိုက်တာလဲ ဘယ်တော့မှ မမေ့ဘူး။



မှတ်ထား မိနွေ၊ ညီထွေးဆိုတဲ့ ကောင်ဟာ ဘယ်တော့မှ လိမ်မပြောဘူး၊ ငါ မိန်းကလေးတစ်ယောက်ကို ကြိုက်တယ်၊ အဲ....ချစ်တယ်ဆိုပါတော့၊ သူဟာ ငါ့ရဲ့အချစ်ဦးပဲ၊ အဲဒီသူကို နှင် သိချင်လား၊ နှင့်သူငယ်ချင်းတွေတော့ မဟုတ်ဘူး၊ အဲဒီ မိန်းကလေးဟာ နှင်ပဲ သိရဲ့လား။

နှင် ဒီလိုသိရတော့ ငါ့ပါးကို ရိုက်ချင်သေးလား၊ ရိုက်ရဲရင် ရိုက်ကြည့်ပေါ့၊ ငါ နှင့်ကို ခင်တယ်၊ တို့ဟာ သူငယ်ချင်းတွေ၊ နောက်ပြီး ကြီးလာတော့ တစ်ခါ ချစ်မိတယ်ထင်ယ်၊ ဒါပေမယ့် မှတ်ထားစမ်း မိနွေ၊ ညီထွေးဟာ ချစ်တတ်ခင်တတ်သလို နာတတ် မုန်းတတ်တယ်၊ နှင့်ကိုလဲ ငါ အခု သိပ်ပြီး အမြင်ကပ်ကို မိုးဆီ ငါ့စိတ်ကို ငါ ပြန်မေးကြည့်ဦးမယ်၊ ငါ့ပါး ထားတဲ့ ကောင်မလေးကို ငါ့မိန်းမအဖြစ် ဖူးကျရောက်ပါမလားလို့၊ အေး.... လက်ခံနိုင်တယ်၊ ခွင့်လွှတ်နိုင်တယ် ဆိုတဲ့ တစ်နေ့တော့ နှင့်ကို ငါယူမယ်၊ မိလေ

ညီညီထွေး

နွေသည် လွန်ခဲ့သော ခြောက်နှစ်ကျော်က စာကလေးကို ပြန်ဖတ်ရင်း ပင့်သက်လေး ရှိုက်လိုက်မိလေသည်။ ရင်ထဲတွင် နမ်းမောကာ ငိုချင်သလို ဖြစ်နေရင်းမှ သဲ့သဲ့လေး ပြုံးမိလေသည်။

ငယ်စိတ် ငယ်အတွေးလေးနှင့် တုန်းက ဖတ်ရင်းနှင့် ဒေါသခိုးများ တစေ့ဝေတက်လာသော စာကလေးကို ယခုအခါ

www.burmeseclassic.com

www.burmeseclassic.com



နွေသည် ခွင့်လွှတ်သော အပြုံးလေးနှင့် ပြန်လည် ဖတ်မိလေသည်။

ငယ်စဉ်ကျွမ်းသော ငယ်ကျွမ်းဆွေ နှစ်ဦးသည် ဝေါသဆောင်ပြီး အမုန်းနှင့် ခွဲခွာခဲ့ကြရသည့် အကြောင်းကို မိုးပင်မသိချေ။

ချစ်သူမျက်နှာကို တစ်ရွာမက ဟစ်ကမ္ဘာထင်ပြီး လိုက်သွားသော မိုးကိုလည်း နွေက အကျိုးအကြောင်း ပြောမပြခဲ့ချေ။ ဆို့ကြောင့် မိုးက 'ညီထွေး တစ်ယောက် နေနိုင်လိုက်တာ၊ စာမရေးဘူး'ဟု ဆိုလေတိုင်း နွေသည် ပင့်သက်ကလေးသာ ကျိုက်ပြီး ချခဲ့ရသည်။

'ဟေး....နွေ ကြည့်စမ်း၊ ဘာစာတွေ ခိုးဖတ်နေတာလဲ ပြဦးလေ'

သ် အခန်းတွင်းသို့ လှမ်းဝင်လာရင်း ပြောသည်၊ မိုး ာက် အိမ်ထောင်ကျသွားကတည်းက နွေနှင့် အနေဝေး ာသည်။

ယခု နွေက ဘွဲ့ရပြီး ဆရာမ ဝင်အလုပ်၊ မိုး၏ ခင်ပွန်းကလည်း နယ်အပြောင်းနှင့် ကြုံကြိုက်သွားသောအခါမှ ညီအစ်မနှစ်ဦး ပြန်ပြီး စုစ ဉ်းမိလေသည်။

ယောကျ်ားယူပြီး ယောကျ်ားတစ်ဖက်၊ ကလေးတစ်ဖက်နှင့် ဇွဲခကာင်းကောင်း ကျောင်းတက်ခဲ့သော မိုးသည် ပိသုကာဘွဲ့ထူး ဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် သူ့ခင်ပွန်းက အထက်မြန်မာပြည်သို့ ပြောင်းရသော အခါတွင်ကား မိုးခမျာ ရန်ကုန်တွင် သော်င်တင်ခဲ့ရသည်။ ဗိသုကာများကို ရန်ကုန်တွင်စီသာထားပြီး နယ်များသို့ သိပ်မလွှတ်သေးသောကြောင့် ဖြစ်၏။



မယ်တစ်ရွာ၊ မောင်တစ်မြို့ဖြစ်နေသော မိုးသည် ပျင်းပျင်းရှိတိုင်း နွေနှင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြီး အပျင်းဖြေနေရရှာသည်။

'ညီထွေးဆီက စာပါ'

'အမယ်.... ကိုယ်တော်ချောက စာရေးတယ်လား၊ အခုဘယ်ရောက်နေသတဲ့လဲ'

'မသိပါဘူး မိုးရယ်'

'ဟင်.... ဘာမှ မပါဘူးလား'

'စာက အခုရေးတဲ့စာမှ မဟုတ်ဘဲ၊ ကြာလှပြီ'

'ဘယ်တုန်းက'

'ခြောက်နှစ်တောင် ကျော်ပြီ'

နွေသည် ဝါရောင်သန်းနေသော စာရွက်ဖြူလေးကို မိုးဆီသို့ လှမ်းပေးလိုက်သည်၊

သည်းဆာရောင်သည် အခန်းတွင်းသို့ ယှက်ဖြာပြီးကျရောက်နေသည်၊ ရွှေရောင်ဝင်းနေသော နေရောင်ခြည် အမျှင်တန်းကလေးကို နွေသည် အမှတ်မထင်လေး ငေးကြည့်နေမိလေသည်။

နေရောင်ခြည်ကို လက်ခံကြသော လူသားတို့ ကမ္ဘာတွင် တိုးတက်မှုများ၊ ဆုတ်ယုတ်မှုများ၊ မုန်းတီးမှုများနှင့် ရှုန်းရင်းဆန်ခတ် ဖြစ်နေကြသော်လည်း နေမင်းကြီးကမူ ဂရုထားမိဟန်ပင် မရှိချေ၊

ယခင်တုန်းကလည်း ဂရုမထား၊ ယခုလည်း အလေးမမူ၊ နောင်လည်း အရေးစိုက်လိမ့်မည် မဟုတ်ချေ၊ နေ့ခင်းခြင်း၊ နေတွက်ခြင်းစသည့် သူ့ဝတ္တရားကိုသာ ကမ္ဘာတည်သရွေ့ မငြီးမငွေ့ ဆောင်ရွက်နေမည် ဖြစ်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



‘ဟယ်.... နွေ့ရယ် ဘယ်လိုဖြစ်ကြတာလဲ’

မိုးက အံ့သြတကြီး မေးလေသည်။

‘စာထဲမှာပါတဲ့ အတိုင်းပဲလေ’

‘အို.... မိုးဘာမှ နားမလည်ဘူး၊ ဘာတွေလဲ’

မိုးက ဦးခေါင်းကို ခါယမ်းရင်း ပြောလေသည်။ အံ့သြတကြီး ဖြစ်နေသော မိုးကို ကြည့်ရင်း နွေ့သည် ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။ ရယ်ရင်းလည်း မျက်လုံးအိမ်တွင် မျက်ရည်များ ဝေ့ဝဲလာသည်။

‘မိုးက ဘယ်သိမလဲ၊ မိုး ယောကျ်ားယူသွားပြီးကတည်းက နွေ့တို့ အားလုံးကို မေ့သွားတာပဲ မဟုတ်လား’

‘မိနွေ့ရယ်၊ နင်ကလဲ ဒါပဲ မကျေနိုင် မချမ်းနိုင်ဖြစ်နေတာကိုး၊ နင် ကိုယ်တွေ့ကြုံမှ သိမယ်၊ ထားပါဦး၊ အဲဒါကိုထားပါဦး နွေ့ရယ်၊ ဒီစာထဲကအကြောင်း မိုးကို ရှင်းပြပါဦး’

‘စာထဲက အတိုင်းပဲပေါ့ မိုးရယ်၊ နွေ့ရော ညီထွေးရော တက္ကသိုလ်ရောက်ကြတော့ ညီထွေးကို မိန်းကလေးတွေက သိပ်ခင်ကြတယ်၊ သူကလဲ ပျော်တတ် ရွှင်တတ် လူချောကလေး မဟုတ်လား၊ အဲဒီအချိန်မှာ နွေ့ရဲ့ သူငယ်ချင်း ကေသီဆိုတဲ့ ကောင်မလေးက ညီထွေးကို ကြိုက်တယ် မိုးရဲ့၊ ညီထွေးကလဲ မိန်းကလေးတွေနဲ့ရောတယ်၊ ကေသီက သူနဲ့ညီထွေးနဲ့ကြိုက်နေကြပြီလို့ ပြောတော့ နွေ့က ယုံတာပေါ့၊ ညီထွေးကို မေးတော့လဲ ဘိုးစောက ရယ်ဖြဲဖြဲနဲ့ အကောင်းမပြောဘူး၊ ရန်ဖြစ်ကြပါရော၊ အဲဒီလို အပြန်အလှန်ဖြစ်ကြရင်း သူက နွေ့ ထိုင်နေတဲ့ ကုလားထိုင်ကို ခြေနဲ့ ကန်တယ်လေ၊ နွေ့ကလဲ ဒေါသအရမ်းဖြစ်ပြီး သူ့ပါးကို ပိတ်တီး လိုက်တာပေါ့’

‘ဪ.... နွေ့ရယ်’



မိုးသည် ပင့်သက်ရှိုက်လိုက်လေသည်။

နွေ့အကြောင်းရော ညီထွေးအကြောင်းပါ ကကြီးမှစ၍ အ အထိ သိထားသူဖြစ်သဖြင့် နှစ်ဦးစလုံး မီးကုန် ယမ်းကုန် ဒေါသအိုးကွဲနေကြမည့် ရှုခင်းကို မှန်းဆကြည့်ရုံနှင့် ကွင်းကွင်းကွက်ကွက် မြင်လာလေသည်။

နွေ့သည် စကားပြောရပ်ပြီး အိပ်ရာခင်းပေါ်သို့ သွယ်တန်းကျဆင်းလာသော နေရောင်ခြည်တန်းလေးကို ငေးကြည့်နေမိလေသည်။ ရွှေရောင် နေခြည်မျှင်ထဲတွင် ဒေါသခိုးဝေနေသော ညီထွေး၏ မျက်လုံးညိုများကို မြင်ယောင်နေမိလေသည်။

‘ဟဲ့.... ညီထွေးက နွေ့ကို ယူမယ်တဲ့လား’

နွေ့သည် မဲ့ပြုံးလေး ပြုံးရင်း ခေါင်းညိတ်လိုက်သည်။

ဟုတ်ပါသည်၊ ညီထွေးဟူသည့် ကိုယ်တော်ချောက နွေ့ကို တစ်နေ့ သူ လက်ခံနိုင်ပါက ခွင့်လွှတ်နိုင်ပါက သူ့ မိန်းမအဖြစ် ယူမည်ဟု ရာဇသံ ပေးသွားခဲ့သည်။ ထိုစာကိုဖတ်၍ နွေ့သည် ဆတ်ဆတ်ကုန်အောင် ဒေါသဖြစ်ခဲ့ရလေသည်။

‘အားကြီးလူပါးဝတယ်၊ ကျစ်ကန်ကန်နဲ့’

‘ငယ်တုန်းကအကျင့် မပျောက်သေးလို့ တင်ပါရဲ့ဟယ်၊ သူနိုင်တဲ့အခါကတော့ လှည့်ပြီးပြောတာပဲ၊ ဘယ်တော့မှအလျှော့မပေးဘူး’

‘အဲဒီ အကျင့်က အမြင်ကတ်စရာကောင်းတာ’

နှုတ်ခမ်းကလေးကို မဲ့ကာပြောရင်း နွေ့သည် ပြုံးမိသေးသည်။

တစ်ချိန်တစ်ခါက ဆတ်ဆတ်ကုန်အောင် ဒေါသထွက်ခဲ့ရသော်လည်း ယခုအချိန်တွင်ကား နွေ့သည် ဆယ့်ခြောက်နှစ်သာသာ မြီးကောင်ပေါက်မလေး ‘နွေ့’ မဟုတ်တော့ပြီ။ အသက်

www.burmeseclassic.com

www.burmeseclassic.com



ပင် နှစ်ဆယ်ကျော်ပြီမို့ ရင့်ကျက်သင့်သလောက်တော့ ရင့်ကျက်လာပြီ ဖြစ်သည်။

ခြောက်နှစ်ဟူသော အချိန်ကာလသည် ဒေါသများ ပြေပျောက်ရန်ကို လည်းကောင်း၊ မာနမီးများ အရှိန်လျော့ရန်ကို လည်းကောင်း များစွာပင် အထောက်အကူ ပေးလေသည်။

'အဲဒီအကြောင်း ကိုလတ် သိလား'

'ဒီတုန်းက သူက မန္တလေး စိုက်ပျိုးရေးတက္ကသိုလ်မှာလေ၊ ဒေနွ မပြောဖြစ်ခဲ့ဘူး၊ သူ စိတ်ဝင်စားလိမ့်မယ်လဲ မဆင်လို့'

'အေးလေ....မသိတာကောင်းပါတယ်၊ ဒါကြောင့် ညီထွေးစာမရေးတာကိုး၊ ဖြစ်မှဖြစ်ရလေဟယ် အံ့ရော၊ အတော်ဆိုးတဲ့ ကောင်ကလေး'

ဆည်းဆာရောင်သည် နီရဲယှက်ဖြာနေရာမှ အမှောင်စိုးလာသည်။ မှောင်ဝါးဝါးထဲတွင် မိုးတို့ ညီအစ်မနှစ်ဦး ခပ်ငိုင်ငိုင်လေး ထိုင်နေမိကြလေသည်။

ရင်ထဲတွင် ယိမ်းခါလှုပ်ရှားနေသော်လည်း ကိုယ်ခန္ဓာများကမူ ငြိမ်နေကြသည်၊ မီးထဖွင့်ရန်ကိုပင် ဝန်လေးနေကြလေသည်။

'သူငယ်ချင်းတွေ ဆော်ကြ တီးကြတယ်ဆိုတာ ကိုလတ်ကြီးသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး'

အတန်ကြာသောအခါမှ မိုးက ပြောလေသည်။ ဧည့်ခန်းတွင် ဖိုးအောင်နှင့် မိငယ်တို့ ငြင်းခုန် ဆော့ကစားနေသော အသံကို ကြားနေရလေသည်။

ကလေးငယ်များသည် ထာဝစဉ်ပင် သွက်လက် ရွှင်ပျော်နေကြလေသည်။



'ကိုလတ် လာသေးတယ်၊ သူ ဘွဲ့ယူမယ့်နှစ်က ထင်ပါရဲ့၊ ရန်ကုန်ကို လာရင်း နွေတို့ အဆောင်ကို တစ်ခါလာသေးတယ်၊ ဒီတုန်းက ညီထွေး စစ်တက္ကသိုလ်တက်နေပြီ'

နွေသည် အိပ်ရာပေါ်သို့ လှဲအိပ်လိုက်ရင်း တိုးတိုးလေး ပြောသည်။

ဆည်းဆာရောင် ပျောက်ပြီး အမှောင် စိုးမိုးလာသော ညဦးဝယ် နွေ့ စိတ်များသည် လွန်ခဲ့သော အချိန်များဆီသို့ ခပ်မြန်မြန်လေး လွှမ်းသွားကြသည်။

'ကိုလတ်က ပြောတယ်၊ နင်တို့ ဘာဖြစ်နေကြတာလဲဆိုတဲ့'

www.burmeseclassic.com

www.burmeseclassic.com

'မိနွေ နင်တို့ ဘာဖြစ်နေကြတာလဲ၊ ရန်ဖြစ်ထားကြသလား'

ကိုကိုလတ်က မေးလေသည်။ နွေသည် ဘာမျှ ပြန်မဖြေဘဲ အင်းလျားရေပြင်ကိုသာ ငေးမောကြည့်နေမိသည်။

ဆူဝေတက်လာသော ရေခိုးငွေ့သွေးများကို မျှော်ချရင်း မျက်တောင် တဖျပ်ဖျပ် ခတ်နေလေသည်။

'ညီထွေး မေမြို့တုန်းက ငါတို့ကျောင်းဝင်ပြီး နှုတ်ဆက် သွားသေးတယ်၊ အဲဒီတုန်းကလဲ နင် နေကောင်းရဲ့လားလို့ မေးတော့ အံကြိတ်ပြီး အဲ့ဒီ ကောင်မလေးအကြောင်း သူ့ကို ဘာမှ မမေးနဲ့တဲ့၊ နင်တို့ ဘာဖြစ်ကြတာလဲ'

ညီညီထွေး စစ်တက္ကသိုလ်သို့ လျှောက်ထားသည်မှာ ဝင်ခွင့် ရသည့်အကြောင်း နွေ ဘာစ်ဆင့်ကြားရသည်။

ထို့ကြောင့် ကေသီလေးတစ်ယောက် မထင်မရှားနှင့် ခြေရာ ဖျောက်ပြီး တစ်လခန့်အကြာတွင် ညီညီထွေးသည်လည်း စစ်တက္ကသိုလ်သို့ သွားခဲ့ရသည်။

ကေသီ ဆီမှ ရှင်းလင်းစာ ရောက်မလာသေးသည့်အတွက် ညီညီထွေးကို လွယ်ယူတတ်မှာလိုပင် နွေ့စိတ်ထဲ၌ ထင်နေဆဲဖြစ်



သည်။ ခါးခါးသီးသီး မုန်းတီးပြီး အထင်သေးနေဆဲပင် ဖြစ် သည်။

ထို့ကြောင့် ညီညီထွေး သွားတော့မည့်အကြောင်းကို ကြား နေ သိနေရသော်လည်း နှုတ်ဆက်ရန်လည်း စိတ်မကူး၊ မျက်နှာ ချင်းလည်း မဆိုင်ချေ။

သို့သော် ညီထွေးက နွေ့ရှိရာသို့ လာခဲ့သည်။

ထိုနေ့နံနက်က မိုးသဲသဲရွာနေသည်ကိုတော့ နွေမှတ်မိသည်၊ အုံ့သော မည်းသော ကောင်းကင်ပြင်နှင့် အပြိုင် ညီထွေး မျက်နှာသည်လည်း ညိုမည်းနေသည်၊

'နင့်ကို ငါ လာနှုတ်ဆက်တာမဟုတ်ဘူး မိနွေ'

နွေ့ကို မြင်မြင်ချင်း ရန်စကားပြောသည်၊ နွေကလည်း နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်နှာကို မော့ရင်း ဒေါသခိုး ဆူဝေနေသော မျက်လုံးများနှင့် သူ့ကို ကြည့်မိသည်။

ငယ်နုသော ငယ်သူငယ်ချင်း နှစ်ဦးသည် တစ်ဦးကိုတစ်ဦး မာနလျှံသော အကြည့်များနှင့် စူးစူးရဲရဲ ကြည့်နေမိကြလေ သည်။

'နင် ခုထိ ဝန်မခံသေးဘူးလား'

'ဘာကို ဝန်ခံရမှာလဲ'

'နင့်အပြစ်ကို နင်ဝန်ခံ'

'ကဲ...ဝန်ခံတယ်၊ ကဲဘာ'

နွေသည် ဖြုန်းခနဲ အဖက်ခံလိုက်ရပြီး ပါးပြင်တွင် နွေး ခနဲ ဖြစ်သွားသည်၊ နွေ့ မျက်လုံးများ ပြူးသွားသည်၊

ညီထွေးက သူ့ကို နမ်းသည့်တူသော အသံနှင့် ချောက် ချောက် ချားချားကြီး ဖြစ်သွားကာ လက်ကို မြှောက်ရင်း တအား ရိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နွေ့လက်များသည် လေကိုသာ ဝီးခနဲ ရိုက်မိလေသည်၊ ညီထွေးက အလျင်အမြန် ဆုတ်ခွာသွားသောကြောင့် ဖြစ်သည်။

'ကဲ.... ဝန်ခံပြီလေ၊ နင် ဘာပြောချင်သေးလဲ'

ညီထွေးသည် ကားပေါ်သို့အလျင်အမြန်တက်ရင်း မခိုးမခန့် ပြောနေသေးသည်၊

နွေသည် ဒေါသနှင့် ဆတ်ဆတ်တုန်ရင်း ကားနားသို့ ပြေးကပ်သွားသော်လည်း ကားက အရှိန်ဖြင့်ပြင်း မောင်းနှင် ထွက်သွားလေသည်။

ထိုနောက် စာအိတ်ဖြူဖြူလေးကို ပစ်ပေးသွားသည်၊ နွေသည် မြေပေါ်တွင်ကျနေသော စာအိတ်လေးကို ခြေနှင့် ဖိနင်းရင်း တစ်ကိုယ်လုံးတွင် ဒေါသအခိုးအငွေ့များ ဆူဝေဝဲပျံ့နေသည်၊

ဒေါသစိတ်သည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ယို မိုးပျံနိုင်ပါက နွေ့ တစ်ကိုယ်လုံး အတားအဆီးမရှိ မိုးပေါ်သို့ ထိုးတက် ပျံသွားမည် ဖြစ်သည်။

'နင်တို့ ရန်ဖြစ်ထားကြတယ်မဟုတ်လား၊နင်တို့နှစ်ယောက်လုံး တကယ့်ကို ကလေးစိတ်တွေပဲ ရှိသေးတယ်။ ဘာမဟုတ်တာလေးနဲ့ ရန်ဖြစ်ကြ စိတ်ကောက်ကြ၊ ညီထွေးကလဲ အားကြီးအစသန်တယ်၊ နင်ကလဲ အင်မတန်ဆိုးတယ်'

'ဟုတ်တယ် နွေက ဆိုးတယ် သိပ်ဆိုးတယ်၊ ကိုလတ်ရဲ့ ညီထွေးကတော့ သိပ်ကောင်းတယ်၊ သိပ်လိမ္မာတယ်၊ သိပ်တော်တယ် ဟုတ်လား'

'မိနွေရယ် တို့ကို ဘာလို့ ရန်ထောင်နေရတာလဲ၊ နင်တို့နှစ်ယောက်က ငယ်ငယ်ကတည်းက တကျက်ကျက် ရန်ဖြစ်



နေကျမို့ ပြောတာ၊ နင့်ကိုနင် မှန်ထဲပြန်ကြည့်စမ်း၊ ငယ်ငယ်တုန်းကလို ဂါဝန်လေးနဲ့ မိနွေမှ မဟုတ်တော့တာဘဲ၊ လူကြီးလာသလို စိတ်ထားလဲ ရင့်လာစမ်းပါ၊ ဘာဖြစ်လို့ ကလေးတွေလို ရန်ဖြစ်ချင်နေကြတာလဲ'

'အို.... ကိုလတ်ဘာသိလဲ၊ ကလေးလိုရန်ဖြစ်ကြတာ မဟုတ်ဘူး၊ လူကြီးလို ရန်ဖြစ်တာ၊ လူကြီးဖြစ်လာလို့ ဒီလိုရန်ဖြစ်ရတာ သိရဲ့လား၊ ညီထွေး မကောင်းဘူး'

နွေသည် ဒေါသသံလေးနှင့် ပြောရင်း မျက်ရည်များ ဝေ့လည်လာသည်။

ချုံးပွဲချ၍ ငိုပစ်လိုက်ချင်သော်လည်း မငိုဖြစ်ဘဲ နှုတ်ခမ်းလေးများသာ တဆတ်ဆတ် တုန်နေသည်။

ကိုလတ်ကို အစအဆုံး ဇာတ်ကြောင်းလှန်ကာ ပြောပြချင်သည်၊ သို့သော် မည်ကဲ့သို့ စကားစရမည်ကိုမသိသည့်အတွက် ရင်ထဲတွင် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေလေသည်၊

'တို့ သိပါတယ် နွေရယ်၊ ညီထွေး ပြောပါတယ်၊ နွေက သူ့ကို လူယုတ်မာလို့ ပြောတယ်ဆို၊ ခွေးလို့ ပြောတယ်ဆို၊ နောက်ပြီး သူ့ပါးကိုလဲ ရိုက်သေးတယ်ဆို'

'ရိုက်တယ်လေ ရိုက်တယ်၊ ဘာဖြစ်လဲ၊ အခုတွေ့ရင် အခုထပ်ပြီးတော့တောင် ရိုက်ချင်သေးတယ်'

'တော်စမ်း မိနွေ'

ကိုလတ်သည် နွေ့ကို ငေါက်လိုက်လေသည်၊

ကင်းလျှားရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများ ဆော့ကစားနေသည်၊ တရိပ်ရိပ် လှုပ်ရှားနေသော ရေပြင်တွင် ကမ်းလိပ်ဖြူဖြူများက အရိပ်ထင်နေလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



နွေသည် ကိုလတ်ကို ရွှဲအည်တည်နှင့်ကြည့်ရင်း မြက်ပင်ရှိင်းလေးများကို ခေါသနှင့် နှင်းခြေပစ်နေမိလေသည်၊

'နှင်စွပ်စွဲသလိုမဟုတ်ပါဘူးတဲ့၊ ညီထွေးက ပြောတယ်'

'သိသားပဲ'

'ဟင်.... နှင် သိတယ်'

'သိတယ် သိတယ်၊ ကောသီ ဆိုကာ စာရေး ယ်၊ နှမ့်သိတာ ညီညီထွေးနဲ့ မပတ်သက်ပါဘူးတဲ့'

'ဒါနဲ့များ မိနွေရယ်၊ ညီထွေးကို နင်က စိတ်ဆိုးနေသေးလား၊ ပြန်ပြီး သော ...နိုဖို့တောင် ကောင်းတယ်'

'ဟင်း.... သေတောင် မတောင်းပန်ဘူး'

နွေက ဆောင့်ကြီး အောင့်ကြီး ပြောလိုက်မိသည်၊ ညီညီထွေးသည် ကိုလတ်ကို ပြောပြသည်ဆိုသော်လည်း အကြောင်းစုံတော့ ပြောပြဟန် မရှိချေ၊

နွေ ဆိုးသည့်အကြောင်း၊ လှပါးဝသည့် အကြောင်းများကိုသာ အကျယ်ချဲ့ ပြောသွားပြီး သူက အနိုင်ကျင့် သွားသည့် အကြောင်းကိုမူ နှုတ်ပိတ်ထားဟန် ရှိသည်၊

ကိုလတ်သည် နွေကို အံ့သြသလိုကြည့်ကာ သက်ပြင်းချလိုက်ရှာသည်၊ ယေကတည်းက ရှုတည်တည်နိုင်ကာ လူကြီးဆန်သော ကိုလတ်သည် ယခုထက်တိုင်အောင် နွေ့ကို ဆုံးမချင်ဟန်းပင် ရှိသည်၊

အသက် သုံးနှစ်ကျော်မန္တိသာ ကွာသော်လည်း လေးငါးခြောက်နှစ် ကွာသလို လူကြီးလုပ်လေ့ ရှိသည်၊ နွေကလည်း ကိုလတ်ကို နည်းနည်းတော့ အရှိအသေ ရှိသည်၊ အားကိုးသည်၊ ညီထွေးဆိုလျှင်မူ နွေက လုံးဝမရှိသေ၊



ညီထွေး ကလည်း လေးစားခံချင်လိုက်သည်မှာ သူ့အပြစ် မရှိ၊

သို့သော် နွေနှင့် ဘတစ်ပြန် ကျားတစ်ပြန် ရန်ဖြစ်ရသည် သာ အဖတ်တင်သည်၊ အိမ်တွင် အငယ်ဆုံးဖြစ်၍ လူတကာကို ရိုသေရသော နွေပင် ညီထွေးကို မရိုသေချေ၊

'မိုးကို သာသိရလိုက်တာ'

အတန်ကြာအောင် ငြိမ်နေပြီးသောအခါမှ နွေက သတိရ တမ်းတသလို ပြောမိလေသည်၊

ခုနေသာ နွေ့အနားတွင် မိုးသာ ရှိလျှင် ငိုတစ်ခါ ရှိက် တစ်လှည့်နှင့် ဖိုးညီထွေး အနိုင်ကျင့်သွားသည့် အကြောင်းကို တိုင်ဖြစ်မည် ထင်သည်၊

ချစ်သူ့ရင်ခွင်တွင် ပျော်နေမည့် မိုးကမူ နွေ့ကို သတိရမည် မဟုတ်ချေ၊ နွေသည် တက္ကသိုလ်ရောက်၍ အဆောင်စနေစက ပင် မိဘများကို သတိမရဘဲ မိုးကို သတိရတမ်းတသောစိတ်နှင့် ငိုခဲ့ရသူ ဖြစ်သည်၊

မေမေနှင့် ဖေဖေကို နွေ ချစ်သော်လည်း နွေ့ဘဝ တစ်လျှောက်လုံး မိုးနှင့် တပူးတွဲတွဲ ကြီးပြင်းခဲ့ရသူမို့ အရေး အကြောင်း ဆိုလျှင် မိုးကိုသာ တမ်းတမိတတ်လေသည်၊

'သတိရမနေစမ်းပါနဲ့ဟာ၊ သူ့ယောကျ်ားနဲ့သူ ပျော်ပြီး တိုကို မေ့နေလောက်ပါပြီ'

ကိုလတ်က ခပ်ဆတ်ဆတ် ပြောလေသည်၊ မိုးတစ်ယောက် ချစ်သူနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားသည် ကို နွေ မကျေနပ်သလို ကိုလတ်လည်း ကျေနပ်ဟန် မရှိချေ၊

www.burmeseclassic.com



ထိုနေ့ ထိုရက်က တစ်အိမ်လုံး ယောက်ယက်ခတ်နေကြ သော်လည်း နွေသည် ပိတောက်ပင်ကြီး၏ ပင်စည်တွင် မျက်နှာ ဝှက်ပြီး တစ်ဦးတည်း ကျိတ်၍ ငိုနေမိသည်။

အတန်ကြာသော အခါမှ ကိုလတ်နှင့် ညီထွေးတို့သည် ယောင်ပေပေနှင့် ရောက်လာကြလေသည်။

မျက်နှာကလေး မို့အစ်နေအောင် ငိုထားသော နွေ့ကို ကြည့်ကာ ညီထွေးက 'အံမာ.... အစ်မ လင်ယူသွားတာများ နင်က ငိုစရာလားဟု' ဟု ရယ်ကျဲကျဲနှင့်ပြောလေသည်။

ကိုလတ်ကမူ တောက်ခေါက်ရင်း 'မိုက်လိုက်တဲ့မိုး၊ ပညာ လေးမှုး ပြီးအောင် သင်ပါဦး' ဟု ကရုဏာဒေါသော ပြော သည်။

'မိုးဆီ ကိုလတ် စာရေးသေးလား'

'မရေးပါဘူး'

'ဘာဖြစ်လို့လဲ'

'ဟာ သူ့ယောကျ်ားနဲ့ သူပျော်နေတာ ငါတို့က ဘာလို့ လွမ်းနေရမှာလဲ ဟ'

'မိုးကို မကျေနပ်ဘူးပေါ့'

'ငါမကျေနပ်ပါဘူး'

'ဘာပြုလို့'

'ဩော်.... နွေရယ်၊ ဒီလောက် ငယ်ငယ်ရွယ်ရွယ် ပညာမမုံ သေးတဲ့နဲ့ လင်နောက်လိုက်သွားတာ ကျေနပ်ရမလား၊ ငါ့ ညီမလေးသာ ဆိုရင် ငါလိုက်ပြီး တီးပစ်တယ်'

နွေသည် ဒေနပြောက်ထိုးနေသော ကိုလတ်၏ မျက်နှာကို ငေးကြည့်နေမိလေသည်။ လိုလတ်၏ မျက်လုံးများသည် ရီဝေ နေသည်။



ဒေါသ ငွေ့ငွေ့ဝဲနေသော အပေါ်ယံ အောက်မှ ကြေကွဲ မှုကို မြင်လိုက်သလို ရှိသည်။

တစ်ချိန်တည်းမှာပင် နွေသည် ရင်ထဲတွင် ဟာပြီး မျက်ရည် လည်လာပြန်လေသည်။ ထိုနောက် ဝမ်းနည်းသံလေးနှင့် ပြော လိုက်မိလေသည။

'ကိုလတ်ဆ မိုးကို သိပ်ခင်တာပဲနော်'

www.burmeseclassic.com

www.burmeseclassic.com

'ကိုလတ်က မိုးကို သိပ်ခင်တာပဲနော်'

နွေက ဝမ်းနည်းသံလေးနှင့်ပြောလိုက်မိလေသည်၊ မိုးသည် ခဲတံလေးကို ချွန်နေရင်းမှ မသိမသာလေး ပြုံးနေသည်။

အပြာရောင် ခဲတံလေးကို ချွန်မြလာသည်အထိ စိတ်ရှည်လက်ရှည် ချွန်နေသော မိုး၏ လက်ချောင်း သွယ်သွယ်လေးများသည် သွက်လက်စွာ လှုပ်ရှားနေလေသည်။

'နွေကိုလဲ ခင်တာပါပဲ နွေရယ်၊ မိုးနဲ့က ရွယ်တူ ဆိုတော့ ဆော့ရင် ကစားရင် တွဲဘက်ညီတော့ ပိုပြီး ခင်သလို ဖြစ်နေတာပေါ့'

မိုးက ဖျောင်းဖျသလို ပြောလေသည်။ နွေသည် ဘာမျှ ပြန်မပြောဘဲ ပုံဆွဲစာပွဲပေါ်ရှိ မိုး၏ ဆွဲလက်စ အိမ်ပုံစံငယ်လေးကို ငေးကြည့်နေမိသည်။

တစ်ထပ်ခွဲ အိမ်ကလေး ဖြစ်သည်။ မြေမညီသော ကုန်းစောင်းတွင် ဆောက်မည့်အိမ် ဖြစ်သည့်အတွက် မိုးသည် အိမ်ပုံစံ၏ အနိမ့်အမြင့် ကစားပြီး ဆွဲထားသည်။



ညှိခန်းမှ လှေကားသုံးထစ် ဆင်းသွားလျှင် ထမင်းစားခန်းသို့ ရောက်မည်ဖြစ်ပြီး လှေကား လေးငါးထစ် တက်သွားပြန်သော အခါ အိပ်ခန်းများဆီသို့ ရောက်သွားမည် ဖြစ်လေသည်၊

အနိမ့်အမြင့် အဆင်းအတက်ကလေးများနှင့်မို့ အိမ်ငယ်လေးသည် နေချင့်စဖွယ် စိတ်ဝင်စားစရာ ကောင်းသှသည်၊

'မေမေ... အဲဒီအိမ်လေးဟာ သားတို့ဖို့လား၊ သားတို့ နေဖို့ ဆောက်မှာလား'

'အမလေး.... သားရယ်၊ ဒီအိမ်ဆို တစ်သိန်းလောက်ကုန်မယ်ကွယ့်၊ မေမေတို့မှာ တစ်သိန်းမပြောနဲ့ တစ်သောင်းတောင် ပစုနိုင်သေးဘူး'

မိုးက ရယ်မောချင်း ပြောလေသည်၊ နွေတို့ ယခုနေနေသော ပျဉ်ထောင် အိမ်ငယ်လေးသည် မိုး၏ ယောက္ခမများဘက်မှ ရရှိသော အမွေ ဖြစ်သည်။

နွေတို့ မိဘများ အနေနှင့် မိုးကို ဘာမျှ မပေးနိုင်ခဲ့ချေ။ ဖေဖေ ပင်စင်ယူပြီးသောအခါတွင်ကား ပုသိမ်မြို့တွင် ခြံကျယ်ကြီး တစ်ခြံနှင့် တိုက်ခံ အိမ်လေး တစ်လုံး ဆောက်လုပ်နိုင်ခဲ့သည်မှ အပ အစိုးရလခစား ဖြစ်သော ဖေဖေသည် ဘာမျှ အပိုအလျှံ စုမိဆောင်းမိ မရှိခဲ့ချေ။

'ဖေဖေ့ ဆောက်ခိုင်းပေါ့'

'အဲဒီ ဖေဖေကမှ ဘိုင်ကြီး'

'ဘိုင်ကြီးဆိုတာ ဘာလဲ မေမေ'

'ဘိုင်ကြီးဆိုတာ ဘိုင်ကျတာကိုပြောတာ၊ ပိုက်ဆံမရှိတာကို ပြောတာ'

'ဒီလိုဆို တို့အောင်လှဲ ဘိုင်ကြီးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'မေမေ ပေးတဲ့ မုန့်ဖိုးကို အမြဲ မုန့်အကုန် ဝယ်စားသယ်လေ၊ တူ့မှာ ပိုက်ချမ်မှ မရှိဘဲ၊ တမီးက တမီးမုန့်ဖိုးကို စုထားသယ်၊ တိုအောင်က ဘိုင်ကြီး'

မိငယ်လေးသည် မိုး၏ခါးကို နောက်ဘက်မှဝင်ပြီးဖက်ကာ ပြောသည်၊ မိုး ငယ်စဉ်ကလည်း ဖိုးအောင်အကိုင်း အစားမက်လှသည်ကို သတိရမိသည်၊

နွေသည် မကျေမနပ်နှင့် မိငယ်ကို မျက်လုံး ပြူးကြည့်နေသော ဖိုးအောင်၏ ဆံပင်ကို လှမ်းဖွရင်း ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်၊

'ဒေါ်လေးကရော'

'အေး၊ ဒေါ်လေးကလဲ ဘာမှမထူးပါဘူး၊ ဘိုင်ကြီးပါပဲ'

နွေ ရခဲ့သောလခသည် သုံးရာကျော်မျှ မနည်းလှသော်လည်း နွေ့ ခမျာ စုမိဆောင်းမိ မရှိချေ၊

မေမေနှင့် ဖေဖေထံသို့လည်း ဖို့ချင်သေးသည်၊ ကျောင်းတွင် ဆင်းရဲနွမ်းပါးသော ကျောင်းသားလေးများ ရှိပြန်သည့်အတွက်လည်း သူတို့အတွက် စာအုပ်ဖိုး၊ ကျောင်းလခက လတိုင်း ပေါ်ပါသွားတတ်သည်၊

မိုးက ပုံဆွဲခဲ့တဲ့ ချွန်နေချိန်ဝယ် နွေကလည်း နို့ပြာခဲ့တဲ့ကို ချွန်နေရလေသည်၊

အိမ်ပုံစံ အသစ်အဆန်းထုတ်ရင်း၊ စဉ်းစားရင်း မိုးက မျက်မှောင်ချီနေသောအခါများတွင် နွေကလည်း သူ့ ကျောင်းသားလေးများ၏ အဖြေလွှာများ၊ ဘာ၀ပုစ္ဆာများကို စိစစ် ဖြေရှင်းရင်း စိတ်ရှုပ်ထွေးနေရတတ်သည်၊



ဘီစကွဲယား၊ ဆက်စကွဲယားများ အလယ်တွင် မိုးသ
တီထွင်ဆန်းသစ်ရန် စိတ်ကူးနေချိန်တွင် နွေသည် ကျော
သား ကျောင်းသူလေးများ ဝိုင်းဂိုင်းလည်ပြီး ဥယျာဉ်မှူးဘ
တွင် ပျော်နေရလေသည်၊

'မိုးတို့လေးယောက်က တစ်ယောက်တစ်လမ်းစီ သွား
တာပဲနော်'

'ဘယ်လမ်းသွားလို့လဲ'

'မိုးက ဗိသုကာလေ၊ နွေကတော့ ဆရာမ၊ ဟော...ညီ
ကတော့ စစ်ဗိုလ်၊ ကိုလတ်ကျတော့ စိုက်ပျိုးရေးသမား၊ တ
ယောက် တစ်မျိုးစီ'

'အဲဒါ ကောင်းပါတယ်၊ ကွဲသွားတော့ အေးရော၊
ကြာ တစ်လမ်းတည်းစုပြီး ဝါသနာပါမှရင် ဒီတစ်ပုံကြီး
ရန်ဖြစ်လို့ ဆုံးမှာ မဟုတ်ဘူး'

နွေသည် သူ့စားပွဲပေါ်ရှိ စာအုပ်ပုံထဲ မှာအုပ် တစ်
ကို ဆွဲယူရင်း ပြောသည်၊ အိမ်စာ သင်္ချာများ ဖြစ်သည်၊
စရာ အိမ်စာများကို နွေသည် မနေ့စဉ်မင် အိမ်သို့ယူလာရ
ရှိသည်၊

ဆရာမအလုပ် ဟူသည်မှာ တစ်နေကုန် အာခေါက်
သင်ရသော်လည်း ညတိုင် အားရသည် မဟုတ်ချေ၊

အိမ်စာများ၊ အမေဖြေလွှာများကို အိမ်သို့ယူလာပြီး ည
သန်းခေါင်ထိ စစ်ဆေးရသေးသည်၊

'ရန်ဖြစ်တာသာပြောနေ၊ အဲဒီလို ရန်ဖြစ်ရလို့ ကို ပိုပြီး
တာ သိလား နွေ့ရဲ၊ ခုနေ ရန်ဖြစ်တဲ့အကြောင်းတွေ ပြန်
မိရင် သိပ်ပျော်စရာကောင်းတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ မိုးက နိုင်တာကိုး၊ ရန်ဖြစ်တိုင်း မိုး ဘယ်တုန်းက ခံရလို့လဲ၊ ဘယ်သူနဲ့ဖြစ်ဖြစ် မိုးက တီးတာချည်းပဲ၊ ကိုလတ်နဲ့ ဆိုရင်လဲ မိုး ဆော်ပစ်တာပဲ၊ ညီထွေး ဆိုရင်လဲ မိုးက အရင် အုပ်တာပဲ၊ မိုးက နိုင်ဘက်ကချည်းပဲ'

နွေက မှကျေမချမ်းနှင့် မျက်စောင်းလေးထိုးပြီး ငြိမ်ပြာမိသည်၊ မိုးသည် ပုံဆွဲခဲတံလေးကို ပစ်ချလိုက်ပြီး ဟက်ဟက် ပက်ပက် ရယ်နေလေသည်၊

'မှတ်မိသေးလား၊ တို့တွေ တစ်ခါ စစ်တိုက်တမ်းကစားရင်း တကယ် ရန်ဖြစ်ကုန်တာလေ'

မှတ်မိပါသေးသည်၊ ဘုန်းကြီးကျောင်းဝင်းထဲရှိ 'ဗောဓိ ဗောဓိသီး' များကို သွားခူးပြီး အုပ်စုနှစ်ဖက်ခွဲကာ စစ်တိုက် တမ်း ကစားခဲ့သည်ကို နွေ မှတ်မိပါသေးသည်၊

ထိုစဉ်က အကြီးအငယ် မျှစေရန်ဟု ကိုလတ်နှင့် နွေက တစ်ဖက်နေကာ မိုးနှင့် ညီထွေးက တစ်ဖက်နေကြသည်၊

'ဗောဓိဗောဓိသီး'ကို ကျည်ဆံပြုကာ မြက်တောထဲတွင် ဝပ်၊ ချုံပုတ်ထဲတိုးကာ တစ်ဦးကို တစ်ဦး ပစ်ခတ်ကြသည်၊

စ၍ ညစ်သည်က နွေ ဖြစ်သည်၊ မြက်တောထဲတွင် ဝပ်ပြီး ပစ်နေစဉ် ကျည်ဆံ ကုန်သွားသည်၊

ရန်သူတော် ညီထွေးက ညာသံပေးရင်း အပြေးတက်လာ သော အခါ နွေသည် ကြောက်အား လန့်အားနှင့် နီးရာခဲ ကောက်ပြီး ထုမိသည်၊

ခဲလုံးက ညီထွေး၏ နဖူးကို 'တိန်'ခနဲ မှန်သော အခါ ညီထွေးသည် ခုန်ဆွ ခုန်ဆွနှင့် 'ခဲနဲ့ပစ်တယ် မိုးရေ၊ သူတို့ ခဲနဲ့ ပစ်တယ်၊ ညစ်တယ်'ဟု အော်လေသည်၊



ထိုအခါ စွာတာနိုက်ကျဲ မိုးကလည်း ပညာရှိပ်သစွာ 'သူတို့ခဲနဲ့ ...ရင် တို့ကလဲ ပစ်မယ်'ဟု တရားမျှတစွာ ဆုံးဖြတ်ရင်း ခဲ ...ကောက်လေသည်၊

ထိုနောက် အော်ကြ ဟစ်ကြနှင့် အဝေးကိုက်ပွဲမှနေပြီး ...ရင်းဆန်ခတ် ဖြစ်ကာ အနီးကပ်တိုက်ပွဲ ဆင်နွှဲကြလေ ...သည်၊

မိုးက ကုန်းကိုက်ထားသည့် အတွက် ကိုကိုလတ်၏ လက် ...ာင်းရင်းတွင် သွားရာ အကွင်းလိုက်ကြီး ထင်ကာ သွေးစို့ ...ားသည်၊

ညီထွေး ထုထားသည့် အတွက်လည်း နွေ့ ခေါင်းတွင် ...ဖန်းသီးကြီး သီးလာသည်၊ နွေတို့ဘက်က အရှုံးများစွာနှင့် ...ဆုံးသတ်ခဲ့ရလေသည်၊

'အဲဒီတုန်းက နွေတို့ဘက်က စ ညစ်တာ'

'ဒါပေမယ့် မိုးတို့'ဘက်က စပြီး ရန်ဖြစ်တာ၊ အမှန်ဆို ...ငယ်ပဲဆိုပြီး ခွင့်လွှတ်လိုက်ပါလား'

'အံမယ်.... နွေ့ ဘက်က ကိုလတ်ကြီး ပါသားပဲ'

'အလကား၊ မိုးကိုတောင် မနိုင်ဘူး၊ အီးပေါသောကြီး'

'သူက ညီထွေးလို မဟုတ်ဘူး နွေ့ရဲ့ ညာတယ်၊ မိမိုးနော်.... ...ါတီးထည့်လိုက်ရ၊ ကဲဟာ.... မှတ်ပလား ဘာလားနဲ့ အော် ...နေပြီး သူချည်း ခံရတာ၊ လက်နှေးတယ် နွေရ'

'လက်နှေးတာ မဟုတ်ပါဘူး ညာတာပါ၊ မိန်းကလေးဆို ...ြီး ညာတာပါ၊ ညီထွေး ဆိုတဲ့ သတ္တဝါကသာ နွေ့ ဆိုရင် ...သူက ဦးအောင်တီးတာချည်းပဲ၊ ဘယ်တော့မှ မညာဘူး'

'အေး.... ဟုတ်တယ်၊ သူကတော့ ခပ်ဆိုးဆိုး၊ ဘာမှမတူဘဲ ...နွေရယ်၊ ဒေါ်ဒေါ်...င်တို့က ညီထွေးဆိုရင် အားကြီးအလိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



တား၊ သူ့အိမ်မှာဆို သူက ဗိုလ်မဟုတ်လား၊ ကိုလတ်ကတော့ ငယ်ကတည်းက လူကြီးဆန်တယ်၊ နောက်ပြီး သူ့မိဘတွေက လဲ လွယ်လုပ်ကြတာဆိုတော့ မဆင်းရဲပေမယ့် ဘယ်သိပ်ချော လည်ပါမလဲ၊ သူ့ခမျာ ပညာလိုချင်လို့ သူများအိမ်မှာ လာ နေရရှာတာဆိုတော့ ခေတ်စကားနဲ့ပြောရရင် မြေကြီးနဲ့ နီး တယ်ပေါ့'

ကိုကိုလတ်၏ မိဘများသည် မူလတန်း ကျောင်းပင် မရှိ သော ငပုတောအပိုင် တောရွာလေးမှ တောင်သူယာလုပ်များ ဖြစ်သည်၊

ကိုလတ်၏ ဦးလေးသည်ကား ညီထွေးတို့ခြံနှင့် ကျောချင်း ကပ်တွင်နေသော ဦးလေးစိန် ဖြစ်သည်၊

ရာသီစာမျိုးဖြစ်သော ဘူး၊ ဖရုံ၊ ဃန္နား၊ ဂေါ်ဖီ၊ မုန်ညင်း များကို အခင်းပြု၍ စိုက်ပျိုးတတ်သည်၊

သားသမီး မရှိသဖြင့် ကိုလတ်ကို သားရင်းလို ချစ်ခင်သော် လည်း ဦးလေးစိန်၏ မိန်းမ ဒေါ်လေးနွဲ့သည်ကား အပိုကျွေး ထားရသော ကိုလတ်ကို တစ်ခါတစ်ရံ ငြူစူတတ်သည်၊

ထို့ကြောင့် ကိုလတ်သည် ကျောင်းအားချိန်တွင် ရေခပ် ပေါင်းသင်၊ အမှိုက်သိမ်း စသော အလုပ်များကို တရစပ်လုပ်ရ တတ်လေသည်၊

ထိုသို့ လုပ်နေရသည့်ကြားမှ စာကိုလည်း ကြိုးစားနိုင်သေး သည်၊ ကိုလတ်သည် မိုးနှင့် ကျောင်းမတူသော်လည်း အတန်း တူတူပင် ဖြစ်ပြီး သူ့ကျောင်းတွင် သူ ထာဝစဉ် ပထမစွဲတတ် လေသည်၊

မိုးကမူ သူနှင့်ကျောင်းမတူ၍သာ ကိုလတ် ပထမ ရခြင်း ဖြစ်ကြောင်း၊ မိုးနှင့်သာ တစ်တန်းတည်း နေရမည် ဆိုပါက



ကိုလတ်ကြီး ပြုတ်သွားမည်ဖြစ်ကြောင်း မခံချင်အောင် ပြော တတ်သော်လည်း သူ့စကားကို မည်သူမျှ မယုံကြချေ၊

ဖိုးညီထွေး တစ်ယောက်သည် အိမ်က အလိုလိုက်ထား သော ဘော်ကျော့လေးဖြစ်နေသော်လည်း ကိုလတ်တို့ ခြံထဲ တွင်ကား လုပ်သားကောင်းတစ်ဦး ဖြစ်သည်၊

ကိုလတ်ကို ကူ၍ အမှိုက်လှည်းပေးတတ်သည်၊ ပေါင်းသင် ပေးတတ်သည်၊ သစ်ပင်ရေလောင်းပေးတတ်သည်၊

'ခုနေသာ ညီထွေးကို တွေ့ရင် နွေခေါ်မှာလား'

မိုးက မေးသောအခါမှ နွေ့စိတ်သည် လက်ရှိကာလကို ပြုန်းခနဲ ပြန်ရောက်လာလေသည်၊

မိုးသည် ပါးစပ်ကသာ မေးသော်လည်း နွေ့ကို လှည့် မကြည့်အားချေ၊ အိမ်ကလေး၏ မျက်နှာစာတွင် ကျောက် ရိုင်းတုံးလေးများ စီရန် စဉ်းစားပြီး ခဲတံနှင့် မှန်မှန်ဆွဲနေ သောကြောင့် ဖြစ်သည်၊

'ခေါ်မှာပေါ့'

'စိတ်ဆိုးပြေသွားပြီပေါ့လေ'

'ခြော်...မိုးရယ်၊ ခြောက်နှစ်ဆိုတဲ့ အချိန်ဟာ မာနတို့ အာဃာတတို့ကို လွင့်သွားစေတဲ့ ဆေးဆရာကြီးပါ၊ ညီထွေး ကို နွေငယ်ငယ်က သိပ်ခင်ခဲ့သား၊ အခုကြီးတော့ ဘာလို့ မခင် နိုင်ရမှာလဲ'

မိုးသည် ဆွဲလက်စပုံလေးကို ရပ်လိုက်ပြီး နွေ့ကိုအကဲခတ် သလို လှမ်းကြည့်လေသည်၊ မီးရောင်ထဲတွင် နွေ့မျက်နှာသည် ပျော့ပျောင်းနူးညံ့နေသည်၊

မျက်လုံးလေးများသည်လည်း နူးညံ့ရွှန်းစိုနေသည်၊ အတန် ကြာသောအခါမှ မိုးက ရယ်သံလေးနှင့် မေးမိလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



'တော်ကြာ ညီထွေးက နင့်ကို ငါယူမယ်လို့ ပြောနေရင် ကော နွေ ဘာပြောမလဲ'

'ဩော်...မိုးရယ်၊ ခြောက်နှစ်ကြီးတောင်ကြာမှ ဖိုးညီထွေး ရည်းစားတွေ ဆယ်ယောက်လောက် လဲပြီးရောပေါ့၊ သူ့ကို ပါးရိုက်တာမကျေနပ်တာနဲ့ဘဲ နွေ့ကို သက်သက်အနိုင်ယူပြော သွားတာပါ၊ အင်းလေ.... ခုနေ လာပြောရင် နွေ စိတ်မဆိုး တော့ပါဘူး၊ ရယ်စရာပါ၊ နွေရယ် မှာပေါ့၊ ဟိုတစ်ခါ နွေ သူ့ မျက်နှာကို ကုတ်ဆွဲတုန်းကလဲ ငါကြီးလာမှ နင့်ကိုယူပြီး နာ နာရိုက်မယ်လို့ ပြောဖူးတာပါရော၊ သူက ဘာရယ်မဟုတ်ပါ ဘူး၊ စကားပြောတာ အားကြီး အထက်စီးကျ ပြောတတ် တယ်'

'အေးဟဲ့ယ်၊ ကြီးလာတော့ စိတ်တွေဟာ ညစ်နွမ်းကုန်တယ် နော်၊ ငယ်တုန်းက စိတ်ကလေးတွေများ သိပ်ဖြူစင်တာ၊ သိပ် ပျော်စရာကောင်းတာ'

မိုးက ငယ်ဘဝကို တမ်းတမ်းတတ ပြောလေသည်၊ ကလေး ဘဝ၏ တန်ဖိုးကို လူကြီးဘဝရောက်သောအခါမှ နားလည်ကြ တော့သည်၊

တန်ဖိုးကို သိသောအခါတွင် ငယ်ဘဝ ငယ်စိတ် ဟူသည့် ရတနာလေးတွေကို နွေတို့ လက်လွှတ်ဆုံးရှုံးရသည့် လူကြီး ပိုင်းသို့ ချဉ်းနင်းဝင်ရောက်လာနေပြီ ဖြစ်သည်၊

နွေသည် စကားကို ဖြတ်လိုက်ပြီး စစ်ဆေးလက်စ သင်္ချာ စာအုပ်များကို ခပ်သွက်သွက် အမှတ်ပေးနေသည်၊

မိုးကလည်း သူ့ အာရုံကို ပုံဆွဲစာရွက်ပေါ်သို့ ပြန်ပြီး စိုက် ချလိုက်သည်၊



ညီအစ်မ နှစ်ဦးသည် ကိုယ့်အလုပ်နှင့် ကိုယ် အတန်ကြာ အောင် ငြိမ်သက်ပြီး အာရုံ စူးစိုက်နေမိကြလေသည်၊

ကြမ်းပေါ်တွင် အားလျားမှောက်၍ ပုံဆွဲနေသော မိငယ် သည် ပုံဆွဲစာအုပ်လေးပေါ်တွင်ပင် မျက်နှာလေး မှောက်ပြီး အိပ်ပျော်နေသည်၊

မိုးတို့ ညီအစ်မ စကား ကောင်းနေစဉ် ဘယ်အချိန်က အိပ်ပျော်သွားသည် မသိရချေ၊

ဖိုးအောင်သည် နွေ ထိုင်နေသော ကုလားထိုင်ကို ကျောမှီ ထိုင်ရင်း ငိုက်နေသည်၊

'ကြည့်စမ်း၊ ကလေးတွေတောင် အိပ်ပျော်ကုန်ပြီ'

နွေသည် မိငယ်ကို ပွေ့ချီလိုက်သည်၊ သူတို့လေး နှစ်ဦးကို အိပ်ရာထဲထည့်၍ ခြင်ထောင် ချပေးနေစဉ်တွင် တိုင်ကပ်နာရီ ကြီးက 'ဒင်'ခနဲ မြည်သွားလေသည်၊ ကိုးနာရီခွဲပြီ ဖြစ်သည်၊

'နွေရေ မိုးတို့ ငယ်ငယ်တုန်းက ကိုးနာရီခွဲဆိုရင် အမြဲ အိပ်ရာဝင်ရတာ မှတ်မိလား၊ ဘာလုပ်ချင်နေနေ၊ ကိုးနာရီခွဲရင် မေမေတို့က အတင်းအိပ်ခိုင်းတာပဲ၊ နောက်တော့ မိုး အမြဲ မှတ်မိနေတယ်၊ တိုင်ကပ်နာရီက ကိုးနာရီ ဒင်ခနဲ ခွဲရင် မိုး မျက်လုံးတွေ လေးပြီး အိပ်ပျော်ကာနီး အချိန်ပဲ'

'နွေကတော့ မနက်ကိုးနာရီခွဲရင် ကျောင်းတက် ခေါင်း လောင်းက တဒေါင်ဒေါင်မြည်တာကို မှတ်မိနေတယ်၊ စာ ကျက်သွားတဲ့နေ့ဆိုရင် မသိသာဘူး၊ စာမရဘဲနေ့များ ကိုး နာရီခွဲ ခေါင်းလောင်း မြည်သံကြီး ကြားရရင် သိပ်ကြောက် တာ'

www.burmeseclassic.com

www.burmeseclassic.com



လရောင် လဲ့လဲ့လေးသည် အခန်းတွင်းသို့ ဖြာကျလာသည်။ အပုအပင် တင်းမဲ့စွာ အိပ်မောကျနေသော ကလေးနှစ်ဦး၏ မျက်နှာကို လရောင်က အေးမြမြလေး ဖြန့်ပေးထားသည်။

နွေသည် အိပ်ရာပေါ်သို့ လှဲအိပ်လိုက်ရင်း သူတို့ ဘဝ တစ်လျှောက်လုံးသွင် ကိုးနာရီခွဲ အချိန်လေးကို အမှတ်ထင်ထင် ရှိကြသည့် အကြောင်းကို စဉ်းစားနေမိသည်။

နံနက် ညနေ ကိုးနာရီခွဲပေါင်း မြောက်မြားစွာကို မိုးတို့ နွေတို့ တစ်တွေ ဖြတ်သန်းခဲ့ကြရလေသည်၊ နောင်လည်း ဖြတ်သန်းကြရဦးမည် ဖြစ်သည်။

'အခုကျပြန်တော့လဲ ကိုးနာရီခွဲအမီ ရုံးရောက်ဖို့ တက်သုတ် ရိုက်ရပြန်ရော၊ ကိုးနာရီခွဲတာနဲ့ ရုံးရောက်ပြီး အလုပ်တာဝန် ကြီးက ပခုံးပေါ် ပိကျလာသလိုပဲ'

မိုးသည် သူ့အိပ်ရာထဲမှ လှမ်းပြောသည်။ အေးမြသော လေပြည်က အခန်းတွင်းသို့ အဲသော့လေး ပြေးဝင်လာသည့် အတွက် ဇာခြင်ထောင်အမိုးလေးသည် ဘငြိမ့်ငြိမ့်လွန့်လူးသွား သည်။

လေပြည်ထဲတွင် ကေရာစ်ပန်းနံ့ မွှေးမွှေးလေးကိုပါ ရှူရှိုက် လိုက်ရသလို ရှိသည်။

အိပ်ရာထဲရောက်ပြီး အကြောအခြင်များ ပြေလျော့တား သောအခါ နွေ့မျက်ခွံတာများ စင်းမေးလာသည်။

မအိပ်မီ သက်တေ့ရှည်နေကျ သမ္ဗုဒ္ဓေဂါထာကိုပင် မနည်း ပြီးအောင် အားခဲရွတ်နေရသည်။ ထိုနောက် ခြင်ထောင်ဆွဲချ ရင်း မိုးကို အိပ်ချင်မူးတူး လှမ်းပြီး စလိုက်မိသေးသည်။

'မိုးရေ.... အစ်ကိုကို လှမ်းနေပြီလား'



မုံး ဘာပြန်ပြောသလဲပင် နွေ ကောင်းစွာ မသိတော့ချေ။ နောက်တစ်နေ့ အလုပ်တာဝန်များကို စဉ်းစားရင်း အိပ်ချင် တာက ကြီးစိုးလာသည်။

'ကျောင်းကို စောစော သွားရမယ်။ ဆရာမီဘ အသင်း စည်း အဝေးလဲ ရှိသေးတယ်။ နောက်ပြီး ထွေးမောင် ကျောင်းပျက်နေတာ ကြာပြီ။ သူ့အိမ် သွားမေးရဦးမယ်၊ နေမှ ကောင်းရဲ့လား မသိ၊ အို.... နက်ဖြန်အတွက် သင်ချာပုစ္ဆာတွေ ထောင် မထုတ်ထားရသေးဘူး၊ မနက်ကျမှ လုပ်ပါတော့မယ် လ၊ နောက်ပြီး နောက်ပြီး'

လေပြည်အေးက ညင်းညင်းညှံ့ညှံ့ တိုက်ခတ်နေသည်။ ခြင်ထောင် ဖြူဖြူလေးသည် လေဝယ် လွန့်လူးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

လေပြည်အေးက ညင်းညင်းညံ့ညံ့ တိုက်ခတ်နေသည်။ဇာခြ
ဆောင် ဖြူဖြူလေးသည် လေဝယ် လွန့်လူးနေလေသည်၊
နွေသည် မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သော်လည်
အိပ်ရာမှ မထမိသေးချေ။ နှင်းမှုန်လေးများနှင့်အတူ အခ
တွင်းသို့ တိုးဝှေ့ ဝင်ရောက်လာသော ဖာလင်းရောင် နုနု
ငေးကြည့်နေမိသည်။
တစ်ဖက် ခုတင်မှ မိုးတို့ သားအမိတစ်စုကမူ အိပ်ပျော်နေ
ကြဆဲပင် ဖြစ်သည်၊ ညိုးညိုးညံ့နေသော ငှက်သံလေးများသ
နှင်းမှုန်များကို ထိုးဖောက်ကာ "ထကြလော့" ဟု နှိုးဆော်
ကြဟန် ရှိသည်။
နံနက်မိုးသောက်၍ အလင်းသို့ရောက်ပြန်ချေပြီ၊အမှော
ထု လွှမ်းခြုံကာ ငြိမ်သက်နေသော လူပြည် လူ့ရွာသည် မ
မီပင် ထကြွလှုပ်ရှားကြတော့မည် ဖြစ်သည်၊
နွေသည် လက်များကို ဆန့်တန်းကာ ဖာညောင်းဆန့်လို
ရင်း အိပ်ရာမှ လူးလဲ ထလိုက်သည်၊ တစ်နေ့တာ အတွ
တာဝန်ဝတ္တရားများသည် နွေ့ကို ဆီးကြိုနေပြီ ဖြစ်လေသ



'ဟေး…. မိုး မထသေးဘူးလား၊ ထ….ထ၊စောစောအိပ်ထ၊ ပြူကျွင့်က တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလှန့်ချမ်းသာတဲ့၊ ဟေး…. ထလေကွာ'

နွေသည် ညစ်ချင်သော စိတ်ကလေးနှင့် မိုး၏ ခြင်ထောင်ကို ဆွဲတင်လိုက်သည်၊ မိုးသည် ဖြုန်းခနဲ မျက်လုံးဖွင့်ကြည့်ပြီးမှ စောင်ကို ခေါင်းအထိ ဆွဲခြုံကာ ပြေအိပ်နေသည်၊

နွေက ရယ်မောရင်း ချည်စောင်ပါးလေးကို ဆွဲလှန်သော် လည်း မိုးသည် အတွင်းမှ လက်နှစ်ဖက်နှင့် ကုပ်ဆွဲထားလေ သည်၊

'နွေ မကောင်းဘူး၊ မိုးက အိပ်မက်ထဲမှာ အစ်ကိုနဲ့တွေ့နေ တာ၊ ပြန်လျှော်ပေး၊ မိုးအိပ်မက်လေး ပြန်လျှော်ပေး၊ မိုးက စိတ်ကောက်နေတာ အစ်ကိုက ချော့မယ့်လာကာရှိသေး၊ချော့ တောင် မချော့ရသေးဘူး ကောင်းခန်းကလေး ပြတ်သွားပြီ'

'သေပါလား၊ သေလိုက်ပါလား'

မိုးက ပြောသောအခါ နွေကလည်း အငေါ်တူးတူးလေ ပြန်ပြောမိလေသည်၊ နွေသည် သူ့ခဲအိုကို သိပ်ပြီးကြည့်ရသူ မဟုတ်ချေ၊

သူ့အစ်မကို ငယ်ငယ်ရွယ်ရွယ် သူတို့မိသားစုထဲမှ ဆွဲလု သွားသည် ဟူသော စိတ်မှတ်ကလေးနှင့် ခပ်တန်းတန်းပင် ဆက်ဆံလေ ရှိသည်၊

အလိုမကျ ဖြစ်သွားဟန်ရှိသော နွေ၏ မျက်နှာလေးကို ကြည့်ရင်း မိုးသည် အိပ်ရာထဲမှ မထသေးဘဲ ကျိတ်ပြီး ရယ်နေ လေသည်၊



www.burmeseclassic.com

www.burmeseclassic.com



'မိငယ်လေးရေ ထ ကွယ်၊ ဖိုးအောင် ထတော့၊ မိုးလင်းနေပြီ'

နွေသည် မိုးကို လျစ်လျူရှုကာ ကလေးများဘက်သို့ လှည့်သွားသည်။ ခြုံထားသော စောင်များကို ဆွဲလှပ်ပြီး မျက်နှာကို လေနှင့်မှုတ်ကစားကာ တိုးတိုးလေး နှိုးနေလေသည်။

မိငယ်သည် သူ့ဒေါ်လေး၏ လည်ပင်းကို ဟီးလေးခိုစီးကာ ပါသွားသည်၊ ဖိုးအောင်ကမူ အိပ်ရာထဲတွင် ပေတေပြီး ဖင်ထောင်ကာ အိပ်နေရစ်လေသည်။

မိုးသည် သူ့လိုပင် အအိပ်မက်လှသော သားငယ်ကို လှမ်းပြီး ဖက်လိုက်ရင်း တစ်မြို့တစ်ရွှင်ပျှင်ရှိသော အစ်ကို့ကို သတိရနေသည်။

မျက်လုံးကိုဒင်းမှေးကာ အစ်ကို့အကြောင်း စဉ်းစားနေသည်။

အစ်ကိုသာ ရှိလျှင် မိုးသည် နံနက်စောစော အိပ်ရာထရန် မပျင်းတတ်ပေ။ အစ်ကို အိပ်ရာမှနိုးလျှင် အသင့်သောက်ရန် ကော်ဖီခါးခါးကို အိပ်ရာဘေး အထိ ယူလာတတ်သူ ဖြစ်သည်။

ယခုထော့ အစ်ကို့ ခမျာ ကော်ဖီကိုပင် အဆင်သင့် သောက်ရရှာမည် မဟုတ်ချေ။ ဒီတစ်ခါ လုပ်သက်ခွင့်ယူ၍ရလျှင် အစ်ကို့ဆီသို့ လိုက်သွားဦးမည်။

ကလေးများကိုကား မိနွေနှင့် ထားခဲ့မည်ဟု စိတ်ကူးဖဲ့ရိုက်နေမိလေသည်။ ဖိုးအောင်သည် မိုး၏ ရင်ခွင်ဘောင်းသို့ ဝင်လာရင်း သတိရသလို ပြောသည်။

'မေမေ.... သားတို့ ဘွားဘွားဆီကို သွားလည်မယ်ဆို၊ ဘယ်တော့သွားမှာလဲ'



'အင်း.... ဟုတ်သားပဲ'

ပင်ခင်ယူပြီး ပုသိမ်မြို့တွင် အခြေစိုက်နေသော မိဘများဆီသို့ ပြန်ကြရန် နွေက မကြာခဏပြောသည်ကို သတိရသောအခါ မိုး စိတ်ထဲတွင် ရှုပ်ထွေးသွားသည်။

မှင့်ကလေး နှစ်ပတ်လောက်တွင် မယောက်ျားရှိရာသို့လည်း သွားချင်သည်။ မိဘများဆီသို့လည်း သွားသင့်သည်။

နွေတို့တူဝရီးနှစ်ဦးသည် အိမ်ကို ရှင်းလင်းနေကြသည်၊ မိုးတို့ သားအမိနှစ်ဦးကမူ ပေပြီး အိပ်နေကြ လေသည်။ မီးဖိုချောင်ဆီမှ နွေ့အသံကို ကြားရသည်။

နွေသည် ထမင်းချက်ရင်း၊ ကော်ဖီဖျော်ရင်း သီချင်းကို တိုးတိုးလေး ညည်းနေတတ်လေသည်၊

နွေ့အသံသည် တိုးတိုးသဲ့သဲ့လေးနှင့် ဝေ့ဝဲနေတတ်သည့်အတွက် နွေ့ကို မမြင်ရသော်လည်း အသံကြားရုံနှင့် မှန်းဆနိုင်သည်၊

'အိမ်ရှင်တို့ မရှိကြဘူးလား ခင်ဗျာ'

ဧည့်ခန်းဘက်ဆီမှ အသံကြားရသည်၊ မိုးသည် အိပ်နေရာမှ လူးလဲထလိုက်မိလေသည်၊ နံနက် စောစောစီးစီး ဘယ်က ဧည့်သည်များ လာလေသနည်းဟု စူးစမ်းလိုစိတ်နှင့် ခန်းဆီးကြားဆီမှ အသာလေး ကဲကြည့်လိုက်သည်၊

မိုးတို့ အိမ်တံခါးဝတွင်ရပ်နေသော လူရွယ်သည် ငြိမ်သက်နေသော ဧည့်ခန်းကို မျက်လုံးဝေ့ပြီး လှည့်ပတ်အကဲခတ်နေသည်၊

ကျောက်ပတ်တီး ကိုင်ထားသော ညာဘက်လက်ကို ပခုံးတွဖီ အဝတ်နှင့် သိုင်းထားလေသည်၊ တံခါးဘောင်ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်လက်နှင့် ကိုင်ထားရင်းမှ ကိုယ်ကို ကိုင်းညွတ်ကာ နောက်ဖေးဘက်သို့ လှမ်းကြည့်သည်။

ဓနုရောင်ခြံသည်ကို ကျောပေးပြီး ရပ်ထားသဖြင့် လူရွယ်၏ မျက်နှာကို သဲသဲကွဲကွဲ မတွေ့ရချေ။ အသားညိုပြီး အရပ်မြင့်သည်လို့သာ မိုး မှန်းဆနိုင်သည်။

'မထကြသေးဘူးလား'

လူရွယ်က ထပ်ပြောသည်။ သူ့အသံကို တရင်းတနှီး ကြားဖူးသလို ရှိသဖြင့် ခန်းဆီးကြားမှ ခေါင်းပြူကြည့်ရင်း ခပ်သောသောလေး ပြန်ပြောလိုက်သည်။

'ထကြပါပြီ'

လူရွယ်၏ ဦးခေါင်းသည် ချာခနဲလှည့်သွားပြီး မိုးကို တည့်တည့် မဲတ်မတ် စူးစိုက် ကြည့်နေလေသည်။ သူ့မျက်လုံးများသည် ရှင်မြူးစွာ အရောင် တောက်ပလာပြီး ဧည့်ခန်းတွင်းသို့ ခပ်သွက်သွက် ဝင်ရောက်လာသည်။

'ဟေး.... မိုး၊ မိုး မဟုတ်လား ဟင်'

'ဟယ်.... ညီထွေး'

မိုးသည် ဝမ်းသာအားရ အော်ဟစ်လိုက်ပြီး ဧည့်ခန်းသို့ ခုန်ပေါက်ပြီး ပြေးထွက်လာမိလေသည်။

မြင့်မားကြံ့ခိုင်နေသော ညီညီထွေးကို မော်ကြည့်ရင်း သူ့လက်မောင်းများကို ဆွဲခါနေမိသည်။

'ညီထွေး.... ညီထွေး....။ နင် နေနိုင်လိုက်တာဟယ်။ နင် ထွားလာလိုက်တာဟယ်။ ဘယ်တုန်းက ပြန်ရောက်သလဲ၊ အို.... နင် စစ်ဗိုလ်ကြီး ဖြစ်သွားပြီကိုး။ အသားတွေလဲ မည်းလို့၊ နင် ငယ်ငယ်က ဖြူပါတယ်။ ဟား.... နင့်လက်ကရော ဘာဖြစ်တာ



လဲ။ သေနတ်မှန်တာလား။ အခု နင် ရွှေ့ကန်းမှာဆို၊ တိုက်ပွဲတွေ အများကြီး တိုက်ဖူးပြီပေါ့။ အို....ညီထွေးရယ်'

မိုးသည် ညီထွေးကို ဝိုင်းကြီးပတ်ပတ်လှည့်ကာ ကြည့်ရင်း ဝမ်းသာ ဝမ်းနည်းနှင့် ဗလုံးဗထွေး ပြောနေလေသည်။

ပြောချင်သောစကားက များနေ၍ စကားတွေ ထောင်ရောက် မြောက်ရောက်နှင့် ကပေါက်တိကပေါက်ချာ ဖြစ်နေသော မိုးကို ညီထွေးသည် ငယ်စဉ်က ပုံစံအတိုင်း မြှောင်စပ်စပ် ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

'နွေရေ.... ဟေး....နွေ၊ လာခဲ့ လာခဲ့စမ်းပါ။ ဧည့်ခန်းမှာ ဧည့်သည် အထူးအဆန်း ရောက်နေတယ်၊ လာစမ်း။ မြန်မြန် လာစမ်းပါ'

စကားပြောသံ ရယ်မောသံများကြောင့် ထွက်လာသော နွေသည် ထမင်းစားခန်းဝတွင် ရပ်ရင်း ငေးတွေမျှော်ကြည့်နေမိလေသည်။ ညီညီထွေးကို မမျှော်လင့်ဘဲတွေ့လိုက်ရ၍ အံ့အားသင့်ပြီး ဇဝေဇဝါလေး ကြည့်နေမိသည်။

အသားညိုသွားသော၊ ကြံ့ခိုင်လာသော၊ ရင့်ကျက်လာသော ညီထွေးကို မှတ်မိသော်လည်း ရုတ်တရက် နှုတ်မဆက်နိုင်ဘဲ အမ်းနေသည်။

'ဟော့....နွေ၊ နွေခေါင်ခေါင်'

'ညီထွေး.... ညီထွေး ဟုတ်တယ်နော်'

နွေသည် ထိုအခါမှ ခပ်သွက်သွက်လေးလှမ်းဝင်လာသည်။ မျက်လုံးလေးများ အရောင် တောက်လာပြီး ပါးချိုင့်လေးပေါ်အောင် ဝမ်းသာအားရ ပြုံးရယ်မိသည်။

'ဟုတ်ပါခင်ဗျာ၊ ရေမရောတဲ့ ကျွန်တော် ညီညီထွေး စစ်စစ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ညီညီထွေးသည် ကုလားထိုင်ပေါ်သို့ အားပါးရ ထိုင်ချလိုက်ရင်း ပြောင်ချော်ချော်ပြောသည်။ သူ့မျက်လုံး ညိုများသည် ငယ်စဉ်က ပုံအတိုင်း အရည်ရွှန်းကာ ပြုံးရယ်နေကြဟန် ရှိသည်။

ခြောက်နှစ် ဟူသော အချိန်ကာလသည် ညီညီထွေး၏ အသားများ မည်းသွားအောင်၊ အရပ်ပိုမြင့်လာအောင်၊ ညာဘက်လက်ကို ကျိုးသွားအောင် စွမ်းဆောင်နိုင်သော်လည်း ညီထွေး၏ ပြုံးရွှင်သော မျက်လုံးများကိုကား ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ခဲ့ဟန် မရှိချေ။

'ညီထွေး ပြောစမ်း၊ နင် ဘယ်ကနေ မျက်စိလည်ပြီး ရောက်လာတာလဲ'

'ဒီကို တမင်လာတာပေါ့ မိုးရဲ့'

'နင် အခုမှ ဘာအိပ်မက် မက်လာတာလဲ။ အရင်တုန်းကဖြင့် စာမရေး ဘာမရေး နေနိုင်လိုက်တာ။ မိုးမှာဖြင့် ညီထွေး သတင်းကို ဒေါ်ဒေါ်ခင်တို့နဲ့ တွေ့တိုင်း မေးလိုက်ရတာ မောလို့'

'အိုး.... တို့ကလဲ စာသာမရေးတာ မိုးတို့ သတင်းတော့ စုံစမ်းပါတယ်။ မိုး ကလေးတွေ မွေးတာရော၊ ဘွဲ့ရတာရော၊ မိနွေ့ ဆရာမ လုပ်နေတာရော အကုန်သိ'

'ဒီလိုဆို ဘာလို့ စာမရေးလဲ ညီထွေးရယ်'

'မိနွေ့ကို အမြင်ကတ်လို့ပေါ့ဗျ'

ညီညီထွေးသည် နွေ့ကို ခပ်တည်တည် လှမ်း ကြည့်ပြီး တုံးတိတိ ပြောလေသည်။ တစ်ဆက်တည်းပင် သူ့ပါးကို ဘယ်ဘက်လက်နှင့် မသိမသာ စမ်းကြည့်နေလေသည်။



နွေ့ ရှင်ထဲတွင် သိမ့်ခနဲ လှုပ်ရှားသွားပြီး ညီထွေးကို ဘုကန့်ကန့် မျက်နှာထားနှင့် ပြန်ပြီးကြည့်မိသည်။

သူတို့ နှစ်ဦး၏ မျက်နှာထားကို တွေ့သော အခါ မိုးသည် မျက်နှာပင် မသစ်နိုင်သေးဘဲ ဟက်ဟက်ပက်ပက် ရယ်နေမိလေသည်။ ထိုနောက် နွေကလည်း ပြုံးယောင် သန်းလာသည်။

သူ့ပါး သူစမ်းနေသော ညီထွေး၏ အမူအရာကြောင့် ရယ် မောမိတော့သည်။ အကန်ကြာသောအခါ ညီထွေးလည်း မနေနိုင်တော့ဘဲ တဟားဟား ရယ်လေသည်။

'မိနွေ့.... နင် ငါ့ကို ပြန်ပြီး ကန်တော့ဖို့ ကောင်းတယ်'

'အို.... ဘာလို့ ကန်တော့ရမှာလဲ'

'ငါတို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောထားတာပဲ။ ကိုယ့်ထက် အသက် တစ်ရက် တစ်နာရီ ကြီးတဲ့လူကအစ ရိုသေရတယ်ဆို ငါက နင့်ထက် ငါးလကြီးတယ်လေ၊ မစော်ကားရဘူး'

'အို.... ပါးရိုက်တာပဲ၊ စော်ကားတာမှ မဟုတ်တာ'

'ခွေးမိနွေ့၊ ခွေးပိန်တာရိုး'

'တော်ကြပါတော့ဟယ်၊ နင်တို့တွေ ကလဲ ဒီလောက် အကြာကြီး ကွဲနေတာတောင် မတွေ့ရင် ရန်ဖြစ်ဖို့လောက် စိတ်ကူးနေကြသေးတာပဲ'

မိုးက ဖြန့်ဖြေစကား ဆိုလေသည်။ ငယ်သူငယ်ချင်းနှ တွေ့ရသဖြင့် မိုး၏ မျက်နှာလေးသည် ရွှင်ချို နုပျိုနေသည် နူးညံ့ နေသည်။

နံနက်ခင်း နေရောင်ခြည်သည် ဧည့်ခန်းတွင်းသို့ ဖြာ ကျရောက်လာသည်။ နှင်းထုကိုထိုးဖောက်ပြီး ထွက်ပေါ်လ သော နေရောင်သည် နွေးထွေးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ယံ ကိုယ်ခန္ဓာသည် နေခြည်ထွေးထွေးကြောင့် နွေးနေသည်။ အတွင်းက စိတ်သန္တာန်သည်လည်း ဖြူစင်သော မေတ္တာလွှမ်းပြီး နွေးထွေးနေသည်။ တသိမ့်သိမ့်လှုပ်ရှားနေသည်။

ရန်လိုသော အကြည့်ကို ကြည့်သော်လည်း၊ ရန်စကားများဆိုသော်လည်း သူတို့ ရင်ထဲတွင် ခနွေးပြီး ပျော်နေလေသည်။

'ကဲ....ပြောပါဦး၊ ရန်ကုန် ပြန်ပြောင်းလာတာလား'

'မဟုတ်ရပါဘူးဗျာ၊ ဆေးခွင့်နဲ့ ရောက်လာရတာပါ၊ နွေတို့ မိုးတို့ ပို့သတဲ့ မေတ္တာတော် စွဲးရောက်လို့ ကျန်းတော့ ခမျာ လက်ကလေး ကျိုးဟာကလွဲလို့ သေတွင်းက သီသီလေး ထွက်ခဲ့ရပါတယ် ခင်ဗျာ'

'ဖြစ်မှ ဖြစ်ရလေဟယ်'

ပြုံးရွှင်နေသော ညီထွေး၏ မျက်နှာသည် ရုတ်တရက် တည်ကြည်သွားလေသည်၊ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ရင့်ကျက်သွားသည်၊

ညာဘက်လက်မောင်း အလယ်လောက်မှ လက်ကောက်ဝတ်အထိ အုပ်ကာ ကိုင်ထားသော ပလပ်စတာ ဖြူဖြူကြီးကို လက်ချောင်းလေးများနှင့် စမ်းသပ်နေလေသည်၊

'ဒီလိုဆို အခု ဆေးခွင့်ပေါ့'

'ဒါပေါ့ မိုးရယ်၊ စစ်သားဆိုတာ သေရင်လဲ တစ်သက်လုံး ခွင့်ပေါ့၊ မသေပြန်တော့လဲ ဆေးခွင့်ပေါ့'

ညီညီထွေးသည် ခပ်သဲ့သဲ့ပြုံးရင်း လေးနက်စွာ ပြောသည်၊ ထိုနောက် ဧည့်ခန်းထဲသို့ ယောင်လည်လည် ဝင်လာကြသော ဖိုးအောင်နှင့် မိငယ်လေးတို့ကို ငေးမော ကြည့်နေလေသည်၊



မိငယ်သည် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသော ညီထွေးကို ရှက်ရွံ့ဟန်နှင့် မိုး၏ နောက်နားတွင် ကပ်နေသည်၊ ဖိုးအောင်ကမူ ညီညီထွေး၏ သိုင်းထားရသော လက်ကို စိတ်ဝင်စားနေဟန် ရှိသည်၊

'ဟာ.... မိုး ငယ်ငယ်ကလေးနဲ့ နွေ ပေါက်စနလေးကို ပြန်တွေ့နေရသလိုပဲ၊ တူလိုက်တာ လွန်ရော'

ညီထွေးက တအံ့တဩ မှတ်ချက်ချလေသည်၊ ပေကပ်ကပ်လုပ်နေသော မိငယ်လေးကို လှမ်းပြီး ဆွဲခေါ်လိုက်သည်၊ မျက်နှာ ချိုချို ပျော့ပျော့ လေးနှင့် မိငယ်သည် ညီထွေး၏ လက်ထဲသို့ မျောင်းနွဲ့စွာ ပါသွားသည်၊

ရင့်ကျက်သော စစ်ဗိုလ်ကြီးနှင့် ငါးနှစ်ရွယ် ကလေးမလေးသည် တစ်ဦးကို တစ်ဦး မျက်လုံးချင်းဆိုင်ပြီး ကြည့်နေကြလေသည်၊

'တို့တွေ သူတို့ အရွယ်လေးတုန်းက သိပ်ပျော်တာပဲ နော်'

မိုးက ပြောလေသည်၊ ညီထွေးသည် မိငယ်၏ ဆံပင်ပျော့ပျော့လေးများကို ဖွကစားနေရင်း ဖိုးအောင်ကို လှမ်းခေါ်သည်၊

'တစ်ခါတလေ တိုက်ကင်းထွက်ရင်း ခဏနားရတဲ့ အချိန်လေးတွေမှာ တို့တွေ ဆော့ခဲ့ ကစားခဲ့တာလေးတွေကို ပြန်တွေးစားမိပြီး သိပ်လွမ်းတာပဲ၊ တောထဲမှာ သစ်ပင်တွေ၊ ပန်းပင်တွေ၊ သစ်ခွတွေနဲ့ တို့တွေ ငယ်ငယ်တုန်းကလို ဒီလို တောထဲ တစ်တောရရင် ဘယ်လောက်တောင် မျောက်ရှုံးလိုက်မလဲ တွေးနေမိရင်း ရယ်ချင်တယ်၊ အဲဒီတုန်းကများ မြင်မြင်သမျှတာ ပျော်စရာ၊ ရယ်စရာ၊ ကစားစရာတွေချည်းပဲနော်၊ ဘယ်နေရာမဆို၊ ဘာပစ္စည်းမဆို ဆော့စရာ ပျော်စရာတွေချည်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အဲဒီလို မပျော်တတ်တော့ဘူး၊ ငယ်တုန်းက စိတ်ကလေးဟာ သိပ်ပြီး သန့်ရှင်းစင်ကြယ်တာပဲနော်၊ လူဆိုတာကြီးလာရင် ညစ်နွမ်းလာတာပဲ ထင်ပါရဲ့၊ ငယ်ဘဝနဲ့ ငယ်စိတ်ကလေးကို သိပ်ပြီး နှမြောတာပဲ’

တောက်ပသော နေရောင်ခြည်တွင် ညီညီထွေး၏ မျက်လုံးများသည် အရည်လည်လာသလို ရှိသည်၊

အခန်းထဲတွင် ရုတ်တရက် တိတ်ဆိတ်သွားလေသည်၊ သူတို့သုံးဦးလုံး၏ စိတ်သည် စိန်ပန်းပင်ကြီး အောက်သို့ လည်းကောင်း၊ ထားဝယ်မှိုင်းရုံကြီးအောက်သို့ လည်းကောင်း၊ သူတို့ခြေရာချင်း ထပ်အောင် ဆော့ခဲ့ ကစားခဲ့ရာ ချောင်းအေးမြောင်းအေး၊ ရေတွင်းအေးများ ဆီများသို့ လည်းကောင်း တကွဲတပြားစီ ထွက်ပြေးသွားကြလေသည်၊

ငယ်ဘဝ ငယ်စိတ်တုန်းကမှု မိုးအုံ့လျှင်လည်း ပျော်၊ မိုးရွာလျှင်လည်း ပြုံးခဲ့သည်၊

နေပူလျှင်လည်း စိတ်မညစ်၊ ဖုန်ထူလျှင်လည်း စိတ်မရှုပ်ချေ၊ ရေတွေ့လျှင် ရေနှင့်ဆော့ကာ မြေတွေ့လျှင် မြေကြီးတူးပြီး လိုက်ဂူလုပ်တမ်း ကစားကြသည်သာ ဖြစ်၏၊

‘ကဲ.... ဒေါ်မိုးရဲ၊ ဘာမှ မကျွေးတော့ဘူးလား’

အတန်ကြာသော အခါမှ ညီထွေးက သတိရသလို ပြောသည်၊ လွင့်ထွက်နေသော စိတ်အာရုံတို့ကို ပြန်လည်ပြီးစုစည်းလိုက်ဟန် ရှိသည်၊

‘ဟေး.... မင်းတို့ မေမေက ဦးဦးကို ဘာမှလဲမကျွေးဘူးကွ ကပ်စေးနှဲကြီးလား ဟင်’



ဗိုးအောင်ကို ဆွဲဖက်လိုက်ရင်း ဆက်ပြောသည်၊ မိုးသည် ရယ်မောလိုက်ပြီး ထမင်းစားခန်းထဲသို့ သွက်သွက်လေး လှမ်းဝင်သွားလေသည်၊

မိုး ကော်ဖီ သွားဖျော်သလားဟု နွေ တွေးနေမိသည်၊ ကြောင်အိမ်ထဲတွင် မနေ့ကတည်းက ဝယ်ထားသော ပေါင်မုန့်ရှိသည်၊

ထောပတ် လက်ကျန် ရှိသေးလျှင်မူ ညီထွေးသည် ပေါင်မုန့် ထောပတ်သုတ် ကောင်းကောင်းလေး စားရမည်ဖြစ်သည်၊ အကယ်၍ ထောပတ်မရှိတော့လျှင်မူ ပေါင်မုန့်ကိုနို့ဆီသုတ်ပြီး ကျွေးရတော့မည် ဖြစ်သည်၊

သို့သော် မိုး ပြန်ထွက်လာသောအခါ လက်ထဲတွင် ကော်ဖီပန်းကန် ပါမလာချေ၊ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်ကို နွေတို့နားရောက်သောအခါမှ ဖြန့်ပြလေသည်၊

မိုး လက်ထဲတွင် ရောင်စုံစက္ကူလေးများနှင့် ပတ်ထားသော သကြားလုံး လေးလုံးကို တွေ့ရသည်၊ သကြားလုံးလေးများကို အမှတ်မဲ့ စိုက်ကြည့်ရင်း ညီထွေး၏ မျက်လုံးများသည် နူးညံ့ရွှန်းစိုလာလေသည်၊

ထို့နောက် ဦးခေါင်းကို နောက်သို့လှန်ကာ အားရ ပါးရ ရယ်မောလေသည်၊ မိုးကလည်း ရယ်သံလေးနှောကာ ငယ်စဉ်က ပြောနေကျအတိုင်း ပြောသည်၊

‘ရော့.... ညီထွေး တစ်လုံးယူ၊ မိနွေ တစ်လုံးစား၊ ကိုလတ်ဖို့ တစ်လုံးထား၊ ကိုလတ်ကြီးသလဲ ကြာလိုက်တာ လွန်ရော၊ အိုမလာရင် ဒါမှမဟုတ် သူ့ဆီမသွားဖြစ်ရင် သူ့ဖို့ သကြားလုံးကို ဒါ စားမှာနော်’

www.burmeseclassic.com

www.burmeseclassic.com

'ရော့… ညီတွေး တစ်လုံးယူ၊ မိငယ်တစ်လုံးစား၊ ကိုလတ်ဖို့ တစ်လုံးထား၊ ကိုလတ်ကြီးတလဲ ကြာလိုက်တာလွန်ရော၊ သူ မလာရင် ဒါမှမဟုတ် သူဆီမသွားဖြစ်ရင် သူ့ဖို့ သကြားလုံးကို ငါစားမှာနော်'

မိုးသည် သကြားလုံး လေးလုံးကို ဝေစုခွဲလိုက်သည်။ သူ့ အတွက်ရသော သကြားလုံးလေးကို တစိမ့်စိမ့် စုတ်နေရင်း နွေသည် လေးနာရီပန်းလေးများကို တစ်ပွင့်ချင်း ခူးနေသည်။

ကိုလတ်တို့ခြံထဲမှ မျိုးစေ့လေးများကို ယူလာပြီး ကြဲထား ခြင်း ဖြစ်သည်။

မျိုးစေ့မည်းမည်းလေးများမှ အပင်လေးများ ပေါက်လာ သောအခါ ဘေးပတ်ဝန်းကျင်ရှိ မြက်ပင်များကို ကိုလတ်က ရှင်းပေးသည်။

ပေါင်းပင်မြက်ပင်များက မြေဩဇာများကို စုပ်ပစ်သော ကြောင့် ပန်းပင်လေးများ တက်အားမရှိမှာကို စိုးရိမ်သော ကြောင့် ဖြစ်သည်။



သုံးလေးလအတွင်း ပန်းပင်လေးများသည် စိမ်းစိုဝေဖား လာလေသည်။ ထို့နောက် ညနေရောက်တိုင်း ပန်းဖြူလေးများ ဖွေးနေအောင် ပွင့်လာတတ်သည်။

ထိုပန်းလေးများသည် ပန်းများထဲတွင် အကော်ကြီး ထူး ဆန်းသောပန်း ဖြစ်သည်။

ခန္ဓာသိသမျှ ပန်းမျိုးစုံတို့သည် ညအချိန်တွင် နှင်းရည်ကို လိမ်းကျံ သောက်သုံးကာ နံနက်မိုးသောက် နေအရုဏ်တွင် စွင့်စွင့်ကားကား ပွင့်ဖူးလာလေ့ ရှိကြသည်။

လေးနာရီပန်းလေးများသည်ကား နေမင်း၏ တစ်နေ့တာ ပူပြင်းသမျှ အပူဒဏ်ကို ကျော်စင်းခံကာ ညနေခင်း အချိန် ရောက်သောအခါမှ ပွင့်အာလာတတ်လေသည်။

အရှိန်အဝါ ဖျော့တော့စွာနှင့် အနောက် ဂေါယာကျွန်း သို့ ဝင်ရောက်သွားတော့မည့် နေဝန်းနီနီကို ရနံ့မွှေးပျံ့ပျံ့လေး လက်ဆောင်ပေးကာ နှုတ်ဆက်တတ်လေသည်။

ကိုကိုလတ်ကပါ နွေ့ကို ကူပြီး မျိုးစပ်ပေးသဖြင့် ယခုအခါ တွင် နွေကြိုက်သော ပန်းလေးမျ ားသည် အရောင်စုံပွင့်ဖူးနေပြီ ဖြစ်သည်။

တစ်ရွယ်တည်းသော တစ်ပုံတည်းသော ပန်းလေးများသည် အချင်းချင်းရောက်ယှက်ပြီး မွှေးနေအောင် ပွင့်ကြသည်။ အဖြူ လည်း ပါသည်၊ အနီနှင့် အဝါသာမက လိမ္မော်ရောင်မျိုးစေ့ လေးများကိုပါ ကိုလတ်က ယူလာပြီး စိုက်ပေးသည်။

ထို့နောက်တွင်ကား မျိုးစပ်ပေးခြင်းပင် မှလို့ချေ။ အဖြူ၊ အနီ၊ အဝါ ပန်းပွင့်လေးများသည် အမြစ်အချင်းချင်း ရော ယှက်ကန်ပြီး ဖြူ၊ နီ၊ ဝါ အကျားလေးများ ပွင့်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေသည် ညနေစောင်းလျှင် သင်းသင်းပျံ့ပျံ့ မွှေးနေသော ပန်းပွင့်လေးများကို တစ်ရဲ့ရှစ်ပွင့် ပြည့်သည်ထိ ရေတွက်ပြီး ခူးရသည်။

မေမေက လက်ဖက် ပန်းကန်ပြားလေးထဲတွင် စေတီပုံ ဝန်းဝိုက်ထိုးစိုက်ပြီး ပန်းစေတီ လုပ်ကာ ဘုရား ကပ်လေ့ ရှိသောကြောင့် ဖြစ်သည်။

'မိဒနွ ပန်းတွေက ပွင့်လိုက်တာ တစ်အားပဲ၊ မွှေးလဲ မွှေးတယ်နော်'

ညီထွေးသည် ပန်းကလေးတစ်ပွင့်ကို လှမ်းခူးယူလိုက်ရင်း အမှတ်မဲ့ ရှိုက်နမ်းလိုက်သည်။

နွေသည် ပန်းပွင့်များကို ရေတွက်ပြီး ခူးနေရသူမို့ ညီထွေးကို စကားမပြန်နိုင်ချေ။

မိုးကလည်း ပန်းပွင့် ကျားကျားလေးများကို ရွေးခူးပြီး အလုပ်ရှုပ်နေသည်၊ ဘုရားတင်ရန်တော့ မဟုတ်ချေ၊ စုစည်းထားသော ဆံပင်ရင်းတွင် ကလစ်နှင့်ညှပ်ပြီး ပန်ဆင်ရန် ဖြစ်သည်၊

ဆယ့်သုံးနှစ်ခန့်ရှိပြီ ဖြစ်သော မိုးကို မေမေက ဆံပင်ညှပ်မပေးတော့ပေ။ ဆံပင်အရှည် ထားခိုင်းလေသည်၊ ဆံပင်နက်နက် လေးများက ရှည်လျား ဖားဝေလာသောအခါ ဆံပင်တိုကပ်ကပ်နှင့် ထာဝစဉ် လူမိုက်ပုံ မ်းလေ့ရှိသော မိုးသည် အတန်ငယ် နွဲ့ပျောင်းသွားဟန်ရှိသည်၊ မိုး၏ အရပ်ကလည်း မြင့်ပြီး သွယ်လှသည်၊

'မိုးကလဲ ပန်းတော့ ကူမခူးဘူး၊ ရှိုးထုတ်ဖို့ပဲ စိတ်ကူးနေတာပဲ'



ပန်းပန်နေသော မိုးကို ညီထွေးက မျက်စိနောက်သလို ပြောလေသည်၊ ညီထွေးက ပန်းများကို အမြန်ခူးပြီးစေချင်နေသောကြောင့် ဖြစ်သည်၊

ပန်းခူးသောတာဝန် ပြီးပါမှ သူတို့တစ်တွေ ကိုယောင်ကြီး ခြံသို့ သွားခွင့်ရမည့်အတွက်ကြောင့် ဖြစ်လေသည်။

'ငါ့ဟာငါ ရှိုးထုတ်တာ ဘာဖြစ်လဲ၊ နင်နဲ့ ဘာဆိုင်လဲ'

'လှလဲ မလှတာနဲ့'

'အောင်မာ.... လှတယ်ဟ'

'ဘယ်သူ လှတာလဲ'

'ငါလှတာ'

'ဘယ်သူပြောလဲ'

'ငါပြောတယ်'

'ဟေ....ဟေ.... ဟား....ဟား'

ညီညီထွေးက လှောင်ရယ် ရယ်လိုက်လေသည်၊ မိုးက မျက်စောင်း ထိုးကြည့်သောအခါ ခေါင်းကလေးပုကာ ချက်ချင်း ရယ်ရှိန် သတ်လိုက်သည်။

သို့သော် ပြုံးစေ့စေ့ ဖြစ်နေသော မျက်နှာကိုမူ မတည် နိုင်ချေ။

မိုးသည် ညီထွေးကို ဂရုမစိုက်တော့ဘဲ အရွဲ့တိုက်ဟန်နှင့် ပန်းများကို ထပ်ပြီး ပန်နေသည်။

ကော့ဇီးကင်တွင် ရောင်စုံတိမ်များ လွန့်လူးနေသည်၊ နီရဲနေသော ရောင်ခြည်သည် တိမ်တိုက်များကို ထိုးဖောက်ပြီး လှပြည် လူရွာကို လက်တံရှည်များနှင့် လှမ်းပြီး ဖက်ထားဟန် ရှိသည်၊

www.burmeseclassic.com



မိုး၏ မျက်နှာကိုလည်း နေခြည်ဖျွန်းပြီး နီမြေမြေ အရောင်သန်းနေသည်။

ခရာငဲစုံတိမ်တိုက်များနှင့်အပြိုင် ပန်းများကို ထိုးသိပ် ပန်ဆင်ထားသော မိုးမျက်နှာ ငယ်နုလေးသည် အလှသွေး ဝင်းနေလေသည်။

'ကဲ…. ခူးပြီးပြီလေ၊ သွားကြစို့'

ခနွတို့ သုံးဦးသား ကိုလတ်ရှိရာသို့ လာခဲ့ကြသောအခါ ကောင်းကင်တွင် တိမ်တိုက်များက အစွမ်းကုန် တောက်ပနေလေသည်။

'နေဝင်ချိန် တိမ်တောက်တော့ ပျိုကြောက်တဲ့ ဒီအချိန် တယ်…. နယ်…. နယ်…. တိန့်'

ညီညီထွေးသည် ရွှေ့ဆုံးမှ ခုန်ပေါက်ခုန်ပေါက်နှင့် ပြေးသွားရင်း အော်ဟစ် သီဆိုသွားသည်၊

သူပြေးသွားရာ လမ်းတစ်လျှောက်ရှိ သစ်ပင် နွယ်ပင်လေးများကိုလည်း လက်ထဲရှိ ဝါးချောင်းလေးနှင့် ရိုက်နှက် သွားသည်။

ပန်းပွင့် ဖြက်ပွင့်လေးများသည် ပရမ်းပတာ ယိမ်းခါင်း ကျန်ခဲ့ရာလေသည်။

'မင်းတို့ကလဲ နောက်ကျလိုက်တာကွာ'

သိုလတ်သည် သူတို့ကို ရေတွင်းအေးတွင် ရေငင်ခနေရင်း ဆီးကြိုလေသည်။

ကြိုးကောင်ဝင်လာပြီ ဖြစ်သဖြင့် ကိုလတ် အသံများ အတန် ငယ်သြတက်လာသည်၊ လူကလည်း မြန်မြန် ထွားကျိုင်းရန် အတွက် အားယူနေဟန် ရှိသည်၊



ညနေစောင်းအချိန်သည် နွေး မိုးနှင့် ညီထွေးတို့ အတွက် အားလပ်ချိန် ဖြစ်သော်လည်း ကိုလတ်အတွက်မူ အတော်ပင် အလုပ်ရှုပ်သောအချိန် ဖြစ်သည်၊

ရာသီလိုက် စိုက်ထားသော ဟင်းသီးဟင်းရွက်ခင်းများကို ရေလောင်းရ၊ မြောင်းတူးနေ့ရှိမို ညီထွေးတို့ ကစားချင်တိုင်း သူ့ခမျာ မကစားနိုင်ခဲ့ချေ၊

'ဩော်…. ညီထွေးတို့ လာကြပြီကိုး'

ဦးလေးစိန်သည် ရေပုံးလွတ်နှစ်ခုကို ပြန်ထမ်းလာရင်း နှုတ်ဆက် လေသည်၊ သူ့ထက်ထားသော ပုဆိုးကွင်း ရေများ ရွဲစိုနေသည်၊

ယနေ့ညနေအတွက် ရေတွင်းမှ ရေငင်ရသော တာဝန်ကို ကိုလတ်က လုပ်ပြီး ဦးလေးစိန်က အပင်များကို ရေလောင်းနေ ကြောင်း မပြောဘဲနှင့် သိသာလေသည်။

'ကိုလတ်ရေ…. ထားခဲ့တော့လေ၊ ဝါ ဆက်ငင်လိုက်တော့ မယ်'

'နေပါစေ ဦးလေး၊ ကျွန်တော် ဆက်ငင်ပါ့မယ်'

'သွားပါကွာ၊ မင်း သူငယ်ချင်းတွေနဲ့ အေးအေးဆေးဆေး စကားလေး ဘာလေး ပြောပေါ့'

ဦးလေးစိန်သည် ကိုလတ်၏လက်တွင်းမှ ရေပုံးကြိုးကိုဆွဲ ယူလိုက်သည်၊

ရေပုံးကြိုးကို ဆွဲပြီး ရေငင်ရလွန်းသောကြောင့် ကိုလတ် လက်များသည် အသားမာတက်ကာ မာကျောလျက် ရှိသည်၊

'မိုးတို့ ညီထွေးတို့ပြန်ရင် ဘူးသီးတစ်လုံး ခူးပေးလိုက်ဦး ကိုလတ်ရေ၊ မမခင်တို့က ဘူးသီးချဥ်ရည်ဆို သိပ်ကြိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



စက်သီးလေးသည် ဝီခေါ်ခေါင်လည်သွားပြီး ရေပုံးငယ်သည် ရေမျက်နှာပြင်နှင့် ဖြန်းခနဲ တိုက်တွေ့သွားသည်။ ဦးလေးစိန်သည် ရေပြည့်သော ရေပုံးကို အားစိုက်၍ ဆွဲယူလိုက်ရင်း လှမ်းပြောသည်။

သို့သော် သူ့အနားတွင် တစ်ယောက်မျှ မရှိကြတော့ပေ။ လှောင်အိမ်မှလွှတ်သော ငှက်ကလေးများသဖွယ် ခုန်ပေါက်ပြီး ထွက်သွားကြပြီ ဖြစ်သည်။

'ရော့.... ကိုလတ်စေ့'

မိုးသည် သူ့လက်ထဲမှ သကြားလုံးလေးကို ပေးလိုက်သည်'

ကိုလတ်က လှမ်းယူပြီး သူ့ပုဆိုး ခါးပုံကြားထဲသို့ လိမ်ပြီး ထည့်လိုက်လေသည်။

ညီထွေးက မကျေနပ်သလို မေးသည်။

'မစားသေးဘူးလားကွ'

'ငါ ထမင်းမစားရသေးဘူး။ ထမင်းစားပြီးမှ စားမယ်'

ကိုလတ်သည် ဘူးစင်အောက်သို့ ခပ်သွက်သွက် လျှောက်သွားရင်း ပြောသည်။

ညီထွေးတို့ မိုးတို့အတွက် အချောဆုံး၊ အကောင်းဆုံး ဘူးသီးတစ်လုံးကို ရွေးပြီးခူးရန် သွားခြင်း ဖြစ်လေသည်။

ကိုလတ်သည် သူငယ်ချင်းများ အပေါ်တွင် ထောက်ခံ စေတနာပိုလေ့ ရှိသည်။

ဦးလေးစိန်က 'ကိုလတ်ရေ ခရမ်းသီးလေး ငါးလုံးစီ ခူးပေးလိုက်ကွာ'ဟု ဆိုလျှင် မိုးတို့သည် ဆယ်လုံးခန့် ရဘတ်သည်။

'ချဉ်ပေါင်ရွက်နဲ့ ရုံးပတီတွေ ပေးလိုက်ဦးလေ'ဟု ဆိုလျှင်လည်း တစ်အိမ်လုံး စားကုန်အောင် ခြင်းတောင်းထဲ ထည့်သိပ်ပေးတတ်လေသည်။



ဘူးသီးတစ်လုံးစီဟု ဆိုလျှင်ကား နှစ်လုံး ခူးမပေးနိုင်။ ထိုအခါ စင်အောက်တွင် တမော့မော့ရှာပြီး အကောင်းဆုံး၊ အချောဆုံး အသီးကြီးများကို ရွေးပြီး ခူးပေးတတ်လေသည်။

'ကိုလတ်ရေ အန်ကယ်(လ်) ဂျော်နီတို့အိမ်မှာ ခွေးအသစ်ကြီးတွေ ရောက်နေတယ်။ အကြီးကြီးတွေပဲ၊ သွားကြီးတွေဖြဲလို့ ကြောက်စရာ၊ တို့တွေ နောက်ဆိုရင် ပင်မှည့်သီး ဝင်ခိုးဖို့ လွယ်မှာ မဟုတ်တော့ဘူး'

ညီထွေးက သတင်းထူးကိုပြောသည်။ အန်ကယ်(လ်)ဂျော်နီသည် ဂျူးစပ်ကပြားကြီးဖြစ်ပြီး သူတို့အိမ်တွင် ပင်မှည့်ပင်များကို စင်ထိုးပြီး စိုက်ထားသည်။

အပင်များ၏ သဘာဝကို သိပြီး ဂရုစိုက်သောကြောင့် သူ့ပင်မှည့်စင်ကြီးများသည် နေရောင်ပင် မထိုးနိုင်အောင် စိမ်းစိုဖားဝေနေသည်။

အသီးသီးသော ရာသီတွင်ကား စင်မနိုင်ဘဲ ကျိုးကျသည်အထိ အများအပြား ပြွတ်ခဲနေအောင် သီးတတ်လေသည်။

မိုးတို့ လေးဦးလုံးပင် ပင်မှည့်သီးဆိုလျှင် အစိမ်းစားစား၊ ဖျော်ရည်ဖျော်ဖျော် ဘာမဆို ကြိုက်ကြသည်။

သို့သော် အန်ကယ်(လ်)ဂျော်နီသည် ကပ်စေးနှဲကြီး ဖြစ်သည်။ ပင်မှည့်သီးများကို ဈေးသို့ ဖောက်သည်ပေးလေ့ ရှိသဖြင့် ပင်မှည့်သီး ကြိုက်သော မိုးတို့ နွေတို့ကို အလကားခူးခွင့်ပေးချင်ဟန် မတူချေ။

အိမ်ရှေ့ပေါက်မှဝင်မခူးရသောအခါ ကိုလတ်ကဦးဆောင်ပြီး နောက်ဖေး ခြံစည်းရိုးကို ဖြဲဝင်ကာ တိတ်တဆိတ် ခိုးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းအားဖြင့် မိုးတို့တစ်တွေသည် သူတို့ကြိုက်သော ပင်မှည့်သီးများကို စိတ်တိုင်းကျ စားခဲ့ကြရလေသည်။

'တို့ခဏ ဝင်ခိုးနေတာသိလို့ ထင်တယ်ကွ'

ကိုလတ်က ပြောသည်၊ နေ့သည် ခြောက်လိန်နေသော ဘူးရွက်ခြောက် တစ်ရွက်ကို ခုန်ခူးလိုက်ပြီး လက်ထဲတွင် ဆုပ်ကိုင်ကာ ချေလိုက်သည်။

ဘူးရွက်ခြောက်လေးသည် လက်ဖက်ခြောက်သဖွယ် မွမွကြေသွားလေသည်။

မနေ့တို့ ရောင်းတမ်း ဝယ်တမ်း ကစားနည်း အခေါ် အားဖြင့် ဘူးရွက်ခြောက်သည် လက်ဖက်ခြောက် ဖြစ်သည်၊ ရဲယိုသီးကင်းသည် ပိန္နဲသီး ဖြစ်သည်၊ ထင်းချောင်း၏ အခေါက်နှင့် အသားအကြားတွင်ရှိ ပိုးစားထားသော အမှုန့်ဝါဝါလေးများသည် နနွင်းမှုန့် ဖြစ်သည်၊ စတော်ဘယ်ရီသီးသည် နာနတ်သီး ဖြစ်သည်၊

ပုဏ္ဏရိပ်သီး အမှည့်နီနီလေးများသည် ပန်းသီးဖြစ်ပြီး၊ မမှည့်သေးသော အသီးစိမ်းစိမ်းလေးများသည်ကား သစ်သော့သီး ဖြစ်လေသည်။

'အို.... ခွေးမျစ်း ခြောက်စရာမှတ်လို့၊ သူကိုက်ရင် ကိုယ်ကလဲ ပြန်ကိုက်ပေါ့'

'ခွေးကို ပြန်ကိုက်ရမယ်လား'

'ဒါပေါ့၊ တို့မှာလဲ ပါးစပ်ရှိတာပဲ၊ သွားရှိတာပဲ'

မိုးသည် အကောင်းဆုံး ဘူးသီးကို တမော့မော့နှင့် ရွေးနေရင်း ပြုံးစပ်စပ် ပြောသည်။

ညီညီထွေး ကမူ စကားကို အတည်မပြောဘဲ အပြောင်အပြက် လုပ်နေသော မိုးကို မျက်မှောင်ချိုး၍ ကြည့်လေသည်၊



မိုးရော ညီညီထွေးပါ ပြောင်တတ်နောက်တတ်သော ပျော်ပျော်နေ သမားလေးများ ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦးကား သိပ်ပြီး မတည့်ကြချေ။

တစ်ဦးက အကောင်းပြောနေစဉ် နောက်တစ်ဦးကပြောင်ပြီး ဖောက်တယ်သောကြောင့် ဖြစ်လေသည်၊

'တို့ရဲ့ ပါးစပ်ကစကားပြောဖို့၊ သွားကတော့ အစာတွေကို ဝါးဖို့၊ ခွေးကိုက်ဖို့မဟုတ်ဘူး၊ နောက်တစ်ခါ တို့တွေ ပင်မှည့်သီးတွေ သွားခိုးကြရင် မိုးကို လည်ပတ်လေးပေးပြီး အဲဒီ ခွေးကြီးကို ပြန်ကိုက်ခိုင်းတာပေါ့ ဟုတ်လား ညီထွေး၊ သူတို့ဘက်က ဘယ်နှစ်ကောင်လာလာ၊ တို့ဘက်က မိုးတစ်ကောင်တည်းနဲ့ နိုင်ပါတယ်ကွာ.... မစိုးရိမ်ပါနဲ့'

'ဟား....ဟား....ဟား၊ မှတ်ပလားကွ ခေါ်မိုး'

ညီထွေးက မကျေမနပ် ပြောသည်။

ကိုလတ်ကလည်း ညီထွေးဘက်မှ ဝင်ပြောလေသည်၊ ကိုယ့်စကားနှင့် ကိုယ်မိပြီး ခေါင်းလုံးလုံးဖြစ်သွားရသော မျက်နှာလေး ရှုံ့မဲ့သွားသော မိုးကို ကြည့်ပြီး ညီညီထွေးသည် တဟားဟားနှင့် ခမ်းသာအားရ ရယ်နေလေသည်၊

ကိုယ့်ရှုံး ကိုယ်ပတ်ခြင်း ဖြစ်သဖြင့် စိတ်မဆိုးသာသောကြောင့် မိုးသည်လည်း ပြန်ပြောရန် စကားရှာမတွေ့ဘဲ မချိသွားဖြဲလေးနှင့် ခေါင်းကုတ်နေရှာသည်၊

ကိုလတ်သည် ဘူးသီးနှစ်လုံးကို ရွေးပြီး ခူးလိုက်သည်။

အစင်းရာ အခြစ်ရာ လုံးဝမရှိဘဲ စိမ်းစိုနေသော ဘူးသီး၏ အညှာနားတွင် မွေးညင်းစိမ်း နုနုလေးများ ရှိရိုင်တင်လျက် ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



အမွှေးနုနု စုစုလေးများကို လက်နှင့် မသိမသာလေး ပွတ်ရင်း နွဲ့သည် ဘူးသီးကြီးကို သိုင်းဖက် ထားမိလေသည်။ အပေါ်မှ လတ်လတ်ဆတ်ဆတ် ခူးပြီးစဖြစ်သဖြင့် ဘူးသီးညှာတံမှ အစေးလေးများ စိမ့်ယိုထွက်နေသည်။

'ဟဲ့....မိနွဲ့၊ အစေးတွေ နင့်အင်္ကျီ စွန်းကုန်လိမ့်မယ်။ ဘာလို့ တအားဖက်ထားရတာလဲ'

ညီထွေးက လှမ်းအော်လေသည်။

နွဲ့သည် ပါးချိုင့် ရေးရေးလေးပေါ်အောင် မသိမသာလေး ပြုံးလိုက်ပြီး ညီထွေး၏ စကားကို မကြားချင်ယောင်ဆောင်နေသည်။

'ကိုလတ်တို့ ခြံကြီးလို နွဲ့တို့ခြံမှာ အပင်တွေ စုံရင် သိပ်ကောင်းမှာ'

'အို.... ဘာလုပ်ဖို့၊ အဲဒါဆို မိုးတို့ ရေလောင်းနေရမှာပေါ့။ အခုတော့ ဘယ်လောက်ကောင်းတုန်း၊ ကိုလတ်က ရေလောင်းပြီး မိုးတို့က အသင့်သင့် ခူးစားရုံပဲ'

မိုးသည် နွဲ့လက်ထဲမှ ဘူးသီး ထွားထွားနုနုကြီးကို လှမ်းယူလိုက်ရင်း ပြောလေသည်။

ဖျော့တော့တော့သော ဆည်းဆာရောင်ဝယ် မိုးပန်ထားသော ရောင်စုံပန်းလေးများသည် တောက်ပနေသည်။ ငယ်ရွယ်နုပျိုသော အလှသည် ဆည်းဆာရောင် ဖျော့ဖျော့ဝယ် တက်ကြွနေလေသည်။

'နွဲ့.... ငွေဘာရီရဲ့ ကဗျာလေးတစ်ပုဒ် မဖတ်ဖူးဘူးလား။ သိပ်ကောင်းတာပဲ'



ကလေးဘဝက တစ်သွေးတည်း တစ်သံတည်းရှိကြသော လူငယ်လေးဦးသည် ကြီးကောင်ဝင်လာကြသောအခါ ကိုယ်ပိုင်ဝါသနာလေးများ ကိုယ်စီရှိလာကြသည်။

မိုးသည် အရုပ်ကားချပ်လေးများစုကာ ပန်းချီရေးဆွဲနေတတ်သည်။ နွဲ့က သစ်ပင်လေးများ ကြားတွင် ပျော်လေသည်။ ညီထွေးသည် ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် ရောကျော် လုပ်နေစဉ်တွင် ကိုလတ်ကမူ ကဗျာ၊ ဝတ္ထု၊ စာညွန့်၊ ဆောင်းပါး အစုံကို အချိန်အားရတိုင်း မထတမ်းဖတ်သော အလေ့ရှိလာပြီ ဖြစ်သည်။

'အလိမ္မာ စာမှာရှိ'ဟူသော စကားကို ဦးလေးစိန်ကလည်း မပြတ် ပြောလေ့ရှိသည်။

သူကိုယ်တိုင် ခေတ်ပညာမတတ်ခဲ့သောကြောင့် ကိုလတ်၏ ပညာရေးကို အထူးအားပေးလေသည်။ ကျောင်းစာသာမက အခြားစာများ ဖတ်လျှင်လည်း ကျေနပ်နေသည်သာ ဖြစ်၏။

'ဘာကဗျာလဲ၊ နွဲ့ မသိဘူး'

'တို့တွေ အလွတ်တော့မရဘူး၊ အဓိပ္ပာယ်ကတော့ဟာ လူတွေဟာ သူများခြံထဲမှာ ပန်းတွေပွင့်တာ ဖူးတာကို အားကျပြီး နေမယ့်အစား ကိုယ့်ခြံထဲမှာလဲ ကိုယ်သာယာအောင် စိုက်ဖို့ ပျိုးဖို့ ပြောတာဟ။ နေဦး.... ခဏနေတော့ ငါယူပြမယ်။ အလွတ် မရဘူး'

ကိုလတ်၏ စကားကို နွဲ့ကတစ်ဦးတည်းသာ လေးလေးစားစား နားထောင်နေလေသည်။

မိုးနှင့် ညီထွေးသည် အရေးပင် မစိုက်ကြချေ။

www.burmeseclassic.com

တစ်ဦးနှင့်တစ်ဦး ဘူးသီးချင်း အကြီးပြိုင်နေကြလေသည်။ မိုး၏ ဘူးသီးကရှည်ပြီး၊ ညီထွေး၏ ဘူးသီးက ဝိုင်းသောကြောင့် တိုင်းမရဘဲ အကြွံအိုက်နေကြသည်။

ကိုလတ်သည် အိမ်ဘက်သို့ပြေးထွက်သွားကာ စာအုပ်လေး တစ်အုပ် ယူလာလေသည်။

မှိန်ဖျော့ဖျော့ ဆည်းဆာ ရောင် ဝယ် ထင်း နေ သော 'သာသည့်မြေ' သို့ ဟူသည့် ကဗျာခေါင်းစဉ်လေးကို နွေသည် ငေးစိုက်ကြည့်နေမိလေသည်။

ထိုနောက် အောက်ဘက်မှ စာသားလေးကို ခပ်ဖြည်းဖြည်း ဖတ်မိလေသည်။ တစ်ခါတည်း ဖတ်မိရုံနှင့် မရှင်းသောကြောင့် ထပ်ဖတ်သည်။ ထို့နောက် နွေ့ စိတ်ထဲတွင် စွဲသွားသည်။

'သူ့စခန်း၊ သာဆန်းရဂုံသွင်မို့
ငါလှမ်းကာ မှိုဝင်လို့
ပြာငွေစင် ကြိုင်ပျံ့မွှေးပါတဲ့
ပွင့်ဂုံဆင် ပင်တွေကြားမှာလ
လျှောက်သွားကာ ပျော်သလိုလှုပ်ပါတ်
မြရောင်စို့ သည်မြက်ခင်းရယ်နဲ့
သင်းလေခို လှိုညိုရိပ်မှာဖြင့်
လျှောင်းအိပ်လို့ တစ်ကိုယ်သာ
ရှင်ပါလင့်စိတ်ထဲ၊
သိလဲလေ မသင့်လျော်ပေဘူ
ငါ့ခြံမြေ ဥယျာဉ်နန်းလေလဲ
လှလေသည့် သာစခန်းပေပေါ့
စိတ်ဟန်ကို သည်လိုပြလို့



ကျက်သရေ တက်နေဝင့်အောင်လ
ငါ့ခြံမြေ အခြေမြှင့်ချင်ငဲ့
သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်
ငါ့မြေမှာ နီဝါတင့်ရမပေါ့
အခွင့်အခါ မျှော်လို့
ဥယျာဉ်တော် သာယာရေးကိုလ
ရှုမြင်မြော် ခါခါတွေးပါလို့
မနှေးပင် အားအင်ထုတ်လို့ရယ်
ပေါင်းနုတ်ဖို့ခဲ'

'ဥယျာဉ်တော် သာယာရေးကိုလ
ရှုမြင်မြော် ခါခါတွေးပါလို့
နှေးပင် အားအင်ထုတ်လို့ရယ်
ပေါင်းနုတ်ဖို့ခဲ'

နွေသည် စိတ်ထဲမှ တိုးတိုးလေး ရွတ်ဆိုလိုက်မိသည်။

ထိုနေ့ ထိုအချိန်ကာလ၌ နွေသည် ကဗျာ တိုရှည်သားများ ကို မှတ်ရကောင်း၊ ကြိုက်ရကောင်းမှန်း သိလာခြင်း ဖြစ် လေသည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကဗျာ၏အရသာကို စတင် ခံစားတတ်လာသည့် ထိုနေ့ကို တွေးမိရင်း နွေ့မျက်နှာလေး ပြုံးရိပ်ရိပ်လေး ဖြစ်နေလေသည်။

'အဲဒီတုန်းက ကိုလတ်ကြီးက အမြဲ နောက်ကျတယ်နော်၊ သူ့မှာ ရေလောင်းရတာနဲ့၊ ပေါင်းသင်ရတာနဲ့၊ အားကြီးအလုပ်များတယ်။ တစ်ခါတလေ သူမလာရင် သူ့ဝေစု သကြားလုံးကို မိနွေမသိအောင် တို့နဲ့ မိုး တစ်ဝက်စီ စားပစ်ကြတယ်နော်၊ ဟား....ဟား၊ တစ်ခါတလေတော့ မိုးက တို့တောင်မသိဘူး၊ ဦးအောင် တစ်ယောက်တည်း စားပစ်ရော၊ ဟား....ဟား.... ဟား၊ အားကြီး ငတ်ကြီးကျတယ်'

ညီထွေးသည် ဖိုးအောင်လေးကို သူ့ပေါင်ပေါ် ဆွဲတင်လိုက်ရင်း တဟားဟား ရယ်နေလေသည်။

ဖိုးအောင်လေး စိတ်ဝင်စားစွာနှင့် ငေးကြည့်နေသော သူ့လက်မှ ကျောက်ပတ်တီးကြီးကို မြင်သာအောင် ပြသည်။

ဖိုးအောင်သည် သူ့လက်ချောင်းနုနုလေးများနှင့် ကျောက်ပတ်တီး ဖြူဖြူကို မထိတထိ စမ်းကြည့်နေလေသည်။

အတိတ်သို့ လွင့်ထွက်သွားသော နွေ့ စိတ်အစဉ်သည် ညီထွေး၏ ရယ်သံကြောင့် ပစ္စုပ္ပန်ကာလသို့ ရုတ်ခြည်းပြန်လည် ရောက်ရှိလာသည်။

လုံးဝန်းသော ဘူးသီးကြီးကိုဖက်ရင်း အလျား အနံ လုံးပတ်တို့ကို တိုင်းတာ ဧရိယာနှင့် ထုထည်ကို တွက်ရန် ကြိုးစားနေသော ကောင်ကလေးသည် စစ်ဗိုလ်ကြီးလုံးလုံး ဖြစ်နေချေပြီ၊ တိုက်ပွဲပေါင်း များစွာကိုလည်း ရှုပ်ရှုပ်ချွချွ တိုက်ခဲ့ပြီးပေပြီ၊

'ပြောပါဦး ညီထွေးရယ်၊ နင့်လက်က ဘယ်လိုဖြစ်တာလဲ'

ညီညီထွေး၏ မျက်နှာသည် ရုတ်ခြည်း တည်ကြည်သွားသည်၊ မျက်လုံးများကလည်း မှိုင်းညို့ ရီဝေလာလေသည်၊



နှုတ်ခမ်းများကို တင်းတင်းစေ့ပြီး ရှေ့တည့်တည့်သို့ စိုက်ကြည့်ရင်း ခေတ္တမျှ ငြိမ်သက်သွားသည်။

'နင်တို့တွေက ရန်ကုန်မှာ ဇိမ်လေးနဲ့နေကြတာ၊ တိရစ္ဆာန်ရုံ သွားလိုက်၊ ဇိုးရိုးဇီးရီးဆဲဗင်းလေး ကြည့်လိုက်နဲ့ ပျော်စရာ အတိပေါ့၊ ရှေ့တန်းက စစ်သားတွေတော့ အသက်နဲ့ရင်းပြီး နိုင်ငံကို ကာကွယ်နေကြရတယ်၊ ဒီကလူတွေက သေနတ်ပစ်ကားတွေကြည့်ပြီး အပျော်တမ်း ရင်ဖိုနေကြတဲ့အချိန်မှာ တို့ကောင်တွေဟာ ရန်သူပတ်လည်ဝိုင်းပြီး ရင်တဒိုင်းဒိုင်း ခုန်နေရတယ်၊ တို့တွေဟာ တောထဲတောင်ယံ နယ်စွန်နယ်ဖျားတွေမှာ ကိုယ့်နိုင်ငံက မြေကလေး တစ်လက်မမှ အပုံမခံနိုင်တဲ့ စိတ်နဲ့ တိုက်ခိုက်နေကြရတယ်၊ ဒီအချိန်မှာ နင်တို့ရဲ့မြို့တော် ရန်ကုန်ကြီးမှာ တိုးတက်မှုတွေက ဗင်းကြမ်း၊ ငါပြန်ရောက်တော့ မျက်စိလည်နေတာပဲ၊ စတီရီယို ကေးသံတွေကလဲ ညံလို့၊ တိုက်တိုက်ပုန်းပါတီတွေကပွဲတွေနဲ့၊ ဆံပင်ရှည်ကြီးတွေနဲ့ ဟိုနား ဒီနား စုနေလိုက်ကြရင် သရုပ်ပျက် လမ်းသရဲလေးတွေချည်းပဲ၊ မှောင်ခိုဈေးကြီးမှာလဲ စည်ကားလိုက်တဲ့ လူတွေ၊ မိန်းကလေးတွေကလဲ ဖက်ရှင်တွေ အမျိုးမျိုးထွင်ပြီး ဝတ်ကြ စားကြ၊ တစ်ခါတလေ သူတို့ဝတ်နေတာ မြန်မာအင်္ကျီလို့တောင် မထင်ရတော့ဘူး၊ ဘာပုံတွေမှန်းလဲ တို့မသိဘူး၊ စစ်ပွဲထဲမှာ တိုက်ရလို့ ရင်မမောပါဘူး မိုးရယ်၊ အဲဒီမြို့ရဲ့မြင်ကွင်းတစ်ရာကို မြင်တော့ တို့ရင်ထဲမှာ ဆို့ပြီး မောသွားတာပဲ'

နွေသည် ညီထွေးကို ငေးကြည့်နေမိသည်။

အပြောင်အပြက်နှင့် ရန်စကားကိုသာ ဆိုတတ်သော လူပျော်ကလေး ညီညီထွေးသည် ဘဝနှင့် ရင်းလာသောအခါ လေးလေးနက်နက် စကားများကို ပြောတတ်လာချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာ ပျော်စရာများကိုသာ ရှာကြံပြီး ကြည့်တတ် မြင်တတ်သော မျက်လုံးအစုံသည်လည်း ခေတ်ကို ပြတ်ပြတ်ထင်ထင် မြင်လာဟန် ရှိလေသည်။

'ကဲ… ပြောပါဦး၊ နင့်လက်က ဘယ်လိုဖြစ်တာလဲ၊ စစ်တိုက်တဲ့ ဒဏ်ရာမှ ဟုတ်ရဲ့လား ညီထွေးရဲ့၊ နင့်ဟာနင် စတော်ဘယ်ရီသီး တက်ခူးပြီး သစ်ပင်ပေါ်က လိမ့်ကျတာ မဟုတ်လား'

ညီထွေးက ခံစားချက်အပြည့်နှင့် ပြောနေစဉ် မိုးကလည်း သူ့အကျင့်အတိုင်း ခပ်သောသောလေး ဝင်ဖောက်သည်။

စတော်ဘယ်ရီပင်ဆိုသည်မှာ မြေတွင်ဝပ်နေသော အပင်ပုလေးများ ဖြစ်သည်။ ညီညီထွေးကို စတော်ဘယ်ရီပင်ပေါ်က လိမ့်ကျပြီး လက်ကျိုးသလားဟူ၍ သက်သက် ဝင်နှိမ်ခြင်း ဖြစ်လေသည်။

ညီညီထွေးကလည်း သူ့ဟန်အတိုင်းပင် မိုးကို မျက်မှောင်ကြုတ်ရင်း ကြည့်မိသည်။

ခြောက်နှစ်ဟူသောအချိန်ကာလသည် ကလေးနှစ်ယောက်အမေ မိုးကို အသက်ခြောက်နှစ် ကြီးသွားစေခဲ့သော်လည်း ငယ်မူငယ်ကျင့်များ ပျောက်သွားစေရန်ကား မတတ်နိုင်ခဲ့ဟန် မတူချေ။

'အဲဒီတုန်းက ကိုက နယ်မြေခံတပ်စု ရှေ့ဘက်မှာ တိုက်ကင်း ထွက်တဲ့တပ်က သူပုန်နဲ့တွေ့ပြီး ပစ်ကြခတ်ကြတော့ ငါတို့က စစ်ဘူလှူသွားရတာပေါ့။ တို့လိုက်တာ လွဲသွားတယ်၊ ရန်သူက တောင်ကုန်းပေါ်ကနေ လှမ်းမြင်ပြီး ပစ်လိုက် ခတ်လိုက်တာဟာ နားကို အူနေတာပဲ။ တို့က ပစ်ကွင်းတည့်တည့် ရောက်နေတော့ ခေါင်းကို မဖော်နိုင်ဘူး။ နောက်ဆုံးတော့



မတတ်နိုင်ဘူး၊ တစ်ဖက်က ဆင်ခြေလျှော ချောက်ထဲ လှိမ့်ချရတယ်၊ အဲဒီတုန်း ငါ့ခြေထောက်ကို မသေနတ်မှန်တာပဲ'

'ဟာ… ညီထွေးရယ်၊ နင်လုပ်လိုက်မှဖြင့် ဆန်းချည်းပဲ၊ ခြေထောက်ကို သေနတ်မှန်တာ လက်က ကျိုးသွားရောလား"

မိုးက တအံ့တသြ မေးလေသည်။

ညီထွေးသည် စိတ်မရှည်ဟန်ဖြင့် သူ့လက်ထဲရှိ ချိုချဉ်စက္ကူလေးကို ပစ်ချလိုက်လေသည်။

'မိုးရာ… ဆုံးအောင်ပဲ နားထောင်ပါဦး။ လှိမ့်ချရင်း သေနတ်မှန်ပြီး ထူထူပူပူနဲ့ ဘာတွေနဲ့ ဘယ်လို တိုက်မိ ခိုက်မိ ရိုက်မိလဲတော့ မသိဘူး။ အောက်ရောက်တော့ လက်က အရမ်းနာနေတာ သိတယ်၊ ဒါပေမယ့် ခြေထောက်က သွေးထွက်နေတော့ ခြေထောက်ကိုပဲ ပိုဂရုစိုက်တာပေါ့။ ဒါပေမယ့် ခြေထောက်က အရိုးမထိဘူး၊ အသားကိုသာ ကျည်ဆံ ဖောက်သွားလို့ ကိစ္စမရှိဘူးလေ၊ လက်ကလာ ယောင်ကိုင်းလာပြီး လားရှိုးဆေးရုံမှာ ကုရသေးတယ်၊ အရိုးက ကျိုးရုံမကဘူး၊ လွဲနေတာနဲ့ နောက်တော့မှ ရန်ကုန်သွားဆိုပြီး ရောက်လာရတာပဲ အစ်မတို့ရဲ့'

ညီညီထွေးသည် မောသွားဟန်နှင့် ကော်ဖီပန်းကန်ကို ဆွဲယူပြီး တစ်ကျိုက်တည်း မော့ချလိုက်လေသည်။

ဒီတစ်ခါတော့ မိုးသည် ပြောင်ရွှတ်ရွှတ် မပြောတော့ပေ။

ညီညီထွေးကို ကရုဏာလွှမ်းသော မျက်လုံးလေးများနှင့် ကြည့်နေလေသည်။

သူတို့တစ်တွေ စစ်တိုက်တမ်း ကစားစဉ်က နွေ ညစ်ပြီး ခဲနှင့် ပစ်တိုင်း ခုန်ကာပေါက်ကာနှင့် မကျေမနပ် ဖော်လေ့ရှိသော လူငယ်လေး ညီထွေးသည် ယခုအခါ ကျည်ဆံအစစ်

www.burmeseclassic.com

www.burmeseclassic.com



များ ကြားထဲတွင် ကိုယ်ခန္ဓာကို ကွေ့ပတ်၍ ရှောင်တိမ်းနေရှာပေပြီ။

နွေ့ပစ်သော ကျောက်ခဲများသည် ညီထွေး၏ နဖူးကိုတိန်ခနဲ တိန်ခနဲ ထိမှန်ခဲ့သော်လည်း ပြည်ဖျက်ရန်သူအပေါင်းတို့၏ ကျည်ဆံသည်ကား ညီထွေးကို ကွင်းပါစေ၊ ဖယ်ပါစေဟု တိတ်ဘဆိတ် ဆုတောင်းမိလေသည်။

ခေတ္တမျှ အတွေးကိုယ်စီနှင့် ငြိမ်နေပြီးကြပြီး နာရီလက်တံက ရှစ်နာရီကို ညွှန်ပြသောအခါ မိုးက သတိရသလိုပြောသည်။

'ထမင်းစားပြီးမှ ပြန်နော်'

'အားနာစရာကြီးဗျာ၊ စားဘာပေါ့၊ ဘာဟင်းလဲ'

'ခြေလေးချောင်းသား အကုန်စားတယ် မဟုတ်လား'

'ဟင့်အင်း၊ တစ်ခု ရှောင်ထားတယ်လေ'

'ဟင်.... ဘာလဲ'

'ခုတင်'

'ဟဲ့.... ငါက အကောင်းမေးတာ'

'ဩော်.... အကောင်းကိုမေးတာလား၊ သိပါဘူးဗျာ၊ ညီညီထွေးကိုများ မေးတာလားလို့'

နင့်ဘိုးအေမှပဲ'

'ကျွန်တော့် ကိုအေလား၊ ဦးချစ်စုတဲ့ အဘွားက ခေါ်လှမယ်တဲ့၊ သူတို့နှစ်ယောက် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား ပြီးတဲ့အခါ ကျွန်တော့်ရဲ့ မွေးသဖခ ကျေးဇူးရှင်ကြီး ဦးချစ်ထွေးကို မွေးဖွားသန့်မင်....'

'ညီထွေးနော်၊ ငါ တီးမိတော့မယ်'

'ဘာလဲ၊ စန္ဒရားတီးမလို့လား၊ ကောင်းသားပဲ၊ တီးလေ၊ နားထောင်ရတာပေါ့'



'ဟဲ့....ညီထွေး၊ ခွေးကောင်လေး တော်တော့'

မိုးက စိတ်မရှည်နိုင်ဘဲ လက်ကို ဝှေ့ယမ်းကာ အော်လေတော့သည်။

နွေ့သည် သူတို့နှစ်ဦးကိုကြည့်ရင်း ရယ်မောနေမိလေသည်။

မိုးက စကားကို အတည်ပြောသောအခါ ညီထွေးက တစ်လှည့် ဖောက်လာပြီ ဖြစ်သည်။

မိုး ထမင်းပွဲပြင်နေစဉ် နွေ့သည် ရေအမြန်ချိုးရလေသည်။ ကျောင်းခေါ်ခေါ်သွားရမည့် နေ့တွင်မှ ညီညီထွေး ရောက်လာသဖြင့် စောဖို့နေနေသာသာ ခါတိုင်းထက်ပင် နောက်ကျတော့မယောင် ရှိသည်။

ရေမိုးချိုး၊ အဝတ်အစားလဲပြီး ကျောင်းကို တက်သုတ်ရိုက်ပြေးရန် ဖြစ်ရသည်။

ထမင်းပင် မစားအား၊ ချိုင့်လေးနှင့် ထည့်ယူသွားရမည် ဖြစ်လေသည်။

'ဟော့....နွေ့၊ နင်ကရော လက်ပွအင်္ကျီ မဝတ်ဘူးလား၊ နင့်အင်္ကျီပုံကြီးက ရိုးလိုက်တာ'

အင်္ကျီဖြူလက်ရှည်၊ လုံချည်စိမ်းလေးနှင့် ထွက်လာသော နွေ့ကို စေ့စေ့ကြည့်ရင်း ညီညီထွေးက ပြောလေသည်။

နွေ့သည် ပါးချိုင့်လေး ရေးရေးပေါ်လာအောင် ပြုံးလိုက်မိသည်။

'ဆရာမ ညီထွေးရေ ဆရာမ၊ ကလေးတွေကို နည်းပေးသမ်းပြတဲ့ ကလေးတို့ရဲ့ ဆရာမ၊ အဝတ်အစား အဆင်အပြင်က စပြီး ရိုးရိုးနဲ့ ယဉ်ရမယ်၊ ဣန္ဒြေသိက္ခာရှိရမယ်၊ သပ်ရပ်ရမယ်၊ သန့်ရှင်းရမယ်၊ သူတို့လေးတွေရဲ့ စိတ်ထဲမှာ စံထားရမယ်၊ စံပြဖြစ်ရမယ်၊ ကဲ....ကဲ.... သွားမယ်၊ ညီထွေး လာဦး

www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်လား၊ နောက် တွေ့ဦးမှာပေါ့၊ ဟိုသွားတော့မယ် နော်'

နွေသည် အိမ်ပေါ်မှ သွက်သွက်လေး ဆင်းလိုက်သည်။ လှေကားဘေးရှိ ညမွှေးပန်းရုံမှ ညမွှေးပန်း၊ စိမ်းဖန့်ဖန့်လေးများ ဝိုက်ကျနေလေသည်။

နွေသည် ညမွှေးပန်းတစ်ခက်ကို ဆွဲခူးလိုက်ပြီး ဆံထုံးတွင် သွားရောင်းသာရုံး ထိုးစိုက် ပန်ဆင်လိုက်သည်။

လုံချည်စိမ်းနှင့် ပန်းစိမ်းပန်ထားသော နွေသည် ညီထွေးကို ပြုံးရယ် နှုတ်ဆက်လိုက်သည်။

ရွှေဆိုင်ဝင်းနေသော နေရောင်ခြည်တွင် နွေ့ အဆင်အပြင်နှင့် အမူအရာသည် ရိုးရှင်းယဉ်ပြီး ရင်ခံအားဖွယ် ကောင်းနေလေသည်။

ညီညီထွေးသည် ညမွှေးပန်းတစ်ခက်ကို လှမ်းယူပြီး နမ်းလိုက်မိသည်။

ညအခမှောင်တွင် ကြိုင်နေအောင်မွှေးတတ်သော ညမွှေးပန်းများသည် နေရောင်ခြည်တွင်မူ ရှက်မနိုး ခေါင်းငုံ့နေကြရှာသည်။

အသာအယာ ရှိုက်နမ်းကြည့်မိပြန်သည်။ ရနံ့မွှေးမွှေးကို သိဝှက်ထားကြလေသည်။

မွှေးပျံ့လှသော ရနံ့ကို အပွင့်ကြားတွင် လည်းကောင်း၊ ညှာတံအောက်တွင်လည်းကောင်း၊ လုံနေအောင် ဝှက်ထားကြလေသလားဟု ညီညီထွေးသည် ကလေးဆန်ဆန် တွေးမိသည်။

'ဦးဦး၊ မေမေက ခေါ်နေသယ်၊ ကမင်းကြားမယ်သို့'

ခပ်ရှရှ ပြောလိုက်သော အသံလေးကို ကြားလိုက်ရသဖြင့် ညီညီထွေးသည် နောက်ဘက်သို့ လှည့်ကြည့်မိသည်။



ဂါဝန်နီလေးကို နောက်ဘက်သို့စုသိမ်းရင်း မရဲတရဲဟန်လေးနှင့် ရပ်နေသော ကလေးမငယ်လေးသည် ညီထွေးကို ပြန်ကြည့်နေလေသည်။

ညီညီထွေးက ဦးခေါင်းကို ညွတ်ကာ ပြုံးရယ်လိုက်သောအခါ မိငယ်လေးကလည်း ပါးချိုင့်လေး ရေးရေးပေါ်လာအောင် ပြန်ပြီး ပြုံးပြလေသည်။

'အလေးနာမည် ဘယ်လိုခေါ်လဲဟင်'

'မိနယ် တဲ့'

'မိနယ်၊ ဟုတ်လား'

'ဟုတ်ပါဘူး၊ မိနယ်ပါ'

'ဘာရယ်ကွယ် မိနယ်'

'နကို ယပက်လက်တာတော့ နယ် အဲဒီ နယ်'

မိငယ်၏မျက်နှာတွင် အပြုံးရိပ် ပျောက်သွားလေသည်၊ ပါးအို့ ကလေးနီမရာင်မြေးလှာပြီးမျက်မှောင်ကြုတ်ရင်းပြောသည်။

ညီညီထွေးသည် မိငယ်လေးကို အသေအချာစိုက်ကြည့်ရင်းရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားသည်။

ထိုနောက် ခေါင်းကို နောက်သို့ပစ်ကာ ဟားခနဲ ရယ်လိုက်မိလေသည်။

'ဘာလဲ၊ ဘာကိုနယ်တာလဲ၊ နာနာနယ် တာလား'

မိငယ်သည် ရှတ်ထရက် နောက်ဆုတ်လိုက်သည်။

တဟားဟား ရယ်နေသော ညီညီထွေးကို ရှတည်တည်လေး ကြည့်ရင်း နှုတ်ခမ်းလေးက တရှုရှု လှုပ်နေသည်။

'ဟုတ်ဘူး၊ နာနာနယ် ဟုတ်ဘူး၊ နကို ယငက် တော့ နယ် အဲဒီ နယ်၊ မိနယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ....အေးပါဟ၊ နကို ယပက်လက်ဆတ်တော့ နယ်ပါ၊ ဟုတ်ပါသယ်'

'ဟုတ်ပါဘူး'

'အိုကွယ်.... ဟုတ်ပါတယ်၊ နယ်ပါ ဆိုမှ'

'နဲ မဟုတ်ဘူး၊ နဲ'

ထလေးမလေးကို မျက်ရည် ရစ်ဝဲလာသည်အထိ ကျီစယ်ရင်း ညီထွေးသည် အူမြူးလာသည်။

စိန်ပန်းပွင့်များကို ဖနောင့်နှင့် ဖိချေရင်း ဒေါသတကြီးဖြစ်နေသည့် 'နွေ' ကလေးကို ပြန်တွေးမိရင်း သူကိုယ်တိုင်ပင် ထိုအသက် ထိုအရွယ်သို့ ပြန်ရောက်သွားသလို ခံစားမိသည်။

'ဟဲ့.... သမီးလေး မိငယ်၊ ဦးဦးကို ခေါ်ခဲ့တော့လေ'

'မထော်ချင်ဘူး မေမေ၊ မထော်ချင်ဘူး'

မိငယ်က ကဲကဲဆတ် ပြန်ပြောလေသည်။

ညီညီထွေးကို ရန်လိုသောအကြည့်နှင့် ခပ်စောင်စောင်ကြည့်နေသည်။

ဟက်ဟက်ပက်ပက် ရယ်နေသော ညီညီထွေးနှင့် မျက်ရည်ရစ်ဝိုင်းနေသော မိငယ်တို့ကိုကြည့်ကာ မိုးသည် အခြေအနေကို ချက်ချင်းပင် သဘောပေါက်သွားလေသည်။

အစသန် အနောက်သန်သော ညီညီထွေးသည် သူ့သမီး ငယ်ငယ်လေးကို ငိုသည်အထိ စ,မည့်သူဖြစ်ကြောင်း သတိရသောကြောင့် ဖြစ်သည်။

'ထော်ပါကွာ၊ ထော်ပါ'

ညီညီထွေးသည် မိငယ်လေးကို ခါးမှကိုင်ကာ မွေ့ခနဲဆွဲမြှောက်လိုက်ရင်း ခပ်သောသော ပြောလေသည်။

မိငယ်လေးသည် ယက်ကန်ယက်ကန် ပါသွားသည်။



ဆံပင်ဒပျော့ပျော့လေးများသည် ဖွာခနဲ ဝဲကျလာပြီး ဂါဝန်လေးသည်လည်း လေတွင် လွင့်သွားသည်။

'ညီထွေး၊ နင် ငယ်တုန်းကအတိုင်းပဲ၊ နွေနဲ့ စတွေ့တော့လဲ အစလွန်ပြီး ရန်ဖြစ်တယ်၊ အခုရော ငါ့သမီး ပိစိကွေးနဲ့ ရန်ဖြစ်ချင်သေးလို့လား'

မိုးသည် သူ့သမီးငယ်ကိုဆွဲပွေ့ကာ ရယ်မောနေလေသည်။

ညီထွေးသည် ထမင်းစားခန်းထဲသို့ ငုံ့စောင်း ကြည့်ပြီးမှ ရုတ်တရက် သတိရသလို ပြောသည်။

'နေပါဦး မေ့နေလိုက်တာ၊ မိုးရဲ့ ချစ်သူသန့်သန့် ခန့်ချောကြီးရော'

'မြစ်ကြီးနား ပြောင်းသွားရတယ်တဲ့'

'နီးနီးနားနားပါလားဟျ၊ ဒီလိုဆို မိုးက ဒီမှာ တစ်ကိုယ်တည်းပေါ့'

'အေးပေါ့ဟာ၊ လွမ်းလှပြီ'

'လွမ်းရင် လိုက်သွားပါလား'

'လိုက်မယ်၊ လိုက်ချင်လှပြီ၊ ၈ ကော နှစ် ချပ် ကိုတောင်အတောင်တပ်ပြီး ပျံသွားချင်တာ၊ ဒီတစ်ခါ မိနွေ ကျောင်းပိတ်ရင် ကလေးတွေကို သူနဲ့ထားခဲ့ပြီး မိုးကတော့ လိုက်သွားမှာ'

'မိနွေက ကလေးထိန်းပေါ့'

'အင်းပေါ့'

'မိုး ဘယ်ကရှားမလဲ'

'ညီမ အပျိုဆိုတာ အစ်မရဲ့ ကလေးထိန်းပဲဟ၊ မှတ်ထား၊ ကလေးတွေကို မိနွေနဲ့ ထားခဲ့ပြီး မိုးကတော့ အပျိုလုပ်သွားမှာပဲ၊ ဟား.... သူကလဲ ဟိုမှာ တစ်ယောက်တည်း လူပျိုကြီးလုပ်နေတာ'

www.burmeseclassic.com

www.burmeseclassic.com



မိုးက တသိမ့်သိမ့်ရယ်မောရင်း ပြောလေသည်။ အစ်ကိုနှင့် ခွဲနေရသည်မှာ ကြာလှချေပြီ။

အစ်ကိုကလည်း အလုပ်ကို အကြောင်းရှာပြီး ရန်ကုန်လာတတ်သူ မဟုတ်။

အစ်ကို့ဆီ လိုက်သွားမည်ဟု တွေးမိရုံနှင့် မိုးရင်ထဲတွင် မျက်လုံးလေးများသည်လည်း လဲ့လဲ့လေး ရွှန်းလာလေသည်။

၄

အစ်ကို့ဆီ လိုက်သွားမည်ဟု တွေးမိရုံနှင့် မိုးရင်ထဲတွင် ရွှင်ပျော်ကာ မျက်လုံးလေးများသည်လည်း အရောင်လဲ့လဲ့လေး ရွှန်းလာလေသည်။

'ညီမအပျိုဆိုတာ အစ်မရဲ့ ကလေးထိန်းပဲဟ၊ မှတ်ထား။ ကလေးတွေကို မိနွေနဲ့ထားခဲ့ပြီး မိုးကတော့ အပျိုလုပ်သွားမှာပဲ သိလား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ တယ်တရားတယ်'

နွေသည် မိုးကို ဆတ်ခနဲ ကွန်းပစ်လိုက်သည်။

မိုးသည် ကိုယ်ကိုရှို့ကာ ရွှေစီလိုက်ရင်း မျက်စိတစ်ဖက် မှိတ်ပြသည်။

ထိုနောက် ကိုယ်လုံးပေါ်မှန်ထဲတွင် ခိုပ်ရိပ်ထင်နေသော သွယ်ရှမ်သွင်ကို သူ အမှတ်မထင် ငေးကြည့်နေမိလေသည်။

သွယ်လျသော၊ အသားဖြူသော၊ မျက်လုံးဝိုင်းနှင့် မျက်တောင်ကော့သော မိုး၏ အရိပ်သည် ပြုံးလဲ့လဲ့နှင့် မိုးကို ပြန်ပြီး ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နွေရေ မိုးနည်းနည်း ပိန်သွားတယ်နော်'

'အင်း'

'လှသေးရဲ့လား'

'မလှဘူး'

'ဒါပေ အစ်ကိုက ပိန်တာကို ကြိုက်တယ်တဲ့'

'ကြိုက်ရင် ပိန်အောင်လုပ်ပေါ့၊ နက်ဖြန် ထမင်းမစားနဲ့'

'အို... ဆာတာပေါ့'

'ဆာရင်လဲ အဆာခံပေါ့'

မိုးသည် မှန်ထဲမှတစ်ဆင့် မြင်နေရသော နွေကို လှမ်းကြည့်ပြီး ပြုံးလိုက်မိလေသည်။

နွေသည် ယခုထက်တိုင်အောင်ပင် သူ့အစ်မကို ပိုင်စိုးလိုစိတ် လွှမ်းမိုးဆဲ ဖြစ်သည်။

မိဘနှစ်ဦးနှင့် နွေ့ကို ထားခဲ့ကာ မိုးကို ဆွဲခေါ်သွားသော မိုး၏ ချစ်သူကိုလည်း မကျေနပ်ချင်၊ လိုက်သွားသော မိုးကိုလည်း မကျေနပ်ချင်။

ယခုအခါ မိုးသည် ရစ်သွေးငယ်နှစ်ဦးနှင့် နွေ့ကို ထားခဲ့ပြန်ကာ ချစ်သူနောက်သို့ လိုက်မည်ဟန် မြင်နေပြန်သောအခါ နွေသည် စိတ်ချဉ်ပေါက်လာဟန် ရှိလေသည်။

အပျိုပေါက်မလေးသဖွယ် ပြုံးပျော်နေသော မိုးကို မကျေမနပ် ဖြစ်နေဟန် ရှိသည်။

'နွေ စိတ်ဆိုးနေလား'

'ဆိုးပါဘူး'

'ဆိုးပါတယ်ကွယ်၊ မိုးသိတာပေါ့'

မိုးသည် နွေ့ပခုံးကို သိုင်းဖက်လိုက်သည်။ နွေ့ ပခုံးကို တင်းတစ်းညှစ်ကိုင်ရင်း တိုးတိုးလေး ပြောလေသည်။



'နွေ့ရယ် ခုထိကို ကလေးဆန်ချင်တုန်းပဲလား။ နွေ မကျေနပ်ရင် မိုး မသွားပါဘူး နော်'

'အို... သွားပါ မိုးရဲ့။ နွေလဲ ကျောင်းပိတ်တုန်း ကလေးနှစ်ယောက်ကိုခေါ်ပြီး မေမေတို့ဆီ ပြန်မယ်လေ။ အိမ်ကိုတော့ သော့ခတ်ကြတာပေါ့'

နွေသည် မကြည်မသာဖြစ်နေသော သူ့မျက်နှာထားကို ချက်ချင်း မြင်လိုက်လေသည်။

အိပ်ပျော်နေသော ဖိုးအောင်လေး အနားတွင် တဝီဝီမြည်နေသော ခြင်တစ်ကောင်ကို ဖြန်းခနဲ လှမ်းရိုက်လိုက်သည်။

ခြင်ကောင်သည် လက်ကြားထဲမှ လွတ်ထွက်သွားသည်။

ဖိုးအောင်ကို ခြင်ထောင်ချပေးနေရင်း နွေသည် ကိုလတ်ကို သတိရနေသည်။

မေမေတို့ဆီ ပြန်လျှင် ကိုလတ်ကိုလည်း တွေ့ရဦးမည် ဖြစ်သည်။

မေမေတို့သည် ပုသိမ်မြို့တွင်ပင် အခြေစိုက်ခဲ့သည်။ ပစ်စင်ယူပြီး နောက်ပိုင်းတွင် မေမေနှင့် ဖေဖေသည် ပန်းပင်လေးများကို စိုက်ပျိုးရင်း အေးချမ်းစွာ အနားယူကြလေသည်။

ဘောင်ပေါ်မြို့တွင်သာ ဖြစ်ထွန်းသော ကျိုင်းတုံ ဒေစီပန်းများကိုပင် မြစ်ဝကျွန်းပေါ် ဒေသတွင် အပွင့်ကားကားကြီးများ ရအောင် စိုက်ပျိုးနိုင်ခဲ့ကြသည်။

ကိုလတ်သည်လည်း မန္တလေးမှ စိုက်ပျိုးရေးဘွဲ့ ရပြီးသော အခါတွင် ဦးလေးစိန်၏ ခြံထဲသို့ ပြန်လည်ရောက်ရှိလာသည်။

အစိုးရဌာနများတွင် အလုပ်မဝင်ဘဲ သူ ငယ်စဉ်ကတည်းက ပေါင်းသင်ခဲ့ရသော တူးဆွစိုက်ပျိုးခဲ့ရသော မြေကြီးပေါ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ရန် ကြိုးစားခဲ့လေသည်။ ခေတ်

www.burmeseclassic.com

www.burmeseclassic.com



ပညာနှင့် ကျွမ်းကျင်မှု အခြေခံတို့ ရောစပ် လိုက်သောအခါ ကိုလတ်၏ မြေကြီးတို့သည် ရွှေသီးခဲ့ကြရလေသည်။

'မိုးကလဲ ကိုလတ်ကိုယူလိုက်ရင် ပြီးရော'

မိုးသည် နွေ့ကို ဆတ်ခနဲ လှမ်းကြည့်လေသည်။ အံ့ဩခြင်းနှင့် ရယ်ရွှင်ခြင်းသည် သူ့မျက်နှာပေါ်တွင် ရောထွေးသွားသည်။

'ဘာဖြစ်လို့လဲ'

'ကိုလတ်လဲ မဆိုးပါဘူး။ လူတော် တစ်ယောက်ပဲ၊ လူကောင်း တစ်ယောက်ပဲ၊ မိုးက သူ့ကိုတော့ မကြိုက်ဘူး'

'ဟော့တော်.... နွေ့ရယ်၊ မိုးက သူ့ကိုကြိုက်ရအောင် သူကရော မိုးကို ကြိုက်လို့လား'

မိုးသည် ဟက်ဟက်ပက်ပက်ရယ်ရင်း မေးလေသည်၊

နွေ့စိတ်ထဲတွင် ရှုပ်ထွေးသွားသည်၊ ဝေခွဲ၍ မရသော အကြည့်လေးနှင့် မိုးကို ခပ်တွေတွေလေး ကြည့်နေမိလေသည်။ ဧပြည်အေးက တသွင်သွင် တိုက်ခတ်လာသည်၊

နေရောင်ခြည်အောက်တွင် ရနံ့ကို လှိုလှို ထုပ်ကာ ဝှက်ထားကြသော ညမွှေးပန်း စိမ်းစိမ်းလေးများသည် လရောင်ဖြာကျလာသောအခါ မွှေးပျံ့သော ရနံ့ကိုလည်း ဖြန့်လိုက်လေသည်၊

'အရှုးမလေးရယ် ပြောစမ်းပါဦး၊ သူက မိုးကို ကြိုက်လို့လား'

မိုးက ရယ်မောရင်း ထပ်မေးနေလေသည်၊ နွေ့သည် ပင့်သက် ရှိုက်လိုက်ရင်း ခပ်တိုးတိုး ဖြေသည်၊

'သိပါဘူး၊ နွေ့စိတ်ထဲက ထင်တာပဲ'

'ဩော်.... ရူးလဲရူးတဲ့ ကောင်မလေး၊ ညီထွေးက နွေ့ကို ကြိုက်တာနဲ့ ကိုလတ်ကလဲ မိုးကို ကြိုက်တယ် ထင်ရလား'



'အို.... ညီထွေးက နွေ့ကို မကြိုက်ပါဘူး မိုးရဲ့၊ သူက မခ်ချင်စိတ်နဲ့ သက်သက် နွေ့ကို ချီးတာပါ၊ ခုလဲ သူ့မှာရည်းစားတွေကို အများကြီး၊ ညီထွေး စစ်ကတ္တသိုလ်တက်နေတုန်းက မေမြို့က ကောင်မလေးတွေနဲ့ ပေ့ခနေတဲ့သတင်းတွေ နွေ့ ကြားသားပဲ'

'ပျော်တတ် ရွှင်တတ်၊ ချုပ်ချော စစ်ဗိုလ်လောင်းလေး ဆိုတော့လဲ စွံတယ်ထင်ပါရဲ့ဟယ်'

မိုးက ရှာကြံပြီးခွင့်လွှတ်ဟန်နှင့် ပြောလေသည်၊ နွေ့သည် ဘာမျှပြန်မပြောဘဲ မီးခလုတ်လေးကို ဖျတ်ခနဲ ပိတ်လိုက်လေသည်၊

နဂိုက မီးရောင်နှင့် ရောထွေးနေသော ခအေးမြမြ လရောင်လေးသည် ဝင်းလာသည်၊ လဲ့လဲ့ဝါသော လရောင်ရိပ်ဝယ် နွေ့မျက်လုံးလေးများသည် အရည်လည်လျက် ရှိသည်၊

ညမွှေးပန်းနံ့က သင်းသင်းလေး မွှေးနေသည်၊ မိုးသည် သူ့အိပ်ရာမှထလာပြီး နွေ့ဘေးတွင် အသာကလေးဝင်လှဲလိုက်သည်၊

တစ်ယောက်အိပ် ခုတင်လေးပေါ်တွင် ညီအစ်မနှစ်ဦးသည် ပူးပူးကပ်ကပ် လဲလျောင်းရင်း ငြိမ်သက်နေမိကြသည်၊

ခေါင်မိုးရှိ သွပ်ပြားများ ပေါက်လျက် ရှိသည်၊ မှောင်နေသော အခန်းထဲသို့ ကြယ်ရောင် လရောင်လေးများက အမိုးပေါက်လေးများကြားမှ တိုးဝင်လာကြသည်၊

မိုးတို့အိမ်တွင် မျက်နှာကျက် မတပ်နိုင်ခဲ့ပေ၊ မျက်နှာကျက်ကျောက်ပြားများက ဈေးကြီးသောကြောင့် ဖြစ်သည်၊

တစ်ခါဟစ်ရဲ့တော့ ကျောက်ပြားမျက်နှာကျက်ကို စိတ်မကူးတော့ဘဲ ကျူဖျာကိုသာ မျက်နှာကျက်ဆင်လိုက်ရန် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကူးခိုသော်လည်း လက်တွေ့အကောင်အထည်ကား မဖော်နိုင်သေးပေ။

အိုမင်း ဟောင်းနွမ်းနေသော ပျဉ်တောင်အိမ်လေးကို တိုက်အိမ်လေး တည်ဆောက်ရန် မိုး အိပ်မက် မက်နေသည်မှာ ကြာရှည်ခဲ့ပြီ။

'အမိုးတွေလဲ ပေါက်ကုန်ပြီ၊ ဒီနှစ်ရာမှာ တိုက်အိမ်လေး ဘယ်တော့များမှ ဆောက်နိုင်ပါ့မလဲ မသိပါဘူးကွယ်"

မိုးက ခပ်ညည်းညည်းလေး ပြောလေသည်။ အိမ်အိုး အိမ်ဟောင်းကလေးကို သဘော်ဆေးတည်း ဟူသော သနပ်ခါး လိမ်းကျံပြီး၊ အိမ်ရှေ့ မြေကွက်လပ်ကလေးရှိ နွေ၏ ပန်းဥယျာဉ် ဝေဝေဆာဆာကလေးက ပန်းပန်ပေးထား သကဲ့သို့ ရှိသည်။

မိုးတို့ အိမ်လေးသည် အိုသော်လည်း၊ ဟောင်းသော်လည်း သပ်ရပ်သန့်ရှင်းပြီး ပန်းရနံ့များမွှေးသဖြင့် စိတ်ကြည်နူးဖွယ် ကောင်းလေသည်။

'မိုးကလဲ သူများအတွက်တော့ အိမ်တွေ ဆွဲပေးနေပြီး ကိုယ့်အတွက် အိမ်တော့ ဘယ်တော့ဆွဲမှာလဲ'

'ဗိသုကာ ဆိုတာ သူများအတွက် အမြဲစဉ်းစားနေရတယ်၊ အိမ်ဆွဲရင် အဲဒီအိမ်ထဲမှာ ကိုယ်ကိုယ်တိုင် ထိုင်နေကြည့်ပြီး ကိုယ့်အိမ်အနေနဲ့ စဉ်းစားပြီး ဆွဲရတယ်၊ ရုံးဆွဲပြန်တော့ ကိုယ်က ရုံးသားတစ်ဦးအနေနဲ့ ခံစားကြည့်ရပြန်ရော၊ မိုးလေ တစ်ခါတလေ ပုံဆွဲခုံမှာထိုင်ပြီး ပုံစံဆွဲနေတဲ့အချိန်၊ စဉ်းစားနေတဲ့ အချိန်တွေများ အလုပ်ထဲမှာ လုံးဝ စိတ်ရောက်သွားပြီး အားလုံးကို မေ့နေတယ်'

'အစ်ကို့ ကိုရောလား'



နွေက ပြုံးစစနှင့် မေးလေသည်။ မိုးသည် တစ်ချက် ရယ်လိုက်ပြီး နွေ့လက်ကို ညှစ်ကိုင်လိုက်သည်။

'နွေ မယုံမရှိနဲ့၊ အစ်ကို့ ကိုပါ တကယ်မေ့တယ်၊ အဲဒီအချိန်တွေမှာဆိုရင် မိုးရဲ့ဝိညာဉ်ဟာ စာရွက်ပေါ်က ပုံစံလေးထဲမှာ စုပြုံးကျနေသလားလို့ ထင်မိတယ်'

'မိုးက သက်မဲ့အဆောက်အအုံကို အသက်သွင်းပေးနေတာပေါ့လေ၊ ဝိညာဉ်သွင်းပေးမနေတာပေါ့လေ'

'အင်း.... ဆိုပါတော့၊ ဗိသုကာတစ်ယောက်ရဲ့ ဝိညာဉ်ကို နှစ်ပြီး၊ အရင်းတည်ပြီး ဆွဲသားတဲ့ပုံစံတစ်ခုဟာ တကယ် ပြီးတော့ နေထိုင်ကြည့်မှပဲ သိသာတယ်၊ အဆောက်အအုံလေးဟာ စကားမပြောတတ်တဲ့ မိတ်ဆွေကြီးလို အထဲကလူတွေကို သာယာမှု၊ အေးချမ်းမှုကို ပေးတယ် သိရဲ့လား မိနွေ'

မိုးသည် ပက်လက်အိပ်နေရာ၊ အားမရဟန်နှင့် မှောက်လိုက်သည်၊ မေးစေ့ကို ညာလက်နှင့် ထောက်ထားပြီး လဝန်းဝါဝါကို မျှော်ငေးကြည့်နေလေသည်။

'တချို့ အဆောက်အအုံတွေကျတော့ ကောင်းပါဘူး မိုးရာ၊ ဘယ်လိုချည်းတွေမှန်းလဲ မသိဘူး'

'မြန်မာပြည်မှာရှိတဲ့ အဆောက်အအုံတိုင်းဟာ ဗိသုကာ ပုံစံထုတ်တာလို့ ထင်နေသလား နွေ၊ တို့တိုင်းပြည်မှာ ဗိသုကာနဲ့ လက်သမားတောင် အတူတူ ထင်နေတဲ့လူတွေ အများကြီး၊ ဗိသုကာနဲ့ ပန်းရံကို မခွဲတတ်တဲ့လူတွေတောင် ရှိသေးတယ်၊ တစ်ခါက မိုး မန္တလေး သားရေအိတ်တွေ ချုပ်တဲ့နေရာ ရောက်ခဲ့သေးတယ်လေ၊ အဲဒီမှာ အိတ်ပေါ်မှာ မင်းသားမင်းသမီး ရုပ်လေးတွေ၊ နန်းတော်၊ ကျုံးမုံတွေ ဆွဲနေကြတဲ့သူ ရှိပါရောလား၊ အဲဒီက လုပ်ငန်းရှင်က မိုးကို မိတ်ဆက်ပြီး ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



သလဲ ဘာလဲမေးရင်း ဗိသုကာဆိုတော့ "ဟာ.... သူတို့ဆီမှာလဲ ဗိသုကာတွေ အများကြီး" ဆိုပြီး အဲဒီ ပုံဆွဲတဲ့ လူတွေကို လက်ညှိုးထိုးပြတယ်'

မိုးသည် ပြောရင်း ရယ်နေလေသည်၊ မိုးခေါင်းတွင် ညနေစောင်းလောက်က ခူးပြီးပန်ထားသော ညမွှေးပန်းစိမ်းလေးသည် လှုပ်ယမ်းနေသည်၊ လရောင်ဝယ် စိမ်းလဲ့နေသည်၊

'ဗိသုကာ တစ်ယောက် ဆွဲတဲ့ အဆောက်အအုံတိုင်းဟာ ကောင်းတယ်လို့ ပြောနေတာ မဟုတ်ဘူးနော်၊ မိုးပြောတာက ချို့ပြောတာ၊ မကောင်းတာ၊ အဆင်မပြေတာလဲ ရှိမှာပေါ့၊ အဲဒီလို ဖြစ်ရတာဟာ သူ့ရဲ့ဝိညာဉ်ကို သူနှစ်ပြီး မဆွဲခဲ့လို့ဘဲ၊ လုပ်ငန်းကျွမ်းကျင်မှု လိုသေးလို့ပဲ၊ လုပ်သက်ကလဲ လူကို သင်သွားတာပဲ နွေရဲ၊ မိုးတော့ တစ်ခါတလေ အိမ်လေးတွေ ဆွဲရင် အိမ်ထဲကို လေ့ကား ဘယ်နှစ်ထစ် နင်းပြီး ဝင်လာမယ်၊ ဧည့်ခန်းကို တိုက်ရိုက်ကြီးဝင်မပေးဘဲ လှည့်ဝင်ရရင်ကောင်းမလား၊ ဧည့်ခန်းနဲ့ ထမင်းစားခန်း တွဲထားရ ကောင်းမလား၊ ဘုရားခန်းလေးကိုလဲ အိပ်ခန်းနဲ့တွဲထားရ ကောင်းမလား၊ ဧည့်ခန်းနဲ့ တွဲထားပြီး နည်းနည်းလေး မြှင့်ထားရ ကောင်းမလားပေါ့၊ ကိုယ်ကိုယ်တိုင်ကို ဝင်ပြီး နေကြည့်ပြီး စဉ်းစားတာပဲ၊ ဆွဲရင်း ဆွဲရင်းနဲ့ အိမ်ကလေးကို ကိုယ်တက်နေရမယ့် အိမ်လေးလို့ ထင်လာတယ်၊ ဒါဟာ သူများအတွက်ပါလား လို့ တွေးမိတဲ့ အချိန်ကျတော့ ရင်ထဲမှာ ဟာသွားတာပဲ'

အနည်းငယ် မြင့်တက်လာသော လရောင်သည် မိုး၏ သက်မောင်းသားလေးနှင့် မျက်နှာတစ်ပိုင်းပေါ်သို့ ကွက်ပြီး ကျရောက်လာသည်၊



နက်ပြာသော လက်မောင်းလေးသည် လရောင်ဝယ် ဝင်းအိသွားလေသည်၊ တစ်ခြမ်းမှောင်၊ တစ်ခြမ်းလင်း ဖြစ်နေသော မျက်နှာလေးသည်ကား ပို၍ပင် ကြည့်ကောင်းနေသည်၊

'ဗိသုကာ တစ်ယောက်အတွက် အပျော်ဆုံး အချိန်ဟာ သူနေရမယ့် အိမ်ကို သူကိုယ်တိုင် ပုံစံထုတ်နေရတဲ့ အချိန် ဖြစ်မယ် ထင်တယ်'

နွေသည် ခပ်သဲ့သဲ့လေး ရယ်ရင်း ပြောလိုက်မိလေသည်၊ မိုးသည် ဘာမျှပြန်မပြောဘဲ လက်နှစ်ဖက်ဖြင့် မေးကိုစုံထောက်ပြီး လပြန်းကိုငေးကြည့်နေသည်၊

မိုး၏ လက်ချောင်းသွယ်သွယ်လေးများသည် သူတစ်ပါးအတွက် ပုံစံလေးများ အတော်များများ ဆွဲပေးခဲ့ဖူးပြီ ဖြစ်သည်၊

သို့သော် သူ့အတွက် မူကား ဘာမျှမဆွဲခဲ့ဖူးသေးချေ၊ ကားဂိုဒေါင်လေးကိုပင် မဆွဲဖူးချေ၊

နွေသည် တွေးနေရင်း ရယ်မိပြန်သည်၊ ကားဂိုဒေါင်ဆွဲရကောင်းကလည်း ကားရှိမှ ဖြစ်မည် မဟုတ်ပါလော၊ မိုးတွင်ကားနှင့်တူတာဟူ၍ ဗိုလ်အုံးသီးကားပင် မရှိချေ။

'နွေ နေချင်တဲ့ အိမ်ကိုတော့ မိုးဆောက်ပေးဖို့ မလွယ်ပါဘူး'

'ဘယ်လိုအိမ်မို့လဲ'

'အို....နှင်းတောလောက်ကို ကျယ်ရမယ်'

'ဘုရားရေ.... သိန်းတစ်ရာတန်ကြီးလား'

'ဟုတ်ပါဘူး မိုးရဲ့၊ နွေ့ အိမ်ဟာ အိပ်မဟုတ်ရဘူး၊ ဒါပေမယ့် အိမ်ပဲ ဖြစ်ရမယ်'

'ဘယ်လိုလဲ နွေရယ်'

www.burmeseclassic.com

www.burmeseclassic.com



မိုးက စိတ်ရှုပ်သလို မေးလေသည်။ နွေသည် ခေတ္တမျှ ငြိမ်သက်ပြီး အမိုးမှ အငေါက်လေးများကို မော့ကြည့်နေသည်။ သူ့စိတ်ကူးကမ္ဘာထဲမှအိမ်ကို မိုးအားပြောရန် စကားလုံး စဉ်းစားနေသည်။

'ဒီလိုမိုးရဲ့၊ နွေ့စိတ်ထဲမှာ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုအိပ်ခန်း၊ အိမ်သာလေးတွေကို အမိုးတစ်မိုးတည်းအောက်မှာ စုပြုံထည့်ထားတာမျိုး မနေချင်ဘူး။ နွေလေ သစ်ပင်တွေကြားထဲ၊ ပန်းပင်တွေကြားထဲ၊ မြေကြီးနဲ့ နီးနီးပဲ နေချင်တယ်။ နွေ့ရဲ့ ဧည့်ခန်း၊ နွေ့ရဲ့ ထမင်းစားခန်းတွေဟာ ဧည့်ခန်းနဲ့လဲ တူရမယ်၊ ထမင်းစားခန်းနဲ့လဲ တူရမယ်။ ဒါပေမယ့် နံရံလေးဘက်ပိတ်ထားတာမျိုးလဲ မဖြစ်ချင်ဘူး။ သူတို့ဟာ ဥယျာဉ်နဲ့လဲ တစ်ပြေးတည်း ဆက်စပ်နေရမယ်။ အမိုးမိုးတဲ့ နေရာမှာ မိုး၊ တချို့နေရာတွေကျတော့ အလင်းရောင်ပဲရအောင် မှန်ချပ်တွေ သုံးမယ်လေ။ မိုးတို့က အခန်းတစ်ခန်းနဲ့ တစ်ခန်းကြားမှာ အုတ်နံရံကာတယ် ဆိုပါတော့၊ နွေ့အိမ်မှာဆိုရင် တစ်ခန်းနဲ့ တစ်ခန်းကြားမှာ ပန်းချုံတွေ ပန်းရုံတွေ ခြားထားမယ်လေ၊ ခြံကြီး တစ်ခြံလုံးဟာ နွေ့အိမ်ပဲ၊ ခြံနဲ့အိမ်ဟာ အတူတူပဲ ဖြစ်ရမယ်။ အိမ်ထဲမှာ ဖြတ်ပြီး ရေကန်လေးတွေ ကြာပန်းလေးတွေနဲ့၊ ချောင်းကလေးတွေက ကွေ့လို့ ဝိုက်လို့ ဆိုပါတော့ မိုးရယ်၊ ဧည့်ခန်းနဲ့ ဘုရားခန်းကို ဆိုရင် ကြားမှာ ကြာမျိုးငါးပါးပွင့်တဲ့ ရေကန်လေး ခြားထားမယ်၊ တစ်ဖက်မှာ ကုန်းမြင့်လေးရှိမယ်။ အဲဒီ နေရာမှာ စေတီလေး ငုံ့ပြီး ဆင်းတုပြာသာဒ်လေးတွေပါ တည်ထားမယ်။ ဘုရားခန်းသွားချင်ရင် တားလေးက ကူးသွားပြီး ကြာပန်းတွေပါ ခူးသွားနိုင်တယ်။



အိုလေ.... မိုးရယ်၊ နွေနေချင်တဲ့ ခြံနဲ့ အိမ်ကို နွေ့မျက်စိထဲမှာ မြင်နေပါတယ်'

နွေ့မျက်စိထဲတွင် ပန်းစုံပွင့်သော အိမ်ကို မြင်ယောင်နေသည်။ သို့ပါသော်လည်း မိုးကို ရှင်းလင်းအောင်လည်း ပြောမပြတတ်ပေ။

မိုးသည် နွေ့ကို ကြည့်ရင်း မျက်မှောင်လေး ချီနေသည်။ မသိမသာလေးလည်း ပြုံးနေလေသည်။

ထိုနောက် 'နွေသာ ဗိသုကာဘွဲ့ရခဲ့ရင် တကယ့်ကို ဆန်းကြယ်တဲ့၊ စိတ်ဝင်စားစရာ ကောင်းတဲ့ အဆောက်အအုံလေးတွေ ထွက်လာမှာပဲ'ဟု မှတ်ချက်ချလေသည်။

နွေသည် ဘာမှပြန်မပြောဘဲ မျက်စိမှိတ်ထားသည်။

သူ့ အတွေးထဲတွင် သူ့အိမ်သည် ဆန်းကြယ်လှပစွာ လှုပ်ရှား နေသည်။

သူနေလိုသည်မှာ ပန်းမွှေးမွှေးလည်း ပွင့်ရမည်၊ လေညင်းအေးအေးလည်း တိုက်ခတ်ရမည်၊ ရေစီးသံ သာသာလည်း ကြားရမည်၊ ဧည့်ခံရန် နေရာ၊ ထမင်းစားရန် နေရာ၊ အိပ်ရန် နေရာ၊ ထမင်းချက်ရန်နေရာ အပြည့်အစုံပါသည့်အိမ်ဖြစ်သည်။

လေဒဏ် မိုးဒဏ်မှလည်း အကာအကွယ် ပေးရမည်၊ ပန်းဥယျာဉ်လို သာယာလှပရမည်၊ သို့ပါသော်လည်း ဥယျာဉ် မဟုတ်ချေ။

အိမ်တစ်လုံး၏ လိုအပ်ချက် အစစအရာရာ ပြည့်စုံရမည်။

သို့သော် အမိုးတစ်မိုးတည်းအောက် အခန်းလေးများ ခွဲထားသော အိမ်မျိုးလည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နွေသည် တွေးရင်း တွေးရင်း ပန်းမွှေ့ရာပေါ်တွင် အိပ်ပြီး ရေစီးသံသဲ့သဲ့လေးကို နားထောင်နေရသလို ရင်ထဲတွင် အေးချမ်းလာလေသည်။

'နွေ့အိမ်က ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် မာလီတွေတော့ ဆယ်ယောက်လောက် ခန့်ရလိမ့်မယ် ထင်တယ်'

'အို.... ကိုလတ်ရှိသားပဲ'

မိုးက ပြောသောအခါ နွေသည် လှတ်ခနဲ ပြောလိုက်မိသည်။

တစ်ဆက်တည်းပင် ကိုလတ်ကို သတိရလာသည်၊ ကိုလတ်သာဆိုလျှင် နွေ့ စိတ်ကူးဘမ္ဘာထဲမှ အိမ်ကို ဆူသီပန်းအစုံ ပွင့်လာအောင် စိုက်ပျိုးနိုင်လိမ့်မည်ထင်သည်။

'ဘာလဲ နွေက ကိုလက်ကို မာလီချုပ် ခန့်မလို့လား'

'ဒါပေါ့'

နွေသည် ပြုံးရိပ်ရိပ်လေး ပြောရင်း မိုးကို လှမ်းဖက်လိုက်သည်။

မိုးလိမ်းထားသော နံ့သာဖြူနံ့ မွှေးပျံ့ပျံ့က နွေ့ နှာခေါင်းထဲသို့ တိုးဝင်လာကြသည်။

နွေသည် ပျံ့ပျံ့မွှေးသော ရနံ့ကို ရှိုက်၍ ရှူလိုက်ရင်း မိုးခေါင်းပေါ်မှ ညမွှေးပန်းခက်ကလေးကို လှမ်းပြီး ဆိတ် နေမိလေသည်။

'နွေ့ ပူသိမ်သွားရင် ညီထွေးများ လိုက်ဦးမလား မသိဘူးနော်'



'မိုးပါလိုက်ရင် သိင်္ကောင်းမှာ၊ နွေရယ်၊ မိုးရယ်၊ ကိုလတ်ရယ်၊ ညီထွေးရယ် လေးယောက်လုံး မြန်မဆုံတာ ကြာပြီနော်။ မိုးက သူ့ယောကျ်ားဆီပဲ သွားချင်နေတာပဲ'

နွေက မကျေမနပ်လေး ပြောသောအခါ မိုးသည် ခပ်သဲ့သဲ့လေး ရယ်လိုက်မိသည်။

မိုးရယ်နေစဉ်ပင် ဧည့်ခန်းမှ နာရီကြီးက ခေါင်ခင်ယံပြုကာ ကိုးနာရီ ထိုးသွားသည်။

နာရီသံကို တစ်ချက်ချင်း စိတ်ထဲမှလိုက်၍ ရေတွက်နေရင်းမှ မိုးသည် အမှောင်ရိပ်တွင်ရှိ နွေ့ မျက်နှာလေးကို အကဲခတ်ကြည့်နေမိလေသည်။

'နွေ တော်စတွိုင်းရဲ့ အဘိဓမ္မာလေးကို ကြားဖူးလား'

'ဘာလဲ၊ နွေ မသိဘူး'

'မိုးလဲ တိုက်ရိုက်ဖတ်ဖူးတာ မဟုတ်ပါဘူး။ ဝတ္ထုတစ်ပုဒ်ထဲမှာ ပါတာလေ၊ တော်စတွိုင်းက ပြောတယ်တဲ့၊ ဘဝဆိုတာ ကန္တာရမှာ ခရီးသွားနေရတာနဲ့ တူတယ်တဲ့၊ အဲဒီအချိန်မှာ နောက်ကနေ သတ္တဝါဆိုးကြီးတစ်ကောင်က လိုက်တော့ အဲဒီလူဟာ ကြောက်အားလန့်အားနဲ့ ရေတွင်းကြီးတစ်ခုထဲ ခုန်ချလိုက်ရောတဲ့လေ၊ ရေတွင်းအောက်ကို မရောက်ခင် သူဟာ ရေတွင်းဘေးမှာ တွယ်ကပ်ပေါက်နေတဲ့ သစ်ပင်က အကိုင်းလေး တစ်ခုကို ဆွဲခိုဖက်ထားတယ်။ ရေတွင်းအောက်မှာတော့ နဂါးကြီးတစ်ကောင်ဟာ ပါးစပ်ပြဲပြီးစောင့်နေတယ်။ အပေါ်မှာလဲ သတ္တဝါဆိုးကြီးက ငုံ့ကြည့်နေတယ်။ သူဟာ အန္တရာယ် နှစ်ခုကြားမှာ ရောက်နေတာပေါ့၊ ဒါတင်မကဘူး၊ ကြွက်ဖြူနဲ့ ကြွက်မည်း နှစ်ကောင်ဟာလဲ သူခိုထားတဲ့ သစ်ကိုင်းကို တစ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်စီ ကိုက်နေကြတယ်တဲ့၊ အောက်က နဂါးကြီးကတော့ သူပြုတ်ကျလာတဲ့အချိန်မှာ စားဖို့ ပါးစပ်ကြီး အသင့်ဖြဲထား တာပေါ့ကွယ်၊ ဒီအချိန်မှာ အဲဒီလူသားဟာ ကြောက်ရ လန့် ရမှန်း မသိဘဲ သူခိုထားတဲ့ အကိုင်းက သစ်ရွက်မှာတင်နေတဲ့ ပျားရည်စက်လေးတွေကို လျက်နေသေးတယ်တဲ့ သိလား'

မိုးယံလေးသည် အိပ်ရာထက်မှ လူးလွန့်ကာ တစ်ချက် နှစ် ချက် ယောင်ယမ်းပြီး ပြန်လည် အိပ်မောကျသွားသည်။

ဖိုးအောင်သည် မိုးယံ၏ ဗိုက်ပေါ်တွင် ခြေထောက် တစ် ချောင်း လှမ်းတင်ထားပြီး ကားယားလေး အိပ်နေသည်။

နွေ နားလည်လား

'ပထမ လိုက်တဲ့ ဆင်ကြမ်းကြီး ကတော့ သံသရာ ဝဋ် ဆင်းရဲတွေ ထင်တာပဲ၊ နွေတို့ ဗုဒ္ဓဘာသာတော် အလိုအရတော့ ဘဝဆိုတာ ဒုက္ခနဲ့ ရင်းလာရတယ်လို့ ဆိုတယ်လေ၊ အောက်က နဂါးကြီးကတော့ သေမင်း မဟုတ်လား၊ အင်း.... နောက်ပြီး ကြွက်ဖြူနဲ့ ကြွက်မည်း အဲ.... အဲဒါကတော့ရော'

'အဲဒါက နေ့နဲ့ ညလေ'

နွေ ရင်ထဲတွင် သိမ့်ခနဲ တုန်သွားသည်။

လူသားတို့ ဆွဲခိုထားသော ဘဝသစ်ကိုင်းလေးကို နေ့နှင့် ညဟူသော ကြွက်ဖြူနှင့် ကြွက်မည်းနှစ်ကောင်က တဂျိဂျိ ကိုက်ဖြတ်လျက် ရှိချေသည်။

သူခိုထားသော သူ့ဘဝ သစ်ကိုင်းလေးကိုပင် လေထဲတွင် ယောင်ယမ်းပြီး ခမ်းခမ်းယောင် ရှိသည်။

လူ့သက်တမ်းကို အပိုင်းသုံးပိုင်းနှင့် တွက်သည်မို့ ပထမ အရွယ် ကုန်လွန်ခဲ့ပြီးသော နွေ့ သစ်ကိုင်းလေးသည် သုံးပုံ တစ်ပုံ ကျိုးပြတ်လျက် ရှိချေပြီ။



နွေသည် ရုတ်ခြည်း ငြိမ်သက်သွားပြီး ဘဝနှင့် မရဏကို ယှဉ်ပြီး တွေးနေမိသည်။

အချိန်တည်းဟူသော ကြွက်တို့က မကိုက်ဖြတ်သော်လည်း တစ်ခါတစ်ရံတွင်ကား လေဒဏ် မိုးဒဏ် မုန်တိုင်းဒဏ်တို့ကြောင့် ဘဝသစ်ကိုင်း ကျိုးပြတ်တတ်လေသည်။

'သစ်ရွက်ပေါ်က ပျားရည်လေးကတော့ သမုဒယသံယော ဇဉ် နှောင်ဖွဲ့မှုတွေ၊ ကိုယ့်ယုံကြည်ချက် ကိုယ့်ဝါဒနဲ့ စတဲ့ ဘဝတကျာလေးတွေပေါ့၊ ဒီတော့ နွေရယ်၊ လူဆိုတာ နဂါး ကြီးက လှမ်းဟပ်နေချိန်မှာ ပျားရည်လျက်နေတတ်တဲ့သတ္တဝါ မျိုးပါ၊ မိုးလဲ အရိယာသူတော်စင်မှမဟုတ်ဘဲ၊ ပုထုဇဉ်လူသား ဆိုတော့ ပျားရည်ကြိုက်တာပေါ့၊ ဒါကြောင့်လဲ အစ်ကို ဆီကို လိုက်သွားမယ် ပြောတာပါ'

မိုးက လေအေးလေးနှင့် ဆက်ပြောသည်။

ဘဝနှင့်မရဏ၊ သင်္ခါရနှင့် အနိစ္စတရားကိုတို့ ဆက်တိုက် တွေးနေသော နွေသည် မိုးကို ခပ်တွေတွေလေး လှမ်းကြည့် လေသည်။

သူ ပျားရည်ကြိုက်သည့်အကြောင်းပြောချင်၍ တော်တော်ကြိုး အတိအမ္မာကို ချီလာသည့်အကြောင်း တွေးမိသဖြင့် ရုတ်ခြည်း စိတ်ချဉ်ပေါက်သွားသည်။

နွေသည် ဘာစကားမှ ပြန်မပြောဘဲ ငြိမ်နေမိလေသည်။

မိုးကလည်း ဘာမှ ဆက်မပြောတော့ဘဲ အိမ်တံစက်မြိတ် အောက်တွင် ဆွဲချိတ်ထားသလို ဝင်းဝင်းဝါနေသော လမင်းကို မျှော်ငေးကြည့်နေသည်။

ကိုးနာရီခွဲသောအခါမှ အသာလေးထကာ နွေ့ကို ခြင် ထောင် ချပေးလေသည်။ ထိုနောက် တိုးတိုးလေးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုးနာရီခွဲပြန်ပြီ နွေရေ၊ ဘဝသစ်ကိုင်းလေးကို ကြွက်မည်းလေးက ကိုက်နေပြန်ပြီ'

မိုးသည် သူ့အိပ်ရာသို့သွားပြီး လဲလျောင်းလိုက်သည်။

မိငယ်လေးသည် သူ့အမေကို လှမ်းခူသည်။

သမီးငယ်၏ ပါးပြင်ကို ဖွဖွလေးနမ်းလိုက်ရင်း ဆံပင်ပျော့လေးများကို ပွတ်သပ်နေမိသည်။

ထိုနောက် သားငယ်နှင့် သမီးငယ်သည်လည်း သူ့အတွက် ပျားရည်စက်ကလေးများ ပါလာဟု တွေးရင်း တစိမ့်စိမ့် ကြည့်နေမိသေးသည်။

ထိုစဉ်တွင် ခုနက အိပ်ပျော်ဟန်ဆောင်နေရစ်သော နွေသည် ခပ်တိုးတိုး လှမ်းပြောလေသည်။

'အဲဒီသစ်ကိုင်းလေးမှာ ပျားရည်သာမကဘူး၊ ခါချဉ်လဲ ရှိတယ်ဆိုတာ တော်စကိုင်း မတွေးမိဘူး ထင်တယ်၊ မိုးရေ၊ ဘဝဆိုတာ ပျားရည်ချည်း လျက်ရတာမှ မဟုတ်ဘဲ၊ တစ်ခါတလေ ခါချဉ်လဲ ကိုက်သေးတယ်'

'ဟာရယ် နွေရယ်'

နွေသည် သူ့လက်မောင်းပေါ်တွင် သူ့ခေါင်းအုံးရင်း မိုးကို ငေးငေးလေး ကြည့်နေလေသည်။

ဇာခြင်ထောင်လေးက ညခလေစိမ်းတွင် လှုပ်ရှားနေသဖြင့် တစ်ဦးမျက်နှာကို တစ်ဦး သဲသဲကွဲကွဲ မမြင်ရချေ။

မိုးသည် နွေကို စူးစိုက်ကြည့်ရင်း နွေ ယဲ့ယဲ့လေး ပြုံးနေသည်ဟု ထင်မိသည်။

'ကောသိ ကိစ္စကြောင့် ညီထွေးနဲ့ နွေနဲ့ ဆော်ကြ တီး ကြတာတို့၊ နောက်ပြီး မိုး နွေ့ကိုထားခဲ့တုန်းက နွေ တစ်ယောက်တည်း ယောင်ချာချာ ကျန်ရစ်ရတာတို့ဟာ ပျားရည်မှမဟုတ်



ဘဲ မိုးရယ်၊ ခါချဉ်ကိုက်တာပါ၊ နောက်ပြီး နောက်ပြီး နွေ့ဘဝမှာ အို... လူတိုင်းရဲ့ ဘဝမှာ ခါချဉ်ကိုက်ခံရတာလေးတွေ အများကြီး ရှိကြဦးမှာပေါ့'

*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

'ဟယ်…နွေ၊ နင့်လက်ကို ခါချဉ်ကိုက်သွားတာလား'

'ဟုယ်ဘူး၊ ဟုတ်ဘူး၊ ပျားလားအကောင်လား မသိဘူး။ အော…အကယ် နာတယ်'

နွေသည် သူ့လက်ခုံကိုသူ ပါးစပ်နှင့် ငုံလိုက်သည်၊

ဝင်းမှည့်နေသော ပင်မှည့်သီးကို လိုချင်ဇောနှင့် လှမ်းခူးလိုက်စဉ် သူ့လက် မှုခနဲဖြစ်သွားပြီး ပိတုန်းလိုလို ပျားလိုလို အကောင်လေး ပျံထွက်သွားသည်၊

ပင်မှည့်သီးဘေးတွင်ရှိ ပင်မှည့်ပွင့် ဖြူဖြူကားကားကြီးတွင် ဝင်ခိုပြီး ဝတ်ရည်စုပ်နေရာမှ နွေ၏လက်ကို ရန်သူ မှတ်ပြီး ကိုက်သွားခြင်း ဖြစ်ဟန်တူသည်၊

'ဆုံးသွားလိုက် နွေ၊ မနေဦး နေဦး ငါ ယူပေးမယ်'

ကိုလတ်သည် အိမ်ဘက်သို့ ပြေးထွက်သွားသည်၊

ဟစပ်စပ်နာပြီး ဖူးလာသော လက်ကို ငုံစုပ်ရင်း နွေသည် ပင်မှည့်ပင် အောက်တွင် ကျန်ခဲ့သည်။

ဦးလေးစိန် ခမ်းပြီးစိုက်ပျိုးထားသော ပင်ဖြစ်သည်၊



အနံကယ်(လ်)ဂျော်နီတို့ အိမ်က အသီးတွေလိုပင် အလုံးကြီးကြီး လုံးလုံးကြီးများ ဝင်းနေသော သီးတတ်လေသည်၊

'ရော့…ရော့၊ မြန်မြန်သုတ်လိုက်၊ နင်က လဲ ကြည့်ပြီးမှ ခူးရောပေါ့'

ဦးလေး[illegible]၏ ကွမ်းအစ်ထဲမှ ထုံးတစ်ကော်ကော်ယူလိုက်ပြီး အပြေးအလွှား ပြန်ရောက်လာသော ကိုလတ်က ပြောလေသည်၊

နွေ့သည်ကို ဆွဲယူပြီး ထုံးပုံပေးလိုက်သည်။

နွေသည် သူ့လက်ကိုလေနှင့် တဖူးဖူး မှုတ်နေမိသည်။

ဒီတစ်ခါ ကိုက်သွားသော အကောင်သည် အကောင်လည်း မသိချေ။ ဒါတိုင်း ပျားတုတ်ခံရမှု မေသော်လည်း ဒီတစ်ခါလောက် မနာဖူးချေ။

'ကိုလတ်တို့ အောင်စာရင်းတွေ ထွက်တော့မယ်နော်'

'အေး…. တစ်ပတ်လောက်နေရင် ထွက်မယ်တဲ့'

'အောင်ရင် ကိုလတ် ဘယ်သွားမလဲ'

'ငါလား ပိုက်ဆံတတ်နိုင်ရင်ပေါ့၊ စိုက်ပျိုးရေးကောလိပ် တက်ချင်တယ်'

'ကောင်းတယ်'

ကိုလတ်သည် ပင်မှည့်သီး သုံးလေးလုံးခူးလိုက်ပြီး နွေ့ကို လှမ်းပေးသည်၊

ကိုလတ်၏ ကိုယ်မှ မြေကြီးနံ့ကို ရှုရှိုက်မိသည်၊

မြေကြီးကို တာဝစဉ် ပေါင်းသင်တူးဆွခဲ့ရသော ကိုလတ်သည် မြေပေါ်တွင် ကြွခိုင်တောင့်တင်းစွာနှင့် ခိုင်ခိုင်မာမာ ရပ်တည်နေပြီ ဖြစ်သည်၊ သူ့ကိုယ်တွင်လည်း မြေနံ့စွဲနေပြီ ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



‘မိုးရော အောင်မလား မသိဘူး’

မိုးကို အောင်စေချင်၊ အောင်စေ ချင်လွန်းသော ကြောင့် မေမေတို့သည် ရန်ကုန်ကျောင်း သွားထားခြင်း ဖြစ်သည်၊

မေမေတို့ ရင်ခွင်မှ တစ်နှစ်ခွဲခွာသွားရသော မိုးသည် မိဘ ရင်ခွင်ထက် ပျော်စရာကောင်းသော ရင်ခွင်သစ်ကို တွေ့ရှိသွားလေသည်၊

တန်းမြင့်စာမေးပွဲ အောင်ပြီး ပြန်အလာ တက္ကသိုလ်ဝင်တန်းပင် မတက်ရသေး၊ ချစ်သူနောက်သို့ ကောက်ကောက်ပါ အောင် လိုက်သွားခဲ့လေသည်၊

‘မိုး သိပ်ဆိုးတာပဲ’

ကိုလတ်က မကျေနိုင် မချမ်းနိုင် ပြောလေသည်၊

နွေသည် ကိုလတ်ကို မော့ကြည့်ရင်း ကိုလတ်၏ မျက်နှာနှင့် မျက်လုံးတွင် ထင်ဟပ်နေမည့် အတွင်းစိတ်ကို မှန်းကြည့်နေမိသည်၊

‘အခုဆိုရင် ဒီနှစ် သူလဲ ဆယ်တန်းအောင်ရော့’

‘ခုလဲ အောင်ချင် အောင်မှာပေါ့’

‘ယောက်ျားတစ်ဖက်နဲ့ အောင်ပါ့မလားဟာ’

နွေသည် ပင့်သက်လေးသာသာ ရှိုက်လိုက်မိရင်း သူ့လက်ထဲမှ ပင်မှည့်သီး ဝင်းဝင်းဝါဝါကြီးကို လက်ချောင်းလေးများနှင့် ပွတ်သပ်နေမိသည်၊

မိုးကို သတိရသောစိတ်နှင့် မျက်ရည်လေး မသိမသာဝဲလာသည်၊

မိုးသာရှိလျှင် နွေ့လက်ထဲမှ ပင်မှည့်သီးကို ဆတ်ခနဲ ဆွဲလုကာ ဦးအောင် ဖောက်စားပေမည် ထင်သည်၊

BURMESE CLASSIC .com



ပင်မှည့်သီးကို လက်ဖနောင့် နှစ်ခုကြားတွင် ထားပြီး ညှစ်လိုက်သောအခါ ဖောက်ခနဲ ပေါက်သွားသည်၊

ချိုမြသောအရည်များ ယိုစီးကျလာသဖြင့် နွေသည် ကမန်းကတန်း နှစ်ခြမ်း ခွဲလိုက်သည်။

အစေ့ ပြွမ်းသော အသားဝါဝါများသည် ဝင်းပြီး အရည်ရွှဲနေသည်၊ နွေသည် ကိုလတ်ကို တစ်ခြမ်း လှမ်းပေးလိုက်သည်၊

အစေ့တွဲရှိပါသော အရည်အိတ်လေးများကို တဖောက်ဖောက် ဝါးစားရင်း မြိန်ယက်စွာ ဝေးနေမိလေသည်၊

‘ညီထွေးရော မလာဘူးလား မသိဘူး’

‘ညီထွေးက တစ်မျိုးပဲ၊ ကျောင်းမှာလဲ ကောင်မလေးတွေကို လိုက်စနေတာပဲ၊ ကောင်မလေးတွေကလဲ ညီထွေး ဆိုရင် အားကြီး စိတ်ဝင်စားတယ်၊ မျက်လုံးလေးတွေ တောင့်ကပ်ပြီး ကြည့်နေကြတာ’

ကိုလတ်သည် နှုတ်ခမ်းလေးမဲ့ကာ ပြောနေသော နွေ့ကို ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်လေသည်။

ကိုလတ်သည် စကားနည်းကာ အေးအေးသလောက် ညီထွေး တစ်ယောက်သည်ကား နှုတ်လျှာသွက်သည်၊ ဖော်ရွေသည်၊ ကိုလတ်သည် သူငယ်ချင်းမိတ်ဆွေ များများ မရှိပေ။

ရှိသမျှ သူငယ်ချင်းများကိုလည်း လိုက်လိုက်လှဲလှဲ ခင်တတ်သည်၊

ညီထွေးသည်ကား သွားလေရာ နှုတ်ဆက်မကုန်အောင် အသိအကျွမ်း ပေါလှသည်၊

‘နင်လဲ နောက်ကျရင် တစ်ယောက်တည်း တစ်ယောက်တည်း လျှောက်မသွားနဲ့တော့ မိနွေ၊ နင့်ကိုနင်လဲ ပြန်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဦး၊ ဂါဝန်လေးနဲ့ ချာတိတ်မလေး ... ဟုတ်တော့ဘူး'

ကိုလတ်က ပြောသောအခါ နွေ့ရင်ထဲတွင် သိမ့်ခနဲ လှုပ်ရှား သွားလေသည်။

ရေတွင်းထဲတွင် သူ့အရိပ်ကို သူငုံ့၍ကြည့်မိသည်။

အပျိုဘော်ဝင်စ အလှပန်းပွင့်နေသော မျက်နှာ နုနယ် ငယ်လေးသည် ရေတွင်းထဲတွင် အရိပ်ထင်လျက် ရှိသည်။

ကျစ်ဆံမြီးနှစ်သွယ်သည် တရိုင်ရိုင်လှုပ်ရှားနေသော ရေပြင်တွင် ခါယမ်းနေကြသလို ရှိသည်။

နွေပန်းတားသော ရှည်ပေါ်ပန်းနီနီ အပွင့်ကားကားကြီးသည် နွေ့မျက်နှာနှင့်ယှဉ်ကာ အလှချင်းပြိုင်နေပါ..ရှိသည်။

'နွေရော ကြီးရင် ဘာလုပ်...မှာလဲ'

'နွေလား၊ သစ်ပင်စိုက်ချင်တယ်၊ ပန်း... စိုက်ချင်တယ် ဆိုတာထက် သစ်ပင်တွေကြားထဲမှာ နေချင်တယ်'

နွေသည် သူ့အရိပ်ကိုသူ ငုံ့ကြည့်နေရင်း ခပ်တိုးတိုးပြောသည်။

ကောင်းကင်မှ တိမ်တောင်တိမ်လိပ်များသည်လည်း ရေထဲတွင် အရိပ်ထင်နေကြသည်။

ကောင်းကင်ပြာသည် ပို၍ပြာနေပြီး တိမ်လိပ်ဖြူဖြူသည်လည်း ပို၍ပင် ဖြူဖွေးနူးညံ့နေဟန် ရှိလေသည်။

'လူဆိုတဲ့ သစ်ပင်လေးတွေကို အေဆာသာအောင် ပန်းတွေပွင့်ပြီး မွှေးလာအောင် လုပ်ပါလား'

'လူသစ်ပင်'

နွေက မျက်မှောင်လေးချိုကာမေးလိုက်မိသည်။



ထိုအခါ ကိုလတ်သည် အိုးတိုးအမ်းတမ်း ဖြစ်သွားပြီးမှ တဟားဟား ရယ်လေသည်။

'ဟား...ဟား၊ ငါက ကဗျာမဆန်တတ်တဲ့ ဆန်လိုက်တာ ခုကျသွားတယ်၊ ဟား...ဟား၊ ငါပြောတာက ဆရာမလုပ်ဖို့ ပြောတာ၊ ကလေးတွေကို စာသင်တဲ့ ဆရာမ'

'ဪ... ဆရာမ'

နွေ့ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။

ကျောင်းခေါင်းလောင်းသံ ညံ့ညံ့စီစီနှင့် ကလေးတို့၏ စာအံသံကို ကြားလိုက်ရသလို ရှိသည်။

ဘဝပန်းဥယျာဉ်မှ ဥယျာဉ်မှူး၏ ဘဝကို ရွေးပြီး ခံစားကြည့်လိုက်မိလေသည်။

'ငါကတော့ မြေကြီးနဲ့ လုပ်စားရမယ့်ကောင်ပဲ၊ ဒီခြံဒီမြေကြီးမှာ ငါအမြဲရှိနေရမှာပဲ၊ နင်တို့တွေ ကြီးလာတော့ အလုပ်တွေ အကိုင်တွေနဲ့ တစ်မြို့တစ်ရွာကို ရောက်သွားကြမှာ၊ နင်တို့တွေက သားတွေ သမီးတွေနဲ့ ပျော်လာကြ၊ ဟား...ဟား၊ တို့သူငယ်ချင်း လေးယောက် ကိုးမှ ဒီခြံထဲမှာ ပြန်ဆုံမိကြရင် စိတ်ထဲမှာ ဘယ်လို ခံစားကြရမလဲ မသိဘူးနော်'

'မိုးရောလား'

'အေးပေါ့၊ တို့လေးယောက်စလုံးလေ'

ကိုလတ်သည် ရေတွင်းဘောင်ကို မှီရင်း ခပ်လှမ်းလှမ်းမှ ရုံးပတီခင်းကို မျှော်ကြည့်နေသည်။

ရုံးပတီခင်းအောက်ရှိ တိုင်တောင်ပဲစင်သည် ကောင်းကင်သို့ လှုပြီး တက်နေဟန်ရှိသည်။

ခရမ်းရောင်ဖျော့ဖျော့ အပွင့်လေးများနှင့် အသီးရှည် စိမ်းစိမ်းများသည် ရောထွေးနေကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သီးရင်း မှည့်ရင်းနှင့် အသီး အားကောင်းလှသောကြောင့် ခူးမနိုင်အောင် ရှိသည်။

ကိုယ့်အလုပ် ကိုယ့်အကိုင်နှင့် တစ်အိုးတစ်အိမ် တည်ကာ သားသမီးများကိုပါ ထည့်တွေးမိသောအခါ တည်ငြိမ်နေတတ်သော ကိုလတ်၏ မျက်နှာသည် ပြုံးလာလေသည်။

မျက်လုံးများကလည်း အရောင်တောက်ပလာကာ ရယ်မောလာကြသည်။

'ငါက တောသားကြီး ဖြစ်နေမှာပေါ့၊ နှင်တို့က ကလေးတွေ တွဲလောင်းနဲ့ လာကြရော၊ ဟား....ဟား၊ ငါက တအံ့တသြ ဖြစ်နေရမှာပေါ့လေ၊ အောင်မာ.... ဒါ ဘယ်သူ့သားလဲ၊ သူ့အမေနဲ့ တူလိုက်တာ၊ ဟာ.... သူကတော့ သူ့အဖေနဲ့ တူတာဟ၊ အောင်မလေး၊ သားတွေ သမီးတွေတောင် ကြီးလှပြီလို့ ပြောရမှာ ထင်တယ်'

*



'အောင်မာ....၊ ဒါ ဘယ်သူ့သားလဲ၊ သူ့အမေနဲ့ တူလိုက်တာ၊ မိုးသား မဟုတ်လား၊ ဟာ.... သူကတော့ မိနွေနဲ့ တူတာဟ၊ အောင်မလေး.... သားတွေ သမီးတွေတောင် ကြီးလှပြီ'

ကိုလတ်၏ အသံကို ကြားရသည်။

နွေသည် ပြတင်းပေါက်ကို ပြန်းခနဲ ငုံ့ကာ ခြံထဲသို့ မျှော်ကြည့်လိုက်သည်။

ခြံထဲတွင် အိပ်နေသော ကလေးနှစ်ဦးသည် ဘယ်အချိန်က နိုးပြီး ခြံထဲ ဆင်းသွားကြသည် မသိရချေ။

ဖေဖေစိုက်ထားသော ပန်းချဉ်ပေါင်ခင်းကြီး ဘေးတွင် ခုန်ပေါက် ဆော့ကစားနေကြလေသည်။

မိငယ်၏ လက်ထဲတွင် ချဉ်ပေါင်ပွင့် ဖြူဖြူကားကားကြီးကို တွေ့ရသည်။

ကလေးဟူသည်မှာ တကယ့်ကို ပန်းကလေးများနှင့် တူလှသည်။

မနေ့တုန်းက လေယာဉ်လူးသောဒဏ်နှင့် အော့အန် မူးဝေနေကြသည်၊ ရန်ကုန်နှင့် ပုသိမ်ခရီးသည် နာရီဝက်သာ ကြာသည်။

ခရီးတိုသောကြောင့်လည်း လေယာဉ်ကို မြင့်မြင့်မပျံတက်ဘဲ အနိမ့်တွင် ပျံလေ့ရှိသောကြောင့် လူးပြီး ခါယမ်းနေတတ်လေသည်။

အချိန်မှန် မထွက်ဖြစ်သောကြောင့် လေယာဉ်ကွင်းတွင် အကြာကြီး စောင့်နေရပြီးမှ စီးရသည်။

လေယာဉ်ပေါ် ရောက်သောအခါ လူသည် နုံးပြီး ပန်းကာ နုမ်းနေပြီ ဖြစ်သည်။

www.burmeseclassic.com



ညက အစောကြီးအိပ်သော်လည်းအိပ်မပျော်ဘဲ လေယာဉ်အငြိမ့်စီးနေရသလို ဖြစ်နေသည်။ ကလေးများသည်ကား ခရီးပန်းပန်းနှင့် တုံးနှင်းသရော အိပ်သွားကြလေသည်။

နိုးလာသောအခါ မှုန်ဝေခြင်းပျောက်ပြီး ရေထိသော ပန်းလေးများပမာ လန်းဆန်းနေကြလေသည်။

'ဟေး....ကိုလတ်'

ကလေးနှစ်ဦးကို စိုက်ကြည့်နေသော ကိုလတ်သည် ဆတ်ခနဲ ဖြစ်သွားသည်။ နွေသည် ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်ကာ ကိုလတ်ကို လက်ဖော့ယမ်းပြ ဖြစ်လေသည်။

'ကိုလတ်ရေ....'

မထုံးနှောင်မဖွဲ့စည်းရသေးသဖြင့် ဖားဖားဝေသော နွေ့ဆံပင်ပျော့ပျော့လေးများသည် ထွေးထွေးအိအိ ကျနေသည်။ နံနက်ခင်း၏ နေရောင်ခြည်နုနုအောက်တွင် နွေ့မျက်နှာလေးသည် ရှင်ချိုလန်းဆန်းနေသည်။

'ဟေး....နွေ၊ မိနွေ'

ကိုလတ်က ဝမ်းသာအားရ အော်ကာ နှုတ်ဆက်လိုက်သည်။ နွေသည် ရှင်သန်းစွာ ရယ်မောရင်း ကိုလတ်ကို လက်ပြကာ ပြတင်းပေါက်တွင် တစ်ပိုင်း ထွက်နေသော ကိုယ်ကလေးကို ရုတ်ခနဲ အခန်းထဲ ပြန်သွင်းလိုက်သည်။

ထိုနောက် မျက်နှာသစ် မသစ်အား၊ အခန်းထဲမှ ပြေးထွက်ကာ အိမ်ရှေ့ခန်းသို့ သွက်သွက်လေး လျှောက်လာမိလေသည်။

အိမ်ရှေ့လှေကားမှ ခြေလှမ်းကျဲကြီးများနှင့် တက်လာသော ကိုလတ်ကလည်း အော်ပြီး မေးလာသည်။



'နွေ....နင်တစ်ယောက်တည်းလား။ မိုးရော....မိုး မပါဘူးလား'

နွေ့ရင်ထဲတွင် ကျင်ခနဲ ဖြစ်သွားပြီး အမှည့် မဖော်တတ်သော ခေဒနာတစ်ရပ်ကို ခံစားလိုက်ရသလို ရှိသည်။ သွက်သွက်လေး လှမ်းနေသော ခြေလှမ်းသည် ရပ်သွားပြီး ကိုလတ်ကို ငိုမလို ပြုံးမလို မျက်နှာသားလေးနှင့် ကြည့်နေမိလေသည်။

'မိုး မပါဘူးလား မိနွေ'

'မိုးလား....မိုးက မြစ်ကြီးနား လိုက်သွားတယ်'

'ဟာကွာ....တို့များဆီတော့ လိုက်မလာဘူး'

ကိုလတ်က စိတ်ပျက်သွားသလို ပြောသည်။ နွေသည် ကိုလတ်၏ မျက်လုံးအိမ်အတွင်း၌ ဝမ်းနည်းမှုနှင့် ကြေကွဲမှုကို စူးစိုက်ပြီး ရှာဖွေကြည့်မိလေသည်။ ကိုလတ်၏ မျက်လုံးများမှ တစ်ဆင့် သူ့ရင်တွင်းကို လှမ်းမျှော်ပြီး ကြည့်ရန် ကြိုးပမ်းမိသည်။

'မိုးလား ...မိုးကိုတော့ မြို့မှာနေနေ့ ခေါင်လတ်ရေ၊ သူ့ယောကျ်ားကို သူ ခဏမခွဲနိုင်ဘူး ချစ်တာ'

ဘော်ဒါခန်းထဲဝင်လာသော မမမေက နူးနူးညံ့ညံ့ နားဖျောင်းနှင့် ဝင်းပြောသည်။ ကသက် ငါးဆယ်ကျော်ပြီ ဖြစ်သော်လည်း မမမေသည် အရွယ်တင်ဆဲ နုပျိုဆဲပင် ဖြစ်သည်။

မမမေသည် မိုးလို မျက်လုံးဝိုင်းကာ နွေ့လိုပင် ပါးချိုင့်လေး ရေးရေး ပါလေသည်။

ကိုလတ်သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။ နွေသည် ကိုလတ်ကို ငေးကြည့်ရင်း ကိုလတ်၏ လှုပ်ရှားမှုသည် နှေးကွေးလေးကန့်သွားသည်ဟု ထင်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိနွေ.... နင်ကတော့ အရင်တုန်းက အတိုင်းပဲ၊ ပိန်လဲမပိန် ဝလဲမဝဘူး၊ ဒါပေမယ့် လှလာသလိုပဲ'

'ဟာ....ဟာ၊ လှလာတယ်လား၊ ကဲ....ကိုလတ် ဘာစားချင်လဲ ပြော'

'နင် ရန်ကုန်က ပါလာသမျှ ထုတ်လေ၊ ကျေးပေါ့ဟာ....၊ အကုန်စားမှာပေါ့'

ကိုလတ်က ရင်းနှီးပွင့်လင်းစွာ ပြောလေသည်၊ ရုတ်တရက် ဝေသွားသော နွေ့စိတ်ကလေးသည်လည်း ပြန်လည် ကြည်လင်သွားလေသည်၊

မျက်နှာမသစ်၊ သွားမတိုက်ရသေးသည်ကို သတိရသဖြင့် အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်၊

မျက်နှာကို အလျှင်စလို သစ်ပြီး နွေသည် သနပ်ခါးကို သွက်သွက်လေး သွေးလိုက်မိသည်၊ နှုတ်ဖြူသော နွေ့ အသားသည် သနပ်ခါးဝါဝါ တင်လိုက်သောအခါ ဝင်းသွားသည်၊

ပါးပြင်တွင် သနပ်ခါးပုံကာ သွားပွတ်တံနုနုနှင့် ခြစ်ဆွဲလိုက်သည် မျက်ခုံးလေးကိုလည်း ထင်းသွားအောင် သနပ်ခါးခြောက်များ ခြစ်ထုတ်လိုက်သည်၊

ဖွားဖွားဝေသော ဆံပင်များကိုကား ဖဲကြိုးအနက်ကလေးနှင့် စုချည်လိုက်သည်၊

ထို့နောက် စားပွဲပေါ်ရှိ ပန်းအိုးထဲမှ စံပယ်တစ်ခက်ကို လှမ်းယူပြီး ဆံပင်ရင်းတွင် ထိုးစိုက်ပန်ဆင်လိုက်လေသည်၊

နွေသည် နှုတ်ခမ်းတွင်ရှိ သနပ်ခါးစလေးများကို တို့ပတ်ပဝါနှင့် ပွတ်ဖျက်ရင်း သူ့ကိုယ်သူ ငေးကြည့်နေမိလေသည်၊ ထို့နောက် သူ့အရိပ်ကိုသူ မျက်စိတစ်ဖက်မှိတ်ပြီး လျှာထုတ်ပြလိုက်မိသည်၊



'ဒေါ်လေးရေ.... အဲဒီလူကြီးက ဘယ်သူလဲ' အခန်းထဲဝင်လာသော ဖိုးအောင်က မေးလေသည်၊ ဖိုးအောင်၏ နောက်တွင် မိငယ်လေးကို တွေ့ရသည်၊ သူ့ခေါင်းပေါ်တွင် စွင့်စွင့်ကားသော ချည်ပေါင်ပန်းကြီးကို ကလစ်နှင့်ညှပ်ကာ ပန်ဆင်ထားသည်၊

ဆံပင်ကပါးလျှပြီး ပန်းက ကြီးသဖြင့် ချည်ပေါင်ပန်းကြီးသည် ပြုတ်ကျတော့မလို တလှုပ်လှုပ် ဖြစ်နေလေသည်၊

'အဲဒီလူကြီးကလား.... ဒေါ်လေးတို့ မေမေ့ရဲ့ သူငယ်ချင်းပေါ့'

'ဟင်.... ဒေါ်လေးတို့မှာ သူငယ်ချင်းတွေမှ အများကြီး'

'ဟုတ်သယ်နော်.... ဟို ညီညီထွေးဆိုတဲ့ လူကြီးကလဲ မေမေ့ တငယ်ချင်း'

မိငယ်လေးသည် ပြောရင်းဆိုရင်း မှန်တင်ခုံရှိ မှန်ကို ခြေဖျားထောက်ပြီး ကြည့်နေလေသည်၊ သူ ပန်းပန်ထားသည်မှာ ကောင်းမကောင်း၊ လှမလှ သိလိုဟန် ရှိလေသည်၊

'ကဲ....လာကြ မိငယ်နဲ့ ဖိုးအောင်ကို ဦးဦးအသစ်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒေါ်လေးရယ် မေမေရယ်၊ ဦးဦးညီရယ်၊ အခု တွေ့မယ့် ဦးဦးလတ်ရယ်ဟာ ငယ်ငယ်လေးထဲက အတူတူ ကစားနေကြ သိလား'

'တမီးတို့ အရွယ်ကတည်းကလား'

'ဒါပေါ့၊ သမီးတို့အရွယ်လေးကတည်းက စပြီး သိတာ၊ ငယ်ငယ်လေးကတည်းက ခင်တာ'

နွေသည် ကလေးနှစ်ဦးကို တစ်ယောက်တစ်ဖက်စီ ဆွဲကာ ခေါ်လာခဲ့သည်၊ မိငယ်လေးသည် လက်တွဲမခံချင်ဟန်နှင့် သူ့လက်ကို မသိမသာလေး ရုန်းနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



နွေတို့ ငယ်စဉ်ကလည်း မေမေက လက်တွဲခေါ်တိုင်း မေမွေ့လက်ကို ဆွဲဖြုတ်ကာ ရှေ့မှကြောပြီး ပြေးလေ့ရှိလေသည်။

ဘာကြောင့်ရယ်တော့ မသိ၊ ကလေးများသည် လူကြီးတစ်ဦးဦးက သူ့လက်ကို ဆုပ်ကိုင်ထားသည်၏ မနှစ်မြို့ပေ။

ကိုယ်ငယ်စဉ်ဘဝက လက်တွဲသည်ကို မကြိုက်သော်လည်း ကြီးလာသောအခါ လက်တွဲမခံချင်သော ကလေးကို စိတ်တိုဟတ်သည်မှာ လူကြီး၏အကျင့်ပင် ဖြစ်ဟန်တူသည်။

'မိုးကလဲ မွေးဆတ်လိုက်တာဟာ ကြည့်ပါဦး၊ အကြီးလေးကလဲ သူနဲ့ထူလိုက်တာ၊ အငယ်လေးကလဲ နွေငယ်တုန်းကရုပ်နဲ့ တစ်ပုံဘည်းပဲ၊ ငါလေ သူတို့နှစ်ယောက်ကို ကြည့်ရင်း ငါကိုယ် ငါတောင် ချာတိတ်ဘဝ ရောက်သွားလား အောက်မေ့ရတယ်'

ကိုလတ်သည် မိငယ်ကို လက်နှစ်ဖက် ဆန့်တန်းကာ ခေါ်သည်၊ မိငယ်လေးသည် ကုလားထိုင်လက်တန်းလေးကို မှီဘွယ်ရင်း ကိုလတ်ကို ခပ်စိန်းစိန်း စိုက်ကြည့်နေသည်။

သူ့ခေါင်းမှ ပန်းပွင့်လုလုကြီး ပြုတ်ကျသွားမည် စိုးသောကြောင့် ခေါင်းကလေးကို မတ်မတ်ခိုင်ခိုင်နှင့် သတိထားပြီး ရပ်နေလေသည်။

'ကဲ.... သူမလာရင် ချာတိတ်လာကွာ၊ ဦးဦးက မုန့်တွေကျွေးမယ် ဟုတ်လား၊ အားပါး ကြီးလှပြီပဲကွယ်၊ သူတို့ကို မတွေ့ရတာ သုံးနှစ်လောက် ရှိရော့မယ်၊ ကြီးလာလိုက်တာ၊ သူတို့လေးတွေကို မြင်တော့မှ ငါတို့တွေ အသက်ကြီးလာတာကို ပြတ်ပြတ် သားသား သတိရတယ်၊ ကဲ....ပြောပါဦး ချာတိတ်ရယ်၊ ဦးဦးကို မှတ်မိရဲ့လား၊ မင်းနာမည် ဘယ်လိုခေါ်သလဲဟင်'



'ကိုကိုအောင်'

'အား.... ကိုကိုအောင်တဲ့လား၊ ဦးဦးနာမည်ကတော့ ကိုကိုလတ်တဲ့၊ မှတ်ထားနော်'

ကိုလတ်သည် ဖိုးအောင်ကို ဆွဲဖက်ကာ တရင်းတနှီး ပြောသည်၊ ဖိုးအောင်သည် ကိုလတ်၏ မျက်နှာကို စိုက်ကြည့်ရင်း မျက်မှောင်လေး မသိမသာ ကြုတ်နေသည်။

နွေသည် ဖိုးအောင်ကို သိုင်းဖက်ထားသော ကိုလတ်ကို ခပ်ငေးငေးလေးကြည့်ရင်း သူ့နှလုံးခုန်သံသည် အတန်ငယ် ကျယ်လာသယောင် ခံစားရသည်။

အကယ်၍ ကိုလတ်သာ၊ ကိုလတ်သာ မိုးနှင့် ရခဲ့ကြလျှင် ဖိုးအောင်လေးသည် ကိုလယ်၏သား ဖြစ်ပေလိမ့်မည်၊ မိငယ်လေးသည်လည်း ကိုလတ်၏ သမီး ဖြစ်ပေလိမ့်မည်။

ထိုအကြောင်းများကို တွေး မိ တိုင်း နွေ့ခေါင်းထဲတွင် ဝေပြီး မှိုင်းသွားတတ်သည်။

'တော့....မိနွေ ဘာငေးနေတာလဲ၊ ငါပြောတာ မကြားဘူးလား'

'ဟင်.... ဘာပြောတာလဲ'

နွေသည် ဆတ်ခနဲ တုန်သွားသည်၊ လွတ်ထွက်သွားသော စိတ်အစဉ်ကို အလျင်အမြန် လိုက်ဖမ်းရင်း ကိုလတ်ကို မျက်လုံးလေး အဝိုင်းသားနှင့် ကြည့်မိသည်။

ကိုလတ် ဘာတွေ ပြောနေသနည်း။ နွေ လုံးဝမသိလိုက်၊ မကြားလိုက်မိချေ။

'မောင်လတ်က မေးနေတာ၊ သမီးရော ကျောင်းပိတ်လို့ လာတဲ့၊ ဒီမှာ ဘယ်လောက်ကြာအောင် နေမှာလဲတဲ့'

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် နွေ့အခက်အခဲကို ကူညီဟန်နှင့် ကြားမှ ဝင်ပြောပေးရင်း ရယ်နေလေသည်။ တွန့်ဆုတ်ဆုတ် ဖြစ်နေသော မိငယ်လေးသည် နွေ့ကုလားထိုင်တွင်ပင် ကျပ်ကျပ်သပ်သပ် ဝင်ထိုင်သည်။

ပန်းပြုတ်ကျမှာစိုးပြီး ဇက်ခိုင် ထားရသော သူ့ဒုက္ခသည်လည်း မသေးငယ်လှချေ။ ပန်းမြင်လျှင် အရှုံးအမူးကြိုက်တတ်သော စိတ်ကလေးကလည်း နွေနှင့် တစ်ထေရာတည်း တူလေသည်။

'နွေလား.... ကျောင်းပိတ်လို့ လာတာပေါ့၊ ဒီမှာ တစ်လလောက်တော့ ကြာမှာပေါ့ ကိုလတ်ရယ်'

'ပျော်စရာကြီးပါလားဟ၊ ညီထွေးပါလာရင် သိပ်ကောင်းမှာ'

'ညီထွေး တစ်ယောက် လက်ကျိုးသေးတယ်လေ'

'အေး.... သူ့ဆီက စာရတယ်၊ ကံကောင်းလို့ မသေတဲ့ သံချောင်းတို့ အဖေ ဖြစ်နေတာပေါ့'

'ကိုလတ်တို့တော့ စာ အဆက်အသွယ် မပြတ်ကြဘူးနော်'

'အေး.... အမြဲစာရေးနေတာပဲ'

'နွေနဲ့တော့ အခုမှ ပြန်ခေါ်တာ'

'နှင်တို့ကတော့ ခွေးလို ကိုက်နေကျ တွေပဲ၊ နောက်ပြီး တကယ်လဲ ပြတ်နိုင်တာလဲ မဟုတ်'

'ညီထွေး လာဦးမယ်တဲ့၊ သူ့ဆေးခွင့် မခေ့ခင် ကိုလတ်ဆီ လာဦးမယ်လို့ ပြောတယ်'

'နွေနဲ့ တစ်ခါတည်း လိုက်လာရင် ပြီးရော'

'နောက်မှ လိုက်ခဲ့မယ် ပြောတာပဲ'



နွေသည် သူ့ခေါင်းမှ ပြုတ်ကျသွားသော စံပယ်ခက်လေးကို ကုန်းကောက်လိုက်ပြီး ယက်ထဲတွင် လှည့်ကာ ... မိသည်။ အပင်ပေါ်တွင် ပွင့်ရသော ပန်းကလေးများကဲ့သို့ မလန်းဆန်းလှချေ။

အတန်ငယ်ပျော့သော ပွင့်ဖတ်လေးများသည် ခပ်ငိုက်ငိုက် စိုက်ကျနေကြလေသည်။ စိမ်းမြသော အရွက်လေး နုပ်ချွက်သည်ကား နွမ်းပျော့ပျော့ အပွင့်လေးသုံးပွင့်ကို အောက်ဘက်မှ ကူပြီး ဖေးမထားကြဟန် ရှိသည်။

'ညီထွေးလဲ တစ်ခါတည်းကို လူကြီးလုံးလုံး ဖြစ်သွားပြီ၊ သူနဲ့ ပြန်တွေ့တုန်းက သူ့ကိုကြည့်ရင်း ဟိုအရင်တုန်းက ညီထွေးကို မြင်လိုက်၊ ဩနန်းခနဲ လက်ရှိညီထွေးကို မြင်လိုက်နဲ့ နွေ့စိတ်ထဲမှာ ဟိုရောက် ဒီရောက်နဲ့ မောနေတာပဲ'

ကိုလတ်သည် နွေ့ကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်လေသည်။ မေမေ လာချပေးသော ကောက်ညှင်းပေါင်း ပန်းကန်ကို မြင်သောအခါမှ အရယ်ရပ်တော့သည်။

အငွေ့တထောင်းထောင်း ထွက်နေသော ကောက်ညှင်းချိတ်ပေါင်းသည် နှမ်း ထောင်း နှံ့ လေး မွှေးနေသည်။ အုန်းသီးပေါသောအရပ် ဖြစ်သဖြင့် အုန်းသီးနိုင်နိုင် ဖြူးထားသောကြောင့် မြင်ရုံနှင့် သွားရည်ကျစရာ ကောင်းသည်။

ဆာနေဟန်ရှိသော ကိုလတ်သည် ကောက်ညှင်းပေါင်း တစ်လုပ်စာကို လက်တံရှည်နှင့် လှမ်းနှိုက်လိုက်ပြီး ခပ်မြန်မြန်လေး စားလိုက်သည်။

ထိုနောက် တစ်ချက်ချင်း ညက်ညက်ဝါးနေရင်း ပြုံးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါလဲ အခု နင့်ကို ကြည့်နေရင်း ရုပ်ရှင်ကြည့်နေရသလိုပဲ၊ ငယ်ငယ်လေးမြင်လိုက်၊ အခုအရွယ်အတိုင်း မြင်လိုက်နဲ့ မျက်စိကို မနည်းပွတ်ကြည့်နေရတယ်'

'နွေ ကြီးပါပြီ ကိုလတ်ရယ်'

နွေက တိုးတိုးလေး ပြောလေသည်။ နွေ့ဘေးတွင် မိငယ်လေးက ယှဉ်ပြီးထိုင်နေသည့် အတွက်လည်း ကိုလတ်၏ စိတ်သည် ကုန်လွန်ခဲ့သော ကာလများဆီသို့ ပြေးလွှားနေကြဟန် ရှိလေသည်။

ကိုလတ်ကို တစ်ချိန်လုံး စူးစူး စိုက်စိုက် ကြည့်နေသော မိငယ်လေးသည် နွေ့လက်ကို ရုတ်တရက် ဆွဲခါလိုက်သည်။ ထိုနောက် နွေ့နားဝတွင်ကပ်ကာ ကိုလတ် မကြား အောင် တိုးတိုးလေး ပြောသည်။

'တမီး တတီရပီ၊ တိပီ၊ အဲဒီ ဦးဦးကိုလေ တမီး ဓာတ်ပုံထဲမှာ မြင်ဖူးဘယ်လေ'

'ဘယ်ဓာတ်ပုံထဲမှာလဲ'

နွေကလည်း မိငယ်ကို ဖက်ကာ တိုးတိုးလေး ခြွန်မေးမိသည်။ မိငယ်သည် ကိုလတ်ကို စွေကြည့်သည်။

'ဟိုလေ....မေမေ့ဓာတ်ပုံချာအုပ်ထဲမှာလေ လေးယောက်၊ မေမေကြောတယ်၊ အဲဒါ မေမေနဲ့ ဒေါ်လေးနဲ့ တငယ်ချင်း နှစ်ယောက်တဲ့လေ၊ ဒေါ်လေးက အပင်ကြီးတွေ ကိုင်ထား တယ်လေ၊ ဘာပင်ကြီးတွေလဲတော့ တမီး မတိဘူး၊ ရန်ကုန်မှာ တွေ့တဲ့ ဦးဦးလဲ ပါတယ်၊ အခု ဦးဦးလဲ ပါတယ်လေ'

မိငယ်လေးက အရေးတကြီး မျက်နှာလေးနှင့် ပြောလေသည်။ သူ့စိတ်ထဲတွင် ရှုပ်ထွေးနေသည်ကို အစဖော်၍ ရသွားသဖြင့် ကျေနပ်နေဟန်လည်း ရှိသည်။



နွေသည် မိငယ်လေး၏ လက်ချောင်းသွယ်သွယ်လေးများကို ညှစ်ကိုင်လိုက်ရင်း အတိတ်ကာလဆီသို့ ဝဲပျံသွားသော စိတ်လိပ်ပြာလေးကို လွှတ်ပေးလိုက်သည်။

ထိုစဉ်က ကိုလတ်က ညာဘက်အစွန်း၊ ထိုနောက် နွေ၊ ပြီးတော့ မိုး၊ ဘယ်ဘက်စွန်းတွင် ညီထွေးက ရပ်ဖြစ်သည်ကို မှတ်မိသည်။

ကောင်းကင်ပြင်သည် ခရမ်းရောင် ပြေးနေကာ တိမ်တိုက်ဖြူဝါများက လေနှင်ရာသို့ တအိအိ ရွေ့လျားနေသည်။ ကန်သုံးဆင့်မှ ရေပြင်ကျယ်သည်ပင် ခရမ်းရောင် ဖျော့ဖျော့လေး ရိပ်ရိပ်ပြေးနေလေသည်။

*

www.burmeseclassic.com

ကောင်းကင်ပြင်သည် ခရမ်းရောင်ပြေးကာ တိမ်တိုက် ဖြူဖွါ များက လေနှင့်ရာသို့ တအိအိ ရွေ့လျားနေသည်။ ကန်သုံးဆင့် ရေပြင်ကျယ်သည်ပင် ခရမ်းရောင် ဖျော့ဖျော့လေး ရိပ်ရိပ်ပြေး နေလေသည်။

'ညီထွေးရယ်... နင်က ရိုက်တတ်လို့လား။ ဟုတ်မှလဲ လုပ်စမ်းပါဟယ်'

'အတင်ပေးလိုက်တာ လွန်ရော'

ညီထွေးက မကျေမနပ် ပြောသေးသည်။ တင်မရာလေး တချိန်ချိန်နှင့် ရှုမျှော်ခင်းကောင်းသော နေရာကို ရွေးချယ်နေသည်။

နွေသည် ကင်မရာထဲတွင် ဖလင်လိပ် မပါဘဲ သူတို့ကို အခြောက်တိုက် အရူးလုပ်မည်ကို တွေး၍ စိုးရိမ်နေမိသည်။

ဓာတ်ပုံရိုက်ရမည် ဆိုသောကြောင့် မိုးရော နွေပါ မသိမသာလေး စိတ်လှုပ်ရှားနေသည်။ ချော်ကျောက်အကျီ အနီလေးများ အပြူခံပေါ်တွင် နှင်းဆီပွင့် ကျဲကျဲလေးများ ရိုက်သားသော တူတယ်လုံချည်ကို ဆင်တူဝတ်ထားသည်။



ထိုနောက် မိုးသည် ရှည်လျားတုတ်ခိုင်သော ကျစ်ဆံမြီး နှစ်သွယ်၏ အရင်းတွင် ဖဲကြိုးအနီလေးများ စည်ထားလေသည်။

နွေကမူ ဆံပင်အရှည်ထားစ ဖြစ်သဖြင့် ဆံပင်ပျော့လေးများကို အားလုံးပင် စု၍ မသိမ်းနိုင်သေးချေ။

လုံချည်၊ အကျီ ဆင်တူဝတ်ထားကြသော်လည်း အရွယ်၏ အလှကြောင့် မိုးသည် ထင်ရှားနေသည်၊ ဝင်းပနေသည်။ နွေကမူ ပိန်လျားဖျော့တော့စွာနှင့် မပွင့်သေးသော ပန်းဖူးလေးပမာ မှိုန်ဖျော့နေလေသည်။

'မိနွေ၊ နင် ဟိုတံတားထိပ်မှာ သွားရပ်ကြည့်'

ညီထွေးက အမိန့်ပေးသော အခါ နွေသည် တံတားထိပ်တွင် သွား၍ ရပ်နေရလေသည်။ ညီထွေးသည် သူ့ဦးလေး၏ ကင်မရာကြီးကို ဟန်ကျပန်ကျ လွယ်ထားသော်လည်း ကောင်းကောင်း ကန်းကန်း ရိုက်မှ ရိုက်တတ်ရဲ့လား မသိရချေ။

အလင်းရောင်ချိန်သော ကိရိယာလေးကို ဖွင့်ကြည့်လိုက်၊ ကင်မရာမှန်ဘီလူးကို လှည့်လိုက် ရွှေ့လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေလေသည်။

ကိုကိုလတ်သည် စောင့်ရသည်ကို ပျင်းလာဟန်နှင့် ရေစပ်သို့ ဆင်းသွားပြီး ရေထဲတွင် တရိပ်ရိပ် ပြေးလွှားနေကြသော ငါးသလဲထိုး အုပ်လေးများကို ကြည့်နေသည်။

ညနေခင်း အချိန် ဖြစ်၍ ပုသိမ်ကောလိပ်မှ ကျောင်းသူ ကျောင်းသားလေးများသည် ကန်ဘောင်ကို ပတ်ပြီး လမ်းလျှောက်နေကြသည်။ သို့သော် အနည်းငယ်သာ ဖြစ်သည်။

ရန်ကုန် တက္ကသိုလ်မှ အင်းလျားကန်လို လူမစည်ကားလှချေ။ အင်းလျားကန်ဘောင်ကို ချစ်သူတို့ ဝင်ခိုကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မြို့၏ ကန်သုံးဆင့် ကမ်းခြေသည် ချစ်သူတို့ ခိုလှုံရာမဟုတ်ချေ။

ထို့ကြောင့် လဲ့လဲ့ ပြာသော ကန်ရေပြင်သည် အင်းလျားရေပြင်ထက်ပင် သန့်ရှင်းသည်ဟု အသက်ကြီးလာသောအပိုင်းတွင် ကိုလတ်က မကြာခဏ ပြောတတ်လေသည်။

ကန်ဦးတွင်ရှိ ညောင်ချဉ်ပင်ကြီးများသည် စိမ်းညို့နေသည်။ စိမ်းဝေဖားလျားသော အရွက်များနှင့် ဝန်းကျင်ကို အုပ်မိုးရန် ကြိုးစားနေကြဟန် ရှိသည်။

'ကြာလိုက်တာ ညီထွေးရာ'

'ခဏလေး ခဏလေး'

ညီထွေးက အော်လေသည်။ ဖျော့တော့သော ကောင်းကင်ရောင်သည် ခရမ်းရောင် ပိုတောက်လာလေသည်။ နွေသည် တံတားလက်ရန်းကို ပျင်းပျင်းရိရိ မှီရင်း ရေစပ်တွင် ရပ်နေသော ကိုလတ်ကို ငုံ့ပြီးကြည့်နေမိသည်။

ကိုလတ်၏ဘေးတွင် 'မအေးခြင်ထောင်'ပင် လေးများကို တွေ့ရသည်။

ကန်ရေကို တဝကြီးသောက်သုံးရပြီး နုံးမြေအားကြောင့် ထင်သည်။ အပင်စိမ်းလေးများသည် အလုအယက်ပင် အပေါ်သို့ တိုးတက်ပြီး သူ့ထက်ငါ မြင့်ရန် အားယူနေကြဟန် ရှိသည်။

ပင်ရင်းများသည် လက်သန်းလုံးခန့် တုတ်သည်။ အပေါ်ဘက်မှ မြက်ပွင့်များသည် ကားပြီး ဖြာဝေနေလေသည်။

'ကိုလတ်ရေ.... မအေးခြင်ထောင်ပင် ခူးခဲ့ပါ'

'မခူးဘူး'

'မကြီးကျယ်ပါနဲ့နော်၊ ဘာပင်ပန်းလို့လဲ'



'မိနွေ.... နင် ကလေးမှိုလား၊ မအေးခြင်ထောင်ပင်ကို နင်က ဘာလုပ်ဦးမှာမို့လဲ'

'အို.... မအေးခြင်ထောင် လုပ်မှာပေါ့'

'ပေါတောတောနဲ့၊ အဲဒါက ကြက် ချီး တန်း တုန်း ကကစားတာ'

'ကြက်ချီးချီး၊ ဘဲချီးချီး'

'နင် အခု ခုနစ်တန်း အောင်ခါနီးပြီ၊ မအေးခြင်ထောင် ဘယ်လောက်ကြီး၊ ဟောဒီလောက်ကြီး ဆိုတာမျိုးတွေ လုပ်ချင်သေးလို့လား'

'လုပ်ချင်သေးတာပေါ့၊ ဘာဖြစ်လဲ'

'ပေါတောတောနဲ့'

ကိုလတ်က ထောမနာပြုသောအခါ နွေသည် ရုတ်တရက် စိတ်တိုသွားသည်၊ ထို့ကြောင့် မျက်နှာကို အားကုန်ရှုံ့ပြီး လျှာကို အရှည်ကြီး ထုတ်ပြလိုက်မိလေသည်။

ထိုစဉ်တွင် ညီထွေးသည် ကင်မရာခလုတ်ကို ချက်ခနဲ နှိပ်ချလိုက်ကာ ဝမ်းသာအားရ ရယ်မောလိုက်လေသည်။

'ဟား....ဟား.... ကမ္ဘာပေါ်မှာ ဒီ့ထက်ကောင်းတဲ့ပုံကို ရဖို့မလွယ်ဘူး၊ ဟေး ...ဟေး၊ ဟား.... မိနွေ၊ ငါ အဲဒီပုံကို အကြီးကြီးကူးပြီး မှန်ဘောင်သွင်းပေးမယ်'

'ခွေး ညီထွေး၊ ဝက် ညီထွေး'

နွေသည် တစ်မျက်နှာလုံး ရဲရဲနီသွားပြီး မကျေမနပ်ဒေါသရေရွတ်နေမိလေသည်။

နွေ ဝတ်ထားသော ဂျော်ဂျက် အင်္ကျီလေးနှင့် တူဘယ်လုံချည် လှလှလေးတို့ကလည်း ကယ်နိုင်မည် မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နွေ့ခမျာ မှင်စာက အမေမခေါ်ရအောင်ပင် အရှပ်ဆိုးနေမည်မှာ ကျိန်းသေလှပါသည်။

ရေစပ်တွင် ရပ်နေသော ကိုလတ်နှင့် မိုးတို့ကလည်း နွေ့ကို မော့ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောနေကြလေသည်။ နွေသည် နှုတ်မှ ရှုပ္ပရှုပ္ပ ပြောရင်း ညီထွေးကို ကျောခိုင်းလိုက်သည်။

'နွေခရေ စိတ်မကောက်နဲ့ မိုး ခူးခဲ့မယ်နော်'

မိုးသည် နွေ့ကို လှမ်းပြောရင်း မအေးခြင်ထောင်ပင်များကို အရင်းမှ ကပ်ပြီး ချိုးယူနေသည်။

နွေတို့ ငယ်ငယ်တုန်းကတည်းက ကစားနေကျ ကစားနည်းဖြစ်သည်။

မြက်ရိုးတံကို အစွတစ်ဖက်စီမှ ကိုင်ထားကြရသည်။ အလယ်ဘက်မှ ခွဲကြောင်းပေးထားပြီး အစလေးဘို စ၍ ဖြဲထား၏။ တစ်ယောက်က 'မအေးခြင်ထောင် ဘယ်လောက်ကြီး' ဟု မေးလိုက်လျှင် 'မောဒီလောက်ကြီး' ဟု အော်ကာ အစနှစ်ဖက်စီမှ တစ်ပြိုင်နက်တည်း ဆွဲပြီး ဖြဲလိုက်ကြသည်။

ခွဲကြောင်းနှစ်ခုစာ အလယ်တွင် စုဆုံသော မြက်ရိုးတံသည် ခြင်ထောင် အမိုးသဖွယ် စတုရန်းပုံ ဖြစ်သွားလေသည်။ တစ်ခါတစ်ရံလည်း ခွဲကြောင်းတစ်ကြောင်းနှင့်တစ်ကြောင်း မဆုံမိဘဲ ပြတ်ထွက်သွားတတ်သည်။

'ကဲ....ကဲ.... လာပါ၊ လေးယောက်လုံး ရိုက်မယ်၊ ကိုလတ်၊ မိုး လာကြပါ'

ညီထွေးသည် သုံးချောင်းထောက် ကိရိယာလေးပေါ်တွင် ကင်မရာကို တင်ရင်း လှမ်းခေါ်သည်။



ကိုလတ်နှင့် မိုးသည် ရေစပ်မှ အပြေးအလွှား တက်လာကြလေသည်။

နွေလိုချင်သော မအေးခြင်ထောင်ပင်များသည် မိုး၏လက်ထဲတွင် ယိမ်းနွဲ့ယမ်းခါရင်း ပါလာကြသည်။

ခရမ်းရောင်ဆောင်းသင်တွင် ဖြူဖွေးသော ဗျိုင်းတစ်အုပ် ပျံသန်းသွားသည်။

ဖွေးဖွေးဖြူသော ဗျိုင်းလေးများကို နွေသည် အမှတ်မထင် လိုက်၍ ရေတွက်နေမိသည်။

ရေတွက်၍ မပြီးခင်ပင် ဗျိုင်းများသည် အနောက် ယွန်းယွန်း ဆီသို့ နိမ့်ဆင်းသွားကြသည်။

'ရော့....နွေ၊ နှင့်အပင်တွေ'

ကိုလတ်နှင့် မိုးသည် နွေ့ဘေးတွင် တစ်ဖက်တစ်ချက်ဝင်၍ ရပ်လိုက်ကြသည်။

မိုး လှမ်းပေးသော မအေးခြင်ထောင်ပင်များကို ပွေ့ပိုက်ယူလိုက်ပြီး နွေသည် သူ့လက်ကို ဘယ်လို ထားရမည်နည်း စဉ်းစားနေမိလေသည်။

မြက်ပင်များကိုပင် ပွေ့ပိုက်ထားရကောင်းမလား၊ အပင်များကို မြေပေါ်အသာချပြီး လက်နှစ်ဖက် နောက်ပစ်ရပ်ရလေမလား မစဉ်းစားတတ်အောင် ရှိတော့သည်။

'အားလုံး ရယ်ဒီနော်'

ညီထွေးက အော်သောအခါ နွေသည် မြက်ပင်လေးများကို ကိုင်လျက်သားပင် ကင်မရာမှန်ဘီလူးကို မျက်နှာထားတည်တည်နှင့် စိုက်ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မာတ်ပုံရိုက်စဉ်တွင် ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်မည်၊ ရယ်လိုက်မည်ဟု တွေးထားသော အတွေးလေးများ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြလေသည်၊

'ကဲ....ရယ်ဒီ'

ညီထွေးသည် အော်တိုမစ်တစ် ခလုတ်လေးကို နှိပ်ခဲ့ပြီး နွေတို့ဘက်သို့ အားကုန်ပြေးလာသည်၊

ထိုနောက် တောင့်တောင့်လေး ရပ်နေသော မိုး၏ ဘေးတွင် ဝင်ပြီး ရပ်လိုက်သည်၊

လေးဦးစလုံး တမင်ကြည်ထားသောမျက်နှာ တရွှဲရွှဲပြည်နေသော ကင်မရာလေးကို မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်၊

'ချက်'ခနဲ မြည်သွားသော အသံလေးကို ကြားရမှ အသက်ကို တဝကြီး ရှူရှိုက်လိုက်မိကြသည်၊

'လှမှ လှပါ့မလား မသိဘူး'

နွေက စိုးရိမ်သလို ပြောမိသည်၊

မြက်ပင်များကို ကိုင်ထားသည့်အတွက်နှင့် မပြုံးမိ မရယ်မိသည့်အတွက် ကိုယ့်ကိုယ်ကို ကျိတ်ပြီး အပြစ်တင်နေမိသည်၊

'နဂိုရုပ်ပဲ ထွက်မှာပေါ့ဟ'

'နွေ့ နဂိုရုပ်က လှသားပဲ'

နွေက ဆင်ခြေတက်သလို ပြောသည်၊

'အောင်မာ.... နင်မလှပါဘူး၊ မိုးကမှ လှတာ'

ညီညီထွေးက ပြောသည်၊

ညီညီထွေးက မချီးကျူးစဖူး ချီးကျူးသည့်အတွက် မိုးသည် ဟားခနဲ ထရယ်လေသည်၊



ဆည်းဆာရောင်တွင် ပွင့်စ ပန်းဖူးလေးများလို နုနယ်သော မိုး၏ မျက်နှာလေးကို နွေသည် အားကျသော စိတ်ကလေးနှင့် ကြည့်မိသည်၊

ညီညီထွေးသည် သူ့စကားကိုသူ ဆက်ပြီး ရှင်းပြလေသည်၊

'မေမေတို့က ပြောတယ်ဟ၊ မိုးက လှတယ်တဲ့၊ နွေက ချစ်စရာ ကောင်းတယ်တဲ့၊ နွေ့ မျက်နှာက ချိုချိုအေးအေးလေးတဲ့၊ ငါကတော့ မထင်ပေါင်၊ နင် အားကြီးစွာတာပဲ၊ မေမေတို့ မသိလို့'

'မစွာရင်တော့ လှမှာလား'

နွေက စိုးရိမ်စိတ်ကလေးနှင့် မေးသောအခါ သူတို့သုံးဦးစလုံး နွေ့ကို ကြည့်ကာ အူလှိုက်သည်းလှိုက် ရယ်မောကြလေသည်၊

ထိုနောက် မိုးက နွေ့ လက်ကို ညှစ်ကိုင်ကာ တိုးတိုးလေး ပြောသည်၊

'နွေရယ်၊ ရုပ်ဆိုးတယ် လှတယ်ဆိုတာ သက်မှတ်ချက် မရှိပါဘူး၊ စိတ်ကလေးတစ်ခုပဲ၊ နွေ့ကိုလဲ အခု ရုပ်ဆိုးတယ် မြင်နေတဲ့သူဟာ တစ်ချိန်ချိန်ကျရင် ဟာ.... သိပ်လှပါလားလို့ ဖြစ်ချင်ဖြစ်သွားမှာ၊ သိပ်လှပါလားဆိုတဲ့ လူကလဲ မလှပါဘူးကွာလို့ ဖြစ်ချင်ဖြစ်သွားမှာပေါ့၊ ဘယ်ပြောနိုင်မလဲ၊ နွေဟာ ပွင့်လင်းတယ်၊ ဖြူစင်တယ်၊ မိုးမျက်စိထဲမှာတော့ နွေဟာ အလှဆုံးပဲ'

'ဟား....ဟား၊ သူ့ညီမများ သူ အမွှန်းတင်နေလိုက်တာ အလှဆုံးတဲ့'

ကိုလတ်နှင့် ညီထွေးသည် ပြက်လုံးကောင်းတစ်ခုကို ကြားလိုက်ရသူများကဲ့သို့ ရယ်ကြပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



နွေ မခံချင်မှန်း၊ စိတ်ငယ်မှန်းသိသဖြင့် ထိုင်ငိုသည်အထိ နောက်ပြောင်လိုဟန် မရှိသည်။

နွေသည် ပြုံးမဲ့မဲ့လေးနှင့် တံတားပေါ်မှ နေပြီး ရေထဲကို ငုံ့ကြည့်နေမိသည်။

လှိုင်းကြက်ခွပ်လေးများ ရိုက်ခတ်နေသော ရေပြင်တွင် နွေ့အရိပ်သည် ပြတ်ပြတ်သားသား ထင်မနေပေ။

တရိပ်ရိပ်နှင့် ယိမ်းထိုး လှုပ်ရှားနေသည်။ ညီထွေးသည် နွေ့ကို မကြားတကြားနှင့် မခံချင်အောင် ထပ်ပြောနေလေသည်။

'အဟက်....၊ ငါ့မျက်စိထဲမှာတော့ နွေဟာ မလှဆုံးဘဲ၊ အားကြီး အကျည်းတန်တယ်၊ အကျည်းတန်သော ဘဲကလေး နွေ၊ နင့်ဖင့် နင် စမ်းကြည့်စမ်း၊ ဘဲမြီးကြီး ပေါက်နေပြီလား မသိဘူး'

'ညီထွေးနော်'

'နင့်ကိုယ်နင် ဘဲထင်ပြီး ရေထဲ ခုန်မချနဲ့နော်'

'ညီထွေး.... တော်တော့'

နွေသည် သူ့အရိပ်ကို ငုံ့ကြည့်နေရင်းမှ ခပ်ဆတ်ဆတ် လေး အော်လိုက်သည်။

နွေ ဒေါသ ဖြစ်လာအောင်၊ မျက်ရည် ဝိုင်းလာအောင် တမင်ပြောနေမှန်း သိသောကြောင့် ဒေါသမဖြစ်မိအောင် ထိန်းထားသည်။

မျက်ရည် မဝိုင်းမိအောင် တမင်ပြုံးထားသည်။

'မလှတော့ရော ဘာဖြစ်လဲ၊ ကဲ'

နွေသည် ဘောက်ဆတ်ဆတ်လေးပြောရင်း ကန်ရေပြင်ထဲသို့ ကျောက်ခဲလေးတစ်လုံးကို လွှဲပြီး ပစ်ထည့်လိုက်သည်။



တောင်းကင်ရောင်ဟပ်ကာ ခရမ်းသွေး ပြေးနေသော ရေပြင်တွင် ဝဲဂယက်ကလေးများက အဝိုင်းအဝိုင်း ထကာ ကမ်းစပ်သို့ ပြေးလာကြသည်။

'မလှတော့ အရုပ်ဆိုးတာပေါ့ဟ'

'အရုပ်ဆိုးတော့ ဘာဖြစ်လဲ၊ အကျည်းတန်တော့ ဘာဖြစ်လဲ၊ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ'

'အရုပ်ဆိုးတော့ အကျည်းတန်တော့ နင် အပျို ဖြစ်ရင် နင့်ကို ဘယ်သူ ကြိုက်မှာလဲဟ၊ ကြိုက်မယ့်သူမရှိဘူးပေါ့'

'ကြိုက်မယ့်သူမရှိတော့ရော ဘာဖြစ်လဲ၊ ကဲ....ကဲ'

'နင် ယောကျ်ားမရဘူးပေါ့'

'နင့်ယောကျ်ားကြီး ဘာလုပ်ဖို့၊ မီးဖုတ်ပြီး သုပ်စားရမှာလား'

နွေသည် မအေး ခြင်ထောင်ပင်ကလေးများကို ယမ်းခါရင်း မေးလိုက်မိလေသည်။ ဒေါသခိုး ဝေလာလုနီးပြီ ဖြစ်နေသော နွေ့မျက်နှာနီ တွေးတွေးလေးကို ကြည့်ရင်း ညီထွေးသည် အဟဲခနဲ ရယ်လိုက်လေသည်။ ထိုး၍ပေါက ကျောက်ခဲစာ မိတော့မည် ဖြစ်သဖြင့် ခေါင်းကို ကုပ်ကာ ရယ်သွမ်းသွေးသည်။

'နွေကလဲဟာ....ငါက အကောင်း ပြောတာ၊ ယောကျ်ားဆိုတာ မန်းမကို ရှာကျွေးမှာပေါ့ဟ၊ ပင်ပင်ပန်းပန်း အလုပ်တွေလုပ်၊ ငွေရှာ၊ ကြိုးစား အဲဒါ ယောကျ်ားအလုပ်ပေါ့ဟ၊ မှတ်ထား မိနွေရ၊ နင် ယောကျ်ားယူပြီး ဇိမ်နဲ့ထိုင်စားချင်'

သူတို့လေးဦး အိမ်ဘက်သို့ ခပ်ဖြည်းဖြည်း ပြန်လျှောက်ခဲ့ကြသည်။ မအေးခြင်ထောင် ကစားဖို့လည်း တစ်ဖက်မှ ကိုင်ပေးမည့် အဖော်မရှိ၍ နွေ ကစားရ၊ ဒီကြားထဲ အကျည်း

www.burmeseclassic.com

www.burmeseclassic.com



တန်သည်ဟု အပြောခံရသောကြောင့် နွေသည် စိတ်တိုပြီး အချဉ်ပေါက်နေလေသည်။

ထို့ကြောင့် ညီထွေးကို ဆဟ်ခနဲ မျက်စောင်းထိုးကာ အပေါ်ထွေးတူးလေး ပြောမိသည်။

'နွေ့ ပိုက်ဆံနဲ့ နွေ စားနိုင်ပါတယ်၊ ဘာလုပ်ဖို့လဲ၊ နွေ ယောကျ်ား ယူပြီးရင်လေ စောင့်ကြည့်နေ သိလား၊ အဲဒီ ယောကျ်ားကြီးကို မီးဖုတ်ပြီး သုပ်စားပစ်မှာပဲ၊ ကဲ'

*

ခနွ

မီးဖုတ်ပြီး သုပ်စား ခံရမှာကိုတော့ တို့ တကယ် ကြောက်ပါတယ်၊ ဒါပေမယ့် နွေ့ ယောကျ်ား ဖြစ်ချင်တယ်၊ တို့ နွေကို ယူချင်တယ်။

တို့ ရည်းစားတွေ ထားဖူးပါတယ်၊ ဒါပေမယ့် နွေ့ကိုပဲ ခဏခဏ သတိရတယ်၊ တို့တွေ ပါးစပ်က ဖွင့်ပြောမလို့ဘဲ ပြောလို့မထွက်တာနဲ့ စာရေးလိုက်တာ၊ နွေ ဒီစာကို ရပြီးလောက်မှ တို့ ပုသိမ်လိုက်ခဲ့မယ်၊ နောက်ပြီး ရွှေ့ရေး ဆွေးနွေးကြတာပေါ့။

ညီညီထွေး

နွေသည် စာရွက်ဖြူလေးကို ငေးငိုင်ကြည့်ရင်း မျက်ရည် ရစ်ဝဲလာလေသည်။ နွေ့ ရင်ထဲတွင် ဒေါသနှင့် မာနမာနတို့က မထကြွကြွသော်လည်း ဝမ်းနည်းစိတ်က လှိုင်းထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်နိုင်တဲ့ တစ်နေ့ကျရင် နင့်ကို ငါ ယူမည်ဟု ကြုံးဝါးထားသော ညီညီထွေးသည် မမြင်ရသော နေရာမှနေပြီး နွေ့ကို စိုက်ကြည့်နေသလို ခံစားနေရလေသည်။

နွေသည် စာကို နောက်တစ်ခေါက်ထပ်ဖတ်ပြီး ရုတ်တရက် အားပျော့သွားသလို ဘမှာပင်ရင်းတွင် ထိုင်ချ လိုက်မိလေသည်။ ရင်ထဲတွင် တုန်ဟိုက်ကာ မောပန်းနေသည်။

'ဒေါ်လေးရေ....မေမေ့ဆီက စာလား'

'မဟုတ်ပါဘူးကွယ်'

'မေမေက သားတို့ဆီကိုလဲ စာမရေးသေးဘူး'

'ရေးမှာပေါ့ကွယ်'

ဖိုးအောင်လေးသည် တမာကိုင်းကို မမီမကမ်းနှင့် ခုန်ပြီး ဆွဲရန် ကြိုးပမ်းနေသည်။ အခါခါ ခုန်နေသော်လည်း တသိမ့်သိမ့် ညွှတ်နေသော တမာကိုင်းကို မိအောင်မဆွဲနိုင်ချေ။

ဖြူဝါဝါ တမာပန်းများသည် စိမ်းမြသော အရွက်များကြားထဲတွင် ဖွေးနေအောင် ပွင့်နေကြသည်။

နွေသည် စာရွက်ကလေးကို ပြန်ခေါက်ပြီး ခေတ္တမျှ စိုက်ကြည့်နေမိသည်။ တမာပွင့် ဖြူဝါဝါလေးများက တဖွဲဖွဲ ကြွေလာပြီး စာရွက်ခေါက်လေးပေါ် တင်နေပြီးမှ လျောကျသွားကြသည်။

ပြောင်နေအောင်လှည်းထားသော မြေတလင်းတွင် တမာပန်းပွင့် ငယ်ငယ်လေးများ ကြဲပြန့်နေလေသည်။

'တို့အောင်ကဲ့ မိငယ်လိုချင်တယ်၊ တိတ်လိုချင်တာပဲ'

မိငယ်သည် တမာပန်းများကို လက်ညှိုး တထိုးထိုးနှင့် ဖိုးအောင်၏လက်ကို ဆွဲခါကာ ပူဆာနေသည်။ ဖိုးအောင်ခများ အားကုန် ခုန်ပါသော်လည်း တမာကိုင်းကို မမီသဖြင့် စိတ်ကသိကအောက်လေး ဖြစ်နေရရှာသည်။



နွေ့ကို မသိမသာလေး စောင်းကြည့်သည်။ နွေသာ အနားတွင် မရှိလျှင် ဘမာပင်ပေါ် ဖက်တွယ်ပြီး တက်ရန် စိတ်ကူးနေသောကြောင့် ဖြစ်၏။

'ဒေါ်လေး တမီးလိုချင်တယ်၊ ပန်းလိုချင်တယ်'

နွေသည် နေရာမှထကာ တမာကိုင်းကို ခုန်ပြီး ဆွဲလိုက်သည်။ ကြိုင်မွှေးသင်းပျံ့နေသော ပန်းများကို အခက်လိုက် ချိုးယူလိုက်ပြီး မိငယ်လေးကို လှမ်းပေးလိုက်သည်။

မိငယ်လေးသည် သင်းပျံ့သောပန်းများကို အားရပါးရ ရှိုက်နမ်းရင်း ပျော်ရွှင်စွာ ရယ်မောနေလေသည်။

'မိငယ်လေး၊ ဘာလို့ရယ်တာလဲ ဟင်'

နွေသည် သူ့ဖိနပ်လေးကိုသူ ချပြီး သစ်ပင်ရင်းတွင် ထိုင်ချလိုက်သည်။ ထို့နောက် မိငယ်လေး၏ မျက်နှာကို ငေးငေးလေးကြည့်ရင်း မေးလိုက်မိလေသည်။ သင်း

ပျော်ရွှင်စွာ ရယ်မောနေသော မိငယ်လေး၏ မျက်ဝန်းလေးများသည် အရောင် ရှန်းစိုနေကြသည်။

ထူးထူးဆန်းဆန်း မေးသော နွေ့ကို တအံ့တဩ လှမ်းကြည့်ရင်း မိငယ်သည် ပန်းခိုင်လေးများကို ဟယုတ်ယ ငုံ့ပိုက်လေသည်။

'ဘမီးရယ်တာလား၊ ရယ်ချင်လို့ပေါ့'

'ဘာလို့ ရယ်ချင်တာလဲကွယ်'

'ပျော်လို့ပေါ့'

'ဘာလို့ ပျော်တာလဲ တင်'

'ဟင် . တမီးမသိဘူး၊ ပန်းသွေးရလို့ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မိငယ်လေးသည် မျက်လုံးအဝိုင်းသားနှင့် ဖြေလသည်။ နွေက အထူးတဆန်း မေးလိုက်သောကြောင့်လည်း 'မိငယ် ဘာကြောင့် ပျော်ရတယ်' ဟူသော ပုစ္ဆာ၏ အဖြေကို သူ့ဘာသာသူ စဉ်းစားပြီး အဖြေရှာနေဟန် ရှိလေသည်။

ပျော်ရွှင်ချမ်းမြေ့သော ဘဝ၏ တန်ဖိုးကို မိငယ်လေး သိဦးမည် မဟုတ်ချေ။

တမာပန်းနံ့က သင်းပျံ့ပျံ့ မွှေးနေသည်။ နွေသည် မွှေးပျံ့ပျံ့ ရနံ့ကို ရှိုက်၍ ရှူလိုက်ပြီး ပင်စည်ကို မှီလိုက်သည်။

တမာခေါက်များကြားမှနေ၍ နီညိုရောင် တမာစေးများ စိမ့်ယိုထွက်ပြီး ခဲနေသည်။ နွေသည် တမာစေးခြောက်လေးများကို လက်နှင့်ကုပ်၍ ခွာနေရင်း ညီထွေးကို သတိရနေလေသည်။

ညီထွေးနှင့်အတူ ဆော့ခဲ့၊ ကစားခဲ့၊ ရန်ဖြစ်ခဲ့၊ ငြင်းခုန်ခဲ့ကြသည်များမှအစပြု၍ နွေ့ပါးကို အနိုင့်အထက်နှင့် နမ်းသွားသည်အထိ ကပေါက်တိ ကပေါက်ချာ ဟိုရောက် ဒီရောက်နှင့် အတွေးပြန့်နေမိသည်။

'မီးဖုတ်ပြီး သုပ်စား ခံရမှာကိုတော့ တို့တကယ်ကြောက်ပါတယ်၊ ဒါပေမယ့် နွေ့ယောကျ်ား ဖြစ်ချင်တယ်၊ တို့ နွေ့ကို ယူချင်တယ်တဲ့၊ ဘုရား....ဘုရား'

နွေသည် ခပ်တိုးတိုးလေး ရေရွတ်လိုက်ပြီး နှလုံးသွေးများ အခုန်နှေးသွားသလို နွမ်းမေသွားလေသည်။ မျက်နှာကလေးကလည်း သွေးဆုတ်ပြီး ဖြူပျော့သွားသလို ရှိလေသည်။



ဖိုးအောင်နှင့် မိငယ်လေးသည် တမာပန်းခက်ကို မြေတွင် စိုက်ပြီး ပန်းပင်လုပ်တမ်း ကစားနေကြသည်။ ပန်းပင်ခွကြားတွင် မိငယ်၏ အဝတ်ရုပ်ကလေးက ထိုင်နေလေသည်။

မိငယ်သည် တမာခက် သေးသေးလေးကို သူ့ အဝတ်ရုပ်ကလေး၏ ခေါင်းတွင် မတန်တဆ ရှစ်ခွေ ပန်ဆင်ပေးထားလေသည်။

'ဟော ဦးဦးလာပြီ၊ ဦးဦးလတ်လာပြီ၊ ဦးဦးရေ၊ တမီးတို့ တစ်ပင်ကို ကြည့်ပါဦး၊ တစ်ပင်ပေါ်မှာ လူကလေး'

မိငယ်က အော်သောအခါမှ နွေသည် သူ့အနား ရောက်လာသော ကိုကိုလတ်ကို သတိထားမိလေသည်။ တမာပင်ရင်းတွင် ဖိနပ်ကလေးကို ဖင်ခုထိုင်ရင်း ကြောင်စီစီ ငေးနေသော နွေ့ကို ကြည့်ရင်း ကိုလတ်သည် ပြုံးနေလေသည်။

'ရော့ မိနွေ၊ နင်ကြိုက်တဲ့ ပန်းလေးတွေ'

ကိုလတ်သည် သူ့လက်ထဲမှ စက္ကူကတော့လေးကို လှမ်းပေးသည်။ နွေသည် တရင်းတနှီးသိသော ရနံ့သင်းသင်းလေးကို ရှူရှိုက်လိုက်ရသည်။

ကတော့ထဲတွင် နွေ ငယ်စဉ်ကတည်းက ချစ်ခဲ့ရသော လေးနှာရီ ပန်းရောင်စုံကလေးများသည် နွေ့ကို ခင်မင်ရင်းနှီးစွာ ကြည့်နေကြဟန်ရှိလေသည်။ သင်းပျံ့မွှေးသော ရနံ့လေးကို ရှူရှိုက်ရင်း နွေ့ရင်ထဲတွင် အေးချမ်းလာသည်။

'နင် ငယ်ငယ်တုန်းက ဒီပန်းလေးတွေ သိပ်ကြိုက်တာ နော်'

'ကိုလတ် မှတ်မိသားပဲ'

'မှတ်မိတာပေါ့ဟ၊ အခုရော နင်ကြိုက်တုန်းပဲလား'

www.burmeseclassic.com

www.burmeseclassic.com



'အို…ကိုလတ်ရယ်၊ ဘာလို့ မကြိုက်ရမှာလဲ၊ ကြိုက်တာပေါ့'

'မိုးရော ဒီပန်းတွေ အားကြီး ပန်တာပဲနော်'

'အင်း….'

'တစ်ခါတလေ သူ ပန်ထားတာက ကိုးရိုးကားရားနဲ့ လှလဲ မလှဘူး'

နွေသည် ကိုလတ်ကို ခပ်ငေးငေးလေး မော်ကြည့်နေမိလေသည်။

မိုးအကြောင်း ဆိုလျှင် ကိုလတ်သည် အစစ အရာရာ အသေးစိတ် မှတ်မိကြောင်းတွေးမိကာ နွေ့ရင်ထဲတွင် မသိမသာလေး လှုပ်ရှားပြီး ဝေဒနာတစ်ရပ်ကို ခံစားနေရသလို ရှိနေလေသည်။

နဂိုက အသားလတ်သော်လည်း ကိုလတ်သည် ခြံသမား၊ စိုက်ပျိုးရေးသမားပီပီ နေလောင်ပြီး အသားများသည် ကြေးနီရောင် တောက်နေသည်။

မျက်ခုံးထူထူ၊ မျက်လုံးနက်နက်၊ ပေါ်လွင်ထင်ရှားသော နှာတံ၊ ပိယိပြော နှုတ်ခမ်းများနှင့် ကိုလတ်သည် လူချော တစ်ဦးဟု မဆိုနိုင်သော်လည်း ယောကျ်ားပီပီ ကြည့်ကောင်းသူ တစ်ဦး ဖြစ်လေသည်။

'ကိုလတ်က မိုးကို သိခင်တာပဲနော်'

'ခင်တာပေါ့၊ ငါ့မှာ သူငယ်ချင်း များများမှမရှိတာ၊ ညီထွေးကသာ အသိတွေအများကြီး'

ကိုလတ်သည် အပေါင်းအသင်း နည်းနည်းသာ ရှိပြီး၊ ရှိသမျှ သူငယ်ချင်းများကိုလည်း သံယောဇဉ် ကြီးသည်။



ညီထွေးကမူ နွေတို့ကို ပိုခင်သော်လည်း မခင်သော၊ မခင့်တခင် ဖြစ်သော အပေါင်းအသင်း အများကြီးရှိလေသည်။

သို့ရာတွင် ညီထွေး၏ ဘဝတစ်သက်တာတွင် သူတို့သုံးဦးသာ အချစ်ဆုံး သူငယ်ချင်း ဖြစ်သည်ကိုကား အငြင်းပွားရာမှာ အလိုလို လက်ခံမိကြလေသည်။

'ညီထွေးတစ်ကောင် နောက်ဘစ်ပတ်လောက်နေရင် လာမယ်တဲ့၊ နွင် သိပြီးပြီလား'

'ဟုတ်လား'

နွေသည် ယောင်ချာချာသေး ပြောလိုက်မိသည်။ သူ့လက်ထဲတွင် တင်းတင်းဆုပ်ကိုင်ထားသော စာရွက်ခေါက်ဖြူဖြူလေးကို ပို၍ တင်းကျပ်အောင် ရုတ်တရက် ဆုပ်ကိုင်လိုက်မိလေသည်။

"နွေရ၊ နင် ပန်းမပန်ဘော့ဘူးလား"

'နွေက ဘုရား တင်မလားလို့ပါ၊ ကိုလတ် ပန်စေချင်ရင် ပန်မယ်လေ'

'ပန်ပါဟာ'

ကိုလတ်သည် နွေ့ဘေးတွင် ဝင်ထိုင်ရင်း ပြောလေသည်။ ညနေဆည်းဆာဝယ် ဆည်းဆာရောင်ကို သောက်သုံးပြီး ပွင့်လာသော ပန်းလေးများ၏ ရနံ့သည် မွှေးပျံ့ ကြိုင်လှိုင်နေသည်။

နွေ့ရင်ထဲတွင် သိမ့်သိမ့်နွေးသွားပြီး ပန်းလေးများကို နှစ်ခြိုက်စွာ ရှိုက်နမ်းလိုက်မိသည်။

နွေသည် ပန်းလေးများကို တစ်ပွင့်ချင်း စိုက်ကြည့်နေမိသည်။ ပန်းနီကိုမရွေး၊ ပန်းဝါကိုမဆွင်၊ ပန်းဖြူဖြူလေးများကို တစ်ပွင့်ချင်း ရွေးထုတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာရောင်သည် နွေ့ဆံပင် ပျော့ပျော့လေးများပေါ်တွင် ရှပ်တိုက်ပြီး ပြေးလွှားနေဟန် ရှိသည်။ ဆံနွယ်ဆံညှပ်နုလေးများ လေတွင်လွင့်ပြီး ခေါင်းလေးငုံ့ကာ ပန်းရွေးနေသော နွေ့ကို ကိုလတ်သည် အမှတ်မထင် စိုက်ငေးပြီး ကြည့်နေလေသည်။

'ပန်း အဖြူလေးတွေပဲ ပန်မယ်နော်'

နွေသည် ရုတ်တရက် ခေါင်းမော့လိုက်ပြီး ကိုလတ်ကို လှမ်းပြောလိုက်သည်။ မေတ္တာရည် လဲ့လဲ့ရွှန်းသော မျက်ဝန်းနှစ်စုံသည် မထင်မှတ်ဘဲ ဆုံစည်းမိကြလေသည်။

ခဏမျှ ငေးကြည့်နေပြီးမှ နွေသည် မျက်လွှာကို ဖျတ်ခနဲ ချလိုက်သည်၊ နှလုံးသွေးက ခပ်မြန်မြန် တိုးနေကာ နွေ့ပါးလေးများ နီထွေးသွားလေသည်။

ဘာကြောင့်ရယ်တော့ မသိ၊ နွေသည် တေးသီချင်းလေးတစ်ပုဒ်လောက်ကို တိုးတိုးလေး ညည်းချင်စိတ် ပေါ်လာလေသည်။

'အဖြူလေးတွေပဲ ပန်မယ် နော်'

နွေသည် ကတုန်ကယင်လေး ထပ်ပြောလိုက်ပြီး သူ့ဆံပင်ရင်းတွင် ပန်းဖြူဖြူလေးများကို ပန်ဆင်လိုက်သည်။ ထိုစဉ်တွင် နွေ့လက်ထဲတွင် ဆုပ်ကိုင်ထားသော စာရွက်ခေါက်ကလေးသည် လက်ထဲမှ လွတ်ကျသွားသည်။

'ဘာစာရွက်လေးလဲ'

'စာ...စာပါ'

'ဘယ်သူ့ဆီကလဲ ဟ'

'ဟို...ဟိုလေ၊ ညီထွေးဆီက'



'အောင်မာ၊ ညီထွေးဆီက စာတောင် ငါ့ကို မပြဘူး၊ မိနွေက'

'ဖတ်ချင်လို့ လား'

'အေးပေါ့'

'ဖတ်ချင်လဲ ဖတ်ကြည့်လေ'

ကိုလတ်သည် စာရွက်ခေါက်လေးကို ကောက်ကာ ဖွင့်လိုက်သည်။ နွေသည် တမာပင်ဖျားပင်စည်ကို တောင့်တောင့်တင်းတင်းလေး မှီလိုက်ပြီး အသက်အောင့်ထားလိုက်မိလေသည်။

စာဖတ်နေသော ကိုလတ်ကို ကြည့်ချင်သော်လည်း မကြည့်ရဲချေ။ ပြောင်းလဲသွားမည့် ကိုလတ်၏ မျက်နှာကို သိချင်သော်လည်း မသိရဲချေ။ ကိုလတ်ဆီမှ မှတ်ချက်ချမည့် စကားကို ကြားချင်သော်လည်း မကြားရဲချေ။

နွေသည် တဒိတ်ဒိတ် ခုန်နေသော ရင်ကို လက်ဖနောင့်လေးနှင့် မသိမသာဖိရင်း မြေတည့်တည့်ကို စိုက်ကြည့်နေမိလေသည်။

ကိုလတ်ဆီမှ စကားသံကို တော်တော်နှင့် မကြားရချေ။ ပင့်သက် ရှိုက်လိုက်သော အသံကိုမူ ကြားလိုက်ရ သလိုရှိသည်။

နွေသည် နားစွင့်ထားမိသော်လည်း တစ်ချိန်တည်းမှာပင် နားကို လက်နှစ်ဖက်နှင့် အုပ်ထားမိချင်သလို ဖြစ်နေမိသည်။

'ဩော်...ညီထွေးက ဒီလိုကိုး၊ ကောင်းပါတယ် ကောင်းပါတယ် နွေရယ်'

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါမှ ကိုလတ်က ခြောက်ကပ်သော အသံနှင့် ပြောလေသည်။ နွေသည် ကိုလတ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ တောက်ပသော ဆည်းဆာရောင်ဝယ် ကိုလတ်သည် ဖျော့တော့စွာ ပြုံးနေလေသည်။

'ဘာကောင်းတာလဲ ဟင်'

'အားလုံး ကောင်းတာပေါ့'

'ဘာကောင်းတာလဲ ကိုလတ်ရယ်'

'ညီထွေးဟာ လူတော်တစ်ယောက်ပဲ'

'အင်း'

'ရွှေမှာလဲ တက်လမ်း အများကြီး ရှိတယ်'

'အင်း'

'နွေ့ကိုလဲ သူ တကယ် ချစ်ဘာပေါ့'

'ကိုလတ် ဘယ်လိုလုပ်သိလဲ ဟင်'

ကိုလတ်သည် နွေ့စကားကို မဖြေဘဲ နွေ့မျက်ယုံးများကို လွှဲဖယ်လိုက်လေသည်။ ကောင်းကင်ပြင်တွင် စွေလီငှက်ကလေးများသည် ညီးညီးညံညံ အသံပြုရင်း အုပ်လိုက် ပျံသန်းသွားကြသည်။

တစ်ခါတစ်ရံ အတန်းလိုက်၊ တစ်ခါတစ်ရံ လေးကိုင်းသဖွယ်၊ တစ်ခါတစ်ရံလည်း မြားထိပ်ဖူးကဲ့သို့ ပုံစံအမျိုးမျိုး ပြောင်းကာ အုပ်ဖွဲ့ပျံသန်းတတ်သော သူတို့ ငလေးလေးသည် စိတ်ဝင်စားဖွယ် ကောင်း လှ သည်။ ချစ်ဖွယ် ကောင်းလှသည်။

'တစ်ယောက် အကြောင်း တစ်ယောက်လဲ အတွင်းသိ အစင်းသိ'

'အင်း'



'ငယ်ကတည်းက ခင်တဲ့ သူငယ်ချင်းတွေ'

နွေသည် ရုတ်တရက် မျက်ရည်ရစ်ဝဲလာလေသည်။ ကိုလတ် ပေးထားသော လေးနှာရှိပန်းလေးများကို စိစိပါအောင် ချေမွပစ်လိုက်ချင်စိတ်လည်း ပေါ်လာသည်၊

အသံကုန် အော်ဟစ် ပစ်လိုက်ချင်စိတ်လည်း ပေါ်လာသည်။ သို့သော်လည်း ဘာမှလည်းမပြော၊ ဘာမှလည်းမလုပ်ဖြစ်ဘဲ တမာပွင့်လေး ကြဲပြန့်နေသော မြေတလင်းကိုသာ တွေဝေစွာ ငေးကြည့်နေမိလေသည်။

ဆည်းဆာရောင်သည် ရုတ်တရက် ဖျော့တော့ လာလေသည်။ မနွေသည် တုတ်ချောင်းလေးနှင့် မြေပြင်ပေါ်တွင် အသည်းပုံလေး ရေးခြစ်လိုက်မိလေသည်။

နွေ ဆွဲထားသော အသည်းလွှာလေးပေါ်သို့ တမာပွင့်လေးများက ချာလည်လှည့်ပြီး ခုန်ဆင်းလာကြသည်။ နွေသည် အသည်းပုံ နယ်နိမိတ်ထဲတွင် ကျနေသော တမာပွင့်လေးများကို ရေတွက်ကြည့်နေမိသည်။

'ငါ ပြန်ဦးမယ် မိနွေ'

ကိုလတ်က ပြောသောအခါ နွေသည် မော့မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ တမာပွင့်လေးများ ကိုသာ အမှားမှား အယွင်းယွင်း အရောရော အထွေးထွေးနှင့် ဆက်လက်ပြီး ရေတွက်နေမိလေသည်။

မသိမသာ သက်ပြင်းရှိုက်လိုက်သော အသံနှင့် လေးလံစွာ လှမ်းထွက်သွားသော ခြေသံတို့သည် နွေ့ရင်ထဲသို့ ဆစ်ရှိန်ပြင်းစွာ၊ ကျယ်လောင်စွာ ပြေးဝင်လာနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါမှ နွေသည် ခေါင်းမော်ကြည့်မိသည်။ ကိုလတ်သည် နွေတို့ခြံဝင်းထဲမှ ထွက်သွားနေပြီဖြစ်သည်။

နီရဲသော နေဝန်းကြီးသည် ကမ္ဘာမြေကြီး၏ အနားစွန်းတွင် မေးတင်လျက် ရှိသည်။ နေဝန်းကို မျက်နှာမူလျက်လေးသွဲ့စွာ လျှောက်သွားသော ကိုလတ်သည် နွေတို့ဘက်သို့လှည့်ကြည့်ပြီး လက်တစ်ဖက် မြှောက်ပြကာ နှုတ်ဆက်လေသည်။

နွေသည် ကိုလတ်ကို ပြန်ပြီး လက်ပြရန် စိတ်ကူးမိသော်လည်း သူ့လက်များသည် နွေးကွေး လေးလံနေကြလေသည်။ တမာပင်ကို အားလျော့စွာ မှီရင်း လှုပ်ရှားရန် အင်အားကုန်ခန်းနေသူလို တုပ်တုပ်မျှ မလှုပ်မိဘဲ ငြိမ်နေမိသည်။

နွေ စိုက်ကြည့်နေသော ကိုလတ်၏ ရုပ်သွင်သည် ဝေပြီးဝါးလာသောအခါမှ သူ့ မျက်လုံးအိမ်တွင် မျက်ရည်များစိမ့်ဆိုင်ဝေ့လည်နေသည်ကို သတိထားမိသည်။

'ဒေါ်လေးရေ'

'အင်'

'ဦးဦးညီထွေး လာမှာလား'

'အင်း'

'သားတို့ဆီ လာမှာလား ဟင်'

'အင်း'

'ဟား ပျော်တယ်ဟေ့၊ ဦးဦးညီထွေး လာမယ်ဟေ့'

ဖိုးအောင်သည် လက်ခုပ်လက်ဝါးတီးကာ ခုန်ပေါက်ပြီး အော်ဟစ်နေလေသည်။



နွေ့ရင်ထဲတွင် ဘဒိတ်ဒိတ် ခုန်လာပြီး လက်ဖျားလေးများ အေးလာသည်။ ညီထွေးကို နွေ ဘယ်လို ရင်ဆိုင်ရမည် မသိ။ နွေ့ရင်ထဲဝယ် လှိုက်မောလာပြီး မိုးကို သတိရမိ လေသည်။ တမ်းတမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

'မိုးရယ်

မိုးကို သတိရလိုက်တာ နွေ စိတ်ညစ်တယ်။

ယောကျ်ားလေး တစ်ယောက်က မိန်းကလေး တစ်ယောက်ကို ကြိုက်တယ်၊ လက်ထပ်ချင်တယ် ပြောတာ ဟာ စိတ်ညစ်စရာတော့ မဟုတ်ပါဘူး မိုးရယ်၊ ဒါပေ မယ့် နွေကတော့ စိတ်ညစ်တာပဲ။

ညီထွေးလေး ရှူးနေလား မသိဘူး၊ နွေ့ကို ယူချင် တယ်တဲ့၊ မိုးရယ် ညီထွေးဟာ သူငယ်ချင်းပါ၊ သူ့ မှာလဲ ရည်းစားတွေ အများကြီး၊ နွေလေ သူ့ကို ပါးလဲ မချစ်ချင်တော့ဘူး၊ စိတ်လဲ မဆိုးချင်တော့ဘူး သူ့ကို ခင်ပါတယ်၊ သံယောဇဉ်လဲ ရှိပါတယ် ဒါပေမယ့် နွေလေ အော်အော်ပြီး ငိုလိုက်ချင်တယ်

နွေသည် ပင့်သက်ကို ရှိုက်ရင်း ညဥ့်အမှောင်ကို စိန်းစိန်း စိုက်ကြည့်နေမိ လေသည်။ လမိုက်ရက်မို့ ညဥ့်အမှောင်သည်



နက်ရှိုင်းလှသည်။ ပိုးစုန်းကြူးလက်လက် တစ်ကောင်သည် တမာပင်နားဝယ် လှည့်ပတ်ဝဲပျံနေသည်။

'ကိုလတ်ကပြောတယ်၊ ကောင်းပါတယ်တဲ့၊ ညီထွေး ဟာ လူတော် တစ်ယောက်တဲ့၊ ရွှေမှာ တက်လမ်း တွေလဲ ရှိတယ်တဲ့၊ တစ်ယောက် အကြောင်း တစ် ယောက်လဲ အတွင်းသိ အစင်းသိ ငယ်ငယ် ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေတဲ့၊ မိုးရယ် နွေ့ကို ပြောပြစမ်းပါ၊ လူတစ်ယောက်ကို လက်ထပ်ဖို့ရာ အဲဒီအချက်တွေက အရေးကြီးတာလား၊ နှလုံးသား က အရေးကြီးတာလားလို့'

နွေ့ရင်ထဲတွင် မောကျပ်ပြီး တစ်ဆို့ဆို့ကြီး ဖြစ်နေလေ သည်။ မိုးသာ အနားတွင် ရှိလျှင် မိုးကို ကိုင်လှုပ်ပြီး မေးလိုက် ချင်သည်။ မိုးရင်ခွင်တွင် မျက်နှာဝှက်ပြီး ငိုပစ်လိုက်ချင်သည်။

'သမီးရေ ညဥ့်နက်ပြီ၊ မအိပ်သေးဘူးလား၊ ဘာစာတွေ ရေးနေတာလဲ'

'မိုးဆီကို စာရေးနေတာပါ မေမေ'

'အိပ်ပါတော့သားကွယ်၊ ဆယ့်တစ်နာရီခွဲပြီးနေပြီ'

'ဟုတ်ကဲ့ မေမေ'

မေမေသည် အခန်းထဲသို့ လှမ်းဝင်လာပြီး ကလေးများကို စောင်ခြုံပေးသည်။ မေမေ အခန်းထဲမှ ထွက်သွားသော အခါ နွေသည် မီးခလုတ်လေးကို ဖျတ်ခနဲ ပိတ်လိုက်သေ သည်။ ထိုနောက် အိပ်ရာပေါ်သို့ ညင်သာဖြည်းလေးစွာ လှဲ ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တွင် အမှောင်ကြီးစိုးနေသည်။ မှန်ပြတင်းကို ဖွင့်ထားသဖြင့် ဇာခန်းဆီး ဖြူဖြူလေးသည် အမှောင်ရိပ်ဝယ် ညင်သာစွာ လှုပ်ရှားနေသည်။

တိုးဝှေ့တိုက်ခတ်နေသော လေအေးနှင့် တီးတိုးစကား ဆိုနေဟန်ရှိသည်။ သူတို့သာ တကယ် စကားပြောတတ်ကြလျှင် နွေ့အကြောင်းကို စကားတင်းဆိုကြလေမလားဟု နွေသည် တွေးနေမိလေသည်။

နွေသည် အသက်ကို မျှဉ်းရှူ၍သာ စိတ်ကို ဖြေလျှော့ချလိုက်သည်။ ဆို့ကျပ်နေသော နှလုံးသားနှင့် တင်းမာနေသော ဦးနှောက်တို့ ခေတ္တခဏမျှ မေ့လျော့လိုက်ပြီး ခန်းဆီးဖြူတွင် နားခိုနေသော ပိုးစုန်းကြူးငယ်လေးကို ငေးစိုက်ကြည့်နေမိလေသည်။

အမှောင်လွှမ်းနေ ငန်းကျင်တွင် အလင်းရောင် တလက်လက် ထုတ်လွှတ်နေသော ၎င်းပိုးစုန်းကြူးလေးသာ အသက်ဝင် လှုပ်ရှားနေဟန်ရှိလေသည်။ လင်းခနဲ လင်းခနဲ ဖြာသွားသော အလင်းရောင်ကလေးသည် သူ့ဘဝ၏ အားမာန်ပင် ဖြစ်သည်။

မိငယ်လေးသည် အင်းခနဲညည်းကာ တစ်ဖက်စောင်းလိုက်သည်။ ထိုနောက် အမှောင်ထဲတွင် တစ်စုံတစ်ခုကို စမ်းသပ် ရှာဖွေနေဟန် ရှိသည်။

'မေမေ'

'မိငယ် ဘာလဲ၊ ဒေါ်လေးရှိတယ်လေ'

'အင်....ဒေါ်လေး'

နွေသည် သူ့ခုတင်မှထကာ မိငယ်ဆီသို့ သွက်သွက်လျှောက်သွားလိုက်သည်။ မီးခလုတ်ကို ဖျတ်ခနဲ ဖွင့်လိုက်



သောကြောင့် မိငယ်သည် ရုတ်ကရက် မျက်စိကျိန်းသွားသလို မျက်မှောင်ကလေး ကြုတ်သွားသည်။

'ဘာလဲသမီး၊ ဘာဖြစ်လို့လဲ'

'ရေဆာတာက်ချင်တယ်'

'နေဦးလေ၊ ဒေါ်လေးခပ်ပေးမယ်'

နွေသည် ထမင်းစားခန်းထဲသို့ ထွက်သွားပြီး ရေတစ်ခွက်ခပ်ခဲ့သည်။ နောက်နေ့များတွင် အိပ်ယာနားၥ ရေတခကောင်းငယ်ကို အဆင်သင့် ယူထားရမည် ဖြစ်သည်။

မိငယ်သည် ရေကို တစ်ကျိုက်ကျိုက် သောက်ချပြီး ချက်ချင်းပြန်လှဲပြီးအိပ်ရန် ဟန်ပြင်သည်။ နွေသည် မိငယ်လေးအား ဆွဲပွေ့လိုက်ရင်း သူ့နဖူးပြင်ကို မထိတထိလေးနမ်းလိုက်မိသည်။

'အံမာ ဘာရမလဲ၊ ထ ရှူးရှူးပေါက်ရဦးမယ်၊ ဖိုးအောင်ဖိုးအောင်၊ သား ထ ထ၊ ရှူးရှူးပေါက်ရအောင်' -

ဖိုးအောင်ကိုပါနှိုးပြီး အိပ်ခန်းနှင့် ကပ်နေသော ရေချိုးခန်းထဲသို့ ဆွဲသွင်းခဲ့ရသည်။ သူတို့နှစ်ဦးလုံး အဆော့လွန်ပြီး ပင်ပန်းသောနေ့မျိုးတွင် အိပ်ရာထဲ၌ သေးပါတတ်ကြသောကြောင့် ဖြစ်၏။

မျက်စိမပွင့်သော ဖိုးအောင်သည် အိပ်ချင်မူးတူးနှင့် နွေဆွဲခေါ်ရာသို့ ကန့်လန့် ကန့်လန့်ပါလာသည်။ အိပ်ရာပေါ်ပြန်ရောက်သောအခါ ဖိုးအောင်သည် ဝုန်းခနဲ ပစ်လှဲလိုက်ပြီး ချက်ချင်းလိုလို ၎င် အသက်မှန်မှန်ရှူကာ ပြန်လည်အိပ်ပျော်သွားလေသည်။ အတန်ငယ် မျက်စိကျယ်သွားသော မိငယ်လေးကမူ နွေ့လက်ကို ဆွဲထားလေသည်။

'ဒေါ်လေး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ မိငယ်'

'တမီးနဲ့ ...တူအိပ်ပါ'

'သမီး ဘာဖြစ်လို့လဲ'

'အင် တမီးနဲ့ အိပ်ပါနော်'

'အေး....အေးအိပ်မယ်၊ ဒေါ်လေး မီးပိတ်လိုက်ဦးမယ်နော်'

နွေသည် မီးကို ပိတ်လိုက်ပြီး မိငယ်လေး၏ ဘေးတွင် အသာလေး လှဲအိပ်လိုက်သည်။ မိခင်ကို တမ်းတနေဟန်ရှိသော ကလေးမငယ်လေးကို ရင်ခွင်တွင်းသို့ ဆွဲသွင်းပြီး ဖက်ထားလိုက်ရသည်။

မိငယ်သည် နွေ့ရင်ခွင်တွင်းသို့ တိုးဝင်ကာ နွေ့လက်မောင်းကို ခေါင်းအုံးထားလေသည်။ မိငယ်၏ ပူနွေးသော ထွက်သက်သည် နွေ့လက်မောင်းကို ရိုက်ခတ်နေသည်။

'ဒေါ်လေးရေ' မိငယ်က တိုးတိုးလေးခေါ်သည်။

'ဘာလဲသမီး'

'ဟိုနားမှာ မိတ်တုတ်မိတ်တုတ်နဲ့ ဘာကောင်လဲ'

'အဲဒါလား ပိုးစုန်းကြူးလို့ခေါ်တယ်'

'ဘာလို့ လင်းနေတာလဲဟင်'

'သူတို့ရဲ့ကိုယ်မှာ ညအမှောင်ထဲမှာ လင်းတဲ့ဓာတ်တစ်မျိုး ပါလို့ပေါ့ သမီးရယ်၊ စကားမများနဲ့လေ၊ အိပ်တော့'

နွေသည် မိငယ်၏ကျောကို သာသာလေး ပွတ်သပ်ပေးသည်။ မိတ်ဖုလေးများ ပေါက်နေသောကြောင့် မိငယ်၏ ကျောတစ်ပြင်လုံးသည် ကြမ်းတမ်းနေလေသည်။



နွေသည် မိငယ်လေးကို ဖက်ထားရင်းမှ ကိုယ်ကိုယ်တိုင် အိမ်ရှင်မအဖြစ် စဉ်းစားမိသည်၊ မိခင်တစ်ဦးအဖြစ် စဉ်းစားမိသည်။ ရင်ထဲတွင် နွေးသွားသော်လည်း ရင်ခုန်သံ မြန်လာလေသည်။

'မောင်တစ်ရာပင် ရှိလင့်ကစား၊ လင်မရှိသော မိန်းမသည် မတင့်တယ်' ဟု ဆိုစကားရှိသည်။ နွေ့တို့တွင် မောင်တစ်ရာ မပြောနှင့် မောင်တစ်ယောက်ပင် မရှိချေ။ ညီထွေးတို့ ကိုလတ်တို့ကို ငယ်စဉ်က အစ်ကိုရင်း မောင်ရင်းကဲ့သို့ ထင်မှတ်ခဲ့၊ သံယောဇဉ်နှောင်ဖွဲ့ခဲ့သည်။

သို့သော်လည်း တစိမ်းသည် တစိမ်းသာဖြစ်၏။ အချိန်တန်သောအခါ စိတ်ထားလေးများ ပြောင်းလဲသွားကုန်သည်။ သူငယ်ချင်း သံယောဇဉ်မှ နေပြီး နောက်ထပ် သံယောဇဉ် အသစ် တစ်ကျော့ရစ်ပတ်လာသည်။

နွေသည် ပင့်သက်ကို မသိမသာလေး ရှိုက်လိုက်ရင်း မိငယ်လေးကို ငုံ့ကြည့်သည်။ မိငယ်လေးသည်လည်း သူ့ဒေါ်လေးကို မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်နေလေသည်။

ညဉ့်အမှောင် ကြယ်ရောင်လဲ့လဲ့တွင် တူဝရီးနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ဝိုးတိုးဝါးတား ကြည့်နေကြလေသည်။

'မိငယ်လေးရေ၊ အိပ်လေကွယ်'

'တမီး မေမေ့ကို သတိရလို့'

'သတိမရနဲ့ အိပ်'

'မေမေက တမီးတို့ကို ထားခဲ့ပြီး ဖေဖေ့ဆီကို တစ်ယောက်တည်း သွားတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'သမီးတို့ပါရင် လမ်းမှာ ပင်ပန်းမှာစိုးလို့တဲ့၊ ဒီမှာ ဒေါ်လေး ရှိသားပဲ၊ ဘွားဘွားတို့ ဘိုးဘိုးတို့လဲ ရှိသားပဲ၊ ဦးဦးလတ်လဲ ရှိတယ်....ကဲလေ'

'ဦးဦးညီထွေးလဲ လာဦးမယ်'

နွေ့စကားကို မိငယ်လေးက ဖြည့်စွက်လိုက် လေသည်။ နွေသည် သက်ပြင်းလေးချရင်း မိငယ်၏ ဆံပင်လေးများကို ဖွကစားလိုက်သည်။ မိငယ်က ညီထွေးကို အစဖော်ပေးလိုက်သော်လည်း နွေကမူ ကိုလတ်ကို သတိရနေလေသည်။

သူ့ခေါင်းတွင် ပန်ထားလျက်ပင်ရှိသေးသော လေးနာရီပန်းလေးများကို လက်နှင့် အသာအယာစမ်းပြီး ဖြုတ်ယူလိုက်သည်။

ပန်းလေးများသည် နွမ်းပျော့ကာ တစ်ပွင့်နှင့် တစ်ပွင့် ပူးကပ်နေလေသည်။ နွမ်းကြေသွားသောအခါ အရည်ရွှမ်းသော ပွင့်ဖတ်လေးများမှ နေပြီး အရည်များ စိမ့်ထွက်လာသည်။

သည်ပန်းလေးများကို နှာဝတွင်တေ့ပြီး ရှိုက်နမ်း ကြည့်လိုက်မိသည်။ ရနံ့ မဝမ်းပျံ့တော့ပေ။

'ဒေါ်လေးရယ်၊ ပုံပြောပြပါလား'

'အိပ်ယေးဘူးလား မိငယ်လေးရယ်'

'သမီးကို ပုံပြောပြပါနော်'

တရေးနိုး မျက်စိကျယ်နေသော မိငယ်သည် နွေ့ ရင်ခွင်တွင်းသို့ တိုးကာ ပူဆာနေသည်။

နွေ့ စိတ်ထဲတွင် နွမ်းမောနေသော်လည်း တူမလေးအား ပြောရန်အတွက် ပုံပြင်ကို စဉ်းစားနေမိလေသည်။



ညဉ့်သံချောင်းက ဆယ့်နှစ်နာရီ ထိုးသွားသည်။

နာရီသံကို စိတ်ထဲမှလိုက်၍ ရေတွက်နေရင်း နွေ့စိတ်သည် ပျံ့လွင့်နေသည်။

'ဟိုး....ရှေးရှေးတုန်းကတဲ့၊ ရေအောက် နန်းတော်ကြီးမှာ ရေသူမလေးတွေ ရှိကြတယ်တဲ့၊ သူတို့တွေဟာ ညီအစ်မ ခုနစ်ယောက် ရှိတယ်တဲ့'

*

www.burmeseclassic.com

www.burmeseclassic.com

'ဟိုးရှေးရှေးတုန်းကတဲ့၊ ရေအောက် နန်းတော်ကြီးမှာ ရေသူမလေးတွေ ရှိတယ်တဲ့၊ သူတို့တွေဟာ ညီအစ်မ ခုနစ်ယောက် ရှိကြတယ်တဲ့၊ 'အသက် ဆယ့်ငါးနှစ် ပြည့်ရင် သူတို့ဟာ ရေပေါ်ကို တက်ပြီး လောကကြီးကို ကြည့်ဖို့ သူတို့ရဲ့ အမေတော် အဘွားတော်က ခွင့်ပေးတယ်တဲ့ သိလား၊ ဒီတော့ တစ်နှစ်ပြီး တနှစ်၊ တစ်ယောက်ပြီး တစ်ယောက် ရေပေါ်ကို တက်ပြီး ကောင်းကင်ကြီး လှပပုံတွေ၊ သင်္ဘောကြီးတွေ၊ ရေပေါ်က ကျောက်ဆောင် ကျောက်ခက်တန်းတွေ၊ မီးရောင်စုံထွန်းထားတဲ့ မြို့ကြီးတွေကို ကြည့်ခွင့်ရကြတယ်၊ အငယ်ဆုံး ရေသူမလေးကတော့ ဆယ့်ငါးနှစ် မပြည့်သေးတာနဲ့ ရေအောက်မှာပဲ ကမာလေးတွေ၊ ခရုလေးတွေ၊ ငါးလေးတွေနဲ့ ကစားနေရတယ်တဲ့'





'သူက ဘယ်အရွယ်လဲ'

'ဆယ့်ငါးနှစ် မပြည့်သေးဘူးဆိုတော့ မိုးအရွယ်ပေါ့ဟာ၊ ဆယ့်ကိုးနှစ်လောက် ရှိမှာပေါ့'

'ဒီလိုဆို မိုးပေါ့'

'ဘယ်ကလာ မိုးရမှာလဲ၊ တို့ပြောနေတာက ရေသူမလေး အကြောင်း၊ မိုး...မဟုတ်ဘူး'

ညီညီထွေးသည် သူ့ပုံပြင်ကို ရပ်ပြီး ဝင် လေပေါ်သော မိုးကို မကျေနပ်သလို စောင်ကြည့်လာသည်။ မိုးသည် လျှာကလေး ထုတ်ကာ ငြိမ်သွားသည်။

ကိုလတ်ကမူ ညီထွေး၏အားတွင် ပက်လက်လှန် လှဲအိပ်လိုက်ရင်း တော ကောင်ပြောကို မျှော်ကြည့် နေလေသည်။ သူ့မေမေထံမှ ပုံပြင် အသစ်အဆန်းကို နားထောင်ရတိုင်း ညီညီထွေးသည် သူငယ်ချင်း တို့ဦးကို ငုံ့ပြီး မော့ကြည့်ရလေ့ ရှိသည်။

နွေနှင့် မိုးသာမက ကိုယ်တိုင် ပုံပြင်ကြသည်၊ မေမေတို့ ပေဖတ်ထားလာလျှင် ပုံပြင် ပါသနေတပေါ်ကြသူ ဦးမောစိန် နှင့် ဖေဖေလေးနှင့် ကလည်း ဘူးသီး၊ ခဲသီး အကြောင်းသော သိသည်။

နတ်သမီးလေး၊ မင်းသား မင်းသမီးလေးများနှင့် ရေသူမလေးများ အကြောင်းကို ပြောပြတတ်ပေ။

နွေတို့သည် ညီထွေးဆီမှပင် စင်ဒရဲလား၊ ခင်နှင်းဖြူနှင့် လူပုလေး ခုနစ်ယောက်၊ အိပ်ပျော်နေသော မင်းသမီးလေး အကြောင်းများကို ကြားသိခဲ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူဟာ ရေပေါ်ကို သိပ်ပြီးတက်ချင်တယ်၊ သူ့ အစ်မတွေ ပြောတဲ့ ရေပေါ်က သင်္ဘောကြီးတွေ၊ မြို့တော်ကြီးတွေ၊ ကြယ်တွေ လတွေကို သိပ်ပြီး တွေ့ချင် မြင်ချင်လွန်းလို့ စိတ်စော နေတယ်တဲ့။

'ဟော....ဆယ့်ငါးနှစ် ပြည့်တဲ့နှစ်ကျတော့ သူ့ လည်ပင်းမှာ ရေပုတီးလေးတွေဆွဲ၊ ရေမှော်ပင်လေးတွေကို သရဖူလို ရစ်ပြီးပန်လို့ သူ့ ဘွားဘွားက မြင်ပေးတယ်တဲ့၊ နောက်ပြီး ရေပေါ်မှာ အကြာကြီးမနေဘဲ မြန်မြန်ပြန်ခဲ့ဖို့ မှာလိုက်တယ်တဲ့၊ ရေသူမလေးဟာ ပျော်လွန်းလို့ ကူးခတ်ပြီး ရေပေါ်ကို ထိုးတက်ခဲ့တယ်တဲ့။

နွေတို့လေးဦး စုထိုင်နေသော နေရာသည် ဂေါက်သီးရိုက်သော ကွင်းကြီး၏ အစွန်းရှိ ရေကန်ကြီးဘေးတွင်ဖြစ်သည်။

ရေအရောင်သည် မကြည်လင်ဘဲ နောက်ကျိနေသည်။ ဘဲငန်းဖြူဖြူများက ဂတ်ဂတ် အော်မြည်ရင်း ရေထဲတွင် ကူးခတ်နေကြလေသည်။

နွေသည် မကြည်လင်သော ရွှံ့နှစ်ထသော ရေကို စူးစိုက်ကြည့်ရင်း ရင်ခုန်နေသည်။

ထိုရေများကိုပင် လဲ့လဲ့စိမ်းသော ပင်လယ်ရေပြင်အသွင် ထင်မှတ်ပြီး ရေညှိသရဖူကို ရစ်ခွေပန်ဆင်ထားသော ရေသူမလေးများ ဘွားခနဲ ပေါ်ထွက်လာလေမည်လားဟု စိတ်စောနေမိသည်။

'သူ ရေပေါ်ရောက်တော့ ညဥ့်အချိန်တဲ့၊ ကောင်းကင်မှာ ကြယ်တွေ လတွေနဲ့ သာယာနေတာပေါ့၊ သူဟာ မီးတွေ ထိန်ထိန်လင်းပြီး သီချင်းဆိုသံ၊ ကသံ၊ ခုန်သံတွေနဲ့ ဆူညံလှပ



နေတဲ့ သင်္ဘောကြီးတစ်စင်းကို တွေ့လိုက်လို့ အဲဒီနားကို ကူးသွားပြီး အပေါက်ဝကနေ ချောင်းကြည့်မိတယ်တဲ့ဟာ၊ သင်္ဘောထဲမှာ သိပ်ပြီးချောတဲ့ မင်းသားလေးတစ်ပါးကို တွေ့ရတော့ သူဟာ အသက်ရှူဖို့တောင် မေ့ပြီး အကြာကြီး ကြည့်နေမိတယ်တဲ့၊ အဲဒီလို သူ ကြည့်နေတုန်း လျှပ်စီးတွေလက်၊ မိုးကြိုးတွေ ပစ်ပြီး လေပြင်းမုန်တိုင်းကြီး ကျပါလေရော'

'ဟောတော့'

မိုးသည် ပါးစပ်ကလေး ဟကာ အာမေဋိတ်စကား ဆိုလိုက်သည်။

ကိုလတ်သည် စိတ်ဝင်စားလာဟန်နှင့် ထ ထိုင်လိုက်လေသည်၊ ညီအစ်ကိုတွေ၏ဘေးတွင် သူတို့ သုံးဦးက ဝန်းရံမိလျက်သား ဖြစ်နေ၏။

'မုန်တိုင်းကျတော့ သင်္ဘောကြီးလဲ ပျက်သွားတာပေါ့၊ လူတွေဟာ ကယ်ပါ ယူပါနဲ့ ရေထဲမှာ မျောနေတုန်း ရေသူမလေးဟာ ရေထဲမှာ မျောလာတဲ့ မင်းသားလေးကို ကမ်းဘက်ကို ဆွဲခေါ်ခဲ့တယ်တဲ့၊ မင်းသားလေးကတော့ သတိမေ့နေလို့ ဘာမှ မသိဘူးတဲ့ဟာ၊ သူဟာ မနက်လင်းတဲ့အထိပဲ မင်းသားလေးကိုတွဲပြီး ကူးခဲ့ရတယ်၊ ကမ်းခြေရောက်တော့ မင်းသားလေးကို ကမ်းပေါ်မှာ ချပြီး သတိရအောင် ပြုစုနေတယ်တဲ့ ဒီအချိန်မှာ အဲဒီကမ်းခြေတိုင်းပြည်က မင်းသမီးလေး ရေခပ်ကို ဆင်းလာတာ တွေ့တော့ လူမမြင်မခံရဲတဲ့ ရေသူမလေးဟာ ကျောက်ဆောင်နောက်ကို ပြေးပြီး ပုန်းနေရတယ်တဲ့၊ သူပုန်းနေတုန်း မင်းသမီးလေးဟာ မင်းသားလေးကို တွေ့သွားပြီး၊ သူ့ အခြွေအရံတွေနဲ့ ဝိုင်းပြုစုတော့ မင်းသားလေးဟာ သတိရလာတယ်တဲ့၊ မင်းသမီးလေးကိုလဲ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အသက်သခင်လို့ ထင်သွားပြီး အရမ်း ကျေးဇူး တင် သွားတယ် တဲ့'

'ဟင်...သူ့ကို ကယ်တာ ရေသူမလေးပဲ၊ မင်းသမီးလေးမှ မဟုတ်တာ'

'ဒါပေမယ့် သူက မင်းသမီးလေးလို့ပဲ ထင်တာပေါ့'

ကိုလတ်သည် ညီထွေးကို ငေးကြည့်နေလေသည်။ ပုံပြင်ထဲတွင် နစ်မျောသွားသော သူ့မျက်လုံးများသည် ညို့မှိုင်းရီဝေနေသည်။

'ရေသူမလေးကတော့ မင်းသားလေးကို တိတ်တိတ် ကြိုက်နေတော့ မင်းသားလေးကို သူ ကယ်တဲ့အကြောင်း သိပြီး ပြောပြချင်နေတာပေါ့၊ သူဟာ မင်းသားလေးနဲ့ အတူနေဖို့ လူ သိပ်ဖြစ်ချင်သွားတယ်တဲ့၊ အဲဒီအကြောင်းကို ရေသူမလေးရဲ့ အဘွား၊ အမေ၊ အစ်မတွေက သိကြတော့ ငိုပြီး တားကြတယ်တဲ့ ဟာ၊ ကိုယ့်ဘဝမှာပဲ ကိုယ်ပျော်ဖို့ ငိုင်းပြီး ပြောကြပေမယ့် မရတော့ဘူးတဲ့၊ ရေသူမလေးဟာ စုန်းမကြီးဆီ သွားပြီး သူ့ရဲ့ အမြီးနေရာမှာ ခြေထောက်လေးတွေ ပေါက်လာဖို့ ဖန်ဆင်းပေးခိုင်းတယ်တဲ့လေ၊ ဒီတော့ စုန်းမကြီးဟာ အတိုးအခအနေနဲ့ ရေသူမလေးရဲ့ ဆံပင်တွေကို ဖြတ်ယူလိုက်တယ်တဲ့'

ရေသူမလေးသည် ရှည်လျားဖားဝေပြီး အိထူးနေသော ဆံကေသာများကို စုန်းမကြီးအား ဖြတ်ပေးလိုက်ရလေသည်။

နွေ၏ စိတ်ကူးအိပ်မက်ထဲမှ ရေသူမလေးသည် ဆံပင်တို ငုံးတိတိလေးနှင့် ဖြစ်သွားသောအခါ နွေ့ရင်ထဲတွင် တာသွားသည်။ ရုတ်တရက် စိတ်တိုပြီး ငိုချင်သွားလေသည်။



ဂေါက်သီးကွင်းထဲတွင် အင်္ကျီအဖြူ၊ ဘောင်းဘီတိုအဖြူနှင့် ဂေါက်သီးရိုက်နေသော ဖေဖေ့ကို တွေ့ရသည်။

ခပ်လှမ်းလှမ်းတွင်ရှိ ညီထွေးတို့ ဖေဖေသည် တုတ်ကို ဟန်ပါပါလွှဲကာ ရိုက်လိုက်သည်။

ဖြူဖွေးသော ဘောလုံးငယ်လေးသည် ကောင်းကင်ယံသို့ လှပစွာ ဝဲတက်သွားပြီး ကွင်းမြင့်၏ တစ်ဖက်သို့ ကျသွားသည်။

'ဆေးလိမ်းလိုက်တော့ ရေသူမလေးရဲ့ အမြီးတွေ ပျောက်ပြီး ခြေထောက်နှစ်ချောင်း ပေါက်လာတယ်တဲ့၊ ဒါပေမယ့် အဲဒီ ခြေနှစ်ချောင်းဟာ ပူးနေပြီး လမ်းလျှောက်လို့ မရဘူးတဲ့'

'ဟာ...ကွာ'

ကိုလတ်က ညည်းတွားလိုက်လေသည်။ အဖြူအညို ရောနေသော ဘဲတစ်အုပ်သည် ရေကန်ထဲသို့ ဆင်းလာနေကြသည်။

ဘဲကလေးများ စောင်းငမ်း စောင်းငမ်းနှင့် လမ်းလျှောက်နေသည်ကို ငေးကြည့်ရင်း နွေသည် ဆေးကို မပြည့်မစုံ ဖော်စပ်ပေးသည့် စုန်းမအိုကြီးအား တီးတိုး ကျိန်ဆဲမိလေသည်။

'ဒီတော့ ခြေထောက်လေးတွေ တစ်ချောင်းနဲ့ တစ်ချောင်း ကွဲပြီး လမ်းလျှောက်နိုင်မယ့် ဆေးအတွက်တော့ ရေသူမလေးရဲ့ လျှာကို ဖြတ်ယူလိုက်တယ်တဲ့'

'ဒီလိုဆို သူ ဆွံ့ အ သွားမှာပေါ့၊ စကား မပြောတတ်ဘူးပေါ့'

'အင်းပေါ့'

www.burmeseclassic.com

www.burmeseclassic.com



နွေသည် မျက်ရည်လေး မသိမသာ စဲလာသည်။

စောင်းငမ်း စောင်းငမ်း လျှောက်နေသော ဘဲကလေးများကို ကြည့်ရင်း ရေသူမလေး ကုန်းပေါ်တက်ပြီး လမ်းလျှောက် နေသည်ကို မြင်ယောင်နေမိလေသည်။

ဘဲကျောင်းသားသည် သူ့ဘဲများကို တုတ်တစ်ချောင်း ကိုင်ရင်း ထိန်းကျောင်းနေသည်။

ဘဲငယ်များသည် ရေပေါ်သို့ မတက်ချင်ကြသေးသည့်အတွက် ရေကန်ထဲတွင် လှည့်ပတ် ကူးခတ်နေကြလေသည်။

ညီညီထွေးသည် ပြောရင်းတန်းလန်း ရပ်ကာ နေဘက်ကျနေသော ရေများကို စိုက်ကြည့်နေလေသည်။

ဆက်မပြောဘဲ အတန်ကြာ ရပ်နေသဖြင့် စိတ်မရှည်သော မိုးက သူ့လက်ထဲတွင်ရှိ ကျောက်ခဲလေးနှင့် လှမ်းပေါက်လိုက်သည်။

'ပြောလေ ဆက်ပြောလေ၊ ပြီးတော့ ဘာဖြစ်လဲ'

'ဒါနဲ့ ရေသူမလေးဟာ မင်းသားလေး ရှိတဲ့ဆီကို လမ်းလျှောက်သွားရတာပေါ့၊ လမ်းလျှောက်နေမကျတော့ သူ့ခြေထောက်တွေဟာ သိပ်နာတယ်တဲ့၊ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ခြေဖဝါးတွေကို ဓားနဲ့မွှန်းထားသလို နာတယ်တဲ့၊ သူ မင်းသားလေးဆီ ရောက်သွားတော့ မင်းသားလေးရဲ့ လက်ထပ်ပွဲအတွက် လူတွေ ပျော်ရွှင်နေကြတာကို တွေ့တယ်တဲ့။ ကကြ ခုန်ကြ၊ သီချင်းဆိုကြနဲ့ ပျော်ပွဲရွှင်ပွဲ ကျင်းပနေတယ်တဲ့၊ မင်းသားလေးဟာ သူ့ကျေးဇူးရှင်လို့ ထင်တဲ့ မင်းသမီးကလေးနဲ့ လက်ထပ်တော့မှာ ဆိုတာ သိရတော့ သူ သိပ်ဝမ်းနည်းတယ်တဲ့၊ မင်းသားလေးဟာလဲ သူ့ကိုမြင်တော့ လှမ်းခေါ်တယ်တဲ့၊ မြင်မြင်ချင်း ချစ်တယ်တဲ့၊ ဒါပေမယ့်



ဟို မင်းသမီးလေးက သူ့အသက်ဘေးကမှ နှုတ်ဖြေကျရင် သူ လက်ထပ်ရတော့မယ်လို့ သူ့ကို ပြောပြတယ်တဲ့၊ ရေသူမလေးဟာ မင်းသားလေးကို တကယ် ကယ်ခဲ့တာဟာ သူပါလို့ ပြောပြချင်ပေမယ့် ပြောစရာ လျှာမရှိတော့ ပြောမပြနိုင်ဘူး တဲ့ဟာ'

ညီထွေးသည် ပြောရင်း မဆက်တော့ဘဲ ရပ်သွားပြန်လေသည်။

မိုး့ဘေးတွင် ရှိသော မြက်ပင်လေးများကို ဆွဲနုတ်ရင်း မျက်မှောင်လေး မသိမသာ ကြုတ်နေသည်။

နွေတို့ သုံးဦးသည် ညီထွေး၏ မျက်နှာကို စိတ်အားထက်သန်စွာ ငေးကြည့်နေမိကြလေသည်။

'ပြောလေ ဒီတော့ဘာဖြစ်လဲ'

'ငါ ငါ ဆက်မသိတော့ဘူး'

'ဟင် နင်ဟာလဲ'

'ငါ...အဲ့ဒီတုန်းက အိပ်ပျော်သွားတယ် ထင်တယ်၊ ဘာဖြစ်သလဲ၊ သတိမရတော့ဘူး၊ မေမေ့ကို ပြန်မေးကြည့်ဦးမယ်'

'ခွေးညီထွေး အဆုံးကို မသိရင် ဘာလို့ပြောနေသေး'

နွေ့ရင်ထဲတွင် မတင်မကျနှင့် နွမ်းနွမ်းမောမောကြီး ဖြစ်နေသည်။

ရေသူမလေး သေသွား သလော၊ မင်း သား လေးနှင့် သလော ဟူသော အတွေးက ခေါင်းထဲတွင် ကြီးစိုးနေလေသည်။

တစ်ချိန်တည်းမှာပင် အဆုံးကို ပြောမပြနိုင်သော ညီထွေးကို ကုတ်စိချင်စိတ် ပေါက်လာသည်။

'ရေသူမလေးက မိုက်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ ငြိမ်နေပြီးသောအခါမှ ကိုလတ်က မှတ်ချက်ချလေသည်။

ငယ်နုသော ကိုလတ်၏ မျက်နှာသည် လူကြီးဆန်ဆန်နှင့် ရင့်ကျက်နေသည်။

နေရာမှ ဝုန်းခနဲ ထကာ ပုဆိုးကို တိုတိုပြင်ဝတ်လေသည်။ ထို့နောက် ခါးညောင်း သွားသလို ခါးကို ဘယ်ညာလှည့်ပြီး ချိုးနေသည်။

'ကိုလတ်ကလဲ နေပါဦး၊ ဘယ်သွားမလို့လဲ'

'ငါ...သစ်ပင်တွေ ရေလောင်းရဦးမယ်'

'တို့တွေလဲ ကူလောင်းပေးမှာပေါ့'

သူတို့သုံးဦးလုံး နေရာမှ ထကြသည်။

ကိုလတ် တစ်ယောက်တည်း လုပ်ရမည့် အလုပ်ကို လေးဦး လုပ်လိုက်ပါက လေးဆ မမြန်သည့်တိုင်အောင် ကိုလတ် အနေနှင့်တော့ အတော်ကြီး သက်သာသွားသည်သာ ဖြစ်၏။

ကိုလတ်သည် ရှေ့ဆုံးမှနေ၍ ပြေးသွားသည်။ ညီထွေးက လည်း ကိုလတ်၏နောက်မှ ခုန်ကာပေါက်ကာနှင့် ပြေးလိုက်သွားလေသည်။

နောက်ဘက်တွင် မိုးနှင့် နွေတို့သည် အေးအေးသက်သာ လမ်းလျှောက်ပြီး လိုက်သွားကြသည်။

'ရေသူမလေးကို မိုက်တယ်လို့ ကိုလတ်က ဘာလို့ ပြောတာလဲ မသိဘူး'

သူတို့တစ်တွေသည် ရေသူမလေးကို ရှုတ်ခြည်း မေ့သွားကြဟန် ရှိသော်လည်း နွေသည် ရှာ၍တရုက် မမေ့နိုင်ချေ။

ရေသူမလေး ပြုသနာသည် သူ့ရင်ထဲတွင် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေလေသည်။



'မိုးလဲ မသိဘူး'

မိုးကလည်း ယောင်ချာချာလေး ပြောသည်။ ကိုလတ်တို့ဆီ နွေတို့ ရောက်သောအခါ ရေတွင်းထဲမှ ရေကို ကိုလတ်က တစ်ပုံးပြီး တစ်ပုံးငင်နေပြီ ဖြစ်သည်။

ညီထွေးသည် ရေပန်းကရားကို ကိုယ်တခြမ်းစောင်းအောင် ဆွဲလျက် မုန်လာခင်းဘက်သို့ ဖယ်ယမ်း ဖယ်ယမ်းနှင့်လျှောက်သွားသည်။

'ရေသူမလေးက ဘာမိုက်လို့လဲ ကိုလတ်ရဲ့'

နွေသည် ရောက်ရောက်ချင်း မေးမိလေသည်။ ကိုလတ်သည် ရေပုံးကြီးကို လက်တစ်ဖက်က ဆွဲကိုင်ရင်း နွေ့ကို ငဲ့ကြည့်သည်။

'ငါ...ထင်တာပဲ၊ မိုက်တယ်လို့ ထင်တာပဲ'

'ဘာဖြစ်လို့လဲ...ဟင်'

နွေသည် ရေသူမလေးကို သနားသောစိတ်နှင့် မကျေမနပ်လေး ထပ်မေးမိလေသည်၊

အချစ်အတွက်နှင့် လျှာအဖြတ်ခံကာ လူ့ဘဝ ကူးပြောင်းလာသော ရေသူမလေးကို နွေသည် အချစ် သူရဲကောင်းလေးလို့ ထင်မြင်မိသည်။

အားကျသည်ဟု မဆိုနိုင်သော်လည်း အနစ်နာခံနိုင်လွန်းသော ရေသူမလေသည် နွေ့စိတ်ကို လှုပ်ရှားစေကာ ရင်ထဲတွင် ကြီးစိုးနေလေသည်။

ကိုလတ်သည် မျက်ရည်လေး မသိမသာ ဝဲနေသော နွေ့ကို ကြည့်ရင်း ပြုံးရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် နွေ မေးသော မေးခွန်းကို မဖြေဘဲ သူ ဖတ်ဖူးသည့် ဆုံးမစကားကို ရွတ်ပြလေသည်။

'စာအုပ် တစ်အုပ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ ဘဝဆိုတာ လုပ်ချင်တာကိုချည်းပဲ ဦးစား မပေးရဘူးတဲ့၊ လုပ်သင့်တဲ့ အလုပ်ကို လုပ်ရမယ်တဲ့'

*

'ဘဝဆိုတာ လုပ်ချင်တာကို ချည်းပဲ ဦးစား မပေးရဘူး၊ လုပ်သင့်တာကို လုပ်ရတယ်တဲ့လား၊ ဒီတော့ ဘာဖြစ်လဲ မိန္နွေ၊ နင့်ကို ငါ ယူချင်တယ်၊ မယူသင့်စရာ ရာ ဘာအကြောင်း ရှိလို့လဲ၊ နင်နဲ့ ငါနဲ့ ယူရင် မိုးကြိုးပစ်မှာမို့လား၊ မြေပေါက်မှာမို့လား၊ ကားတိုက်မှာ မို့လား'

ညီထွေးက လေအေးလေးနှင့် မခံချင်သလို မေးလေသည်။ ခေါင်းကလေး မသိမသာ ငုံ့ထားသော နွေ့ မျက်နှာကို စူးစိုက်ပြီး အကဲခတ်နေသည်။

'ညီထွေး နွေ့ကို ဘာလို့ ယူချင်တာလဲ....ဟင်'

'ယူချင်တာ ယူချင်လို့ပေါ့'

'ဘာလို့ ယူချင်တာလဲ၊ ညီထွေးရဲ့အင်္ကျီတွေ လျှော်ပေးချင်လို့လား၊ ညီထွေး အတွက် ဖိနပ် တိုက်ပေးချင် လို့လား၊ နောက်ပြီး....နောက်ပြီး ညီထွေးအတွက် ကလေးတွေမွေးပေးစေချင်လို့လား'

www.burmeseclassic.com

www.burmeseclassic.com



'မိန္ဒေ နှင် ဘာတွေမေးနေတာလဲ'

ညီထွေးက တအံ့တသြ ပြန်မေးလေသည်။ နွေ့ကို သူ့အင်္ကျီတွေ လျှော်ပေးစေချင်သည်။

သူ့အတွက်လည်း ဖိနပ်တိုက်ပေးစေချင်သည်။

ထို့ပြင် သူ့အတွက် ကလေးများလည်း မွေးပေးစေချင်သည်။

သို့သော် နွေ့မေးသမျှ ဟုတ်ပါသည်ဟူ၍ ခေါင်းညိတ်အဖြေပေးလိုက်ပါက ပါးရိုက်ခံရဖို့လမ်းက ခုနစ်ဆယ် ငါးရာခိုင်နှုန်း ရှိနေသဖြင့် ညီထွေး မဖြေရဲချေ။

'ပြောစမ်းပါ၊ ညီထွေးအတွက် ထမင်းချက်ပေး စေချင်လို့လား၊ ဟင်းချက်ပေးစေချင်လို့လား'

'နှင်ကလဲဟာ'

နွေ့သည် တမာပင်ကြီးကို ရုတ်တရက် မှီချလိုက်မိလေသည်။ ဒေါသတွင် ကြေကွဲမှုယှက်သန်းသော မျက်လုံးလေးများနှင့် ညီထွေးကို စူးစူးရဲရဲလေး ကြည့်မိသည်။

ညီထွေးသည် ချစ်သည်ဟူသော စကား တစ် လုံး မျှ မသုံးဘဲ မိန်းကလေးတစ်ဦး၏ ဘဝတစ်ခုလုံးကို ပိုင်စိုးရန် ကြိုးပမ်းနေသည်။

'ညီထွေး ရည်းစားတွေကရော'

'သူတို့တွေလား ဒီလိုပါပဲ၊ သူတို့ကို ငါတစ်ခါမှ ယူမယ်လို့ မပြောဖူးပါဘူး၊ ရည်းစားရယ်လို့လဲ မဟုတ်ပါဘူးဟာ၊ ယောကျ်ားတွေတောင် ရကုန်ကြပါပြီ၊ နွေ့က မိန်းကလေးတိုင်း နွေ့လို ထင်လို့လား'

'သူတို့ကို ယူမယ်လို့ မပြောပေမယ့်၊ ချစ်တယ်လို့တော့ ပြောခဲ့မှာပေါ့'



'အင်း'

'ကောင်းပါတယ်လေ'

'ဘာကောင်းတာလဲ'

'အစစ အရာရာပေါ့'

နွေ့သည် တမာကိုင်းကို ခုန်၍ဆွဲလိုက်ကာ တမာပန်းများကို ခူးယူလိုက်သည်။

ထိုနောက် အခက်လေးများ ချိုးကာ တင်ပတ်လျှို ဆံထုံးတွင် ရစ်ဝိုင်းပန်ဆင်နေမိသည်။

အိမ်နောက်ဖေးချောင်မှ ငါးကြော်နံ့တ မွှေး ပျံ့ လာသည်။ ငါးခူကြော်ပြီး ဓာင်ပွန်းချဥ်ရွက် ငါးပိချက်ကို ပုစွန်နိုင်နိုင်နှင့် ချက်မည် ထင်သည်။

' ဘာပေါင်းဖြင့်ဖြစ် ပုသိမ်ပေါ်ဆန်းမွှေးနှင့် မေမေချက်သော ဟင်းသည် နွေ့တို့ကို ထမင်းမြိန်စေသည်သာ ဖြစ်လေသည်။

'နွေ့ နှင် တမာပန်း ကြိုက်လို့လား'

'အရင်တုန်းကတော့ ကြိုက်လှချည့် မဟုတ်ပါဘူး၊ ခုအချိန်မှာတော့ သိပ်ပြီး ပန်ချင်တယ်'

'ဘာဖြစ်လို့လဲ'

'သူ့အချိန်သာက ခါးတယ် မဟုတ်လား'

ညီထွေးသည် ရုတ်တရက် မျက်နှာ ပျက်သွားလေသည်။ သူ့လက်တစ်ဖက်ကိုသာ ကျောက်ပတ်တီး ကိုင်မထားရပါက နွေ့၏ ပခုံးနှစ်ဖက်ကို သိမ့်သိမ့်ပါအောင် ကိုင်လှုပ်မည်လားမပြောတတ်ချေ။

လက်တစ်ဖက် မသန်သည့်တိုင်အောင် ကောင်းနေသောလက်နှင့် နွေ့ကို လှမ်းဆွဲလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



‘မိနွေ နင် ဘာပြောတာလဲ’

‘ညီထွေး နားမလည်ဘူးလား’

နွေက လေအေးလေးနှင့် ပြန်မေးလိုက်လေသည်။ ညီထွေးသည် နာကျင်စွာ အရိုက်ခံရသော ကျားတစ်ကောင်ကဲ့သို့ မသိမသာ ဟိန်းလိုက်သည်။

သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော နွေ့ လက်ဖဝါး ပျော့ပျော့လေးကို တင်းတင်းဆုပ်ရင်း နွေ့ မျက်လုံးများကို တည့်တည့်စိုက်ကြည့်နေလေသည်။

နွေသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ညီထွေးအား ခပ်တင်းတင်း ပြန်ကြည့်မိသည်။

‘နင့်ကို ငါ ယူမယ်’

‘ဝမ်းနည်းပါတယ် ညီထွေး’

‘နင် ငါ့ကို ယူရမယ်’

‘မယူနိုင်ဘူး’

ညီထွေးသည် နွေ့ လက်ပျော့ပျော့လေးများကို တအားညှစ်ကိုင်ပြီးမှ ဆောင့်ပြီး လွှတ်ချလိုက်သည်။

ညီထွေး၏ မျက်နှာတွင် အံ့သြခြင်း၊ ဝမ်းနည်းခြင်းတို့ အပြင် ဒေါသနှင့် မာနပါ ယှက်သန်းနေလေသည်။

သူသည် နွေ့ခေါင်းတွင် ဖြာနေအောင် ပန်ထားသော တမာပန်းလေးများကို ရုတ်တရက် ဆွဲဖြုတ်ကာ လွှင့်ပစ်လိုက်သည်။

နွေသည် မြေကြီးပေါ်သို့ ဦးစိုက် လျှမ်းမှုကျသွားသော တမာပန်းခက်ကလေးများကို ကြည့်ရင်း နှုတ်ခမ်းကို ကိုက်ထားလိုက်မိသည်။



‘ငါ့ကို ယူချင်တဲ့လူတွေမှ အများကြီး၊ ငါ ယူမယ်ဆိုရင် ထ ကမယ့်သူတွေတောင် ရှိတယ်’

‘ဒီလိုဆို သူတို့တွေ က ပါစေလား’

‘ဒါပေမယ့် သူတို့ကို ငါမလိုချင်ဘူး’

‘အဲဒါ ဆိုးတာပဲ’

‘နင့်ကိုပဲ လိုချင်တယ်’

‘သူတို့တွေထဲမှာ နွေမှ မပါဘဲ’

နွေသည် ရင်ထဲတွင် ပြင်းပြင်း ထန်ထန် ရှိုက်ငိုနေသော်လည်း သံမှန်နှင့် ပြန်ပြောနေမိလေသည်။

နွေသည် သူ့အား ဤမျှ ခါးခါးသီးသီး ငြင်းပယ်လိမ့်မည်ဟု ညီထွေးသည် မျှော်လင့်မထားချေ။ လုံးဝလည်း မထင်မိချေ။

သူလို အစစအရာရာ ပြည့်စုံသူ တစ်ဦးအား ငြင်းပယ်လိမ့်မည်ဟုလည်း ထင်မှတ်စရာ အကြောင်းမရှိချေ။

ညီထွေးသည် ငယ်စဉ်ကတည်းက အစပြု၍ ယခုထက်တိုင်အောင် သူ့ဘဝတွင် လိုချင်၍ မရသော အရာ မရှိသလောက်ပင် ဖြစ်သည်။

‘ငါ့မှာ ဘာအပြစ်ရှိလို့လဲ၊ ဘာဖြစ်လို့ မယူနိုင်ရတာလဲ၊ လက်မခံ နိုင်တာလဲ’

ညီထွေးသည် မြေပေါ်မှ တမာပန်းလေးများကို ခြေနှင့် ခတ်ပစ်လိုက်ပြီး မေးလေသည်။

နွေသည် ညီထွေးကို မကြည့်ဘဲ သူ့အကြည့်ကို မြေသား ညီညီပေါ်သို့ ပြောင်းလိုက်လေသည်။

တမာပွင့်ကြွေလေးများ ကြဲပြန့်နေသော မြေကြီးကိုသာ မျက်ရည်ဝိုင်းသော မျက်လုံးများနှင့် ကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီထွေးမှာ ဘာအပြစ်မှ မရှိပါဘူး၊ ရှိခြင်းရှိရင် နွေ့မှာသာ အပြစ်ရှိမှာ'

'ဘာအပြစ်လဲ'

နွေသည် ပင့်သက် ရှိုက်လိုက်လေသည်။ တမာပင်ကြီး၏ ပင်စည်ကို လက်နှင့်စမ်းရင်း မျက်တောင် တဖျတ်ဖျတ်ခတ်နေမိသည်။

ချုံးပွဲချ ငိုလိုက်ချင်သော်လည်း မျက်ရည်များသည် မျက်လုံးအိမ်တွင်းမှာပင် ချက်ချင်းအငွေ့ပျံပြီး ကောင်းကင်ကို လွင့်ဘက်ကုန်သည် ထင်သည်။

သို့တည်းမဟုတ် လည်ချောင်းဝတွင် စုပြီး ရေကန်ဖြစ်နေသည်လား မပြောတတ်၊ နွေမျက်ရည်ပင် မကျချေ။

သို့သော် ရင်ထဲတွင် ပူလောင်ပြီး ခြောက်နေသည်။ ထို့ကြောင့် ပြောချင်သော စကားကိုလည်း တိုးတိုး သဲ့သဲ့လေးသာ ပြောနိုင်လေသည်။

'နွေ့အပြစ်လား၊ နွေ့အပြစ်က ညီထွေးကို ချစ်လို့မရတဲ့ အပြစ်ပေါ၊ ညီထွေးကို နွေမချစ်ဘူး'

*

'နွေက ပြောတယ်၊ တို့ကို သူ မချစ်ဘူးတဲ့၊ တို့ကို သူ မယူနိုင်ဘူးတဲ့'

ညီညီထွေးသည် ရေတွင်းဘောင်ကို မှီပြီး မြဲဆင်းထိုင်နေသည်။ လ ကွေးကွေးလေးသည် ကောင်းကင်လယ်တွင် တိတ်ဆိတ် ရပ်ရင်း သူ့ကို ငုံ့ကြည့်နေဟန် ရှိသည်။

'ချစ်တယ်ဆိုတာ ဘာလဲ၊ သူ သိရဲ့လားကွာ'

ကိုလတ်က မေးသောအခါ ညီထွေးသည် ဟက်ခနဲ ရယ်လိုက်လေသည်။

နွေ သိလား မသိလားတော့ ညီထွေး မသိ၊ ညီထွေးကိုယ်တိုင်ပင် အချစ်၏ အဓိပ္ပာယ်ကို ရေလည်စွာ မသိသေးချေ။

ညီထွေးသည် ကေသီအပေါ်အဝင် မိန်းကလေး သုံးလေးယောက်ကို ရောရော နှောနှော တွဲခဲ့ဖူးသည်။ ချစ် သည် ဟူသော စကားကိုလည်း ခပ်ပေါ့ပေါ့ပင် သုံးစွဲခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘို့သော် ယိုဒကား၏ နောက်ကွယ်မှ ခံစားမှု လေးလေး နက်နက် မရှိခဲ့ပေ။

ရွှေဟန်းစစ်မျက်နှာတွင် ရန်သူနှင့် တကယ်ရင်ဆိုင်ပြီး တိုက်ရ ခိုက်ရသောအခါများတွင်ကား သူသည် သူချစ်သည် ဟု ပြောခဲ့ဖူးသော မိန်းကလေးများထက် သူ့ပါးကို ရိုက်သည့် ယော်ကျွမ်းဆွေ မိနွေကို မကြာခဏ သတိရ တမ်းတခဲ့ မိလေသည်။

'သူသိလား မသိလားတော့ ကျွန်တော် မသိပါဘူး၊ ချစ်တယ်ဆိုတာ ဘာလဲ၊ ကျွန်တော်ကောင်ကောင်းကောင်း မသိဘူး'

'ဒီလိုဆို မင်း....သူ့ကို ချစ်တယ် လို့တော့ မပြောဘူး လား'

'ဟင့်...အင်း'

ကိုလတ်သည် သက်ပြင်းတစ်ချက် ရှိုက်ကာ ညီထွေး၏ ပခုံးကို ဖက်လိုက်လေသည်။

ညီထွေးသည် လရောင် မှိန်မှိန်ဝယ် အရွက်ကလေးများ တဖျက်ဖျက်လှုပ်နေသော ယိုးဒယား သီးပင်လေးများ ကိုသာ ငေးစိုက်ကြည့်နေမိသည်။

ကိုလတ် စိုက်ပျိုးထားသော ဆီးပင် ငယ်လေးများသည် နောက်နှစ်လောက်တွင် သီးတော့မည် ဖြစ်သည်။

တစ်လုံး တစ်းလုံးလျှင် မာလကာသီး ငယ်ငယ်လောက် ရှိကာ ပန်းသီးလို အသားပွပြီး ချိုသော ဆီးသီးများသည် လူကြိုက်များပြီး ဈေးကောင်းလှသည်။



'ချစ်တယ်ဆိုတဲ့စကားကို ကျွန်တော် ပေါ့ပေါ့လေး သုံးခဲ့ မိတယ်၊ သူ့ကိုလဲ ပြောခဲ့ဖူးသားပဲ၊ နင်ဟာ ငါ့ရဲ့ အချစ်ဦး၊ နင့်ကို ငါချစ်တယ် တင်တယ်လို့'

'ဘယ်တုန်းက ပြောတာလဲ'

ကိုလတ်၏ အသံသည် မသိမသာလေး အဖျားခတ်ကာ တုန်ယင် သွားလေသည်။ ညီထွေးသည် ခြေဆင်း နေရာမှ ဒူးတစ်ဖက် ထောင်လိုက်သည်။

သူ့လက်မှ ကျောက်ပတ်တီးကို စမ်းကြည့်နေရင်း ညီထွေး ၏ စိတ်သည် လွန်ခဲ့သည့် ခြောက်နှစ်ခန့် ဆီသို့ ပြေးလွှား သွားသည်။

ဒေါသနှင့် မာနကဲသော နွေ့မျက်လုံး ညိုညိုလေးများကို မြင်ယောင်လာသည်။

'လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကပေါ့၊ ပြောသာပြောခဲ့တာ၊ စိတ်ထဲမှာ သိပ်ပြီး လေးလေးနက်နက် မရှိလှဘူး၊ သူကလဲ ကျွန်တော့်ကို ပါးချတယ်၊ ကျွန်တော်ကလဲ သူ့ကို ဖက်နမ်း မစ်ခဲ့တယ်'

ညီထွေး၏ မျက်လုံးများသည် ဝေသွားပြီး ရေတွင်း ဘောင်ကို ငေါင်းမှိုင်လိုက်လေသည်။

အံ့ဩနှင့် ကြည့်နေသော ကိုလတ်ကို ရင်ဆိုင်မကြည့်ဘဲ မျက်လုံးကို စင်းမှေးထားလိုက်မိသည်။

ကိုလတ်ကို သူသည် မိနွေ လှပါးဝသည့် အကြောင်းများ ကို တိုင်တောခဲ့ ပြောပြခဲ့ဖူးသော်လည်း သူက နမ်းခဲ့သည် ကိုမူ တစ်ခါမျှ မပြောမပြခဲ့ချေ။

လှပါးဝလှန်းသော နွေ့ကို အနိုင်ကျင့်သည့် စိတ်နှင့် တစ်ဇွတ်ထိုး ပြုမူခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို မင်း လွန်ခဲ့တဲ့ ခြောက်နှစ်လောက် ကတည်းက သူ့ကို အဲ...ချစ်ရေးဆိုခဲ့တာပေါ့'

'ဟင်....ဟုတ်ပါဘူး'

လဝါ ကွေးကွေးလေးသည် ရေတွင်းဘေးရှိ ငှက်ပျောပင်ကြားတွင် ခိုးပုန်းနေဟန် ရှိသည်။

သူ ပုန်းခိုရာ ငှက်ပျောဖက် စိမ်းစိမ်းလေးများကို မြစိမ်းရောင် ဖြန်းပေးထားသည်။

ငှက်ပျောလက်များက ဘယ်ညာ ယိမ်းနွဲ့ကြသော အခါ လကွေးကွေးသည် ဝင်းခနဲ လင်းခနဲ ခေါင်းပြူပြီး ညီထွေးတို့ကို နှုတ်ဆက်လေသည်။

'ဒီလို....ဒီလိုပါ သူ့ကိုသာ ပြောခဲ့တာ၊ ငါ ချစ်နေတဲ့ ကောင်မလေးတော့ ရှိတယ်၊ အဲဒါ....နင့်သူငယ်ချင်းတွေဘော့ မဟုတ်ဘူး နင်ပဲလို့၊ ဒါပေမယ့် ပြောမယ် သာ, ပြောတာ သိပ်ပြီး အလေးအနက် ရှိလှတယ်တော့ မဟုတ်ပါဘူး၊ သူ့ကို ချစ်ရေးဆိုတာလဲ မဟုတ်ဘူး၊ ကျွန်တော် ချစ်တယ် ဆိုတာ ကိုသာ အသိပေးခဲ့တာ၊ သူ့ကို ကျွန်တော် ခွင့်လွှတ်နိုင်တဲ့ တစ်နေ့ ယူမယ်ဆိုတာကိုသာ အသိပေးခဲ့တာ'

'မင်းဟာက အထက်စီး ကျလှချေကလား ညီထွေးရာ'

'သူကလဲ အားကြီး လူမ,ါးဝတယ်'

ညီထွေးသည် ကိုလတ်၏ ပခုံးကိုမှီလိုက်သည်။ သုံးနှစ်ခန့် ကွာသော အသက်သည် ငယ်စဉ်က ထွားကျိုင်းမြင့်မားပုံချင်း ကွာခဲ့သော်လည်း အသက် အစိတ်ပိုင်းလောက်တွင်မူ မသိတော့ချေ။

ညီထွေး၏ လက်မောင်း ကြွက်သား များသည် ကိုလတ် နည်းတူ မတောင့်တင်း မာကျောလာကြသည်။



ငယ်စဉ်ကတည်းက လည်ပင်းဖက်ပြီး အတူတူ ကစားခဲ့သော ငယ်ကျွမ်းဆွေ နှစ်ဦးသည် ရေတွင်းဘောင်ဘေးတွင် တစ်ဦးကို တစ်ဦး မှီ၍ ထိုင်ရင်း အတွေးများ ပြန့်လွင့်နေကြသည်။

'ညီထွေး....မင်း ထမင်းငတ်ဘူးလား'

'ဘာဖြစ်လို့လဲ'

'စစ်သားဆိုတာ ထမင်းငတ်တာ မဆန်းဘူးလို့ ပြောကြလို့ပါကွာ၊ မင်းရဲ့စစ်ပွဲလေး ဘာလေးအကြောင်း ပြောပြပါဦး၊ တို့တွေ မိန္ဒနွကို ခဏမေ့ထားကြရအောင်'

ကိုလတ်သည် ညီထွေး၏ ပခုံးကို ကြင်နာစွာ ဆုပ်ကိုင်ရင်း ပြောသည်။

နွေ့ ဟူသော မိန်းကလေးကို ညီထွေးရော သူပါ အခိုက်အတန့် မေ့ထားလိုက်ကြရလျှင် ရှင်းအမေ့ သက်သာဖွယ် ရှိသည်။

နွေ့ အကြောင်းကို ညီထွေးကို ဆက်ပြီး တွေးမနေချင်ပေ။ စစ်ပွဲအစ်ရာ တိုက်ခဲ့သော စစ်သားကြီးသည် အချစ်ပွဲတွင်ကား သေနင်္ဂဗျူဟာ နည်းမှားသဖြင့် အခြေမလှ ဖြစ်ရရှာလေသည်။ ကိုလတ် ကိုယ်တိုင်လည်း နွေ့အကြောင်းကို သတိမရချင်၊ မတွေးချင်။

တမာပင်ရိပ်တွင် မျက်ရည် ဝန်းဝဲသော မျက်လုံးများကို မြေတွင် စိုက်ကြည့်ရင်း ခေါင်းလေး ငုံ့ကာ ကျန်ခဲ့ရှာသော နွေ့။

နွေ့ အကြောင်းကို တွေးမိလျှင် သူ့ရင်တွင်း၌ လှိုက်ဖိုကာ မောနှမ်းလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထမင်းငတ်တာတော့ ခဏ ခဏ၊ ထမင်းမရှိတော့ တစ်ခါတစ်ခါ အမဲခြောက်ကြီးပဲ စားရတယ်၊ သွားဖျော့ကို ကျိုးပြီး မဝါးနိုင်တော့တဲ့ အထိ တစ်ပတ်လောက် အမဲကြီးပဲ စားရတယ်၊ တစ်ခါတလေ ကျတော့လဲ တောငှက်ပျောပင်တွေရဲ့ အူတိုင်ကိုစားရတယ် ကိုလတ်ရ၊ အလယ်အူတိုင်ကို ဒီအတိုင်းစား၊ ဘေးက အပတ်တွေကိုတော့ ထမင်းနည်းနည်းနဲ့ အချဉ်စိမ်ထားရင် အကြာကြီးခံတယ်၊ ဟိုဘက်ပိုင်းတွေက မြန်မာအစားအစာနဲ့ မတူဘူး၊ သူတို့ စားတာက ကောက်ညှင်းဆန်စေးနေတာ ခေါက်ညိုလို့ခေါ်တယ်၊ အဲဒီ ကောက်ညှင်းကို လက်နဲ့လုံးပြီး ပဲပုပ်၊ မရမ်းချဉ် ရောချက်ထားတဲ့ ဟင်းလေးနဲ့ တို့ပြီး စားကြတာ၊ ကျွန်တော်တော့ အားလုံး စားတာပဲ'

'စားကောင်းရဲ့လား ညီထွေးရယ်'

ကိုလတ်က ကြင်နာစွာ မေးမိလေသည်။ ငယ်စဉ်ကညီထွေးလောက် အကောင်းစားရသူ မရှိချေ။

တစ်ဦးတည်းသော သား ဖြစ်သဖြင့် ညီထွေး၏မိဘများက ညီထွေးကို အစစ အရာရာ ဂရုစိုက် အလိုလိုက်လေသည်။

ထို့ကြောင့် လူ့လောကပေါ်တွင် ဗိုလ်ကျချင်သော ဘဉ်ဆိုးလေးက ညီထွေး၏ ဝိညာဉ်ကို ငယ်စဉ်ကတည်းက ပူးကပ်ခဲ့လေသည်။

တစ်ခါတစ်ရံ စိတ်ကောင်းဝင်လျှင် သူငယ်ချင်း သည်းညည်းကို တေတေပေပေ ခံတတ်သည်။

သို့သော်လည်း တစ်ခါတစ်ရံတွင်ကား သူဆိုးသည်ကို သူငယ်ချင်းများက မနည်းသည်းခံကြရသည်။

တစ်ဖက်သား အခံရခက်အောင် စကားလုံးကြီးကြီးကျယ်ကျယ်များကို အပေါ်စီးမှ ပြောတတ်သောကြောင့် ဖြစ်သည်။



'စစ်မတိုက်တဲ့နေ့တွေကျတော့လဲ ဂျင်းစရာ၊ ရဲဘော်လေးတွေနဲ့ ဟိုအကြောင်း၊ ဒီအကြောင်း စကားစမြည်လေး ပြောဆိုနေကြတာပေါ့၊ တစ်ခါတလေကျပြန်တော့လဲ တစ်ယောက်စခန်းကိုတစ်ယောက် သိပြီး တက်မသိမ်းနိုင်ဘူး၊ သေနတ်နဲ့ပဲ လှမ်းပစ်နေကြရတယ်'

ညီညီထွေး မှီထားသော ရေတွင်းဘောင်၏ စိမ့်စိမ့် အေးနေသော အအေးဓာတ်သည် ကျောပြင်မှ အသားထဲသို့ စိမ့်ဝင်နေသည်။

'စစချင်းတိုက်ရတဲ့ တိုက်ပွဲတုန်းကများ ရင်တွေ ဒူးတွေကို တုန်နေတာပဲ၊ သေနတ်သံကို စစ်သင်္ကသိုလ် တက်နေတုန်းက ကြားနေကျမို့ ရိုးနေလိမ့်မယ်ထင်တာ၊ ဒါပေမယ့် စစ်မြေမှာ တကယ် သေနတ်နဲ့ ပစ်ကြခတ်ကြပြီး၊ သေမင်းတွေက ကိုယ့်နားမှာ ဝီးခနဲ ဝီးခနဲ ဖြတ်နေပါလားဆိုပြီး သိရတဲ့ အသိကြီးက အင်မတန် ချောက်ချားစရာကောင်းတာ၊ တစ်ခါတည်း မတ်တတ်ကြီး ရပ်ရင်း ကြောင်နေမိတယ်၊ ဘာလုပ်ရမှန်းလဲ မသိ၊ ဘာကိုင်ရမှန်းလဲ မသိ၊ ဘေးမှာရှိတဲ့ ဆရာကြီးက ဆောင့်ဆွဲချတော့မှ ပစ်မိတော့တယ်'

'ခုတော့ရော'

'ခုတော့လား ရှေ့တန်းမှာ နှစ်နှစ်ဆိုတဲ့ အချိန်ဟာ အကြာကြီးပေါ့၊ အတွေ့အကြုံပေါင်း ထောင်းခြောက်ထောင် ရှိနေပြီ။ ကိုယ်သတ်ခဲ့ရတဲ့ လူတွေလဲ အများကြီး၊ သူတို့သတ်သွားတဲ့ လူတွေလဲ အများကြီး၊ အသက်ဆိုတဲ့ ဝိညာဉ်လေးတွေဟာ တဖြုတ်ဖြုတ် ကြွေသွားနေကြတယ်၊ ပျံ့ပျောက် သွားကြတယ်၊ စစ်သားတစ်ယောက်၊ ရဲဘော်တစ်ယောက်သေလို့ မြို့မှာ အေးအေး ချမ်းချမ်းနေကြတဲ့ သူတွေ

www.burmeseclassic.com

www.burmeseclassic.com



က ပြော်....တိုင်းပြည်ကို ကာကွယ်ရင်း တစ်ယောက်တော့ အသက်စွန့်သွားပြီရယ်လို့ ခဏလေးပဲ တွေးပြီး အသိအမှတ်ပြုရင် ကျေနပ်လှပါပြီဗျာ'

'မင်းတို့ စစ်တိုက်ရတာ ရင်ထဲမှာ ဘယ်လိုခံစားရလဲ ဟင်၊ ငါမေးတာ ရှင်းပါ့မလားမသိဘူး၊ တချို့တွေက စစ်ကိုမုန်းတယ်၊ တချို့တွေက စစ်ကိုကြောက်တယ်တဲ့၊ တချို့ကတော့ စစ်တိုက်ရတာကို ပျော်တယ်လေ၊ မင်းကရော့'

ညီထွေးသည် ရုတ်တရက် တွေဝေသွားလေသည်။ မျက်မှောင်ကြုတ်ကာ ငှက်ပျောရွက်စိမ်းများကို ငေးကြည့်နေသည်။

လရောင်ဆမ်းသော ငှက်ပျောရွက် စိမ်းမြမြများ အပေါ်တွင် သူတိုက်ခဲ့ရသော စစ်ပွဲများကို ပြန်ပြီး မြင်ယောင်နေမိသည်။

အသက်စွန့်သွား သာ ရဲဘော်ရဲဘက်များ၏ မျက်နှာကို တရေးရေး မြင်ယောင်မိသည်။ ထိုနောက် သက်ပြင်းတစ်ချက်ကို ရှိုက်သိုက်မိလေသည်။

'ကျွန်တော်ဖတ်ဖူးတဲ့ ကဗျာလေးတစ်ပုဒ်ကို သတိရတယ်၊ စပ်တဲ့ သူက ခင်ချေ်မြတ် တဲ့'

'ဘာတဲ့လဲ'

ညီထွေးသည် ချောင်းဟန့်ကာ လည်ချောင်းရှင်းလိုက်သည်။ ထိုနောက် ခပ်တိုးတိုး ရွတ်ပြလေသည်။

'ရေခဲတောင်တွေက
နေကို
ဆီးကြိုနေချိန်မှာ
သဲကန္တာရကား



နေအား
ထွက်ရန်နှင်ထုတ်နေ၏။
ကန္တာရပင်တွေက
မိုးကို
လိုလား တောင့်တနေချိန်မှာ
ကမ်းနား[illegible]သစ်ပင်[illegible]
ရေအား
ခါးသီးစွာမုန်းတီးနေ၏။
မီးပုံးပျံတွေက
လေကို
မျက်နှာချိုသွေးနေချိန်မှာ
ဖယောင်းတိုင်မီးများက
လေအား
ကြုံးဝါးမောန်မဲနေ၏။
ဒါ[illegible]ယို့
စစ်မြေမှာ၊ ငါနဲ့ရန်သူ
ဘယ်သောအခါ ရှိကြ၏။ တဲ့လေ'

ကိုကိုလတ်သည် ညီထွေး၏လက်ကို ကြွကြွင်နာ[illegible] ဆုပ်ကိုင်လိုက်ရင်း မေးလိုက်သည်။

'ဘာအဓိပ္ပာယ်လဲ'

www.burmeseclassic.com

'ကဗျာ နာမည်က ငြိမ်းချမ်းရေးတဲ့'

ညီညီထွေးသည် ကျောက်ပတ်တီး အတွင်းမှ ယားယံနေသောလက်ကို ငုံ့ကြည့်နေသည်။

ဖြိုးဖြိုးဖျင်းဖျင်းနှင့် ယားနေသဖြင့် အောင့်အည်း သည်းခံနေရသည်။ ကျောက်ပတ်တီးဖြူဖြူကို ငုံ့ကြည့်ရင်း ခေတ္တမျှ မေ့လျော့သွားခဲ့သော နွေ့ကို ညီထွေးသည် သတိရလာပြန်လေသည်။

နွေငယ်စဉ်က ကော်ရုပ်ကလေးများ လက်ပြုတ်၊ ခြေပြုတ် ဖြစ်သွားသော အခါများတွင် သူ့အရုပ်ကလေး လက်ကျိုးသွားပြီ၊ ခြေကျိုးသွားပြီနှင့် ယူကျုံးမရ ဖြစ်လေ့ရှိသည်။

တစ်ခါတစ်ရံ ကြိုးနှင့်သိုင်းပြီး ဆက်ပေးရတတ်သည်။ အပဲ့အရှဲ့ အရုပ်ကလေးများကို လွှင့်မပစ်ဘဲ လူနာသဖွယ် ပြုစုတတ်သော နွေ၏ အပြုအစုနှင့် အယုအယကို ညီထွေးသည် တမ်းတနေမိသည်။

'တစ်ခါတလေ တပ်ဖဲမှာ ရဲဘော်တွေစုပြီး အိမ်လွမ်းတဲ့ အကြောင်း၊ မိန်းမရှိတဲ့လူက မိန်းမပေါ့၊ ရည်းစားရှိတဲ့လူက ရည်းစားပေါ့၊ ပြောကြ ဆိုကြ လွမ်းကြရင်း ကျွန်တော် မိနွေကို သိပ် သတိရတာပဲ၊ ကျွန်တော်တို့ဟာ ဒီလောက်ခင်တဲ့ သူငယ်ချင်းတွေ၊ မိနွေ ကျွန်တော့်ကို ချစ်လိမ့်မယ်လို့ပဲ ထင်ခဲ့မိတယ်၊ သူ ဘာလို့မချစ်တာလဲ မသိဘူး၊ တို့ကတော့ သူ့ကို အမြဲပဲ သတိရနေတယ်၊ တစ်နေ့ကျရင် သူ့ကို ယူမယ်လို့လဲ၊ ကိုလတ်ရယ် မိနွေကို ကျွန်တော်ချစ်တယ် သိပ်ချစ်တယ်ဗျ၊ မိနွေကတော့ ကျွန်တော့်ကို မချစ်'



ညီညီထွေးသည် ရုတ်တရက် ပေါက်ကွဲသွားသလို ခပ်ကျယ်ကျယ် ပြောလိုက်ပြီးမှ သူ့အသံသည် တိခနဲ ပြတ်ကျသွားရလေသည်။

ရုတ်တရက် တိမ်ဝင်သွားလေသည်။ ကိုလတ်သည်လည်း သက်ပြင်းတစ်ချက် ဟင်းခနဲချလိုက်ပြီး မျက်စိကို စုံမှိတ်ထားလိုက်မိသည်။

သူ့ရင်ထဲတွင် တင်းကျပ်ပြီး နာကျင်နေသည်။ ညီထွေးအတွက်လော၊ နွေ့အတွက်လော၊ သူ့အတွက်ပင်လော ကောင်းကောင်း မခွဲခြား တတ်ပေ။ သုံးယောက်လုံးအတွက်လည်း ဖြစ်နိုင်သည်။ တစ်ဦးစီ အတွက်လည်း ဖြစ်နိုင်သည်။

သူတို့နှစ်ဦးလုံး ဘာစကားမျှ မပြောဖြစ်ဘဲ ငြိမ်သက်စွာ ထိုင်နေမိကြသည်။

တစ်ဦးနှင့်တစ်ဦး ပခုံးချင်းထိကပ်ကာ၊ ခေါင်းချင်းဆိုင်ကာ ယှဉ်လျက်ထိုင်ပြီး ငိုင်နေကြသော်လည်း စကားပြောရန် မေ့သွားကြလေသည်။

ငှက်ပျောရွက် စိမ်းစိမ်းများကြားမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်လာသော လမင်းငယ်၏အောက်တွင် တိမ်လွှင်း အဖြူလေးများက တရိပ်ရိပ် ပြေးနေသည်။

သစ်ရွက်များကို တိုးဝှေ့ ပြေးလာသော လေပြည်အေးသည် သူတို့၏ဆံပင်များကို မထိတထိ တို့ခတ်ကျီစယ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်သည် သာယာလှ သော်လည်း သူတို့သည် သတိမထားမိကြချေ။ ဒေတွေးတွင် နှစ်မျော၍ အသက်ကို မေ့တစ်ချက် လျော့တစ်ချက်သာ ရှူနေမိကြသည်။

'ကိုလတ်ရေ…ဘယ်နှစ်နာရီလဲ'

ညိုထွေးက မေးသောအခါမှ ကိုလတ်သည် သူ့ နာရီကို လရောင် မှုန်ဝါးဝါးဝယ် ငုံ့ကြည့်မိသည်။

မှိန်ပျပျ အလင်းရောင်ဝယ် နာရီ လက်တံတို လေးက ကိုးဂဏန်းနှင့် ဆယ်ဂဏန်းအကြား ညွှန်ပြနေပြီး လက်တံရှည် လေးက ရှစ်ဂဏန်းသို့ ညွှန်ပြလျက်ရှိသည်။

'ကိုးနာရီ ခွဲပြီးပြီ'

'ဟင်…'

ညိုထွေးသည် ရုတ်တရက် သက်ပြင်းချလိုက်ကာ ခပ်တောင့်တောင့်လေး ဖြစ်သွားသည်။ ရီဝေနေသော မျက်လုံးများသည် မှုန်မှိုင်းသွားကြသည်။

'ကိုးနာရီခွဲတာတောင် မသိလိုက်ဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့တွေ တစ်ခါတုန်းက စုပြီး စကားပြောကြ တယ်၊ ရဲဘော်လေးတွေနဲ့ပေါ့၊ ခုလို ညပေါ့၊ နောက်တစ်နေ့ စစ်ဆင်ရေး ထွက်ရမယ်လေ၊ ရဲဘော်တစ်ယောက်က ရုတ်တရက် မေးတယ်၊ ဘယ်နှစ်နာရီလဲတဲ့၊ အခုလိုပဲ ကိုးနာရီခွဲပဲ၊ ဒီအခါ အဲဒီ ရဲဘော်က အမှတ်တရပြောတယ်၊ စစ်ထွက် ယောကျ်ား



ဆိုတာ သေစကား မပြောကောင်းဘူးတဲ့၊ ဒါပေမယ့် အခု စစ်ထွက်ကြရမယ်၊ စစ်တိုက်ကြရမယ်၊ ဘယ်သူသေလို့ ဘယ်သူ ရှင်ပြီး ဘယ်သူဒုက္ခိတဖြစ်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ပါ ဘူးတဲ့၊ ဒါပေမယ့် ဒီတပ်စုထဲက သေသွားတဲ့ သူကိုတော့ ကျန်ခဲ့တဲ့သူတွေက ကိုးနာရီခွဲတိုင်း ဩော်…တိုင်းပြည်အတွက် အသက်စွန့်သွားတဲ့ တို့ရဲဘော်ရယ်'လို့ အမှတ်တရလေး ရှိစမ်း ပါ၊ သတိရစမ်းပါတဲ့ဗျာ၊ သူတို့တွေ အသက်စွန့်သွားတာကို သူ့ဆွေ သူ့မျိုး သူ့မိဘ သူ့သားမယားအပြင် သတိရတဲ့သူ ရှိစေချင်သေးတယ်တဲ့'

ညိုထွေးသည် သူ့ ရဲဘော်များကို သတိတရနှင့် နှမ်းယ လှိုင်းခတ်လာသည်။

'အခုဆိုရင် သူလဲကျသွားပြီ၊ နောက် သုံးလေးငါးယောက် လဲ ကျသွားပြီ၊ ကျွန်တော်လေ ကိုးနာရီခွဲတိုင်း 'သူတို့ကို သတိရမိတယ်၊ သူ ပြောသွားတဲ့ စကားကိုလဲ သေသေ လတ်လတ် ကြားမိတယ်'

ညိုညိုထွေးသည် ကိုလတ်၏ လက်ကို ညှစ်ခါလိုက်ကာ နေရာမှ ထလိုက်သည်။

ပတ်ဝန်းကျင်တွင် မှုန်ဝါးဝါး အလင်းရောင်လေးနှင့် တိတ်ဆိတ်ခြင်းက မင်းမူနေသည်။ ကြယ်ရောင် လဲ့လဲ့ လင်း သော ကောင်းကင်တွင် လည်းကောင်း၊ သစ်ပင်လေးများနှင့် စိုပြည် လန်းဆန်း နေသော မြေသားတွင် လည်းကောင်း၊ ပန်းနံ့ မွှေးမွှေးကို သယ်ဆောင်လာသော လေထုအတွင်း၌ လည်းကောင်း သေမင်း၏ လက်တံရှည်များသည် တိတ်တဆိတ် လှုပ်ရှားနေကြဟန် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရွေး နေရာမရွေး ကြိုက်သောသူကို ဆွဲခေါ်နိုင်ရန် သေမင်းလက်တံများသည် နေရာအနှံ့ ကိုယ်ရောင်ဖျောက်ပြီး ကျက်စားနေကြသည်။

'နွေ့အတွက် စိတ်တွေ ထွေနေ ဝေနေတာနဲ့ ကျွန်တော် ကိုးနာရီခွဲတာတောင် မသိလိုက်ဘူး၊ ကျွန်တော်ရဲ့ တမလွန်က ရဲဘော်တွေကို သတိမရလိုက်ရဘူး'

ညီထွေးသည် တမလွန်မှ ရဲဘော်များကို တောင်းပန်ဟန်နှင့် ပြောပြီး အိမ်နောက်ဘက်သို့ ခပ်လေးလေး ထွက်သွားသည်၊

ကိုလတ်တို့အိမ်သည် အုတ်တိုက် မဟုတ်သေး သော်လည်း ယခင်လိုလည်း ဝါးကြမ်းခင်းသော တဲငယ် မဟုတ်တော့ချေ။

ပျဉ်ထောင်အိမ် သန့်သန့်လေး ဖြစ်နေပေပြီ။

ညီထွေးအတွက် အခန်း သပ်သပ် မပေးနိုင်သေးကာမူ ကိုလတ်၏ အခန်းတွင် တစ်ယောက်အိပ် ခုတင် တစ်လုံး ကပ်သွင်းလိုက်ခြင်းဖြင့် ညီထွေးနှင့်ကိုလတ် ယှဉ်လျက်အိပ်ကာ ညလုံးပေါက် လေကန်နိုင်လေသည်။

ကိုလတ်သည် နေရာမှ လေးတန့်စွာထပြီး ညီထွေးနောက်သို့ ခပ်သွက်သွက် လိုက်သွားသည်။ သူ့နားသို့ ကပ်လာသည့် ကိုလတ်ကို လှည့်မကြည့်ဘဲ ညီထွေးသည်စိတ်လှုပ်ရှားနေသော အသံနှင့် မေးလေသည်။

'နွေ့....ကျွန်တော့်ကို ဘာလို့ လက်မခံတာလဲ'

'ညီထွေးရယ်'



'သူ့မှာ ချစ်သူများ ရှိနေပြီလား၊ ကိုလတ် မသိဘူးလား'

ကိုလတ်၏ ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ နွေ၏ မျက်ရည်ဝေ့ဝဲနေသော မျက်လုံးညိုလေးများကို မြင်ယောင်ပြီး ရင်ထဲတွင် နာကျင်တင်းကျပ်သွားသည်။

လက်ဖျား များလည်း မသိမသာ အေးလာ လေသည်။ ညီထွေးသည် ကိုလတ်၏ ခါးကို တရင်းတနှီး လှမ်းဖက်ကာ ဆက်ပြောသည်။

'နွေက....ချစ်စရာ ကောင်းတယ်နော်'

'အေး....ကောင်းပါတယ်ကွာ'

'သူ့မှာ ရည်းစားရှိဦးမှာ မဟုတ်ပါဘူးနော်၊ ချစ်ရမယ့်သူ ရှိဦးမှာ မဟုတ်ပါဘူးနော်'

'ရှိမယ် မထင်ပါဘူး....ညီထွေးရာ'

ကိုလတ်သည် ခြောက်ကပ်သော အသံနှင့် ဖြေသိမ့်စကား ပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် နေရာမှ ခုန်ပေါက်ကာ ထွက်ပြေးပြီး အသံကုန် ဟစ်လိုက်ချင်စိတ်လည်း ပေါ်လာလေသည်။

ကိုလတ်သည် နွေ့ကိုလည်း ချစ်သည်။ ညီထွေးကိုလည်း ချစ်သည်။ တစ်ဖန် နွေ့ကိုလည်း မုန်းပြီး ညီထွေးကိုလည်း မုန်းပြန်သည်။ ထိုနောက် နွေ့ကိုလည်း သနားပြီး ညီထွေး ကိုလည်း သနားပြန်သည်။

သူ့စိတ် အစဉ်သည် မုန်တိုင်းဒဏ် ခံရသော ကန်ရေပြင် သဖွယ် လှိုင်းဘောင်ဘင် ခတ်နေလေသည်။

'ကိုလတ်ရော မတွေ့သေးဘူးလား'

'အပျိုမီးတွေပါ ညီထွေးရယ်'

www.burmeseclassic.com

www.burmeseclassic.com



အပူမီး လောင်မြိုက်နေသော ကိုလတ်က ခပ်တိုးတိုး ပြောသည်။

အိမ်ထဲသို့ အမြန်ဝင်ပြီး အခန်းဆီသို့ သွက်သွက်လှမ်းကာ စကားပြောမည့် ကြိုးစားသော်လည်း ညီထွေးသည် ကိုလတ် နောက်မှ တန်းတန်းမပါအောင် လိုက်လာသည်။

'ကိုလတ် ဒီအရွယ်ရောက်နေပြီ ချစ်မှုတဲ့လူတော့ ရှိမှာပါ၊ မညာပါနဲ့ဗျာ'

'အေး၊ ရှိချင်ရှိလဲ ရှိမှာပေါ့'

ကိုလတ်သည် အိပ်ရာပေါ်သို့ ပစ်လှဲကာ ချည်စောင်ပါး ကို ဆွဲခြုံ လိုက်သည်။

ညီထွေးက သူ့အိပ်ရာ သူ မသွားသေးဘဲ ကိုလတ်၏ဘေး တွင် ဝင်ထိုင်လေသည်။ ကိုလတ်၏ မျက်နှာကို အကဲခတ် ကြည့်ရင်း ခပ်ဆဆ မေးသည်။

'မိုး လား'

'ထပ် ကော ရီ'

ကိုလတ်သည် ဝုန်းခနဲ ထထိုင်လိုက်သည်။ ညီထွေးကို မျက်လုံးကြီး ပြူး၍ ကြည့်မိသည်။

ပြူးတူး မြဲတဲ ဖြစ်သွားသော ကိုလတ်ကို ကြည့်ရင်း ညီထွေးသည် ဣန္ဒြေ မဆောင်နိုင်ဘဲ ဟက်ဟက်ပက်ပက် ရယ် လိုက်လေသည်။

'နေ့က ဟိုအရင်တုန်းက ပြောဖူးတယ်၊ ကိုလတ်ကြီး မိုးကိုများ ကြိုက်သလားမသိဘူးတဲ့၊ သူက မိုးကိုမရှုတော့လို့



ကိုလတ်က အေးအေးဆေးဆေး လူပျိုကြီး လုပ်နေတယ်လို့ ထင်နေတယ်၊ သူ့အ ထင်မှီရင် ဘာစ်ဖက်သတ်'

'ကြုံကြုံဖန်ဖန်ကွာ၊ မိုးလေ ငါ သူငယ်ချင်း၊ တကယ့်ကို ယောကျ်ားလေးလို ပေါင်းခဲ့တာ၊ မိန်းမတစ်ယောက်ကသာ ယောက်တည်းက ပျော့ပျော့နှဲ့နှဲ့လေးနဲ့ မိန်းမပုံ ပေါက်တာ

နော်၊ မိုးက ဂျမ်းဘောဘောအ၊ ငါ့စိတ်ထဲမှာ မိုးကို ကြိုက်ဖို့ မပြောနဲ့ ယောကျ်ား မိန်းမတောင် သိမှာကဲ့ဘူး၊ ခွေးမ လေး မိန္ဒ မဟုတ်မဟပ်ရင် အတောင် ဘွားတက်တယ်၊ ဘကျိုးနဲ့'

ကိုလတ်သည် ရှုံးမှုံးရှားရှား ပြောရင်း ပြန်အိပ်ချလိုက် သည်။ ရင်ထဲတွင် နဒါသလှိုင်းနုနုလေးက ဆူဝေတက်နေ သည်။ မခံချိမခံသာ ဖြစ်နေသည်။

သို့သော်လည်း ထိုစိတ်များကို တွင်တွင်ကြီး မျိုချပစ်နေ ရသည်။

အတန့်ငယ် မြင့်တက်လာသော လကွေးကွေးသည် ပြတင်း ပေါက် အစွန်းမှနေ၍ အခန်းတွင်းသို့ စောင်းငဲ့ ကြည့်နေဟန် ရှိသည်။

ကိုလတ်သည် ချည်စောင်ပါးကို ခေါင်းအထိ ဆွဲခြုံလိုက် သော်လည်း ညီထွေး၏ အသံကိုမူ ကြားနေရသေးသည်။

ညီထွေးသည် အိပ်ရာတွင် တစောင်းအိပ်ရင်း လေ ကို ငေးကြည့်နေသည်။ 'ငယ်ကျွမ်းဆွေ' သီချင်းကို တိုးတိုး လေး ဆိုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'တေးဆိုကြ၊ ပျော်ကြတာတွေ၊ ငယ်ငယ်က သဘာဝ အခြေ၊ မြင်ယောင်လို့နေ၊ ခုနေများ တို့ ခေတ်အခါတွေ ပြန်လို့များ တွေးကြည့်ရင်လေ လွန့်ကွာခြားပေ။

ဖော်တစ်သင်းတွေ စုကာလေ၊ မြူးပျော်ကြပေ၊ မိုးဥတုရောက်ရင်လေ၊ မြစ်ချောင်း၊ ရေချောင်း ကန့်ကာဝေ၊ တေးချိုချို သီဆိုရင်းဖြင့်၊ ငယ်ချစ်ဆွေမေ၊ စိတ်က ယော်ယမ်း၊ မျှော်မှန်းကာနေ'

'ဖော်တစ်သင်းတွေ စုလို့သာလေ မြူးပျော်ကြပေ၊ မိုးဥတုရောက်ရင်လေ၊ မြစ်ချောင်း ရေချောင်း ကန့်ကာဝေ၊ တေးချိုချို သီဆိုရင်းဖြင့်၊ ငယ်ချစ်ဆွေရေ စိတ်က ယော်ယမ်း၊ မျှော်မှန်းကာနေ'

မိုးသည် ပျော်ရွှင်စွာ ဟစ်အော် သီဆိုလိုက်သည်။ ထို နောက် သူ့ဘေးတွင် ချထားသော ဘီစကစ်မုန့်တစ်ချပ်ကို ညီထွေးတို့ မသိအောင် ပါးစပ်ထဲ ထိုးထည့် လိုက်လေသည်။

သူ့ဘေးတွင် ဘီစကစ်မုန့်သာမက ဝက်အူချောင်း အစိမ်း သုံးတောင့် ရှိသည်။

ဘာငါးမှန်းမသိသော ငါးတစ်ကောင်လည်း ရှိသည်။ ဝက်အူချောင်းသည် ညီထွေးတို့အိမ်မှ ဖြစ်ပြီး ငါးသည်ကား မေမေ ဈေးဝယ်လာသော ခြင်းတောင်းထဲမှ မိုး အလစ် သုတ်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုစွန်ထုပ်ကြီး နှစ်ကောင်ကိုလည်း နွေသည် မီးဖိုချောင်ကို အပိုင်စားရသော ထမင်းချက်ကြီး ဘကြီးသာဆိုင်ဆီမှ မျက်နှာချိုသွေးပြီး တောင်းလာခဲ့သည်။ ကိုလတ်ကလည်း သူ့အိမ်မှ မာလကာသီး ပွပွချိုချိုကြီးများ ခူးခဲ့သည်။

စ၍ ကြံရသူက ညီထွေး ဖြစ်သည်။ ပျော်ပွဲစားထွက်တမ်း ကစားရအောင်ဟု ဆိုသောအခါ အားလုံး လှိုက်လှိုက်လှဲလှဲ သဘောတူသည်။

ပျော်ပွဲစားထွက်ရန် နေရာကိုကား ခေါက်သီးကွင်းသဘားရှိ ကန်ကိုသာ ရွေးချယ်ရသည်။ အခြား နေရာလည်းမရှိ၊ ကန်သုံးဆင့်ဘက်သို့လည်း မေမေတို့က မလွှတ်ချေ။

ရေဆော့မည်စိုးသောကြောင့် ဖြစ်၏။ ထို့ကြောင့် အိမ်နှင့် နီးနီး နားနား ဘဲရေကန် နောက်ကျိကျိလေး ဘေးသို့သာ ရောက်လာကြသည်။

ညီထွေးသည် မီးပုံသေးသေးလေး ဘေးတွင် ဖင်ထောင်ပြီး တဖူးဖူး ကုန်းမှုတ်နေသည်။

အိမ်က လူကြီးများ မသိအောင် ယူလာသော မီးသွေးနှင့် အနီးအနားရှိ သစ်ကိုင်း သစ်ခက် အခြောက်လေးများကပေါ့ ကူသောအခါ မီးပုံ ကောင်းကောင်းလေး တစ်ပုံရသည်။

မီးခဲရဲရဲတက်လာသည်။ ငါးနှင့် ပုစွန်ကို ဝါးချွန် တွင် တံဆိတ်ထိုးပြီး မီးပုံတွင် လှည့်ပတ် မီးကင်သော အလုပ်ကို မိုးက လုပ်ချင်သော်လည်း ညီထွေးက မပေးချေ။



ယူ့မပြောင့် ဝက်အူချောင်း မီးကင်သောအခါကျလျှင် မိုးက သူကင်မည်ဟု ကြိုတင်ကြေညာထားရသည်။ အန်ကယ်(လ်)ဂျော်နီတို့အိမ်က ပင်မှည့်သီးခိုးသော အလုပ်ကိုမူ ကိုလတ်နှင့် နွေက တာဝန်ယူရလေသည်။

မိုးနှင့် ညီထွေးသည် လူလယ်လုပ်ပြီး အစားအသောက်များနားတွင် ကင်းနေရစ်ကြလေသည်။

'ဟော ကိုလတ်တို့ လာပြီ'

မိုးက လှမ်းမျှော်ကြည့်ပြီး ဝမ်းသာအားရ အော်သည်။ ကိုလတ်နှင့်မိုးသည် ဂေါက်ကွင်းကို ဖြတ်ပြီး အမောတကော ပြေးလာနေကြလေသည်။

သူတို့လက်ထဲတွင် ပင်မှည့်သီး လေးငါးလုံးစီ ပွေ့ပိုက်ထားကြသည်။

'ဟား မောလိုက်တာ၊ မနည်းပြေးခဲ့ရတယ်'

'ဘာဖြစ်လို့လဲ'

'တို့တွေခူးနေတုန်း အန်ကယ်(လ်)ဂျော်နီကြီး ခြံထဲ ဆင်းလာတာတွေလို့ ခြံစည်းရိုးတိုးပြီး ပြေးရတယ်'

'တွေ့သွားလား'

'တွေ့ပါဘူး၊ ဒီက လျင်တာပေါ့'

နွေသည် ငှက်ပျောဖက်ဝါဝါနှင့် ထုပ်ထားသော ပင်မှည့်သီးများကို မြေပေါ်သို့ သွန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်ကျောဘက်ပိုင်းသည် ခြံစည်းရိုးနှင့်ငြိကာ စုတ်ပြဲသွားသည်ကိုပင် နွေ မသိခဲ့ချေ။ ကမူး ရှူးတိုး တိုးပြီး ထွက်ခဲ့ရသောကြောင့် ဖြစ်၏။

'ညီထွေးရေ မကျက်သေးဘူးလား'

'ကိုလတ်က မွှေးပျံ့လာသော ပုစွန်မီးကင်နံ့ကို ရှူရှိုက်ရင်း ဆာလာသလို ပုစွန်မီးကင်ကို သံပုရာသီး ညှစ်စားလျှင်ကောင်းမည်ဟု အကြံပေါက်သောကြောင့် ကိုလတ်သည် အိမ်တစ်ခါပြန်ကာ သံပုရာသီး ခူးရပြန်လေသည်။

နွေနှင့်မိုးသည် သတင်းစာစက္ကူများကို ဖြန့်ခင်းကာ ပါလာသမျှ စားသောက်ဖွယ်ရာများကို ပြင်ဆင်နေကြသည်။

ငှက်ပျောသီးလေးလုံး၊ ဘီစကစ်ကိုးချပ်၊ ပုစွန်ကင်နှစ်ကောင်၊ ငါးကင်တစ်ကောင်၊ ပင်မှည့်သီး ဆယ့်တစ်လုံး၊ မာလကာသီး လေးလုံး၊ ဝက်အူချောင်းသုံးချောင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိသည်ဟု ထင်မိသည်။

ဝက်အူချောင်းကို မီးကင်သောအခါ၌ကား ညှော်နံ့တငုံ့ထွက် လာလေသည်။ ဆီစက်ကလေးများသည် မီးသွေးရဲရဲ ပေါ်သို့ ရှဲခနဲ ရှဲခနဲ ကျသွားနေကြသည်။

'ပုစွန်ကို ခွံခွာလိုက်မယ်နော်'

နွေသည် ပုစွန်ထုပ်ကြွေး ရဲရဲကြီးကို အအခွံခွာလိုက်သည်။ ပူနွေးပြီး ဖြူဖွေးသော အသားသည် မွှေးနေသည်။ နူးညံ့နေသည်။



ခေါင်းဘက်တွင် အဆီများသည် စုပြီးခဲနေသည်။ ကျောကုန်းဘက်မှ ချေးကြောင်း မည်းမည်းလေးကိုလည်း ဘလိတ်ဓားနှင့် ပါးပါးခွဲကာ ထုတ်ပစ်လိုက်သည်။

နွေသည် ပုစွန်ထုပ်ကြီးကို ကြည့်ရင်း တစ်ယောက်တည်းသားစိတ်ချင်စိတ် ပေါက်လာသည်။

ဘကြီးသာဆိုင်ဆီက လေးကောင်ရအောင် မဈောင်းနိုင်ခဲ့သည့်အတွက်လည်း ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်နေသည်။

'ဝက်အူချောင်းလေးတွေက သေးသွားတယ်'

ညီထွေးသည် မည်းပြီး သေးသွားသော ဝက်အူချောင်းလေးများကို နွေ့အား လှမ်းပေးသည်။

ဝက်အူချောင်း မီးကင်သည် ဝက်အူချောင်း ကြော်လိုစားချင်စရာ မကောင်းလှပေ။ အဆီခြောက်ပြီး မည်းသွား၊ ကျစ်သွားသည်။

သို့သော် ရင်းဝက်အူချောင်း သုံးချောင်းကိုလည်း အညီအမျှ လိုးဖြတ်ကာ လေးပုံ ပုံရမည် ဖြစ်သည်။

မိုးသည် အဝေမတည့်သော စားသောက်ဖွယ် များကို ဘလိတ်ဓားလေးနှင့် လှီးကာ အညီအမျှ ခွဲဝေနေသည်။

အားလုံး အဆင်သင့် ဖြစ်သွားသောအခါ သံပုရာသီး အခူးသွားသော ကိုလတ် မလာသေးသဖြင့် စားသောက်ဖွယ်ရာများကို လက်နှင့်ပင်မတို့ဘဲ ကိုလတ်အလာကို စောင့်ကြရပြန်သည်။ ဆာလောင်နေပြီ ဖြစ်သော်လည်း၊ စားချင်လှပြီဖြစ်သော်လည်း လူမစုံဘဲ မစားလိုကြချေ။

www.burmeseclassic.com

www.burmeseclassic.com



မိုးသည် ပင်မှည့်သီး အခွံထိပ်ပိုင်းလေး များကို ခ...နှင့် အဝိုင်းလိုက် လှီးဖြတ်နေသည်။ အဆင်...င့် စားနိုင်ရန် ဖြ... လေသည်။

ရေကန်ထဲတွင် ဘဲများ ကူးခတ်နေသည်။ တဂေါ်ဂေါ် အော်မြည်နေ...သော အသံကို နားစိုက်ထောင်ရင်း ငွေသည် သူတို့တွေ ဘာပြောနေသနည်း စဉ်းစားနေမိသည်။

ဘဲချိုနံ့ နံ့နေသော ရေပြင်ကိုလည်း ကြာမျိုးငါးပါး အသွင် တွေးထင် မြင်ယောင်နေမိလေသည်။

ဟိုတစ်ကွက် သည်တစ်ကွက်သော မြက်ကြမ်းများ ရှိသော မြေပြင်ကိုလည်း လဲ့လဲ့စိမ်းသော မြက်ခင်းပြင်ကြီး သဖွယ် ဖန်ဆင်းကြည့်နေမိလေသည်။

'ကိုလတ်ကလဲ ကြာလိုက်တာ'

ညီထွေးက စိတ်မရှည်သလို ညည်းလေသည်။ ကောင်းက... မြင့်တွင် ဖြူဖွေးသော ဗျိုင်းတစ်အုပ်က နိမ့်နိမ့်လေး ဝဲပျံသွား... သည်။

သူတို့သည် ဦးလေးသန်း အိမ်နောက်ဘက်ရှိ သစ်ပင်ကြီး... တွင် နေသော ဗျိုင်းများဖြစ်မည် ထင်သည်။

သူတို့အိမ်သို့သွားလျှင် တကွတ်ကွတ် မြည်နေသော ဗျိုင်း... အော်သံကို အဝေးမှပင် ကြားရသည်။

တစ်ခါတလေ ကြားရသည်မှာ အရေးကြီး သော်လည်း... ထာဝစဉ် ကြားနေရသူ အဖွားက နားငြီးမှယ် ကော... သည်။



သို့သော် ဦးလေးသန်း၏ မိန်းမသည် ဗျိုင်းများ ကိုက်ချီ လာပြီး ပစ်ချသွားတတ်သော ငါးစိမ်းများကို ကောက်ပြီး ငါးပိ သိပ်ရသောကြောင့် နားငြီးသည်ကို သည်းခံနိုင်လေ သည်။

'ဟေး....စားနေကြပြီလား'

'မစားကြသေးပါဘူး၊ မြန်မြန်လာ'

ကိုလတ်သည် သပွတ်သီးပြင်ပြင် ...ကြား အနည်းငယ်ပါ ယူခဲ့သည်။ ပင်မှည့်သီးစားရန် ဖြစ်သည်။

တစ်ခါတစ်ရံ ပင်မှည့်သီးသည် အဘန်ငယ် စိမ်းပါက ချဉ်တတ်လေသည်။ ...ကြားနှင့် ...နယ်စားပါမှ အချိုဓာတ် ကဲသွားလေ့ရှိသည်။

'ကြာလိုက်တာကွာ၊ ကိုလတ်ကလဲ'

'ဒေါ်လေးနွဲ့က ရေနွေးအိုး ဟယ်ခိုင်းနေလို့ကွ၊ ငါ့ကိုလဲ မြန်မြန်ပြန်ခဲ့တဲ့၊ နောက်ချေးတော့ နယ်ရဦးမယ်'

နောက်ချေးများသည် အချပ်လိုက်မာပြီး ခဲနေသောအခါ များတွင် ဦးလေးစိန်သည် ရေနွေးနှင့် နူးအောင် နယ်ပြီးမှ စိုက် ခင်းများကို လောင်းတတ်လေသည်။

ညီထွေးတို့သည် ကိုလတ်ကို ရေထမ်း၊ ရေခပ်၊ မြေတူး၊ မြေဆွ ကူညီကြသော်လည်း နောက်ချေးတော့ တစ်ခါမျှ ကူပြီး နယ်မပေးဖူးချေ။

ကိုလတ်က အနှင်လိုနေသောကြောင့် သူတို့သည် စား သောက်ဖွယ်ရာများ ခပ်မြန်မြန်ပင် စားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဟာနည်းနည်း ဒီဟာနည်းနည်းနှင့် လျှာမန့် အာမန့် စားရသော အရသာသည် ပါးစပ်ထဲတွင် အူကြောင်ကြောင် ဖြစ်နေသည်။

ပုစွန်ကင်သည် တစ်လုပ်တည်းနှင့် ကုန်သွားသည်။ ငါး ဆင်ကလည်း တစ်ယောက်တစ်ဖဲ့သာ ရသည်။ ဘီစကစ်ကို နှစ်ချပ်နှင့် တစ်စိတ်စီရပြီး မာလကာသီးတစ်လုံး၊ ငှက်ပျော သီး တစ်လုံးကျစီသည် သူတို့ ပါးစပ်ထဲတွင် ခဏလေးနှင့် ပျောက်သွားသည်။

အားလုံးစားပြီးသောအခါမှ ပင်မှည့်သီးကို လက်စသတ် ပြီး တစ်ဖောက်ဖောက် ဝါးစားရင်း ပျော်ပွဲစားခြင်းသည် ပြီးဆုံးသွားတော့သည်။

'ဟင်....ပျော်ပွဲစားရတာလဲ တစ်မျိုးကြီးပဲ'

ညီထွေးသည် သူ့လက်ထဲမှ ပင်မှည့်သီးအခွံလေးကို မြေ ကန်ထဲသို့ လွှင့်ပစ်လိုက်ရင်း ကြောင်စီစီပြောသည်။

ကိုလတ်မှာမူ ပင်မှည့်သီး ပြေးခူး၊ သံပုရာသီးပြေးခူးနှင့် ပျော်ပွဲစားရသည်ကိုပင် ဘာမျှ မသိလိုက်ရရှာချေ။

'ပျော်ပွဲစားတယ်ဆိုတာ ဒါပဲလားကွ'

ကိုလတ်ကလည်း မကျေမနပ်နှင့် ပြောလေသည်။ မိုးနှင့် နွေတို့သည်လည်း လျှာမန့် အာမန့်နှင့် ခဏလေး ပြီးသွား သော ပျော်ပွဲစားကို သိပ်မကျေနပ်လှချေ။

လူကြီးများပျော်ပွဲစားထွက်လျှင် မုန့်အမျိုးမျိုးပါသည်။ ထို့ပြင် ပိုက်ကာ ဆွဲကြသည်။ ဘုရားဖူးကြသည်။ ရေနီးလျှင် လှေစီးပြီး ဆိုကြ ကကြသည်။



ကလေးတို့၏ ပျော်ပွဲစားသည်ကား မုန့်လည်းမစုံလှ၊ ဖူးစရာလည်း ဘုရားမရှိ၊ ဘဲ ရေကန် နောက်ကျိကျိတွင်လည်း လှေမစီးနိုင်၊ ထို့ပြင် ပိုကာလည်း မဆွဲဘတ်၊ ထို့ကြောင့် စားစရာကုန်သွားသောအခါ ပြီးသွားတော့သည်။

'ပြီးရင် ပြန်မယ်ကွာ၊ ပျော်စရာလဲ မကောင်းဘူး'

ဘနက်နွေနွေ ရက်အားလေးတွင် ကစားချင်၊ ဆော့ချင် သော်လည်း အဒေါ် ဦးလေး၏မျက်နှာကဲကို အမြဲကြည့်နေ ရသော ကိုလတ်သည် အိမ်ပြန်ရန် စိတ်စောနေသည်။

'ကိုလတ်ကလဲ နေပါဦး'

ညီထွေးက တားလေသည်။ မီးကြွင်းမီးစလေးများ ကျန် နေသော မီးပုံကို လက်တစ်ဖက်နှင့် လှမ်းဆွရင်း ဘာလုပ် တမ်း ကစားရလျှင် ကောင်းမည်နည်း စဉ်းစားနေမိသည်

'တို့တွေ ကြီးလာရင် ဒီလိုပဲစုပြီး ပျော်ပွဲစား ထွက်ကြရ အောင်လေ့၊ အဲဒီကျတော့ ဒီထက်ပျော်မှာပေါ့၊ ခုတော့ စားစရာက နည်းနည်းလေးကိုး'

မိုးသည် နေရာမှ လေးတွဲ့စွာထရင်း ပြောလေသည်။ နွေသည် လည်း ကြောင်စီစီပြီးသွားသော ပျော်ပွဲစား ထွက်ရခြင်း အလုပ်ကို အတန်ငယ် စိတ်ပျက်သွားလေသည်။

နွေသည် ဒူးကလေးထောက်ကာ ထိုင်လိုက်ရင်းမီးပုံဘေး မှ ပြာပုံဖွေးဖွေးလေးကို လှမ်းပြီး ကျုံးယူလိုက်သည်။

အပေါ်သို့ ပစ်မြှောက်ပြီး လွှင့်ကြဲလိုက်ရန် ဖြစ်သည်။ လေထဲတွင် တစ်မှုန်စီတစ်စစီ ဝဲလွင့်သွားသော ပြာမှုန်းသည် အလွန်ကြည့်၍ ကောင်းလေသည်။

'အ လား လား၊ ပူလိုက်တာ ရှီး'

www.burmeseclassic.com

www.burmeseclassic.com



နွေသည် သူ့လက်ကို ယမ်းခါရင်း မအော်လိုက်သည်။ နွေက ပြာပုံသင်သော်လည်း ပြာဖုံးသော မီးကျီးခဲသည် သူ့လက်တွင် ကပ်ပါလာလေသည်။

'အား၊ ပူတယ် ပူတယ်'

နွေသည် သူ့လက်ကိုသူ တဖူးဖူးနှင့် မှုတ်နေသည်။ လက်ချောင်း ထိပ်ကလေးများသည် ပူကျက်ပြီး ချက်ချင်း ဖူးယောင်လာသည်။

မိုးကလည်း အူယားဖားယား ထကာ နွေ့လက်ကလေး များကို လေနှင့် မှုတ်ပေးနေသည်။

မီးကျီးခဲ ရဲရဲကို အားပါးတရ ဆုပ်ကိုင်မိသော လက်သည် ညာဘက် လက်သာ ဆိုလျှင် တစ်ပတ်ခန့် စာရေးနိုင်မည် မဟုတ်၊ ထမင်းစားနိုင်မည် မဟုတ်ချေ။

ဘယ်ဘက် လက်ဖြစ်သဖြင့် တော်သေးသည်။ အိမ်သာ ဝင်သောအချိန်မှအပ အခြားအချိန်များတွင် ကသိကအောက် မဖြစ်ရဟု ညီထွေးက အပြေးအလွှား တွေးနေမိလေသည်၊

သူတို့ လေးဦးသား မီးပုံကို ရေနှင့်လောင်းကာ ခပ်သွက် သွက်လေး ပြန်ခဲ့ကြသည်။ ပျော်ပွဲစား ကစားနည်းကိုကား လေးဦးလုံး အတော်လေး စိတ်ပျက်သွားကြသည်။

ကိုလတ်သည် လက်ကလေး ဘခါခါ ဖြစ်နေသော နွေကို ကြည့်ရင်း ဆော့ရကောင်းလားဟု အပြစ်တင်ချင်သေးသည်။

'မီးဆိုတာ ဆော့စရာ မဟုတ်ဘူး ဟ'

'အို...နွေက မီးကို ကိုင်တာမှ မဟုတ်တာ၊ ပြာကို ကိုင်တာ ပဲ၊ ဘာဖြစ်လို့ ပြာအောက်မှာ မီးခဲကြီးက ရှိနေတာလဲ၊ ရှီး ရှီး ပူပါတယ်ဆိုမှ ဖူး'



နွေသည် မျက်နှာကလေး ရဲ့ကာ နှုတ်သီးကောင်း လျှာပါးနှင့် ပြန်ပြောသည်။ သူ့မျက်ဝန်းမှာ ပူရလောင်ရသည့်ဝေဒနာ ထပ်ပြီး အဘူခံချင်ပုံ မရှိချေ။

မိုးသည် နွေ့လက်ကို ဆွဲကာ အိမ်ဘက်သို့ အပြေးလေး လျှောက်ရင်း ဖြေသိမ့်လို ပြောလေသည်။

'မီးခဲ ပြာဖုံးနေရင် ပိုပူတာပေါ့ နွေရဲ့၊ နောက်ဆိုရင် မီးမဆော့နဲ့နော်၊ အဲဒီလို ပြာဖုံးနေတာကြီးတွေက ပိုဆိုးတယ် မှတ်ထား'

www.burmeseclassic.com

'မြာဖုံးနေတဲ့ မီးခဲမှ သွားကိုင်မိတာ၊ ပူလိုက်တာ တအားပဲ'

နွေသည် သူ့ လက်ချောင်း သွယ်သွယ်လေး များကို နေရောင်တွင် ဖြန့်ကြည့်ရင်း လေနှင့်မှုတ်လိုက်မိသည်။

နွေ့ လက်ကလေးကို အရှပ်ဆိုး လောက်အောင် ဆေးပြာများ လိမ်းထားရသည်။

'သမီးကလဲကွယ်.... မီးညှပ်နဲ့ ကိုင်ရောပေါ့'

'သတိမေ့သွားတယ် မေမေ၊ ရန်ကုန်အိမ်မှာတော့ ရေနံဆီမီးဖိုနဲ့ ချက်နေကျဆိုတော့ မီးသွေးနဲ့ ချက်ရတာ ကြောင်သွားတယ်'

မီးဖိုထဲတွင် မီးကျီးခဲများသည် ရဲနေသည်။ မီးခဲ ရဲရဲများ မြင်လျှင် နွေသည် ပုစွန်ထုပ်ကျွေးကြီးများကို မီးဖုတ်စားချင်စိတ် ပေါ်လာတတ်သည်။



မီးခဲထဲ ထိုးထည့်လိုက်လျှင် ချက်ချင်း နီရဲပြီး မွှေးတက်လာသော ပုစွန်နံ့သည် သွားရည်ယိုချင်စရာ ကောင်းလှလေသည်။

'ညီထွေးနဲ့ ကိုလတ်ကိုလဲ ထမင်းစား ဖိတ်ဦးလေ သမီး၊ မေမေ့ကို ဒီမှာနေတာ မောင်လတ်က အများကြီး ကူညီတယ်၊ မေမေနဲ့ဖေဖေက အဘိုးကြီး အဘွားကြီးဆိုတော့ အရေးရယ် အကြောင်းရယ်ဆိုရင် သူ့ပဲ အားကိုးရတာပဲ'

'ဟုတ်ကဲ့....မေမေ'

နွေသည် မေမေ့ကို ခေါင်းညိတ် ပြလိုက်ရသော်လည်း ရင်ထဲတွင်မူ မအီမသာ ဖြစ်နေလေသည်။

ကိုလတ်နှင့် ညီထွေး နှစ်ဦးလုံးကို မလောလောဆယ်တွင် မျက်နှာချင်းဆိုင်ရမည်ကို ပန်လေးနေမိလေသည်။

ညီထွေးကိုလည်း မတွေ့ချင်။ ကိုလတ်ကိုလည်း မတွေ့ချင်။

'သွား....သမီး၊ လက်နာကြီးနဲ့ အိမ်ရှေ့ ထွက်ခေါ်လေ၊ နောက်ဖေးချောင်မှာ ဘာမှ လုပ်စရာ မရှိတော့ပါဘူး'

နွေသည် မီးဖိုချောင်မှ ယောင်လည်လည် ထွက်လာခဲ့သည်။

မေမေ့ဆီလာပြီး အနားယူနေရသဖြင့် နွေ့ မျက်နှာလေးများ ပြည့်ကာ ပါးများပင် ဖောင်းလာသည်။

တစ်နေ့တစ်နေ့ စာသင်ခန်းနှင့် ကျောင်းသင်ခန်းစာ လေးထဲတွင် လုံးပမ်းကျင်လည်နေရသော နွေ့တို့လို ကျောင်းဆရာမများ အဖို့ အနားယူမှုန် အမှန်တကယ် လိုအပ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နွေ့ ကောင်းသောအိပ်မပျော်သည်မှာ သုံးလေးညတော့ ရှိပြီ။ ညဥ့်အမှောင်သည် လွယ်ရာမဲ့ သူလို တစ်ဦးတည်း ထိုင်ရင်း အချိန်ကုန်လွန်ခဲ့ရသည်။

နွေ့ အချိန်တော် ညနေခြွေပျော် နေနိုင်သေးသော်လည်း ညဥ့်မှောင်သောအခါ အကို အစိုပွားယ်ရှာသော စိတ်သည် နွေ့ကို ကြီးစိုးလာတတ်လေသည်။

ပြတင်းပေါက်တွင် တိတ်ဆိတ် လက်တောက် ချပ်ရင်းလဝါကွေးကွေးလေးဆီမှ ဘင်အားနှင့် သတ္တိကို လှမ်းမျှော်ပြီး တောင်းမိသည်။

အားငယ်စိတ်၊ ဝမ်းနည်းစိတ်နှင့် မကျေနပ်စိတ် တို့သည် နွေ့ရင်ထဲတွင် လှိုင်းလို ရိုက်ခတ်နေတတ်ကြသည်။

'ဟင်....ကိုလတ်၊ ဟော....ညီထွေး ဘယ်တုန်းက ရောက်လဲ၊ ကြည့်စမ်း.... ဘာမှလဲ အသံမပေးဘူး'

နွေ့သည် ပြတင်းပေါက်မှနေပြီး ခြံနောက်ဖေးကို မျှော်ကြည့်နေရာမှ သက်ပြင်းလေးချကာ လှည့်လိုက်သည်။

ဧည့်ခန်း ကုလားထိုင်တွင် ထိုင်နေသော ညီထွေးနှင့် ကိုလတ်သည် နွေ့ကို တိတ်တိတ် ဆိတ်ဆိတ် ကြည့်နေကြလေသည်။

'ငါတို့တော့ ဒီလိုပဲ ဝင်လာပြီ ဒီလိုပဲ ဝင်ထိုင် တာပဲ၊ ခြေသံကြားလို့ လှည့်ကြည့်မလား ထင်တယ်၊ 'နွင်....ဘာတွေ တွေးနေတာလဲ၊ တစ်ခါတည်း ငေးနေလိုက်တာ'

'ဒီလိုပဲပေါ့'



နွေ့မျက်နှာလေးသည် နီရောက် သန်းသွားသည်။ ညီထွေးသည် နွေ့ကို ငေးစိုက်ကြည့်နေပြီးမှ ဖျတ်ခနဲ မျက်စိလွှဲ လိုက်လေသည်။

နွေ့သည် ရင်ထဲက ရင်ခုန်သံ မြန်နေသော်လည်း ဣန္ဒြေ မပျက် လှမ်းကာ သူတို့ရှေ့ ကွင် ခင်ထိုင်လိုက်သည်။

ဟိုတစ်နေ့က ညီထွေးနှင့် နွေ့ ပြောကြဆိုကြသည့် ကိစ္စကို ကိုလတ် သိပြီးပြီလားဟုလည်း မသိမသာလေး အကဲခတ် နေမိလေသည်။

ညီထွေးက ပြောပြမည်မဟုတ်ပါဘူး၊ မပြောဘဲ နေမည်လား နွေ့ စိတ်ထဲကတွင် မသေချာ မရဲရာလှသေး။

'အတော်ပဲ၊ ခုနတုန်းကတောင် မေမေက ပြောနေတာ၊ ကိုလတ်နဲ့ ညီထွေးကို ထမင်းစား ဖိတ်ဦးတဲ့၊ ဘယ်တော့ စားမှာလဲ'

'ကျေးတဲ့အချိန် စားမှာပေါ့...ဟာ'

'ညီထွေးကရော ဘယ်တော့ ပြန်မှာလဲ'

'နွင်က ပြန်စေချင်လို့ပြီလား၊ ဒီလောက်တောင် ပြန်စေ ချင်ရင် နက်ဖြန် ပြန်မယ်'

ညီထွေးသည် နွေ့ကို ခပ်တင်းတင်း လှမ်းကြည့်ကာ ခေါက်ဆတ်ဆတ် ပြောလေသည်။

နွေ့သည် သက်ပြင်းတစ်ချက်ချရင်း ခွင့်လွှတ်ပြုံး ပြုံးလိုက် သည်။

'ညီထွေးကလဲကွာ၊ နွေ့က ပြန်စေချင်လို့ မေးတာမှ မဟုတ် ဘဲ၊ စကားအနေနဲ့ မေးတာကို ဘာလို့ အထအနာ ကောက်နေ တာလဲ၊ ဘာလို့ စိတ်ဆိုးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ....စိတ်ဆိုးတာမှ မဟုတ်တာ'

'ဒါဖြင့် ဘာဖြစ်လဲ'

'အမြီးတိုတာ'

'ဟား....ဟား....ဟား.... ဒီလိုဆို ဦးဦးက ကြောင်ကြီးပေါ့'

ဘယ်အချိန်က သူတို့ဘေး ရောက်လာမှန်း မသိရသော ဖိုးအောင်လေးသည် ညီထွေးကို လက်ညှိုးထိုးပြီးရယ်နေသည်။

ကျွဲမြီးတိုသော ပုံပြင်ကို ကြားဖူးသော်လည်း ဖိုးအောင်က ဝင်ဖောက်သောအခါတွင်ကား အမြီးတိုသော ကြောင်ပုံပြင်ပင် ရှိရဦးမည် ထင်သည်။

ညီညီထွေးသည် ရှက်ရက် ကြောင်တက်တက် ဖြစ်သွားသော်လည်း ဖိုးအောင်ကို လှမ်းဖက်ကာ ရယ်မော လိုက်လေသည်။

ရယ်မောလိုက်သော အခါ စိတ်ထဲ၌ တင်းကျပ်နေသော ဝေဒနာသည် အတန်ငယ် သက်သာသွားလေသည်။

'နွေ....နှင့် သ ဘ်က ဘာဖြစ်တာလဲ'

'မီးခဲ ကိုင်မိလို့'

'ဆော့လိုက်တာ'

'ဆော့တာမဟုတ်ဘူး၊ မီးခဲပြာဖုံးကို ပြာမှတ်လို့ ကိုင်မိတာ၊ မီးခဲအစစ်ကမှ တော်သေးတယ်၊ မီးခဲပြာဖုံးများ အားကြီးပူတယ်၊ အားကြီး အမြင်ကတ်စရာကောင်းတယ်'

နွေသည် သူ့ သက်ကိုသူ ဖြန့်ပြရင်း ကိုလတ်ကို မှသိမသာလေး စောင်းကြည့်မိသည်။



ဖျတ်ခနဲ လှမ်းကြည့်သော ကိုလတ်၏ မျက်လုံးများသည်လည်း ရီဝေနေလေသည်။

'ဒါဟာ သူ့ သဘာဝပဲ၊ မီးခဲတိုင်း မီးခဲတိုင်းဟာ ဘယ်ပြာဖုံးချင်ပါ့မလဲဟာ၊ ရဲရဲတောက် နေချင်မှာပေါ့၊ သူ့ အခြေအနေအရ ပြာဖုံးနေရတာကို ဘာလို့အပြစ်တင်တာလဲ'

'နွေတော့ မုန်းတယ်'

သူ့ လက်ကိုသူ လေနှင့်ဖွဖွလေးမှုတ်ရင်း နွေသည် နှုတ်ခမ်းလေးမဲ့ကာ ပြောသည်။

ကိုလတ်သည် သက်ပြင်းကို ကျိတ်ပြီး ရှိုက်လိုက်လေသည်။ ညီထွေးကမူ နွေ့ကို တွေတွေဝေဝေ ငေးမော ကြည့်နေသည်။

ဘစ်ပတ်လျှို ဆံထုံးဝယ် စံပယ်ကုံးများ ရစ်ခွေပန်ဆင်ထားသော နွေ၏အလှသည် တင်းခနဲ ဝင်း မနေသော်လည်း တစိမ့်စိမ့် ထိုင်ကြည့်ချင်စရာ ကောင်းသည်။

'နွေရေ၊ ညက ညီထွေးနဲ့ ကိုနဲ့ ပြောနေမိကြတယ်၊ နွေ့မှာ ရည်းစားများ ရှိနေပြီလားလို့'

နွေသည် ဟက်ဟက် ပက်ပက် ရယ်မောလိုက်မိ လေသည်။

နှုတ်ခမ်းလေးများက ရယ်နေသော်လည်း မျက်လုံးညိုညိုလေးတွင် မျက်ရည်များ ဝဲလာသည်။ ပါးကလေးများ နီမြန်းကာ ရှက်ရက် ငိုချင်လာသည်။

'နွေ့မှာလား၊ ရည်းစားတော့ မရှိသေးပါဘူး၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်တုံး'

'ချစ်သူတော့ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင် .... အတူတူပေါ့'

ညီထွေးက ပြောလေသည်။ အခြေအနေအရပ်ရပ်ကို ကြည့်ခြင်းအားဖြင့် ကိုလတ်ကို ညီထွေးသည် အစစအရာရာ ဖွင့်ပြောပြီးပြီ ဖြစ်ကြောင်း သိနိုင်လေသည်။

နန္ဒက ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

'ဘယ်တူပါ့မလဲ ညီထွေးရယ်၊ ရည်းစားဆိုတာက တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုနဲ့ ချစ်ကြတာပဲ၊ ချစ်သူဆိုတာကတော့ ချစ်သူဆိုတာကတော့ ကိုယ့်ဟာကိုယ် ချစ်နေတာပဲ၊ ဘာဆိုင်လဲ'

'ဘယ်သူလဲ'

ညီထွေးက အလောတကြီး မေးလေသည်။

နန္ဒသည် ငိုမဲ့လို မျက်နှာထားလေးနှင့် ပြုံးရယ်ရင်း ခေါင်းယမ်းပြသည်။ ညီထွေး၏ အကြည့်ကို ရင်မဆိုင်ဘဲ အပ်ချလောက်ထားသော လက်ကလေးကိုသာ မှောက်ချည်လှန်ချည် ရမယ်ရှာပြီး ကြည့်နေလေသည်။

'ဖိုးအောင်ရေ ဘာကွာ၊ မင်းက ဦးဦးလတ်ကို ခင်းတိုက်ဆောက်ထားတဲ့ ငါ့အိမ်လေး ပြမယ်ဆိုကွာ ဦးဦးကြည့်ချင်တယ်၊ လိုက်ပြပါဦး'

ကိုလတ်သည် ဖိုးအောင်ကို လှမ်းခေါ်ကာ ခြံထဲသို့ သွက်သွက် ဆင်းသွားလေသည်။

နန္ဒသည် ကိုလတ်၏ ကျောပြင်ကို စိုက်ကြည့်ရင်း အောက်နှုတ်ခမ်းကို မသိမသာလေး ကိုက်လိုက်မိလေသည်။

ရင်ထဲတွင် တုန်ခါကာ ရှိုက်ပြီး ငိုပစ်လိုက်ချင်စိတ်ကို မနည်း ထိန်းထားရသည်။



'ပြောခဲ့မိ မိနန္ဒ ဘယ်သူလဲ'

'ညီထွေး မဟုတ်ပါဘူး'

'ဘယ်သူလဲဆို၊ ဘယ်သူလဲ'

'မပြောဘူး'

ညီညီထွေးသည် တုတ်နှင့် နာနာထုရိုက်ခံရသူလို ဆတ်ဆတ်ခါ နေလေသည်။

စိတ်ထဲတွင်လည်း နာနေသည်။ ရင်ထဲတွင်လည်း နာနေသည်။

စိတ်ဝေဒနာ ကူးစက်ကာ တစ်ကိုယ်လုံး ဦးခေါင်းမှ ခြေဖျားအထိ ရှိရှိသမျှ အသားများသည်လည်း နာကျင်နေသလို ခံစားရသည်။

'ပြောလို့ဆို'

'ညီထွေးမဟုတ်ဘူးဆို ပြီးရောပေါ့'

'သိတယ် မိနန္ဒ ငါမဟုတ်မှန်း သိတယ်၊ ထပ်ထပ်ပြောမနေနဲ့၊ ငါသတ်မိလိမ့်မယ်၊ အဲဒီသူဟာ ဘယ်သူလဲ၊ ငါသိချင်တယ်'

'ညီထွေးနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တယ် ဆိုင်တယ်၊ နင့်ကို ငါယူမှာ'

နန္ဒသည် ဆတ်ခနဲ ရှိုက်ကာ နောက်ဖေးဘက်သို့ လှည့်ပြေး မိသည်။

မေမေ ထွက်လာချိန် [illegible] သို့သော်လည်း မဟုတ် ဝေဝေ ခြံထဲမှ ပြန်တက်လာချိန် [illegible] ညီ

www.burmeseclassic.com

www.burmeseclassic.com



ဒေါသအိုးကွဲကာ မနာလိုစိတ် လွှမ်းမိုးနေသော ညီထွေးသည် ဘော်ကြာနေ နွေ့ ကုလားထိုင်နှင့် ခြေနှင့် ဆောင့်ကန်ချင် ကန်နေဦးမည် ဖြစ်သည်။

'နွေ နှင် သိပ်ရက်စက်တယ် သိပ်အံ့သည်းမာတယ်၊ ငါမှာ ဘာအပြစ်ရှိလို့ လက်မခံရတာလဲ၊ ဘာလို့မကြိုက်တာလဲ'

'ညီထွေးရယ် ချစ်တယ်ဆိုတာ နှလုံးသားရေးရာပါ၊ ညီထွေးကို နွေမကြိုက်ဘူးလို့ မပြောပါဘူး၊ ညီထွေးမှာက မိန်းကလေးကြိုက်တဲ့ အရည်အသွေးတွေ ရှိနေသားပဲ၊ လူတော် လူကောင်း၊ မျိုးကောင်း ရိုးကောင်း၊ ရွှေမှာ တက်လမ်း အများကြီးရှိတယ်၊ စုံလို့ပေါ့၊ နွေ ညီထွေးကို ကြိုက်ပါတယ်၊ ကြိုက်တယ်ဆိုတာ ဦးနှောက်ရဲ့ အလုပ်ပဲ၊ အဲ–ချစ်တာကတော့ နှလုံးသားက လုပ်တာ၊ သူ့မှာ မျက်စိနဲ့ နားမှ မရှိတာ၊ ခံစားမှုပဲ ရှိတယ်၊ သူ့ကို အမိန့်ပေးလို့မရဘူး၊ အတင်းခိုင်းလို့မရဘူး၊ သူ့ခံစားချက်အတိုင်း သူဆုံးဖြတ်တာကို နွေခံရတာပဲ၊ နွေ့နှလုံးသားကို နွေတောင် အမိန့်ပေးလို့ မရဘူး၊ သူက နွေ့စကားကိုတောင် နားမထောင်ဘူး၊ အဲဒါ အဲဒါကို ညီထွေးက ဝင်ပြီး အမိန့်ပေးချင်သေးလို့လား'

'အေး အမိန့်ပေးတယ်၊ အမိန့်ပေးလို့မှ မရရင် အလကားအလုပ်ရှုပ်လှတဲ့ နှင့် နှလုံးသားကြီးကို ဆွဲထုတ်ပစ်မယ်၊ ကဲ'

ဘုကန်ကန် ပြောသော်လည်း ညီထွေး၏ အသံများသည် တုန်ယင်နေလေသည်။

ထိုနောက် နေရာမှ ဝုန်းခနဲထကာ နွေ့ကို ကျောခိုင်းရင်း ခပ်မြန်မြန် ဆင်းသွားသည်။



နွေသည် နေရာတွင် တုတ်တုတ်မျှမလှုပ်ဝံ့သလို ငြိမ်ငြိမ်သက်သက် ကျန်ခဲ့လေသည်။ ဒီညလည်း အိပ်ပျော်မည် မဟုတ်သည်မှာ ကျိန်းသေလှသည်။

ပြတင်းပေါက်တွင် လက်ထောက်ရင်း အမှောင်တွင်းကို မျှော်ကြည့်ကာ ညဥ့်လယ်ကို ကုန်ဆုံးစေရဦးမည် ထင်သည်။

မေမေသည် နောက်ဖေးပေါက်မှပင် ခြံထဲသို့ ဆင်းသွားဟန်ရှိသည်။

ရောင်စုံပွင့်သော ပန်းပင်များအကြားတွင် ဖေဖေနှင့် ရင်လျက် စကားပြောနေသည်ကို လှမ်းတွေ့နေရသည်။

ကမူးရှူးထိုး ဆင်းသွားသော ညီညီထွေးသည် ဖေဖေတို့ကို မမြင်ဘဲ ဖြတ်ကျော်သွားလေသည်။

နွေသည် အသက်ကို မျှဉ်း၍ မှန်မှန်ရှူကာ အမောပြေအောင် ကြိုးစားနေမိသည်။ ရင်ထဲတွင် လှိုက်နေအောင် မောနေသောကြောင့် ဖြစ်သည်။ ကြိမ်ကုလားထိုင်ကို ခပ်လျော့လျော့လေးမှီကာ မျက်စိကို စုံမှိတ်ထားမိသည်။

ခပ်ဖွဖွလှမ်းလာသော ခြေသံသည် နွေ့ အနားတွင် ရပ်တန့် သွားလေသည်။

နွေသည် မျက်ရည်များ စိမ့်ဝဲနေသော မျက်လုံးကို ခပ်ဖြည်းဖြည်း ဖွင့်ကြည့်လိုက်သောအခါ သူ့ရှေ့တွင် ရပ်နေသော ကိုလတ်ကို မှုန်ဝါးဝါး တွေ့ရလေသည်။

'နွေ နှင်ညီထွေးကို ဘာတွေပြောလိုက်လဲ'

'သူ့ကို မချစ်တဲ့အကြောင်းပေါ့'

'နှင် သိပ်ရက်စက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်... နွေ့ရက်စက်တယ်လား'

'ညီးထွေးခမျာတယ်လောက်ခံစား ရရှာတယ် ထင်သလဲ၊ နှင် ကိုယ်ချင်းစာကြည့်ဖို့ ကောင်းတယ်'

နွေသည် မဲ့မဲ့လေး ပြုံးလိုက်ပြီး ကိုလတ်ကို ခပ်တင်းတင်း စောစိုက်ကြည့်မိလေသည်။

'…ကိုလတ်၊ ကိုယ့်ကို နှစ်ပါတယ် ကြိုက်ပါတယ် ဆိုတိုင်း ပြန်မချစ်နိုင်တဲ့ မိန်းကလေး၊ မကြိုက်နိုင်တဲ့ မိန်းကလေးကို ရက်စက်တယ်ဆိုရင် နွေ့ကို စော်မက်တယ် မိန်းကလေးကို ရက်စက်တယ်ဆိုရင် နွေ့ကို ... မကာဘူး၊ မုဆိုးတစ်ပိုင်း မိန်းမရှိုင်းလို့ ပြောချင်ရင်လဲပြော မတတ်နိုင်ဘူး။ နွေ ဂရုမစိုက်ဘူး၊ မိန်းကလေး ဘာကို ကိုလတ်တို့က ဘာထင်နေသလဲ၊ ကိုယ်ပိုင်ခံစားမှု မရှိရဘူး လို့ သက်မှတ် ထားသလား၊ ဒီလူတယောက်က ကြိုက်လို့ ပါတယ်၊ သေပါမတတ်မယ်ဆိုရင် ဝိုင်းပြီးသနားကြ၊ မိန်းကလေးက ချက်ချင်းပြန်ကြိုက်ရမယ်ပေါ့လေ၊ မကြိုက် ပြန်ရင် မိန်းမရိုင်းလို့ပြော၊ အခင်အမင် မပျက်စေချင်၊ ရန်သူမဖြစ် စေချင်လို့ ခပ်အေးအေးနဲ့ မှန်တမ်း ဆက်ဆံပြန်ရင်လဲ ကြူးမှုည်မှုည်နဲ့ လှန်တားတယ်၊ အသုံးချနေတယ်နဲ့ ဝိုင်းပြီး လက်ညှိုးထိုးကြ ပြန်ရော၊ ကဲ.... ဘယ်နေရာ လွတ်သလဲ၊ နွေ ထင်တယ်၊ မိန်းမတွေ စကားများတယ်၊ အတင်းပြောတယ်တဲ့၊ မှန်တယ်၊ ဒါပေမယ့် တချို့ယောကျ်ားတွေဟာ မိန်းမတွေ ထက်ပိုပြီး စကားများသေးတယ်၊ ... ပြောတတ် သေးတယ်၊ ကိုယ့်ဘက်ကိုယ်ယင်းပြီး မဟုတ်မမှန်ပြောသေးတယ်၊ အဲဒီလို လူမျိုးဟာ လူ့လောကမှာ လူဖြစ်လာပေမယ့် အင်မတန် အောက်တန်းကျတယ် သိလား၊ အဲဒီလူမျိုးတွေကို



နွေ သိပ်အထင်သေးတယ်၊ နွေ့ဆုတောင်းတယ်၊ နောက်ပြီး မျှော်လင့်တယ်၊ အဲဒီလူတွေကြားထဲမှာ ကိုလတ်တော့ မပါ ပါစေနဲ့'

ကိုလတ်သည် နွေ့ကို တအံ့တဩ လှည့်ကြည့်လိုက်မိသည်။ နွေသည် ဒေါသမကြီးစဘူး ဒေါသကြီးနေသည်။

'ငါ ဘာများပြောသေးလို့၊ နှင်ကလဲ ဒေါသကြီးပဲ'

'ဟုတ်တယ်၊ ဒေါသယှက်စရာ ကိစ္စလေးတွေက များလာ ရင် လူဆိုတာ မခံနိုင်ဘူးကိုလတ်ရဲ၊ နွေ့မှာ ဒီအသက် ဒီအရွယ်ရောက်နေပြီး၊ အတွေ့အကြုံ ရှိသင့်သလောက်လဲ ရှိတာပေါ့၊ ဒီလိုပဲ နွေ့ကိုချစ်ပါတယ်၊ ကြိုက်ပါတယ်၊ လိုချင်ပါတယ်ဆိုတဲ့ သူတွေမှ အပုံ၊ တချို့လူတွေကိုတော့ နွေ ချီးကျူးပါတယ်၊ မချစ်နိုင်ဘူးလို့ ပြောလိုက်ရင် နောက်ဆုတ်သွားတယ်၊ သူငယ်ချင်းအဖြစ် အခင် အမင် မပျက် ဆက်ဆံလို့ရတယ်၊ တချို့ကျတော့ တစ်မျိုး၊ ပတ်ခွန်း ကျင်ကို လာသို့အသနားခံပြီး ပတ်ဝန်းကျင်နဲ့ ဖိတယ်၊ လက် တစ်ဆုပ်လောက် ကူညီပြီး တစ်လံလောက် အုသံတောင်း လွှင့်တယ်၊ မိန်းကလေး ကိုလဲ သူ့ကို အသုံးချနေတဲ့ သူ အဖြစ် အများက ထင်လာအောင် တွန်းပို့တယ်၊ သူ့ကို သူ တော့ သိပ်သနားစရာကောင်းတဲ့ အချစ် သူရဲကောင်းကြီး ပေါ့၊ အဲဒီလို လူမျိုးတွေကို နွေ အားကြီးမုန်းတယ်၊ ပတ် ဝန်းကျင်ဆိုတဲ့ ပတ်ဝန်းကျင်မှာလဲ ဦးနှောက်ဆိုတာ မရှိဘူး၊ ယောကျ်ားချင်းဆိုရင် ပိုဆိုးသေး၊ သူတို့အချင်းချင်း မခံနိုင် ဖြစ်ပြီး မကြိုက်နိုင်တဲ့ မိန်းကလေးကိုပဲ ပါးရိုက်နက်ကြီး တွေနဲ့ ဝိုင်း ခြိမ်းခြောက်ပြီး တွန်းကြ တိုက်ကြတာပဲ၊ အား

www.burmeseclassic.com

www.burmeseclassic.com



ကြီး ရှိ စရာကောင်းပါယ်၊ နေ့က ခေါခေါစီးစီး ကြိုပြီး သတိပေးထား တာပါ ကိုလတ်၊ အောင်သွယ်တော့ လာမလုပ်နဲ့

'နွေရ….ဒေါ်သကို နည်းနည်း လျှော့ပါဦး'

နွေသည် ပင့်သက်ရှိုက်လိုက်လေသည်။ ရုတ်တရက် ဆူဝေလာသော ဒေါသများကို လွှတ်ထုတ်လိုက်ရသဖြင့် အတန်ငယ် အမော သက်သာသွားသည်။

မျက်လုံးအိမ်တွင် ရင်ဝိုင်းနေသော မျက်ရည်များ သည်လည်း ဘယ်အချိန်က ပြန်ဝင်သွားသည် မသိရချေ။

နွေ့ မျက်လုံးများသည် ကိုလတ်ကို ကြည်ကြည်လင်လင် မြင်နေရပြီဖြစ်သည်။ ကိုလတ်သည် နွေ့ကို စိတ်မချမ်းသာသော မျက်နှာထားနှင့် ကြည့်နေလေသည်။

'ကဲ….ကိုလတ် ဘာပြောချင်သေးလဲ၊ ညီထွေး တော်တယ်' ညီထွေး ကောင်းတယ်၊ နင့်ကိုချစ်တယ်၊ ဒါအပြင် ဘာပြောချင်သေးလဲ၊ နောက်ပြီး နင်ရက်စက်ဘာမပြေ၊ ဟုတ်လား'

'မိနွေရယ်….'

'အဲဒါတွေ ပြောမှာဖြင့် ပြောမနေနဲ့၊ လေကုန်တယ်၊ ရှေ့ပေါက်က ဆင်းဆင်း၊ နောက်ပေါက်က ဆင်းဆင်း၊ ပြန်ပေတော့'

'နွေ.. အသက်မှန်မှန်ရှူပြီး ခဏလောက် ငြိမ်နေလိုက်စမ်းပါ၊ ဘာလို့ စကားတွေ သိပ်များနေတာလဲ'

နွေသည် အောက်နှုတ်ခမ်းလေးကို သွားနှင့် ဖိကိုက်ရင်း ခေတ္တမျှ ငြိမ်နေလိုက်သည်။



ရင်ထဲတွင် တုန်ဟိုက် မောပန်းခြင်းက လျော့နည်းသွားသောအခါ၊ ဒေါသမှုန်များ လွင့်ပြယ်သွားသောအခါ နွေ့ရင်းတွင်းသို့ ဝမ်းနည်းကြေကွဲခြင်းက အစားထိုး ဝင်ရောက်လာပြန်လေသည်။

ကိုလတ်သည်လည်း စားပွဲပေါ်ရှိ ပန်းအိုးထဲမှ သစ္စာပန်းနီနီလေးများကို လက်နှင့် မထိတထိ ကိုင်ကြည့်ရင်း ငြိမ်နေလေသည်။

နွေကို အပြစ်တင်စကား ပြောချင်သော်လည်း မပြောရဲတော့ချေ။

အကယ်၍ သူ့တွင် ပြောရန် အင်အားနှင့် သတ္တိ ရှိပါက ညီထွေးဘက်မှ ရေ့နေလိုက်ရန် စဉ်းစားခဲ့သော်လည်း ခုတော့ မစဉ်းစားရဲတော့ချေ။

'ညီထွေးက သိပ် စိတ်ထိခိုက်သွားတာ'

'နွေလဲ စိတ်မကောင်းပါဘူး'

'နွေက ချစ်တဲ့သူ ရှိပြီးသားဆိုတာကို'

'ဘယ်တတ်နိုင်ပါ့မလဲ'

'တကယ်ရော ဟုတ်လို့လား'

'နွေ….ဘာလို့ညာရမှာလဲ'

'သူ့ကိုပဲ လက်ထပ်မယ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



နွေသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။ မျက်တောင်ရှည်လေး များကို စင်းငိုက်ပြီး စားပွဲပေါ်ရှိ သစ္စာပန်းလေးများကိုသာ စိုက်ကြည့်နေသည်။

'ဒီလိုလဲ ဖြစ်လာမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့'

'ဘဝဆိုတာ ကိုယ် ဖြစ်စေချင်တိုင်း ဖြစ်တာမှမဟုတ်တာ၊ တချို့ မိန်းမတွေက ပြောတယ်၊ မိန်းမဆိုတာ ယောကျ်ားနဲ့ တန်းတူ အခွင့်အရေး ရှိရမယ်တဲ့၊ နွေ လက်မခံပါဘူး၊ နွေတို့ ဆီမှာက ချစ်တယ် ကြိုက်တယ်ဆိုတာ ယောကျ်ားက စရတဲ့ ဓလေ့ပဲ၊ မိန်းကလေးက အရိပ်အယောင်လေး ပြရင်တောင် မတင့်တယ်ဘူးလေ'

'အဲ...သူက နင့်စိတ်ကို မသိဘူးပေါ့'

'အင်း...မသိဘူး ထင်တာပဲ'

'သိအောင် လုပ်ပါလား'

ကိုလတ်က နွေ့ကို အကဲခတ်ရင်း ပြောသည်။

'နွေ...အသေခံမယ်၊ ဘယ်တော့မှ မလုပ်ဘူး'

နွေသည် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး ပြတ်ပြတ် သားသား ပြောလေသည်။

သစ္စာပန်းရွက် ချွန်ချွန်လေးများသည် သစ္စာပန်းပွင့်ကို စောင့်ကြပ်ရသော လှံတံလေးများနှင့် သဏ္ဌာန်တူလေသည်။



ကိုလတ်သည် ပင့်သက်တစ်ချက် ရှိုက်လိုက်ရင်း ထိုင်ရာမှ ထသည်။

'တို့တွေ သွားဦးမယ်...နွေ'

'အင်း...'

နွေသည် မော်မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်သည်။

ကိုလတ်ကို အိမ်ဝအထိ လိုက်ပို့သင့်သော်လည်း ထိုင်ရာမှ မထချင်အောင် နုံးနေသည်။

ကိုလတ်သည် အပေါက်ဝရောက်တော့မှ ခပ်တိုးတိုး လှမ်း ပြောလေသည်။

'ညီထွေးကို စိတ်သက်သာရာလေးရအောင် တစ်ခုခုတော့ ပြောပါလား...နွေရယ်'

'နွေ...ဘာပြောရမလဲ'

'သူ့ကို ဘာကြောင့် မချစ်နိုင်ဘူး ဆိုတာ ဖြစ်ဖြစ်ပေါ့၊ တကယ်လို့ သူ ပြင်ချင်ရင် ပြင်ရအောင်လေ'

ကိုလတ်၏ အသံသည် တုန်နေသည်ဟု နွေ ထင်သည်။

နွေက ပြေပြေပြစ်ပြစ်လေး ပြန်ပြော လိုက်သော အခါ ကိုလတ်ဆီမှ ပင့်သက်ရှိုက်သံကို ကြားရလေသည်။

'မချစ်တာရဲ့ အရှင်းဆုံးအဖြေဟာ မချစ်တာပဲ၊ ချစ်တာရဲ့ အရှင်းဆုံး၊ အဖြေဟာ ချစ်တာပဲ၊ သူ့မှာ ဘာအကြောင်း ပြချက်မှ မရှိဘူး'

*

www.burmeseclassic.com

www.burmeseclassic.com

မိုးရယ်

မချစ်တာဟာ မချစ်လို့ပေါ့ကွယ်၊ နှလုံးသားက စေစားတဲ့ ချစ်ခြင်းမေတ္တာမှာ အကြောင်းပြချက် ရှိပါ့မလား၊ ဘာ လို့ ချစ်လဲဆိုတဲ့ မေးခွန်းအတွက်ရော အဖြေ ရှိနိုင်ပါ့မလား၊ ရှိမယ်ဆိုရင် အဲဒီအဖြေကို နွေ သိချင်လိုက်တာနော်။

မိုးက တစ်ခါတုန်းက ပြောဖူးတယ်၊ အချစ်ဆိုတာ သစ်ပင်နဲ့ တူကယ်တဲ့၊ နှလုံးသားက မြေကြီးတဲ့လေ၊ သစ်ပင်လေး စပေါက်ပြီ ဆိုကတည်းက သံယောဇဉ် ခင်မင် တွယ်တာမှု စတဲ့ ရေတွေ လောင်းမပေးရင် သစ်ပင်လေး ညှိုးပြီး သေသွားမှာပါတဲ့၊ အပင်ပေါက် ကလေး ပေါက်လာစကတည်းက မြေကြီးထဲက ဆွဲနုတ်



လိုက်ရင် လက်ခံမြေမှာလဲ ဘာမှ အထိအခိုက် အနာ တရ မရှိပါဘူးတဲ့လေ၊ မြေပိုင်ရှင်ဟာ မပေါက်သင့် တဲ့ သစ်ပင် မပေါက်ရအောင် နုတ်တန်နုတ် ခုတ်တန် ခုတ်ရတယ်တဲ့၊ မိုးရဲ့အတွေးမှာ ဦးနှောက်အင်အားက စိုးမိုးနေတယ်၊ နှလုံးသားဥယျာဉ်ကို ဦးနှောက်ဆိုတဲ့ ဥယျာဉ်မှူးကြီးက စောင့်ကြပ်နေရမယ်ပေါ့နော်၊ ဒါ ပေမယ့် အဲဒီ ဥယျာဉ်မှူးကြီးက တစ်ခါတလေ တာဝန် မကျေတတ်ဘူး၊ သူ့မြေကြီးမှာ အရွက်တွေ စိမ်းဝေ နေတဲ့ အပင်ကြီးတစ်ပင်ဟာ သူမသိလိုက်ဘဲ ကြီးကြီး ထွားထွား ပေါက်နေတယ်ဆိုပါတော့ အပင်ကြီးက ကြီးလွန်းတော့ ဦးနှောက် ဥယျာဉ်မှူးကြီးကလဲ မထွင် နိုင် မခုတ်နိုင်တော့ဘူး၊ ဒီလို ဘာလုပ်သင့်သလဲ မိုး ရယ် ပြောစမ်းပါဦး။

မိုးက ဒီလောက် ကြီးနေတဲ့ အပင်ကြီး ရှင်ပါစေ တော့လို့များ ပြောမလား မသိဘူး၊ ရှင်ခွင့်ပေးထား ရအောင်ကော မိုးရယ် အဲဒီအပင်က ရွက်စိမ်း ရွက် သစ်တွေတော့ စိမ်းနေပါရဲ့၊ ဝေနေပါရဲ့၊ စည်ပင် နေပါရဲ့၊ ဒါပေမယ့် ပန်းလဲ ပွင့်မလာပါလား မိုးရေ၊ မိုးရဲ့ နွေလေ အို...လူမရှိတဲ့ ကမ္ဘာလေးမှာ ခဏလေး သွားနေချင်တယ်။

မိုးရေ ဒီစာကို ရေးမယ့်သာ ရေးနေတာ မိုးဖတ်ရ မှာ မဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ ရေးပြီးရင် နွေက ဆုတ်ပစ်လိုက်မှာမို့လို့ပေါ့၊ နွေ့ ရင် ထဲမှာ တင်းကျပ်နေတာတွေ လျော့သွားအောင်လို့ သာ ရေး

www.burmeseclassic.com



နေတာ၊ မိုးဆီကို ထည့်ဖြစ်မှာ မဟုတ်ပါဘူး၊ မိုးရော ဘဝသစ်ကိုင်းလေးကို ကြက်မည်းလေးက ကိုက်ခါနီး ပြန်ပြီပေါ့၊ အချိန်တိုင်း အချိန်တိုင်း မိနစ်တိုင်း စက္ကန့်တိုင်းမှာ နေ့တို့ဟာ သောမင်းနဲ့ နီးလာနေကြပြီ၊ အဲဒါကို ဘာလို့ မကြောက်မလန့်ဘဲ လေသာ၊ ဒေါ်သန့် မာန ပွားနေရဘာလဲ မသိပါဘူး နေ့ဝ်။

ဘဝ ဆိုတာ တိုတိုလေးပါ မိုးရယ်၊ တကယ့်ကို တိုတိုလေး ခဏကလေး၊ တရွေ့ရွေ့နဲ့ မရပ်မနား သွားနေတဲ့ အချိန်ရထားကြီးမှာ နေ့ရယ်၊ မိုးရယ်၊ ကိုလတ်ရယ်၊ ညီထွေးရယ် မရွေးမနှောင်း ခိုဆဲ့တက်ခဲ့ကြတယ်လေ၊ နောက်ပြီး တစ် ယောက် ပြီး တစ်ယောက် တဖြုတ်ဖြုတ်နဲ့ ခုန်ဆင်းပြီး နေခဲ့ကြရဦးမှာ နေ့ဝ်၊ အချိန်ရထားကြီးကတော့ လှည့်မကြည့်၊ ငဲ့မကြည့်၊ စောင်းမကြည့်ဘဲ မှန်မှန်ကြီး မရပ်မနား သွားနေမှာပဲလေ၊ နေ့တို့ဟာရထားတွဲတစ်ခုတည်းမှာ ဆုံကြတဲ့ ဘဝခရီးသည် လေးတွေပါ၊ ဘယ်သူဟာ ဘယ်ဘူတာမှာ ဘယ်အချိန်မှာ ဆင်းရမလဲ ဆိုတာကိုတော့ ကြိုမသိနိုင်ဘူးပေါ့လေ၊ နေ့အရင်လား မိုးအရင်လား ကိုလတ်အရင်လား ညီထွေးအရင်လား ဘယ်သူ သိနိုင်ပါ့မလဲ၊ ဘယ်သူအရင် ဆင်းခဲ့ရပြီး ဘယ်သူက နောက်မှ ဆင်းရမယ်ဆိုတာ မသိပေမယ့် သေချာတာ တစ်ခုတော့ ရှိတယ်လေ၊ အဲဒါကတော့ နေ့တို့ လေးယောက်လုံးဟာ တစ်ယောက်ပြီးတစ်ယောက် အချိန်ရထားကြီးပေါ်ကနေ ခုန်ဆင်းကြရမယ် ဆိုတာပဲပေါ့၊ နေ့တို့ ဆင်းနေရစ်ခဲ့ပြီးတဲ့ အခါ မိငယ်လေး



တို့ ဖိုးအောင်လေးတို့ဟာ သူတို့ရဲ့ ခရီးဖော်လေးတွေနဲ့အတူ ဆက်ပြီး စီးသွားကြမှာပေါ့၊ သူတို့တွေ ဆင်းခဲ့ပြန်တော့လဲ ဒီအချိန်ရထားကြီးမှာ နေရာ ချောင်သွားမှာ မဟုတ်ပါဘူး၊ ဘဝခရီးသည် အသစ်အသစ်တွေနဲ့ ကျပ်ညပ်နေမှာ မိုးရယ်၊ သံသရာဆိုတာ အဲဒါပဲလား။

နေ့လေ သုံးလေးညရှိပြီ ညတိုင်ကျရင် အိပ်မပျော်ဘူး၊ ဘဝဆိုတာကြီးကို အဓိပ္ပာယ် ရှာကြည့်နေလို့ပေါ့၊ သူ့မှာ ဘာခိုမင်စရာ တွယ်တာစရာ မက်မောစရာ ရှိသလဲလို့ အခါခါ စဉ်းစားမိတယ်၊ တစ်ဆင့်ပြီး တစ်ဆင့် စဉ်းစားကြည့်ပြန်တော့လဲ ဘာမှ တွယ်တာစရာ မရှိသလိုဘဲ၊ ဒါပေမယ့် တွယ်တာတယ်၊ မက်မောတယ်၊ နေ့ တပည့်လေးတွေအသံ၊ သူတို့တွေကို ရှင်းရှင်းလင်းလင်း စာပြောပြနေရတာ အဲဒါလေးတွေကြောင့်လား၊ ညနေ လမ်းလျှောက်ပြီး ဇလဓာရ ဘန်သာန် ရှုရတာကြောင့်လား၊ တစ်ခါတလေ သူငယ်ချင်း မိန်းကလေးတွေ စုပြီး ပြောကြဆိုကြ ရယ်ကြ မောကြတာကြောင့်လား၊ တစ်ခုစီ တွေးရင် ဘာမှလဲ မဟုတ်ဘူး၊ အားလုံး ပေါင်းလိုက်တော့ ဘဝဆိုတာလေးကို စွဲလမ်းကိုက် မက်မောလိုက်ရတာနေ့ဝ်။

လူဆိုတာ နဂါးကြီးက လှမ်းဟပ်နေချိန်မှာတောင် မကြောက်မလန့် ပျားရည် လျက်နေတဲ့ သတ္တဝါမျိုးပါတဲ့၊ မိုးပြောတာ သတိရတယ်၊ တကယ့် တကယ်တော့ ဘဝဆိုတာကလဲ တကယ့်ကို သေးကျပ်နံကျပ်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ဝိုင်းပြီး သေမင်းဆီ တိုးသွားနေရတာပါ။ ဒါဟာ လူတိုင်းအတွက် ဘာအဓိပ္ပာယ်ပဲ၊ နွေလေ အရင်တုန်းက ဒီလူသားတွေကို အပြစ်တင်မိတယ်၊ ဒါပေမယ့် အခုတော့ ချီးကျူးချင်တယ် မိုးရေ။

ရေတွင်းပေါ်မှာလဲ သတ္တဝါဆိုးကြီး စောင့်နေတယ်၊ အောက်မှာလဲ နဂါးကြီးက ပါးစပ်ကြီးဖြဲလို့၊ သူခိုထားတဲ့ သစ်ကိုင်းလေးကိုလဲ ကြွက်ဖြူနဲ့ ကြွက်မည်းက တတိတိ ကိုက်ဖြတ်နေတယ်၊ သူ ထွက်လဲ မပြေးနိုင်ဘူး၊ ခုန်လဲ မချနိုင်ဘူး၊ အော်ဟစ်ပြီးတော့လဲ အကူအညီ မတောင်းနိုင်ဘူး၊ ကြွက်ဖြူနဲ့ ကြွက်မည်းကိုလဲ မတားနိုင်ဘူး၊ သူ့အတွက် နည်းလမ်းဟာ တစ်လမ်းတည်းပဲ ရှိတယ်၊ ကြွက်ဖြူအလှည့် ဖြစ်ဖြစ်၊ ကြွက်မည်းအလှည့်ဖြစ်ဖြစ် တစ်ချိန်ချိန်မှာ သူဟာ နဂါးကြီးရဲ့ ပါးစပ်ထဲ ကျသွားရမှာပဲ၊ ဒါဟာ သူ့အတွက် တစ်ခုကည်းသော လမ်းပဲ၊ ဒီအချိန်မှာ ငိုညည်းမနေဘဲ၊ အော်ဟစ် ကြောက်လန့်မနေဘဲ၊ ညည်းညူမနေဘဲ သစ်ရွက်ပေါ်က ပျားရည်လေးကို လျက်နေရဲတဲ့ သူ့ဘာဝသတ္တိလေးကို ချီး ကျူး ချင်တယ်။

ဘဝဆိုတာ တိုတိုလေးပါကွယ်၊ ခုပဲ သုံးပုံတစ်ပုံ ကျိုးနေပြီမဟုတ်လား၊ အသက် အတိုင်း နေ ရမယ် ဆိုရင် နွေတို့ဟာ အချိန်မှတ္တားကြီးပေါ်က ခုန်ဆင်းရမယ့်ရက် အတော်နီးနေပါပြီ၊ နွေလေ ကျန်တဲ့ ဘဝပိုင်းလေးကို စိတ်ချမ်းချမ်းသာသာနဲ့ ကုန်လွန်ချင်တယ်ကွယ်။



ကိုယ်ချစ်တဲ့သူနဲ့ ကိုယ့်ကိုချစ်တဲ့သူနဲ့ မိုးပြောသလို ဖြင့် ပျားရည်ချိုချိုပေါ့လေ၊ ဘာပဲဖြစ်ဖြစ်လေ ခါချဉ်အကိုက်ခံရင်း နဂါးပါးစပ်ထဲ ဆင်းရမှာထက်တော့ ပျားရည်သောက်ရင်း နဂါးအမျိုခံရတာက တော်ဦးမှာပါ။

ညီထွေးကို နွေခင်ပါတယ် သံယောဇဉ်လဲ ရှိပါတယ်၊ ဒါပေမယ့် ဘာလို့ မချစ်တာလဲတော့ နွေ မသိဘူး၊ မချစ်တဲ့သူကို ယူမိရင် နွေ့ဘဝမှာ ခါချဉ်ကိုက်သလို ဖြစ်နေမှာပေါ့၊ ညီထွေးရော ပျော်ပါ့မလဲ။

ချစ်တဲ့သူနဲ့ဆိုရင် စိတ်တူ သဘောတူ အိုလေ ပျော်စရာ ကောင်းမှာပါ၊ နွေလေ နွေ အို...ဘာလို့များ ကိုလတ်ကို

နွေသည် သူ့ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များကို လက်ဖဝါးနှင့် ခပ်ကြမ်းကြမ်းလေး ပွတ်သုတ်လိုက်လေသည်။

နွေ့ မျက်ရည်များသည် စာရွက်ပေါ်သို့ ကျသွားသဖြင့် စာလုံးလေးများသည် မင်များပြန့်ကာ ပြားသွားသည်။

နွေထိုင်နေသော ပင်မှည့်ဝင်ဘေးတွင် လူရှင်းသည်။ နွေသည် လူရှင်းရာ နေရာတွင် ပုန်းကွယ်၍ထိုင်ရင်း လူ့လောကနှင့် ခေတ္တမျှ အဆက်အသွယ် ဖြတ်ရန် ကြိုးစားမိလေသည်။

သူ့ရင်တွင်းမှ တင်းကျပ်နေသမျှသော ဝေဒနာတို့ကို စာရွက်ပေါ်သို့ ရေးချပြီး စိတ်သက်သာရာ ဖန်တီးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝ သက်သာသည် မဟုတ်သော်လည်း တစ်စုံတစ်ဦးကို အားရပါးရ ဖွင့်ပြောလိုက်ရသလို ဖြစ်သည့်အတွက် ရင်အမော တော့ အပျော် သက်သာသော နည်းကောင်းလေး ဖြစ်လေသည်။

နွေသည် မင်များပြန့်ကာ ဝါးနေသော စာလုံးလေးများကို စိုက်စိုက်လေး ငေးကြည့်နေမိလေသည်။ ဆက်ပြီးရေးရန် အင်အားမရှိတော့သည့်အတွက် ဇာသည် တစ်ပိုင်းတန်းလန်း ရပ်သွားပြီ ဖြစ်၏။

နွေ့ဘေးတွင် ပင်မှည့်ပွင့် ဖြူဖြူလေး သုံးလေးငါးပွင့်က ခပ်ငိုက်ငိုက် ပွင့်နေကြသည်။

ပိတုန်းကြီးတစ်ကောင်က ပင်မှည့်ပွင့်များ အနားတွင် လှည့်ပတ်ဝဲပျံနေသည်။ ပျံ့ပျံ့လေး သင်းနေသော ရနံ့ကို ရှူရှိုက်ရင်း ဝပ်ရည်စုပ်ရန် အပွင့်ကို ရွေးချယ်နေဟန် ရှိသည်။

နွေသည် သက်ပြင်းလေး ရှိုက်လိုက်ရင်း အသင့် ယူလာသော မီးခြစ်ဘူးလေးကို ထုတ်လိုက်သည်။

နွေ့ရင်ထဲမှ ဝေဒနာများကို ဖွင့်အန်ထုတ်ပြီးပြီမို့ မီးတင်ရှို့လိုက်ရန် စာစောတည်းက မီးခြစ်ဘူး အသင့်ယူခဲ့အောင် လာခြင်း ဖြစ်သည်။

ခေါက်ခုံရေးသော ကတ္တူပြားလေးနှင့် ဖောင်တိန်ကို ဘေးဘက်သို့ ချလိုက်ပြီး နွေသည် မီးခြစ်ဆံတစ်ချောင်း ထုတ်လိုက်သည်။

ယမ်းနှင့်ယမ်းချင်း ထိခတ်သွားသောအခါ ရှဲခနဲ မြည်သံနှင့်အတူ မီးတောက်လေး ဝင်းခနဲ တောက်ပလာသည်။



နွေသည် စာရွက်ပြာပြာလေးများကို နှုတ်ဆက်သလို ကြည့်လိုက်ပြီး အပေါ်ထောင့်ကာ မီးရှို့လိုက်သည်။

နွေ့ရင်ထဲမှ ဝေဒနာများသည် မွမွကြေသော ပြာလေးများအဖြစ် လေတွင် ဝဲပျံကာ လွင့်ပါသွားကြတော့မည် ဖြစ်သည်။

'ဟယ်'

နွေသည် ထိတ်လန့်တကြား အော်လိုက်မိသည်။ နွေ့လက်ထဲမှ စာရွက်ပြာများကို တစ်စုံတစ်ယောက်သည် နောက်ဘက်မှနေ၍ ဖျတ်ခနဲ လုယူလိုက်သောကြောင့် ဖြစ်၏။

'ညီထွေး'

ညီထွေးသည် စာရွက်များကို ဆုပ်ကိုင်ကာ နွေ့ကို ခပ်စိန်းစိန်း ကြည့်နေလေသည်။

မခံချင်စိတ်၊ ရှက်စိတ်၊ ဒေါသစိတ်ကလေးများ ဝေတက်လာပြီး နွေသည် ညီထွေး၏ လက်ထဲမှ သူ့စာရွက်လေးများကို တဒေါင်ကတမ်း ပြုပြီး ဆွဲယူရန် ကြိုးစားမိသည်။

'ညီထွေး ဘာလုပ်တာလဲ၊ ပြန်ပေး'

'ဘာ့လုပ်လုပ်ပေါ့'

'ပြန်ပေးလို့ ဆိုနေ'

'မပေးဘူး'

'ပေး ပေး၊ အခုပေး'

'မပေးဘူး'

ညီထွေးသည် စာရွက်များကို လုံးထွေးပြီး သူ့အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေသည် အထိတ်တလန့်နှင့် လှမ်းဆွဲသော်လည်း မမီချေ။ ညီထွေးသည် သူ့အင်္ကျီအိတ်ကို လက်နှင့် ဖိရင်း တဖြည်းဖြည်း ဆုတ်ခွာသွားလေသည်။

'ညီထွေးနော်၊ နွေ့စာတွေ ပေးလို့ဆို အခုပေး၊ ပြန်ပေးပေးပါ'

နွေသည် နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်ယင်လာပြီး မျက်ရည်များ စိမ့်ဝဲလာသည်။

ညီထွေးသည် နောက်သို့ တစ်လှမ်းချင်း ဆုတ်ခွာနေရာမှ နွေ့ကို ခပ်တွေတွေ ကြည့်နေသေးသည်။ ထိုနောက် ဖျတ်ခနဲ ကျောခိုင်းကာ ကဆုန်ပေါက် ပြေးလေတော့သည်။

နွေသည် ခြံစည်းရိုးနားအထိ ပြေးလိုက်သွားမိသေးသော်လည်း ညီထွေးသည် ခြံစည်းရိုးကို ကျွေ့ပတ်ခုန်ကျော်ပြီး နွေ့ကို နောက်ဘက်တွင် အပြတ်အသတ် ချန်ထားခဲ့ကာ တစ်ဟုန်ထိုး ထွက်ပြေးသွားလေသည်။

ပြေးလွှားသွားသော ညီထွေး၏ ကျောပိုင်းကို ကြည့်ရင်း နွေသည် ညီထွေးတစ်ယောက် လက်မကျိုးဘဲ ခြေကျိုးနေခြင်းသာ ဖြစ်ပါစေတော့ဟု ပြင်းထန်စွာ ဘောင့်ကာ လိုက်မိသည်။

ထိုနောက် ခြံစည်းရိုးဘားတွင်ပင် ဝုတ်တုတ်လေး ထိုင်ချလိုက်မိသည်။ မျက်လုံးများ ပြာဝေကာ နှုတ်ခမ်းလေး တဆတ်ဆတ် တုန်ယင်နေသည်။ ဒူးများပင် မခိုင်ဘဲ ယိုင်ချင်နေသည်။



ရင်ထဲတွင်လည်း ဗလောင်ဆူကာ မကွဲပြားသော ဝေဒနာများသည် ရှုပ်ထွေးပြီး လှိုင်းထ နေကြလေသည်။

နွေ ရေးထားမိသော စာကလေးကို ညီထွေး ဖတ်မိပါက ပြဿနာပေါင်း သောင်းခြောက်ထောင်က နောက်ဘက်မှ ကပ်လိုက်လာတော့မည် ဖြစ်သည်။

မနွေသည် ခြံစည်းရိုးတိုင်ကို လက်နှင့် ကုတ်ဖဲ့ရင်း တိုးတိုးသေး ရေရွတ်နေမိလေသည်။

'ခွေး ညီထွေး၊ သူများ စာကို လုသွားတယ်၊ ခလုတ်တိုက်မိပါစေ၊ ခြေမ ကွဲပါစေ၊ ဖျားပါစေ၊ နာပါစေ'

*

www.burmeseclassic.com

www.burmeseclassic.com

'ညီထွေး ဖျားနေတယ် နွေ'

'ကောင်းတာပေါ့'

'နှင် ဘာစကားပြောတာလဲ နွေ၊ ညီထွေးဟာ နှင့်ကို ချစ်မိတာကလွဲလို့ ဘာမှအပြစ်မရှိပါဘူး၊ နှင့် သူငယ်ချင်းပါ၊ ငယ်ငယ်လေးကတည်းက ခင်လာတဲ့ သူငယ်ချင်းပါ၊ နှင့်ကို ဘာများ နစ်နာအောင် လုပ်လို့လဲ'

ကိုလတ်သည် နွေ့ကို စူးစူးရဲရဲကြည့်ရင်း တုန်အက်သော အသံနှင့် ပြောလေသည်။

နွေသည် ကိုလတ်ကို မကြည့်ဘဲ ခေါင်းငုံ့ထားမိလေသည်။

ညီထွေး လုယူသွားသော စာတလေးထဲမှ အကြောင်းအရာများကို ကိုလတ်များ သိသွားမည်လောဟု စိုးရိမ်ပိပ် နှင့် အသက်ရှူ မမှန်အောင် ဖြစ်နေသည်။



'အခုလဲ ဖျားလိုက်တာ အရမ်းပဲ၊ မနေ့ညကတစ်ညလုံး မအိပ်ဘူး၊ အအေးထဲမှာ ထွက်ထိုင်နေတယ်၊ မနက် လင် အားကြီး ကျတော့ ဖျားလိုက်တာ အပူချိန် တစ်ရာ့လေ ကျော်တယ်၊ ကယောင်ကတမ်းနဲ့ နှင့်ကိုပဲ 'တ' နေတယ်'

'တစ်ရာလေး ကျော်တယ် ဟုတ်လား'

နွေသည် မျက်လုံးလေး ဝိုင်းသွားသည်။

ရုတ်တရက် စိုးရိမ်စိတ် ဝင်လာသော်လည်း နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်လေသည်။

'ဟုတ်တယ်....ဟုတ်တယ်၊ တစ်ရာ့လေး ကျော်တယ်၊ ရေ တင်ပေးနေရတယ်၊ အဲဒါ ငါ လာပြောတာ ပြန်မယ်'

ကိုလတ်သည် အိမ်ပေါ်မှ ဖြုန်းခနဲ ဆင်းသွားလေသည်။

သူငယ်ချင်းကို ချစ်သည့်ဇောနှင့် အမောတကော လာ ပြောရာ နွေက အေးစက်စက် ဆီးပြောလိုက် သောကြောင့် မခံနိုင် ဖြစ်သွားပုံ ရလေသည်။

နွေသည် ခပ်ငိုင်ငိုင်လေး တွေဝေကာ ကျန်ခဲ့လေသည်။

ကိုလတ်၏ နောက်မှ ပြေးလိုက် သွားချင်စိတ်က ရင်ထဲ တွင် ပြင်းပြင်း ထန်ထန် လှုပ်ရှား နေသော်လည်း နွေ့ ခြေထောက်များက ကျောက်ခဲ ဆွဲထားသလို လေးလံနေကြ လေသည်။

'မိနွေ....နှင် မလိုက်ဘူးလား'

ခြံဝသို့ ရောက်သွားသောအခါမှ ကိုလတ်သည် အိမ်ဘက် သို့ ပြန်လှည့်ကြည့်ပြီး အသံ အက်အက်ကြီးနှင့် အော်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့....ဘာဖြစ်တာလဲ'

ကိုလတ်၏ အော်သံကြောင့် မမေက အခန်းထဲမှ ထွက်လာကာ မေးလေသည်။

နွေသည် မျက်နှာလေးနီသွားပြီး ရုတ်တရက် ဘာပြန်ဖြေရမည်နည်း စဉ်းစား၍ မရအောင် စိတ်ထဲတွင် ရှုပ်ထွေးသွားသည်။

'နွေ...သမီး ဘာဖြစ်တာလဲဆို'

'ဟို...ဟို...ညီထွေး ဖျားလို့တဲ့ မေမေ'

'ဟဲ့....ဘယ်တုန်းကလဲ'

'မနက်ကတဲ့'

'ဟဲ့....တော်တော် အဖျားကြီးလား'

'တစ်ရှုံ့လေး ကျော်တယ်တဲ့၊ အဲဒါ ကိုလတ်က အော်နေတာပါ၊ နွေ လိုက်မကြည့်ဘူးလားတဲ့'

'အို....လိုက်သွားလေ၊ သွား မြန်မြန်သွား၊ ခြောက်–အဖော်ဖျားနေတာကိုး၊ နေဦး နေဦး မေမေပါလိုက်မယ်၊ အင်း....နေပါဦးလေ၊ မေမေ ဓာတ်လုံးလေး ရှာပြီး လိုက်ခဲ့မယ်၊ သမီး သွားနှင့်၊ အဲဒီ ဓာတ်လုံးလေးက ခေါင်းရိုက်ရင်ကိုးဆယ့်ခြောက်ပါးရောဂါ ပျောက်တယ်တဲ့'

မေမေ့အသံသည် နွေ့နောက်ကျောက်တွင် ပေးကာ ကျန်ခဲ့သည်။

နွေသည် ခြေလှမ်း ကျဲကြီးနှင့် လျှောက်သွားနှင့်သော ကိုလတ်၏ နောက်မှ ခပ်သုတ်သုတ်လေး လိုက်ခဲ့ရလေသည်။



နောက်မှ လိုက်လာသောအသံ ကြားသောအခါ ကိုလတ်သည် ရပ်ပြီး စောင့်နေသည်။

အပြေး တစ်ပက်နှင့် လျှောက်လာသော နွေ့ကို မသိမသာ မျက်မှောင်ကြုတ်ရင်း ကြည့်နေသည်။ မကျေနပ်သော အရိပ်အယောင် လွှမ်းနေသော်လည်း ကိုလတ်၏ မျက်လုံးများသည် ရီဝေပြီး မှိုင်းနေလေသည်။

'ညကတည်းက ဖျားတာလား'

'မသိဘူးဟာ၊ မနက်ကျတော့ ခြစ်ခြစ်တောက်အောင် ပူနေတာပဲ ငါသိတယ်၊ ညကလဲ သူနဲ့ငါ ညဉ့်နက်တဲ့အထိ ရေတွင်းဘေးမှာ ထိုင်မိကြတယ်၊ နောက် အိပ်ကြမယ်ဆိုပြီး အိပ်ရာဝင်ပြီးမှ အိပ်မပျော်ဘူးတဲ့၊ အိုက်တယ်ဆိုပြီး ပြန်ထွက်သွားကယ်၊ ငါလဲ အိပ်ပျော်သွားတာပေါ့၊ ဘယ်အချိန်မှ အိမ်ထဲ ပြန်ဝင်လာပြီး ဘယ်လောက် ကြာအောင် အအေး မိနေလဲတော့ မသိဘူး၊ ငါ နိုးလာတော့ တဟီးဟီးနဲ့ အဖျား တက်နေတာပဲ'

'ညီထွေး မနေ့တုန်းက နွေ့ဆီ လာသေးတယ်'

'ဟုတ်လား'

'နွေ...ရေအားတဲ့ စာလေးပါ လုသွားတယ်'

'ဟုတ်လား၊ ငါ မသိဘူး'

နွေသည် ပင့်သက်ကလေး ကျိတ်၍ ရှိုက်လိုက် မိသည်။ နှင်းထဲမှ အလုံးကြီးကျပြီး သက်သာရာ ရသွားလေသည်။

ရှုးရှဲတောက်ပသော နေရောင်ခြည် အောက်တွင် ကိုလတ်နှင့် နွေတို့သည် ထီးမပါ အမိုးမပါဘဲ သုတ်သုတ် လျှောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေ့နဖူးတွင် ချွေးစို့လာသောအခါ ကိုလတ်သည် သူ့အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပေးလေသည်။

'ရော့ နွေ....နှင့်ခေါင်းကို အုပ်ထား၊ နေ သိပ်ပူတယ်'

'နေပူတာ အကြောင်းမဟုတ်ပါဘူး ကိုလတ်ရယ်'

'ဘာက အကြောင်းလဲ'

'အလကားပါ'

ယောကျ်ားကိုင် လက်ကိုင်ပဝါကို ခေါင်းပေါ် အုပ်လိုက်ရင်းက နွေက စကားလျှောချလိုက်သည်။ 'ရင်ပူတာက ဆိုးတာပါ' ဟု ပြောချင်သော်လည်း မပြောလိုက်မိချေ။

နွေသည် သွက်သွက်လေးလျှောက်ရင်း ငယ်စဉ်တုန်းက ထိုလမ်းအတိုင်း ပြေးကာ လွှားကာနှင့် ကိုလတ်တို့ ခြံကို ဦးတည် သွားခဲ့သည်များကို ပြန်လည် သတိရနေမိလေသည်။

ထိုစဉ်က ရှင်ပျော်သော စိတ်ကလေးနှင့် သူ့ကိုဆောင့်ကာ ဆောင့်ကာ နင်းသွားတတ်သည့် ကလေးမ ငယ်လေးကို မြေကြီးညိုညို လမ်းညိုညိုသည် မှတ်မိကောင်းမှ မှတ်မိပေမည်။

ငယ်စိတ် ငယ်သွေးနှင့် ခုန်ပေါက် ပြေးလွှားတတ်သော ကလေးမငယ်လေးသည် ယခုအခါတွင်ကား ခြေလှမ်းဖွဖွ လှမ်းတတ်သော မိန်းမပျို ဖြစ်နေပေပြီ။

နူးညံ့ညင်သာလာသော ခြေထောက်၏ အထိအတွေ့ကို မြေသားညိုတို့ မှတ်မိလျှင် ကျေနပ်လိမ့်မည် ထင်သည်။

လမ်းဘေးတွင်ရှိ ကန်စွန်းနွယ်များမှ ကန်စွန်းပွင့်ဖြူဖြူလေးများက နေရောင်ခြည်ထဲတွင် လန်းစွင့်နေကြသည်။



ငှင်း ပန်းပွင့်လေး များသည် ငယ်စဉ်ကမှ ညီထွေး၏ တုတ်ချက်ကို မကြာခဏ ခံကြရသော အပွင့်လေးများ ဖြစ်သည်။

'မိုးဆီက စာလာသေးလား'

'ဟင့်....အင်း'

'ငါ့ဆီတော့ တစ်စောင် ရောက်လာတယ်'

'ဘာတဲ့လဲ'

နွေသည် အကဲခတ်သော မျက်လုံးများနှင့် မေးလိုက်မိလေသည်။

မိုးက နွေ့ဆီကို စာမရေးဘဲ ကိုလတ်ဆီသို့ ရေးသည့်အတွက်လည်း ရင်ထဲတွင် မတင်မကျ ဖြစ်သွားသည်။

'ဘာမှ သိပ်မထူးပါဘူး၊ နင်တို့ နှစ်ယောက်ရဲ့ အခြေအနေကို မေးတာပါ၊ ညီထွေး နင့်ကို ကြိုက်နေတယ်ဆိုတာ သူ သိတယ်တဲ့၊ နင်....မကြိုက်ဘူး ဆိုတာ အဲလေ နင်....ပြန်မချစ်ဘူးလို့လဲ သူ ထင်တယ်တဲ့၊ အဲဒါ....အဲဒါ ညီထွေးဟာ ဘာမှ ငြင်းစရာ မရှိတဲ့သူမို့ သူကတော့ သဘောတူတယ်တဲ့'

'ဒီတော့ ဘာဖြစ်လဲ'

'ဒီတော့....ဒီတော့ မိုးက ပြောတယ်၊ နွေ့ကို ကြည့်ပြီး ပြောပေးပါတဲ့၊ ကိုလတ်က နားချပေးပါတဲ့'

ကိုလတ်၏ 'အသံသည် အဖျားခတ်ကာ တုန်ယင်သွားလေသည်။'

ထိုနောက် နွေ့ကို ရိဝေစွာကြည့်ရင်း ခပ်ဖျော့ဖျော့ ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေသည် ရုတ်တရက် မျက်ဝန်းများ နီကျင်လာသော်လည်း ရေ့ရေ့ရဲရဲလေး ပြုံးလိုက်နိုင်သည်။

သူတို့နှစ်ဦးလုံး စကား ဆက်မပြော ဖြစ်ကြတော့ပေ။ နေပူပူတွင် ရင်ပူပူနှင့် သွက်သွက် လျှောက်လှမ်းနေကြလေသည်။

ကိုလတ်တို့ခြံကြီးသည် စိမ်းစိုညိုမှိုင်းစွာနှင့် နွေ့ကိုဆီးကြိုလေသည်။ ရွတ်ခြည်း စိမ့်အေးသွားသော သစ်ရိပ်ဝါးရိပ်သည်ကား ကိုလတ်တို့ခြံ၏ မပြောင်းလဲသော ချစ်စဖွယ်အရည်အချင်းလေး ဖြစ်သည်။

'ညီထွေး ဘယ်နှယ်နေသေးလဲ'

'ကိုလတ် ဘယ်ပျောက်သွားတာလဲ'

ညီထွေးသည် ကိုလတ်ကို အသံသဲ့သဲ့နှင့် အပြစ်တင်သလို ပြောလေသည်။

ကိုလတ်၏ နောက်ဘက်မှ ခပ်ရှုံ့ရှုံ့လေး ဝင်လာသော နွေ့ကို တွေ့သောအခါ အဖျားသွားကြောင့် နီရဲနေသော ညီထွေး၏ မျက်နှာသည် ပို၍နီသွားသယောင် ရှိလေသည်။

ညီထွေးနှင့်နွေသည် တစ်ဦးကိုတစ်ဦး ခေတ္တမျှငေးကြည့်နေမိကြလေသည်။

'ငါ မီနွေကို သွားပြောတာ'

'ညီထွေး သိပ်အနေဆိုးနေလား'

နွေသည် ညီထွေး၏နဖူးကို ဖွဖွလေး စမ်းကြည့်လိုက်သည်။ ပူခြောက်နေသော နဖူးပြင်တွင် ဝဲကျနေသော ဆံပင်များကိုပါ အစ်မကြီးသဖွယ် ကြင်နာစွာ သပ်တင်ပေးလိုက်သည်။



အိပ်ရာဘေးတွင်ရှိ ရေခဲဗလုံထဲမှ အဝတ်ကို ခြောက်အောင်ညှစ်ကာ ညီထွေး၏ နဖူးပေါ်သို့ အလျားလိုက် တင်ပေးရင်း ခပ်တိုးတိုးလေး ပြောလေသည်။

'ညီထွေး ကလေးလဲ မဟုတ်တော့ဘဲနဲ့ ကိုယ့်ကိုယ်ကို ဘာလို့ နှိပ်စက်တာလဲ'

'ဘာနှိပ်စက်လို့လဲ'

'အအေးထဲမှာ ထွက်ထိုင်နေတာ နှိပ်စက်တာပေါ့'

'ငါလား အဲဒီတုန်းက ဖျားနေလို့ ထိုင်မိတာပါ'

'အောင်မာ ထိုင်လို့ ဖျားတာများ'

'ငါပြောတာ ရောသွားတယ်၊ မထိုင်ခင်က စိတ်ကဖျားနေတာ၊ ထိုင်ပြီးတော့ လူပါဖျားရော'

ညီညီထွေးသည် မျက်စိကိုစုံမှိတ်လိုက်ရင်း ခပ်ပေါ့ပေါ့လေး ပြောလေသည်။

ကိုလတ်သည် ညီထွေး၏ဘေးတွင် ထိုင်ရင်း လက်ကို အားပေးသလို ဖျင်းတင်းလေးဆုပ်ကိုင်ထားသည်။

'မီနွေ နှင့်ရေခဲဝတ်ကြီး ဖယ်လိုက်စမ်းပါ၊ ဖျားတာတောင် အေးအေးဆေးဆေး မဖျားရဘူး၊ အေးစက်အေးစက်နဲ့ နဖူးပေါ်မှာ အားကြီးရှုပ်တယ်၊ စိတ်မပူနဲ့ ငါ ခဏခဏ ဖျားနေကျ၊ ခဏနေတော့ ကောင်းမှာ'

ကိုလတ်သည် ညီထွေးအလိုကျ ရေခဲဝတ်ကို ဖယ်ပေးလိုက်သည်။ စောင်များကို ထပ်ခြုံပေးပြီး အသားကို မကြာခဏ စမ်းကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီထွေးသည် စောင်ပုံထဲတွင် နစ်နေရာမှ သူ့ကို စိုရိမ်စွာ ကြင်နာစွာ ကြည့်နေသော ကိုလတ်နှင့် နွေ့ကို ရိဝေသော မျက်လုံးများနှင့် စူးစိုက်ကြည့်ရင်း ပြုံးလိုက်လေသည်။

ထိုနောက် နွေ့လက်ကို လှမ်းဆုပ်ရင်း ခပ်တိုးတိုးပြော လေသည်။

'နွေ နှင့်ဆီက ငါ တစ်ခုတောင်းချင်တယ်'

'ဘာ လဲ'

နွေသည် အတန်ငယ် ရင်ခုန်လာပြီး ပြန်မေးမိသည်။

'နင် လိုက်နာနိုင်ပါ့မလား'

'ဘာလဲ ပြောဦးမှပေါ့ ညီထွေးရယ်'

'နင့်ကို ငါ ပြောခဲ့ ဆိုခဲ့ ပြုမူခဲ့တာတွေ အကုန်လုံး အို အကုန်လုံးကို မေ့ပစ်ဖို့လေ'

'ဟင်'

နွေသည် တအံ့တသြ အော်လိုက်မိလေသည်။ ယိမ်းခနဲ မူးဝေသွားသောကြောင့် ခုတင်တိုင်ကို လှမ်းကိုင်ပြီး ထိန်း ထားလိုက်ရသည်။

နွေ့အနားတွင် ကပ်ပြီး ဗုံးတစ်လုံးကွဲသွားသလို ထင်မိ သည်။ ကြားလိုက်ရသောစကားကိုပင် ဟုတ်မှ ဟုတ်ပါလေစ ဟု မယုံမကြည်လေး ဖြစ်နေမိသည်။

'ငါကတော့ ချက်ချင်း ဘယ်မေ့နိုင်ပါ့မလဲ မိနွေ၊ ဒါ ပေမယ့် မေ့အောင် ကြိုးစားမယ်လေ၊ ငါယောကျ်ားပါမိနွေ၊ ကိုယ့်ကို မချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်အတွက် ပူဆွေး ပြီး အချိန်ကုန်မယ့်ကောင်မျိုး မဟုတ်ပါဘူး'



'နွေ့ကို အထင်မလွဲပါနဲ့ ညီထွေးရယ်၊ နွေ ညီထွေးကို ခင်ပါတယ်၊ သိပ်ခင်ပါတယ်၊ ဟိုလိုသာ မချစ်နိုင်တာပါ'

နွေက တုန်ခတ်သောအသံနှင့် ပြောသည်။

'ငါ နားလည်ပါပြီဟာ၊ နင်နဲ့ငါနဲ့ဟာ သူငယ်ချင်းပေါ့၊ ထာဝစဉ် သူငယ်ချင်းပေါ့'

ညီထွေးသည် ဖျော့တော့စွာ ပြုံးနေလေသည်။ နွေ့စိတ်ထဲ တွင် ရှင်ပျော် သွက်လက်လာပြီး အသံလေးများ ထွက်အောင်ပင် ရယ်မောလိုက်မိသည်။

'သူငယ်ချင်းဆိုတာလဲ အသည်းနှလုံးဆိုတဲ့ မြေသားမှာ ပေါက်တဲ့ သစ်ပင်ပါပဲ နွေရယ်၊ ဒါပေမယ့် သူက ဘယ် တော့မှ အပွင့် မပွင့်ဘူး၊ အရွက်စိမ်း အရွက်သစ်တွေသာ ဝေဆာနေတာ၊ လန်းဆန်းနေတာ'

'ရွက်စိမ်းရွက်သစ်တွေ ဝေနေ၊ လန်းဆန်းနေတယ်'

နွေသည် ညီထွေး၏ လက်မောင်းကို တင်းတင်း ဆုပ်ကိုင် ရင်း ကြည်နူးစွာ ဝမ်းမြောက်စွာ ထပ်ဆင့် ရေရွတ်လိုက်မိ သည်။

ပြူတင်းပေါက်မှ မြင်နေရသော ကုက္ကိုပင်အိုကြီးကို ညီထွေးသည် မျှော်ငေးကြည့်နေလေသည်။

ကုက္ကိုရွက်ဝါလေးများသည် လေအဝှေ့တွင် တသဲသဲ ကြွေနေကြသည်။ နွေ့ရင်ထဲတွင် ဖြူစင်သန့်ရှင်းသော မေတ္တာ လှိုင်း ခတ်ပြီး နေလေသည်။

နှစ်ဦးသား စကားမဆိုမိဘဲ အတန်ကြာ ငြိမ်နေမိကြစဉ် ကိုလတ်သည် စွတ်ပြုတ်ပန်းကန်ကို ကိုင်ရင်း အခန်းထဲ ဝင် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီထွေး စွတ်ပြုတ်သောက်ရအောင်'

'မသောက်ချင်ပါဘူး'

'နည်းနည်းလေးပါကွာ၊ ကြက်သားလေးနဲ့ ပြုတ်ထားတာ၊ အဖတ်မစားနဲ့၊ အရေချည်းပဲ သောက်ကွာ'

'မသောက်ချင်ပါဘူးဆိုမှ ကိုလတ်ကလဲ'

'မင်း အားပြတ်သွားမယ်ကွ'

'ပြုတ် ပြုတ်၊ ထမင်းလေး တစ်နပ်တလေ မစားရတာများ စွတ်ပြုတ်ကြီးတော့ မသောက်ချင်ဘူး၊ ပါးစပ်ထဲမှာ ခါးတယ်'

'ကဲ ဘာစားချင်လဲ'

'ရှောက်သီးသုပ်'

'မင်း ဘိုးအေ'

ကိုလတ်သည် ညီထွေး၏ ရင်ပတ်ကို မနာအောင် ထိုးလိုက်လေသည်။ ညီထွေးကို အိပ်ရာမှဆွဲထူရန် ကြိုးစားသော်လည်း ညီထွေးသည် ပေကပ်နေလေသည်။

ငယ်ငယ်တုန်းက ညီထွေး ဖျားတိုင်း ကိုလတ်သည် အစ်ကိုကြီးသဖွယ် ဘေးမှ ထိုင်ရင်း ဆံပြုတ်တိုက်ခဲ့ရသည်ကို သတိရမိရင်း နှလုံးရင်ထဲတွင် တသိမ့်သိမ့် ခါလာသည်။

ထိုစဉ်ကလည်း ညီထွေးသည် ကိုလတ်ကို ရှောက်သီးသုပ်စားချင်သည်ဟု တဂျီဂျီ ပူဆာလေ့ရှိလေသည်။ သူတို့သုံးဦးလုံး ငယ်ဘဝကို ပြန်းခနဲ ပြန်ရောက်သွားသလို ကြည်ကြည်နူးနူးလေး ဖြစ်သွားကြသည်။

ညီထွေးသည် စောင်ကို ပခုံးအထိ ဆွဲခြုံကာ ကွေးနေလိုက်ရင်း ခပ်သဲ့သဲ့လေး ရယ်နေသည်။ ထို့နောက် ကိုလတ်ကို ကျောပေးလိုက်ရင်း လှမ်းပြောသည်။



'ကိုလတ်ကို တောင်းပန်ရဦးမယ်'

'ဘာလဲ'

'စိတ်မဆိုးနဲ့နော်'

'ပြောပါကွာ'

'ကျွန်တော် ဖျားနေတာ ခေါင်းမူးနေတယ်၊ ပြောပြီးရင် အိပ်တော့မယ်၊ ဘာမှပြန်မမေးနဲ့နော်'

'ပြောစမ်းပါကွာ'

'ညတုန်းက ကိုလတ်ရဲ့ ဒိုင်ယာရီကို ကျွန်တော် ခိုးဖတ်တယ်'

'ဟာ'

ကိုလတ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ နေရာမှ အလန့်တကြား ခုန်ထလိုက်သည်။

ညီထွေးသည် စောင်ကို ခေါင်းအထိ ဆွဲခြုံလိုက်ပြီး စောင်ခြုံထဲမှ ဆက်ပြောလေသည်။

'မိနွေ နှင့်ကို ကိုလတ်ကြီးက ငါမကြိုက်ခင်ကတည်းက ကြိုက်နေတာ၊ သူ့ကိုယ်သူ တင့်တောင့် တင့်တယ် ဖြစ်အောင် ကြိုးစားနေတာဟ သိရဲ့လား၊ ငါက ဝင်ကြိုက်တော့ သူက ငါ့ကို ညှာပြီး သူ့စိတ်ကိုသူ အောင့်ထိန်းနေတယ်၊ ဘာရမလဲ ငါခိုးဖတ်တော့ ပေါ်တာပေါ့'

'ညီထွေး ညီထွေး မင်း ဘာတွေပြော'

ကိုလတ်သည် ညီထွေးကိုလှုပ်ခါကာ တုန်ကယင် ပြောသည်။

ညီထွေးသည် စောင်ထူထူကို တစ်ကိုယ်လုံး လိမ့်ထားပြီး ရယ်လိုက်လေသည်။ သို့သော် သူ့ရယ်သံသည် ခြောက်ကပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါက အလကားနေရင်း ဝင်ရှုပ်မိတယ်၊ ကိုလတ်ရေ စိတ်မပျက်ပါနဲ့၊ နွေက မိနွေကလဲ ကိုလတ်ကိုမှ ချစ်တာဗျ၊ သူ့ရဲ့ ချစ်သူဆိုတာ ကိုလတ်ဗျ၊ သိရဲ့လား၊ သိ သိပြီလား၊ ကဲ ကဲ....ငါအိပ်တော့မယ်နော်၊ ဘာမှမမေးနဲ့'

ခပ်ရှန်းရှန်းလေးပြောရင် ကြိုးစားသော်လည်း ညီထွေး၏ အသံသည် နောက်ပိုင်း၌ တုန်ယင် အက်ကွဲ သွားကြလေသည်။

ထိုနောက် စောင်ပုံကြီးအောက်တွင် တုတ်တုတ်မျှ မလှုပ်တော့ဘဲ ငြိမ်သက်သွားလေသည်။ ရှုတ်ချည်း အိပ်မောကျသွားသယောင် အိပ်ပျော်ဟန် ဆောင်နေသည်။

နွေ့ နှလုံးသားသည် တဒိန်းဒိန်းခုန်ကာ အပေါ်သို့ ထိုးတက်လာဟန် ရှိသည်။

လည်ချောင်းဝတွင် လာပြီး တစ်ဆို့နေဟန် ရှိသည်။ နွေ့ ရင်ထဲတွင် ရုတ်တရက် ဟာလာဟင်းလင်း ဖြစ်သွားသလို ခံစားရသည်။

ခြေထောက်များ ခွေယိုင်ကာ မျက်လုံးများ ပြာဝေနေသည်။ ရှက်စိတ်များ ဆူဝေကာ မျက်နှာလေး တွတ်တွတ်ရဲနေသည်။

အခန်းထဲတွင် ရုတ်ချည်း တိတ်ဆိတ်သွားလေသည်။ ကျယ်လောင် မြန်ဆန်လှသော ရင်ခုန်သံကသာ နွေ့ နားထဲသို့ တဒိန်းဒိန်း ဆောင့်ထိုးနေလေသည်။

နွေသည် လည်ချောင်းကို လက်နှင့် မသိမသာလေး ပွတ်သပ်ရင်း တစ်ဆို့နေသော နှလုံးသားကို ရင်းတွင်းသို့ ပြန်ဆင်းသွားပါတော့ဟု တီးတိုးတောင်းပန်မိသည်။



ထိုနောက် ကိုလတ်ကို မရဲတရဲလေး လှမ်းကြည့် နေမိလေသည်။

ကိုလတ်သည်လည်း ခုတင် တစ်ဖက်စွန်းမှနေပြီး နွေ့ကို ငေးကြည့်နေလေသည်။

အံ့ဩမှု မပြေသေးသော မျက်နှာတွင် နွေးထွေးသော မေတ္တာက အရိပ်ထင်လျက်ရှိသည်။

နူးညံ့ ရှန်းစိုသော မျက်ဝန်းနှစ်စုံသည် အရှိန်ဖျော့ဖျော့ ဆုံစည်းမိကြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

မိုးရေ....ကိုလတ်ရေ....နွေရေ....

မြွားနုတ်ခွမောင် ညီထွေးကို မေ့များနေကြပြီလား။

မိနွေက ပြောတယ်၊ အချိန်ဆိုတဲ့ ရထားကြီးပေါ်ကို တို့သူငယ်ချင်း လေးယောက် မရွေးမနှောင်း ဆွဲရုံ တက်ခဲ့ကြတယ်တဲ့။

ကိုလတ်နဲ့ နွေက ရထား တစ်တွဲတည်းစီးပြီး ခရီးဆက်ကြတော့မှာမို့၊ ဝမ်းသာစရာ၊ စိတ်ချမ်းသာစရာပါ၊ မိုးနဲ့ ညီထွေး ကတော့ ရထားတစ်စီးတည်းပေမယ့် တွဲချင်း မတူတော့ဘူး ပေါ့လေ။

နက်ဖြန်ကျရင် တိုက်ပွဲဆင်းရဦးမယ်၊ မိုးရဲ့ ရထားတွဲထဲမှာ ပုံဆွဲစာရွက်တွေ၊ တီစက္ကူယား၊ ဆက်စက္ကူယားတွေနဲ့ ရှုပ်နေသလို ညီထွေးရဲ့ ရထားတွဲကလဲ ကျည်ဆန်သံ၊ ဗုံးသံတွေနဲ့ ဆူလို့ပေါ့။

BURMESE CLASSIC .com



စစ်ထွက်ယောကျ်ား ဆိုတာ သေစကား မပြောကောင်းဘူးတဲ့၊ ဒါပေမယ့် ပြောချင်တယ်၊ တကယ်လို့များ တစ်ခုခုဖြစ်ခဲ့ရင် ညီထွေးဆိုတဲ့ သတ္တဝါလေးတစ်ကောင် တိုင်းပြည်အတွက် အသက် စွန့်သွားပြီရယ်လို့ သတိရ စေ့မ်းပါ၊ ညီကိုးနှာကိုခဲ့တိုင်း ခဏ တစ်ဖြုတ်လေး ဖြစ်ဖြစ် သတိရကြပါ သူငယ်ချင်းတို့ရယ်။

သံသရာဆိုတာ ဒါပါပဲ။

ဘဝဆိုတာ ဒါပါပဲ။

ဒီသံသရာ၊ ဒီဘဝ၊ လူ့လောက၊ လူ့ရွာမှာ ခဏကလေး လူလာဖြစ်တုန်း လူ့ရွာကောင်းကျိုး တတ်အားသမျှ သယ်ပိုသွားတာဟာ ဘဝရဲ့ တန်ဖိုးပါ။

*

ညီထွေး

နွေရေ၊ ကိုလတ်ရေ ညီထွေးကို အမြဲသတိရနေပါတယ်။

နှောက်ပြီး မေတ္တာလဲ ပို့ပါတယ်၊ နွေတို့ အခု အားလုံး တရေး ထိုင်နေကြတယ်၊ ပုတီးလဲစိပ်တယ်၊ တစ်ချိန်ချိန်မှာ နွေတို့ အားလုံး အချိန်ရထားကြီးပေါ်က ခုန်ဆင်းကြရဦးမှာ မဟုတ်လား။

ကိုလတ်....အရှင်လား

ညီထွေး....အရှင်လား

မိုး....အရှင်လား

ဒါမှမဟုတ် နွေ....အရှင်လား။

*

www.burmeseclassic.com

www.burmeseclassic.com

ဟေး....ညီထွေး

ညီထွေးကလဲ မိုးကို မနက်ကိုးနာရီခွဲတိုင်း သတိရစမ်းပါ။

အဲဒီ အချိန်ဟာ ရုံးတက်တဲ့ အချိန်၊ မိုး ခေါင်ပေါ်ကို အလုပ်တာဝန် ဝတ္တရားဆိုတာကြီးတွေ တစ်နေ့တာ အတွက် ထုလိုက် ထည့်လိုက် စပြီးပိတဲ့ အချိန်လေ၊ မိုးတော့ တရေးမှ ထိုင်ဖြစ်သေးဘူး။

ပျားရည်ပဲ လျက်နေတယ်လေ၊ သစ်ကိုင်းက ပျားရည်လေးပါ။

လောကဆိုတာ သစ်ပင်လိုပါပဲ ညီထွေးရာ၊ ရွက်ဝါဆိုတာ ကြွေရမှာပဲ၊ သူ့နေရာမှာ စိမ်းရွက်တွေ ဝေနေအောင် အဖူးထိုး ဝင်လာမှာပေါ့။

နေ့တို့ မိုးတို့ ကိုလတ်တို့ ညီထွေးတို့ အကုန်လုံးလဲ ဝါလာကြဦးမှာပေါ့၊ ကြွေကျရဦးမှာပေါ့ မဆန်းပါဘူးကွာ။

ရွက်စိမ်းဆိုတာ တစ်နေ့ ဝါရမှာပဲ၊ ကြွေရမှာပဲ၊ အဲဒါဟာ ဘဝရဲ့ အမှန်ကန်ဆုံး နိယာမ ပါ။

ဒါပေမယ့် လောကသစ်ပင်ကြီးကိုတော့ အသစ်အသစ်ဖြစ်တဲ့ ရွက်နု၊ ရွက်သစ်၊ ရွယ်စိမ်းတွေက ဝေဝေဆာဆာ အလှဆင်ပေးနေမှာပါ၊ စိမ်းရွက်သစ်တွေကို ဝေလို့လေ။

မဝန္ဒာ

BURMESE CLASSIC .com

www.burmeseclassic.com